www.burmeseclassic.com

# ပျိုး
# ဝ
ကလောင်ခွဲ
# သျှိုး

## နေ့ချင်းညချင်းအပြီး တည်ဆောက်တဲ့ကမ္ဘာ



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၀၁၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၀၉၁၁၀၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၀၆) (ဗျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြည်သွေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သခိုဗိလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဧပြီလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ . ၈၃

သျှီး

နေ့ချင်းညချင်းအပြီးတည်ဆောက်တဲ့ကမ္ဘာ/ သျှီး ။ – ရန်ကုန်။

ဗျူးစာပေ ၊ ၂၀၁၁ ။

၂၈၈ – စာ ၊ ၁၂ X ၁၈ စင်တီ။

(၁) နေ့ချင်းညချင်းအပြီးတည်ဆောက်တဲ့ကမ္ဘာ

## အခန်း (၁)

'ခါတော်မှီ' ခြေလှမ်းတွေ မဝံ့မရဲ တွန့်ဆုတ်ဆုတ် ဖြစ်နေတာ တော့ အမှန်ပဲဖြစ်သည်။ ပထမဦးဆုံး ကျောင်းတက်ရက်မို့ စိတ်က အလိုလို ကြောက်ရွံ့စိတ်ကလေး ဝင်နေသည်။

တက္ကသိုလ်နယ်မြေကို ခါတော်မှီ ပထမဆုံး ခြေချမိခြင်း ဖြစ် သလို အဖော်အသင်းလည်း မရှိတာမို့ အားငယ်စိတ်ကလေး ဝင်နေသည်။

မျက်ဝန်းလေးတွေက ဟိုဟို သည်သည် ချာလည်လို့ သူငယ် ချင်းတစ်ယောက်ယောက်များ တွေ့လေမလား ရှာဖွေနေမိ၏။ အထက် တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ယောက်သာ တွေ့လိုက် လျှင် ဘယ်လောက်ကောင်းမည်လဲ။

အခုတော့ ခါတော်မှီမှာ တစ်ယောက်တည်း အူတူတူလေးဖြစ် ဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com



အခြားသော မိန်းကလေးတွေက အဖော်တွေနှင့် ရယ်ရယ်မောမောလေး လျှောက်သွားနေကြချိန်မှာ ခါတော်မှီကတော့ တစ်ကိုယ်တည်း။

မြင့်မားသွယ်လျသော ခန္ဓာကိုယ်အချိုးအစားနှင့် ဝင်းအိကြည်စင်သော အသားအရေလေးနှင့်မို့ အားလုံးထဲမှာ ထင်းနေတာတော့ အထင်အရှား။

မျက်နှက်ဝန်းရလေးက ဝိုင်းစက်စက်။ နှာတံလေးက သွယ်စင်းပေါ်လွင်သည်။ ရယ်လိုက်တိုင်း ခွက်ခနဲ ထင်းနေသော ပါးချိုင့်လေးတွေ ပုလဲနှစ်ရောင်ဝင်းကာ ညီညာဖြီသော သွားတန်းလေးတွေကို ကွယ်ဝှက်ပေးထားသော နှင်းဆီငုံ နှုတ်ခမ်းလေးကလည်း နကိုစိုလှုံနီမြန်းနေသည်။

နတ်သိမယ်လေးတစ်ပါး နတ်သက်ကြွေကာ လျှောက်လှမ်းနေသလား ထင်မှတ်ရတော့လည်း အားလုံးသော ကျောင်းသားတွေရဲ့အာရုံက ခါတော်မှီဆီမှာပဲ စုပြုံနေတော့သည်။

ဖရက်ရှာခေါ် သစ်လွင်ကျောင်းသားတွေကော ရပ်တာ ဟုခေါ်သည့် ဝါရင့်ကျောင်းသားကြီးတွေပါ ခါတော်မှီ အလှကို သတိမပြုဘဲ မနေနိုင်ကြပါ။

ခါတော်မှီ ဝတ်ဆင်ထားတာကလည်း ခြေမျက်စိလေးဖုံးအောင် တွဲကျနေသော ဟာဝိုင်ရီစကဒ်နှင့် လိုက်ဖက်ညီစွာ ဒီဖိုင်းဆန်းဆန်းရယ်ဒီဇိတ်အင်္ကျီလေးနှင့်ဆိုတော့ အားလုံးထဲမှာပေါ်လွင်လို့နေသည်။





ခြေဖမိုးနုနုလေးအောက်မှာ စီးထားသော ပင်စဲလ်ဟီး ဒေါက်ချွန်ဖိနပ်လေးကြောင့် ခြေလှမ်းတိုင်းမှာ စမတ်ကျကြည့်ကောင်းနေပြန်၏။

'မြတ်သောသူ' တို့အုပ်စုလည်း တက္ကသိုလ်ရဲ့ ပထမဆုံးနေ့လေးကို အခြားသော ကျောင်းသားများနည်းတူ မျက်စိအစာကျွေးနေမိကြတာပါပဲ။ အုပ်စုထဲမှာ 'မြတ်သောသူ' က အငြိမ်လေးရှိပေမယ့် ဌွန်းငဲငယ်နှင့်ဗိတာတို့နှစ်ဦးကတော့ အကဲဆုံး။

"ဟာ မိုက်တယ်ကွာ လန်းတယ်"

"ဟိုးက လာနေတဲ့ အုပ်စုက ပိုလန်းတာကွ၊ အဖြူလေးက မိတယ်"

"အေးကွ ငါတော့ အနီလေးကို အမှတ်ပိုပေးတယ်ကွာ"

မြင်သမျှ တွေ့သမျှ အလွတ်မပေးကြဘဲ ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်ကာ မစားရဝမခန်း ပြောနေကြတာကို မြတ်သောသူ အတော်သည်းခံ နားထောင်ပေးနေရသည်။

ဒီနှစ်ကောင်၏မျက်နှာတွေက လမ်းမပေါ်ကို ဘယ်ညာခါရမ်းနေသည်။ ဘယ်တက်ကလာသမျှ မဒီတွေလည်း မလွတ်၊ ညာဘက်က လာသူတွေလည်း အလွတ်မပေး။

မျက်လုံးတွေက ဗိုအားအပြင်းဆုံး မီးသီးကြီးတွေလို ဘယ်အချိန်များ ဖောင်းခနဲ ပေါက်ကွဲမလဲဟု စိုးရိမ်ရသည့် အနေအထားမှာ ရှိသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဘာလဲ ငဲငယ်ရ၊ လန့်လိုက်တာ အဲ အဲ"

ငဲငယ်ကို လှည့်ဟောက်ရင်း အကြည့်တွေကို ပို့လွှတ်လိုက်သည့် ပီတာ ပါးစပ်ကြီးက ဟောင်းလောင်းဖြစ်သွားတာ ယင်ကောင် ဝင်ဥဥသွားနိုင်သည်။

"ကျောင်းစတက်တဲ့နေ့မှာ ဈေးဦးပေါက် အားဆေးလေး တစ်လုံးတော့ တွေ့ပြီ"

"ခြေတစ်လှမ်းကို ဒေါ်လာ တစ်သန်းတန်တယ်နော်"

"ပြိုင်ဘက်မရှိ ကွင်းပဲကွာ၊ မင်းလက်ခံသလား ပီတာ"

"ခြွင်းချက်မရှိ လက်ခံတယ်၊ ကြည့်ရတာ ဖရက်ရှာလေးပဲ ဖြစ်မယ်ကွ"

ဂျွန်ငဲငယ်နှင့်ပီတာတို့နှစ်ယောက် စိတ်တူကိုယ်တူ ပြောနေတာကြောင့် သူ လှည့်ကြည့်လိုက်တော့ ခါတော်မှီ ဖြစ်နေသည်။

သေးမှာ အဖော်သူငယ်ချင်းလည်း မပါတော့ ခါတော်မှီ့မျက်နှာလေးက အားငယ်စိုးကြောက်နေသလို ရွံ့ရွံ့လေး ဖြစ်လို့နေသည်။

"ရေလည် ငွမ်းတယ် အဲ လန်းတယ်ကွာ အဟီး"

ရှေ့တည့်တည့်ရောက်မှ ဂျွန်ငဲငယ်က တမင်ကြားအောင် အော်တော့ ခါတော်မှီ ခြေလှမ်းလေးတွေ တွန့်ခနဲ ဖြစ်ကာ လှည့်ကြည့်သည်။ နညက်ဝင်းမွတ်သော မျက်နှာလှလှလေးက မဲ့ခနဲ ဖြစ်ကာ ချက်ချင်း





ရှုပ်သွားတာ သူ့ကိုမြင်လိုက်တာကြောင့်ပဲ ဖြစ်မည်ထင်သည်။

"အဟား မျက်စောင်းလေးက ဟတ် ထိတယ်ကွာ"

ပီတာကပါ လှမ်းနောက်သည်။ ခါတော်မှီ မျက်ခုံးလေးတွေ တွန့်ကွေးသွားခဲ့ကာ တက်တစ်ချက်ခေါက်သည်။ ပြီးတော့ ချာခနဲ ခေါင်းလေး ပြန်လှည့်သွားခဲ့ကာ ခြေလေးဆောင့်ထွက်သွား၏။

"အား ဟတ် ထိရုံမကဘူး၊ ဒေါက်ချွန်နဲ့ပါ အနင်းခံလိုက်ရတာကွ အဟီး ဟီး ဟား ဟား"

ခါတော်မှီ ဒေါသဖြစ်သွားတာကို ပီတာက သဘောကျ ရယ်မောနေပြန်တော့ မြတ်သောသူ နည်းနည်းတော့ ဝင်ဟန့်ရသေး၏။

"မင်းတို့ကလည်း ဒီနေ့ပဲ ကျောင်းစတက်တယ်၊ ဒီနေ့ပဲ ရောဂါဟောင်းတွေ စထုတ်နေကြတယ်"

"ဟော့ကောင် အိုက်တင်ကြီးတစ်ခွဲသားနဲ့ လာညက်ပြမနေနဲ့၊ ဒီလိုအလန်းလေးတွေကို ကိုယ်က ဦးအောင် ဖန်ထားမှကွ၊ ဟိုမှာ မင့်ဘိုးအေ စီနီယာကြီးတွေက ကျားပြူးပြူးပြီး ချောင်းနေတာ တွေ့တယ်မဟုတ်လား"

ရေတမာပင်အောက်က ခုံတန်းတစ်ခုမှာ ထိုင်နေသော ကျောင်းသားဟောင်းတစ်ခုကို မေးငေါ့ပြရင်း ပြောသည့်စကားကြောင့် မြတ်သောသူ လှမ်းကြည့်မိသည်။

ခပ်လှမ်းလှမ်း ရောက်နေပြီဖြစ်သော ခါတော်မှီ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အလှတွေကို အမိအရ လိုက်ကြည့်နေသော စီနီယာ ကျောင်းသားကြီးတွေ မျက်လုံးတွေက မျက်တောင်ခတ်ဖို့တောင် မေ့နေကြသည်။

သူ သက်ပြင်းကို ခပ်လေးလေး ချလိုက်မိသည်။

ခါတော်မှီ နင် ဘာဖြစ်လို့ အဲဒီလောက် လှနေရတာလဲ။

■ ■ ■



## အခန်း (၂)

"ဟော မေ့သမီးလေး ပြန်လာပြီလား၊ ဘယ့်နှယ်လဲ ကျောင်းတက်ရတာ အဆင်ပြေတယ်မို့လား"

ဆင်ဝင်အောက်မှာ ခါ ရဲ့ပရာဒိုကားလေး ထိုးရပ်ကတည်းက မေမေ ဧည့်ခန်းဆိုဖာထိုင်ခုံက ထလာကာ မေးသည်။ ကားတံခါးဖွင့်ဆင်းရင်း လည်သာကျောပိုးအိတ်ကို လက်ကဆွဲကာ ဝင်ခဲ့ရင်း ခါ မျက်နှာလေး အလိုမကျမှုတွေနှင့် သုန်မှုန်သွားခဲ့သည်။

"ဘယ်ကလာ အဆင်ပြေရမှာလဲ မေရဲ့၊ အခန်းတွေရှာရတာလည်း ခေါင်းတွေမူး။ ကျောင်းထဲမှာလည်း ယောင်လည်လည်နဲ့ ဟိုကောင်မြင်သော ကိုတော့ ရေလည်တင်းတယ် မေရာ"

ခါ စကားကြောင့် မေမေ မျက်ခုံးတွေ ပင့်တက်သွားရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် မြတ်သောက သမီးကို ဘာလုပ်လို့လဲ"

"သူ့သူငယ်ချင်းခေါ်တောတွေနဲ့ သမီးကို ဝိုင်းရှုံ့ပြီး ပါးစပ်က ပေါက်လွှတ်ပဲစား လျှောက်ပြောနေကြတာကို သူက လုံးဝမဟန့်တဲ့ ဘဲငန်း လည်လိမ်ထားတဲ့ ရုပ်နဲ့ မသိသလို ထိုင်ကြည့်နေတယ် မေရဲ့"

ခါ စကားကို နားထောင်ရင်း မေမေ ပြုံးကာ ပခုံးလေးကို သိုင်းဖက်၏။

"သြော် သမီးရယ်-သူ စတာမှ မဟုတ်တဲ၊ သူ့သူငယ်ချင်းတွေ ကို ဝင်ဟန့်ရင်း အချင်းချင်း ရန်ဖြစ်ကုန်မှာစိုးလို့ ရန်ရှောင်တဲ့အနေနဲ့ ငြိမ်နေတာ ဖြစ်မှာပါ"

မေမေ လေပြည်လေးနှင့် ဖျန်ဖြေနေတာကို မကျေနပ်နိုင်ဘဲ ခါ ဆိုဖာထိုင်ခုံကြီးမှာ ခပ်ဆောင့်ဆောင့်လေး ထိုင်ချပစ်လိုက်သည်။

"သူက ဒီလိုနေစရာလား မေရဲ့၊ ခါ ဘက်က ရှိရမှာပေါ့"

"မမ့သမီးလေးက ချောလွန်းနေတော့ ဒီလိုကိစ္စမျိုးကတော့ အမြဲကြုံနေမှာပဲလေ၊ အဓိကက မေ့သမီးလေး စိတ်မယိုင်သွားဖို့ပဲ"

မေမေက ခါ ဆံပင်ပျော့ခွေခွေလေးတွေကို တယုတယ သပ် တင်ပေးရင်း ဆိုသည်။ ခါ မေမေ့ကို သိုင်းဖက်လိုက်ရင်း

"ခါ ကို ယုံပါ မေရဲ့၊ ပညာရေးကလွဲရင် ဘာမှစိတ်မဝင်စား ဘူး တကယ်"

မေမေ ကျေနပ်သွားသလို ခေါင်းလေးညိတ် ပြုံးသည်။ စိတ်





အားနူးညံ့သိမ်မွေ့ပြီး အရာရာကို အကောင်းမြင်တတ်သော မေမေနှင့် ဖေဖေကတော့ ကွာခြားပါသည်။

ဖေဖေက ခါ့ကို ချစ်ပေမယ့် စည်းကမ်းစနစ်တော့ ရှိသည်။ ပညာသင်ချိန်မှာ ချစ်သူရည်းစားထားသည့်ကိစ္စကို လက်မခံဟု အပြတ် ပြောထား၏။ တစ်ဦးတည်းသော သမီးလေးကို ဘာမှလိုလေသေးမရှိ အောင် ဂရုစိုက်ချစ်သည်။

တက္ကသိုလ်ကျောင်းသူ ဖြစ်ပြီဆိုသည်နှင့် ခါ ကိုယ်တိုင် စီးဖို့ ပရာဒိုတစ်စီး ဝယ်ပေးသည်။ မြတ်သောကိုလည်း ခါကို စောင့်ရှောက်ဖို့ မှာထားသည်။

အမှန်တော့ မြတ်သောသူ ဆိုတာ ခါတို့နှင့်အိမ်ချင်းကပ် သူငယ် ချင်းတွေပဲ ဖြစ်သည်။ ခါတော်မို ဖေဖေနှင့် မြတ်သောသူ ဖေဖေက လုပ်ငန်းချင်းပတ်သက်ပြီး မိတ်ဆွေတွေလို ခင်မင်ကြသူတွေ၊ မေမေတို့ မိန်းမချင်းကလည်း တီးတိုးတိုင်ပင်ဖက်တွေပဲ ဖြစ်သည်။

မြတ်သောနှင့်ခါကလည်း အထက်တန်းကျောင်းတုန်းကသာ ကျောင်းချင်းမတူကြတာ။ အခု နိုင်ငံခြားဘာသာ တက္ကသိုလ်တက်တော့ တူသွားခဲ့သည်။ မြတ်သောက ပြင်သစ်မေဂျာ၊ ခါတော်မိုက တရုတ်မေဂျာ ယူထားသည်။

အလယ်တန်းကျောင်းသူဘဝကတည်းက အိမ်နီးချင်းတွေ ဖြစ် ခဲ့ကြတာ နှစ်အိမ်တစ်အိမ်လို ခင်မင်ရင်းနှီးသူတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သည့်မနက်ကလည်း ကျောင်းကို အတူသွားကြမည်ဟု ဒိတ်ထားပြီးမှ ခါ ကို လာမခေါ်ဘဲနှင့် သူ့ယောက်ဖလောင်း သူငယ်ချင်းတွေ လာခေါ်လို့ဟု ဖုန်းဆက်ကာ အရင်သွားနှင့်သည်။

မနက်ကတည်းက ခါ စိတ်တိုဒေါသထွက်နေတာ ကျောင်းမှာ သူ့ကိုရှာတော့ အုပ်စုဖွဲ့ ဗရုတ်ကျနေတာမှ ခါကိုတောင် ချမ်းသာမပေးတော့ ပိုလို့ဒေါသထွက်မိသည်။

ဒါကြောင့်လည်း ကျောင်းဆင်းတော့ ခါတို့အခန်းရှေ့ မြတ်သော လာစောင့်နေတာကို သိလျက်နှင့် ခါ တခြားကျောင်းသူတွေနှင့် ကွယ်ပုန်းထွက်ခဲ့ကာ တစ်ယောက်တည်း ပြန်ခဲ့ခြင်း ဖြစ်သည်။

"ကဲ သမီးလေး အဝတ်အစားလဲ၊ ရေမိုးချိုးတော့နော်"

မေမေ့စကားကို ခေါင်းညိတ်ပြတုန်းပဲ ရှိသေးသည်။ စားပွဲပေါ်တင်ထားသော လည်သာ ကျောပိုးအိတ်လေးထဲက ခါ ဟန်းဖုန်းလေးက တီးလုံးသံလေး ထမြည်လာ၏။

ခါတော်မှီ ဖုန်းလေးကို ထုတ်ယူနေတော့ မေမေက စူးစမ်းသော အကြည့်တွေနှင့် ကြည့်နေ၏။

"ဟိုကောင် မြတ်သော မေရဲ့"

ခါ ပြောလိုက်တော့မှ မေမေ ခေါင်းညိတ်ပြီး ပြုံးနေ၏။ ခါ အလိုမကျ မျက်နှာလေးနှင့် ဖုန်းကိုဖွင့်နားထောင်လိုက်၏။

"ဟဲလို ခါ ငါပါဟ"





"နင် ငါ့ဆီကို ဘာလို့ ဖုန်းဆက်တာလဲ၊ နင့်ကိုငါ လုံးဝတင်းတယ် သိလား၊ ဒီလောက် နင့်အကောင်တွေ ငမ်းကြောထနေတာကို နင်မို့ ထိုင်ကြည့်နေရက်တယ်"

ခါ အသံတွေက မာဆတ်ပြီး ရန်လိုနေတော့ မြတ်သော ချက်ချင်း ဘာမှမပြောနိုင်ရှာပါ။

"ခါ နေပါဦး"

"ဒီမှာ ဆင်ခြေ ဆင်လက် ဆင်နားရွက်တွေ လာလုပ်မနေနဲ့ ငါ စိတ်မဝင်စားဘူး၊ နင့်သူငယ်ချင်းတွေနဲ့ပဲ နင် သွားခေါ်၊ ငါ့ကို လာ မခေါ်နဲ့"

ပြောပြီးသည်နှင့် ခါ ဖုန်းကို ပြန်ပိတ်ပစ်လိုက်သည်။ မေမေက ခါကို ကြည့်ရင်း

"သမီးရယ် ဟိုက အကျိုးသင့်အကြောင်းသင့် ရှင်းပြနေရင်လည်း ကျေနပ်လိုက်ပါကွယ်"

"မေ မသိပါဘူး၊ သူက သမီးကို စိတ်ဆိုးအောင်လုပ်ပြီးရင် အကြောင်းပြချက် အမျိုးမျိုးနဲ့ ဆင်ခြေပေးနေတော့တာ၊ သမီးကတော့ သူ့ကိုခင်လိုက်ရတာ၊ သူကျတော့ သမီးခင်သလိုမှ မခင်တာ"

အလိုမကျသော မျက်နှာနှင့်ပြောကာ အပေါ်ထပ်ရှိ ခါအခန်းဆီသို့ ခါ ဘောက်ဆတ်ဆတ်လေး ထွက်ခဲ့သည်။ မေမေ ခါ့ကိုကြည့်ရင်း ပင့်သက်ချ ကျန်ရစ်ခဲ့မှာ သေချာသည်။

www.burmeseclassic.com



အခန်းထဲရောက်တော့ ပခုံးမှာ လွယ်ထားသော အိတ်ကို ခါ စာကြည့်စားပွဲပေါ် ဘုတ်ခနဲ ပစ်တင်သည်။ ပြတင်းပေါက်လိုက်ကာတွေကို ချရန် ပြတင်းတံခါးဆီ လျှောက်ခဲ့၏။

မရည်ရွယ်ပါဘဲ အကြည့်တွေက မြတ်သောတို့တိုက်ဆီ ရောက်သွားခဲ့သည်။

"ဟင်"

မြတ်သော ကိုယ်တိုင်လည်း သူ့အခန်းပြတင်းဝမှာ မတ်တပ်ရပ် လက်နှစ်ဖက်ပိုက်ကာ မိန့်မိန့်ကြီး ကြည့်နေသည်။

ခါတော်မှီ နှုတ်ခမ်းကို ပိုစူကာ မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။ မြတ်သောက မချိုမချဉ် မျက်နှာပေးနှင့် ရယ်နေသေး၏။ ပြီးမှ

"ခါ နင် ငါ့ကို စိတ်မဆိုးပါနဲ့ဟာ၊ မနက်က နင့်ကိုစောင့်မခေါ်ဘူးဆိုတာ ဟိုကောင်တွေ မြင်သွားရင် ဝိုင်းစမှာစိုးလို့ပါဟ"

"အပိုတွေ လာမပြောနဲ့"

ခါ ခပ်ရှူးရှူးလေး အော်ပစ်လိုက်သည်။ တကယ်ဆို အကွာအဝေးက တစ်ယောက်နှင့်တစ်ယောက်ကြားမှာ ပေနှစ်ဆယ်လောက်ပဲ ရှိတာမို့ ဒီလောက်အော်စရာတော့ မလိုပါ။

"တကယ်ပြောတာပါ နင်က အရမ်းလှနေတော့ သူတို့က ဖွတ်မိတ်ဆက်ခိုင်းကြမှာ သေချာတယ်၊ အဲဒီကောင်တွေက တကယ့် ဗရုတ်





သုတ်ခကောင်တွေ၊ ဒါကြောင့် နင်နဲ့ငါ အိမ်နီးချင်းတွေလို့ သူတို့ မသိစေချင်လို့ နင့်ကို မခေါ်ဘဲ ထွက်သွားတာပါဟာ"

လေသံပြေပြေနှင့် မြတ်သော အကျိုးအကြောင်း ခိုင်လုံစွာ ရှင်းပြနေတော့လည်း ခါ နည်းနည်းတော့ စိတ်ကျေနပ်သွားတာ အမှန်၊

"အဲဒါဆို နင် ဖုန်းဆက်ကတည်းက အကျိုးအကြောင်း ရှင်းပြထားပါလား၊ ဟွန်း ကျောင်းထဲရောက်တော့လည်း နင့်ကောင်တွေ ဒီလောက်မျက်နှာရှူးနေတာကို နင်က မဆိုင်သလို ထိုင်ကြည့်လို့"

မကျေနပ်ချက်နှင့် နောက်ထပ်စွဲချက်တစ်ခု ခါ ထပ်တင်တော့ မြတ်သော မျက်နှာပေါ်က ပါဝါရှော့ကိုင်းမျက်မှန်လေး ပင့်တင်ရင်း ဖြေရှင်းပြန်သည်။

"အဲ အဲဒါကဟာ သူတို့က နင့်ကို ငါ့သူငယ်ချင်းမှန်းမှ မသိတာ၊ အဲ သိသွားရင်လည်း ငါ့ဆီကို ချောင်းပေါက်အောင် လာမှာသေချာတယ်၊ နင့်ကို လာနှယ်နေမှာစိုးလို့ ပြီးတော့ ပါးစပ်က စတာလေးနဲ့ နင့်အသားလည်း ပွဲပါသွားတာ မဟုတ်ဘူးဆိုပြီး တမင် မသိချင်ဟန်ဆောင်နေလိုက်တာပါဟာ၊ ငါ ပြောတာ ယုံပါ နော် ခါ"

မျက်နှာငယ်လေးနှင့် ဖြေရှင်းချက်တွေ ကျေနပ်အောင် ပေးနေတော့လည်း ခါ ကျေနပ်စွာ မျက်နှာလေး ပြန်ပြုံးသွားမိသည်။

ဒီလို အလိုက်သိလွန်းသော သူငယ်ချင်းလေးကို ခါလည်း အကြာကြီး စိတ်မကောက်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သောသူ ဆိုသော စာကျပိုးလေးက ခါ ဘေးမှာ မရှိမနေ နေပေးရမယ့် လိုတရ သူငယ်ချင်းကောင်းလေးလည်း ဖြစ်သည်။

"ခါ နင် ငါ့ကိုစိတ်ကောက်ပြေပြီလား"

မြတ်သော လှမ်းမေးနေတော့ ခါ နှုတ်ခမ်းလေးကို ခပ်တင်းတင်းလေးစေ့ကာ ခေါင်းလေးညိတ်လိုက်သည်။

"ဒီတစ်ခါတော့ ရှိစေတော့၊ နောက်တစ်ခါဆိုရင်တော့ ဘာဆင်ခြေမှ မလိုချင်ဘူးနော် မြတ်သော"

ခါ လက်ညှိုးလေးထိုးကာ သတိပေးသလို ပြောလိုက်တော့ မြတ်သော မျက်နှာလေး ကြည်ကြည်လင်လင်လေး ပြန်ပြုံးလာရင်း

"စိတ်ချ နောက်နေ့ကစပြီး ကျောင်းကို နင်မပါဘဲ ငါ တစ်ယောက်တည်း ဘယ်တော့မှ မသွားတော့ဘူး။ နင့်ရဲ့ ဘော်ဒီဂတ်အဖြစ်နဲ့ နင့်နောက်က တကောက်ကောက် လိုက်တော့မယ်"

"တကယ်လား ဒါဆို ငါ သန့်စင်ခန်းသွားရင်ရော နင် လိုက်မှာပဲလား"

"ဟာ အစုတ်ပလုတ်လေး ငါက အဲဒီထဲ ဘာလိုက်လုပ်ရမှာလဲ"

"အဟိ ခစ် ခစ်"

ရွှေရောင်မျက်မှန်ကိုင်းလေးအောက်မှ ရှက်ရွံ့ရွံ့ဖြစ်သွားသော မြတ်သော မျက်ဝန်းလေးတွေကိုကြည့်ကာ ခါ ရယ်လိုက်မိ၏။ ပြီးမှ





မြတ်သောကို လက်ကလေးခါ တာ့တာ ပြပြီး ထွက်ခဲ့သည်။

မြတ်သောကတော့ ခါ့အတွက်တော့ မရှိမဖြစ် ခင်မင်စရာကောင်းသော သူငယ်ချင်းကောင်းလေးပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ကျွတ် အခုချိန်ထိ အလုပြင်လို့ မပြီးသေးဘူးလား ခါရယ်၊ နဂိုကမှ လှပါတယ်ဆိုမှ နင် အခုလို ပြင်တော့ အလှတွေ ရောင်စဥ်ဖြာပြီး ကျောင်းကကောင်တွေ မျက်လုံးကျွတ်ထွက်အောင် လုပ်ဦးမလို့လား''

အခန်းဝမှာ ခါးထောက်လာရပ်ကာ တဗျစ်တောက်တောက် ပြောနေသည့် မြတ်သောကြောင့် ခါ ရှက်ကိုးရှက်ကန်းတော့ ဖြစ်သွားသည်။

''မြတ်သောနော် နင် ကိုယ်ချင်းမစာ လာပြောမနေနဲ့၊ ငါက မိန်းကလေး၊ ပြီးတော့ တက္ကသိုလ်ကျောင်းသူ၊ နည်းနည်းပါးပါးတော့ ပြင်ဆင်ရမှာပေါ့၊ နင် မနာလိုဖြစ်မနေနဲ့ ဟွန့် နင့်ကောင်တွေ မျက်လုံးကျွတ်ကျရင်လည်း နင်သာ ပြန်ကောက်ပြီး တပ်ပေးလိုက်''





မှန်တင်ခုံလေးမှာ အကျအနထိုင် အလှပြင်နေရင် ခါ ဘုဆတ်ဆတ်လေးပဲ ပြန်ပြောပစ်လိုက်မိသည်။

''ကျောင်းနောက်ကျနေမှာစိုးလို့ပါဟာ၊ နင်က ဘာမှ မပြင်ဆင်သည်း လန်းပြီးသား မြန်မြန်လုပ်၊ ငါ ကားထဲကစောင့်နေမယ်''

''အေး အဲ နေဦး မေ့ဆီက ထမင်းဘူးခြင်းလေးပါ တစ်လက်စတည်း ကားထဲ ယူသွားပေးမှာ''

''အေး အေး မြန်မြန်လုပ်''

ရှေ့ကိုင်းမျက်မှန်လေးကို ပင့်တင်ပြီး ကြည့်လာသော အကြည့်ရူးရူးကြောင့် ခါ မထီတရီလေး မဲ့ပြလိုက်မိသေး၏။

မြတ်သော ထွက်သွားတော့မှ အလှပြင်မှန်လေးထဲ ကြည့်မိသည်။ ဘာမှပြင်ဆင်စရာမလိုတာလည်း ခါ သိပါသည်။ ဒါပေမဲ့ နုနုညက်ညက်လေး လှအောင်တော့ ပြင်ဖြစ်သည်။

မိန်းကလေးပဲ အလှအပတော့ ကြိုက်တာပေါ့။

အဝတ်အစားလဲဖို့အတွက် အခန်းတံခါးကို ပိတ်လိုက်၏။

■ ■ ■

''မြတ်သောရေ ထုံးစံအတိုင်း မင်းသူငယ်ချင်း မပြီးသေးဘူး မဟုတ်လား''

သူ ထမင်းစားခန်းထဲ ဝင်လာတော့ ခါ မေမေ ဒေါ်ပန်းမြတ်မှူ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကာ မေးသည်။

"ထုံးစံအတိုင်းပေါ့ အန်တီပန်းရေ သူက စားလည်းနောက် သွားလည်းနောက် အဟဲ အိမ်ထောင်ပြုရင်တော့ ကျွန်တော့်ထက်အရင် အိမ်ထောင်ပြုမယ် ထင်တယ်"

ခပ်ရွှံ့ရွှံ့ ပြောလိုက်သော မြတ်သော စကားကြောင့် ဒေါ်ပန်း မြတ်မုံ့ သဘောကျစွာဖြင့် ရယ်နေသေးသည်။

"မင်းသူငယ်ချင်းက အိမ်ထောင်တော့ အစောကြီး ပြုမယ် မထင်ဘူးကွယ်၊ ဘာဖြစ်လို့လည်း ဆိုတော့ မင်းသူငယ်ချင်း ဇီဇာကြောင် ပုံနဲ့ သူ့ကို ဘယ်သူမှ ကြိုက်မှာမဟုတ်ဘူး၊ သူကလည်း ဘယ်သူ့ကိုမှ တော်တန်ရုံအရည်အချင်းမျိုးနဲ့ လက်ထပ်မှာမဟုတ်ဘူးကွဲ့"

"အန်တီပန်းက ပြောနေ၊ ကျောင်းက ကောင်တွေကတော့ သူ့ကြောင့် ဝက်ဝက်ကွဲနေတာပဲ၊ အခုလောက်ဆို ကျောင်းရှေ့က အုတ်ခုံ တန်းတွေမှာ လူစည်နေလောက်ပြီ"

"ဟယ် အဟုတ်လား"

ဒေါ်ပန်းမြတ်မုံ့ မျက်နှာမှာစိုးရိမ်ပူပန်ရိပ်တို့ လွှမ်းသွားသည်။ ခါ တော်မှီကို ပညာသင်ချိန်မှာ ဒီလိုစိတ်တွေ မရှိစေချင်တာ သူ သိသည်။ ချွန်တွန်းလုပ်လိုက်တာ လွန်သွားတာမို့ မြတ်သော စကားကို ပြန်ထိန်း ပေးလိုက်ရပြန်သည်။

"သိပ်လည်း စိတ်မပူပါနဲ့ အန်တီပန်းရယ်၊ ခါ့ဘေးမှာ ကျွန်





တော် တစ်ယောက်လုံး ရှိနေတာပဲ၊ ခါ ဘယ်သူ့ကိုမှ စိတ်ယိုင်မသွားစေ ရပါဘူး၊ အဟဲ ကျွန်တော်က ခါရဲ့ ဘော်ဒီဂတ်လေ"

သူ ရယ်မောမောလေး ပြောမှ အန်တီပန်း မျက်နှာလေး ပြုံး သွားသည်။

"အေးပါ အန်တီပန်းက ငါ့သားကိုပဲ အားကိုးပါတယ်၊ သားက သိမှာပြီးသား၊ မင်းသူငယ်ချင်းက ကလေးစိတ်မကုန်သေးတော့ မင်းပဲ သူ့ကိုဝိုင်းထိန်းပေးစမ်းပါ"

"စိတ်ချ အန်တီပန်း ဟို ခါ အတွက် ထမင်းဘူးကောဟင်၊ သူ့ကားထဲထည့်ပေးဖို့ ကျွန်တော့်ကို ကွန်မန်းပေးထားတယ်"

"ဩော် အေး အန်တီပန်း အသင့်ပြင်ထားပြီးသား၊ ဒါနဲ့ သားတို့ ထမင်းအတူ စားဖြစ်ကြတယ် မဟုတ်လား"

"မစားဖြစ်ပါဘူး အန်တီပန်းရာ၊ သူက သူ့သူငယ်ချင်းတွေနဲ့ ကင်တင်းမှာစားတာလေ၊ နောင် ကြုံချင်တော့ ကြုံမှာပေါ့"

"အေးလေ အန်တီပန်းက သားတို့နှစ်ယောက် အတူစားဖြစ် မယ်ထင်လို့ သားအတွက်ပါ ဟင်းတွေ ပိုပိုထည့်ပေးလိုက်တာ"

သူ ဘာမှမပြောဘဲ ပြုံးကာ အန်တီပန်းပေးသော ခါရဲ့ ထမင်း ချိုင့်ခြင်းလေးကို ယူကာ စားသောက်ခန်းလေးထဲက ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲရောက်တော့ ခါတော်မှီလည်း ကြွကြွရွရွလေး ပြင် ဆင်ပြီးစားလို့ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ နင်က"

"နင် အလုပြင်ထားတယ်ဆိုလို့ ငါ မမှတ်မိတော့ဘူး ထင်တာ၊ ဘာထူးလို့လဲ ခါတော်မှိုက ခါတော်မှိုပါပဲ"

"မြတ်သောနော် နင်"

"အဟဲ နောက်တာပါဟာ ငါတော့ နင့်ကိုမြင်ပြီး မျက်လုံးကျွတ်ကျတဲ့ကောင်တွေ ပြန်လိုက်ကောက်တပ်ပေးရတာနဲ့ လက်ညောင်းတော့မှာ သေချာတယ်"

သူ ရွှတ်နောက်နောက်လေး ပြောတော့ ခါတော်မှို ရက်ပြုံးလေး ပြုံးလို့နေသည်။

ခါတော်မှို သိပ်လှတာ သူ သိပါသည်။ သိပ်လှသော ခါတော်မှို ကြောင့်ပဲ သူလည်း ရင်တွေမောရပါသည်။

ခါတော်မှိုနှင့်အတူ သွားကြမှာမို့ သူ့ကားကိုမယူခဲ့ပါ။ ခါတော်မှို ကားနှင့်ပဲသွားဖို့ စီစဉ်ထားသည်။

"ငါမောင်းမယ်နော် ခါ"

"မောင်းပေါ့ ဖိမ်နဲ့ထိုင်လိုက်ချင်လို့ နင့်ကို ကားယူမလာခိုင်းတာ အဟင်း ဟင်း"

ခါတော်မှို ရယ်ဟဟလေး ပြောတော့ သူ ပြုံးလိုက်ရင်း မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။ ပန်းဆီရောင်ဝတ်စုံလေးနှင့် ခါတော်မှို သည် နတ်ပျိုမလေးလို လှပလွန်းနေ၏။





ကားကို ငြိမ့်ခနဲ မောင်းထွက်တော့ ခါတော်မှို၏ကိုယ်သင်းနံ့ ဆေးက ရနံ့သင်းသင်း အော်ဒီကလုံး ရနံ့လေးနှင့် သူ့အာရုံထဲ မဖိတ်ခေါ် ဆဲ တိုးဝင်လာသည်။

မြတ်သော ရင်လေး တိတ်တခိုး ခုန်ရပြန်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အ ကျွတ် ကျွတ်"

စာသင်နေတုန်း မိုးသဲ နှုတ်က ခပ်သဲ့သဲ့ညည်းသံလေးကြောင့် နံဘေးက ပိုးအိကော ခါပါ ပြိုင်တူ ငဲ့ကြည့်မိကြသည်။

"မိုးသဲ နင် ဘာဖြစ်နေတာလဲ"

"ငါ ငါ ဗိုက်အောင့်လို့ဟ"

မိုးသဲ ဗိုက်ကလေးနှိပ်ကာ ရှုံ့မဲ့မဲ့လေးဆိုတော့ ခါတော်မှီကော ပိုးအိပါ ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့ကြသည်။

အတန်းချိန်ကြီးမှာဆိုတော့ အပြင်ထွက်ရလည်း အခက်၊ တီချယ်ယွမ်ကျိုလင် က စည်းကမ်းကြီးသည်။

"နင်ကလည်း ဒီဆရာမ အချိန်ကျမှပဲ ဗိုက်က ရွေးပြီး အောင့်ရတယ်လို့"





ပိုးအိက ခပ်ကြိတ်ကြိတ်လေး အပြစ်တင်၏။ မိုးသဲ ရှုံ့မဲ့မဲ့မျက်နှာလေးနှင့်

"ငါလည်း ဘယ်အောင့်ချင်ပါ့မလဲဟာ ခါ ယူလာတဲ့ လက်ဖက်အေလို့ အခုလိုဖြစ်တာ"

မိုးသဲ စကားကြောင့် ခါ မျက်လုံးလေး ပိုင်းသွားသည်။ အိမ်က လက်ဖက်တွေ ထည့်ယူလာကာ ကျွေးမိတာကပဲ အပြစ်ဖြစ်ရပြန်ပြီ။ မိုးသဲက မစားချင်ဟု ငြင်းသေးသည်။ ခါက ဇွတ်ကျွေးမိတာကြောင့် စိတ်မကောင်း ဖြစ်ရသေး၏။

"နောက်ငါးမိနစ်ဆိုရင် အတန်းချိန်ပြီးပါပြီ၊ နောက်အတန်းလစ်ပြီး နင့်ကို ဆေးခန်းလိုက်ပို့ပေးမယ်၊ ခဏလေးအောင့်ထားလိုက်ဦးနော် မိုးသဲ"

ခါ ပြောသည့်အတိုင်း မိုးသဲ ငါးမိနစ်လောက် မျက်နှာလေး ရှုံ့မဲ့ကာ စောင့်ရှာသည်။ အတန်းပြီးသည်နှင့် ခါနှင့်ပိုးအိ မိုးသဲကို တစ်ဖက်စီက တွဲကာ အခန်းထဲမှာ လစ်ထွက်ခဲ့ကြသည်။

"ငါတို့ ဘယ်ဆေးခန်း သွားကြမလဲဟင်"

ပိုးအိက ခါကို တိုင်ပင်သလိုလေး မေးတော့ မိုးသဲက ခေါင်းလေး ခါကာ ကြားက ဝင်ဖြေသည်။

"ဟင့်အင်း ငါ ဆေးခန်းမသွားဘူး၊ အိမ်ကိုပဲ သွားတော့မယ်ဟာ၊ အိမ်မှာ ငါ ဗိုက်အောင့်ရင် သောက်နေကျ ဆေးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးသဲ ဆန္ဒအတိုင်း ခါ ကားလေးနှင့်ပဲ မိုးသဲအိမ်ကို လိုက်ပို့ပေးဖြစ်၏။

"ခါတော် နင့်ကားမမြင်ရင် နင့်ဘော်ဒီဂတ်ကြီး ကျိုင်ရှာနေဦးမယ်"

"ရတယ် ရှော့ခ် မရှိဘူး"

ပိုးအိ စကားကို ခါ ပေါ့ပေါ့လေးပဲ ပြန်ဖြေလိုက်သည်။ မြတ်သော အတန်းအားလျှင် ခါတို့အခန်းဘက် လာကြည့်တတ်တာ သိသည်။ ခါ့ကား မတွေ့လျှင်တော့ နည်းနည်းတော့ စိတ်ပူမှာသိသည်။

ဒါပေမဲ့ မိုးသဲရဲ့ကျန်းမာရေးကိစ္စဆိုတော့ မြတ်သော နားလည်ပေးမှာ သေချာပါသည်။

မိုးသဲတို့နေထိုင်သော တိုက်ခန်းဘဲလ်လေးတီးလိုက်တော့ မိုးသဲရဲ့မိခင်ဖြစ်ဟန်တူသော  အမျိုးသမီးကြီးကိုယ်တိုင် တံခါးလာဖွင့်ပေးသည်။

မျက်နှာလေး ရှုံ့မဲ့မဲ့ ဖြစ်နေသော မိုးသဲကိုမြင်တော့ အထိတ်တလန့် မျက်နှာနှင့်တိုက်ခန်းတံခါးကို ဆွဲဖွင့်ရင်း

"မိုးသဲ သမီးလေး ဘာဖြစ်လာတာလဲ"

"ဗိုက်အောင့်လို့ပါ မေမေ၊ ဒီမှာ သမီးသူငယ်ချင်းတွေ လိုက်ပို့ပေးတာ"

"ဩော် အေး သမီးတို့ အထဲဝင်ကြပါဦး"





မိုးသဲတို့ တိုက်ခန်းလေးကို ဒါ ပထမဆုံး ခါတို့ ရောက်ဖူးတာဖြစ်သည်။ ကန့်ထရိုက်တိုက်ခန်းတွေမို့ မိုးသဲတို့ တိုက်ခန်းလေးက ကျဉ်းလွန်းပါသည်။

အိမ်ရှေ့ဧည့်ခန်းဆိုသည်ကပင် ခါတော်မိုတို့အိမ် ဝရန်တာလေးလောက်ပင် မကျယ်ဝန်းပါ။ ဆိုဖာခုံ ခပ်နွမ်းနွမ်းတစ်စုံ၊ နံရံကပ်ရှိုးကေ့စ်၊ ဒီဗွီဘုရားစင်နှင့် ကွန်ပျူတာစားပွဲတစ်လုံးထားရုံနှင့်ပင် အခန်းက ပြည့်နေပြီ။

"လာ ခါတော်နဲ့ပိုးအိ၊ ငါ့အခန်း သွားကြမယ်နော်"

မိုးသဲက သူ့အခန်းကို ခေါ်နေတော့ ခါတို့နှစ်ယောက် လိုက်ဝင်ခဲ့ကြ၏။

"အိမ်ကကျဉ်းတော့ နင်တို့ကို အားနာတယ်ဟာ"

"အို ဘာအားနာစရာလဲဟာ ရပါတယ်"

"အေး နင်တို့အိမ်လေးက ကျဉ်းပေမယ့် နေချင်စရာလေးပါဟယ်၊ သန့်သန့်ရှင်းရှင်းနဲ့ တောက်ပြောင်နေတာပဲနော်"

ပိုးအိက အိမ်ရဲ့အပြင်အဆင်လေးကိုကြည့်ကာ ချီးမွမ်းလိုက်သေးသည်။ မိုးသဲ အခန်းထဲရောက်တော့ နံရံတစ်ဖက်ဆီမှာ ကပ်ထားသော အိပ်ခုတင်လေးတွေကိုကြည့်ပြီး ခါတော်မို နည်းနည်းတော့ အံ့သြသွားသည်။

"ဟင် နင့်အိပ်ခန်းက ခုတင်က နှစ်လုံးတောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒီအခန်းကို ငါတစ်ယောက်တည်း သုံးခွင့်မရှိဘူး။ အိမ်ကကျဉ်းတော့ ငါ့အစ်ကိုနဲ့ငါ မျှပြီးသုံးရတယ်"

"ဟင် နင့်မှာ အစ်ကိုရှိသေးတယ်လား"

ပိုးအိ အမေးကို မိုးသဲ ခေါင်းလေးညိတ်ဖြေသည်။

"ဟဲ့ ချောလား။ ချောရင် နင့်ကိုငါ ယောက်မ တော်မယ်လေ ဟာ"

ပိုးအိ ရွတ်နောက်နောက်လေးဆိုတော့ မိုးသဲ မျက်နှာလေးရှုံ့ မဲ့နေရင်းမှ အသံလေးထွက်အောင် ရယ်နေသေးသည်။

"ငါ့အစ်ကို နင်တို့ ချစ်သူတော်ရင် ငါကလည်း ယောင်းမတော် ဖို့ ဝဲလ်ကမ်းပါပဲဟာ"

"ပိုးအိ နင်က စွတ်ပြီးယောင်းမ တော်ချင်နေသလား၊ တော်ကြာ မိုးသဲ အစ်ကိုက မချောဘဲ အရမ်းရုပ်ဆိုးနေရင် နင် ဘယ်လိုလုပ် မလဲ"

ခါတော်မှီ စကားကြောင့် မိုးသဲ မျက်နှာလေးမဲ့ကာ ပြုံးလိုက်ရင်း

"အံမယ် အထင်မစမောလ်ပါနဲ့ သူငယ်ချင်းတို့ရယ်၊ တို့အစ်ကို ချောတာမှ ရှေညီတောင် ဆရာခေါ်ရမယ်"

"ဟယ် ဟုတ်လား၊ အဟီး ငါက ရှေညီဆို အရမ်းကြိုက်တယ်၊ ရှေညီကို ညတိုင်းစားတယ် အဟင်း ကိုရီးယား ရှေညီပြားကို ပြောတာ နော်၊ ဒါကြောင့် နင့်အစ်ကိုဆိုရင် ပိုပြီးတော့တောင် ကြိုက်သွားဦးမယ်"





"ဟယ် မိန်းမ ကြည့်စမ်း နည်းနည်းလေးတောင် ဣန္ဒြေ ဆယ်ဘူး။ မိန်းမရှေးကျအောင်"

ခါ ပိုးအိ ပေါင်လေးကို လှမ်းဆွဲလိမ်ရင်း ပြောနေတုန်းမှာပဲ အခန်းထဲကို မိုးသဲ မိခင် ဝင်လာသည်။

"သမီးတို့ရေ ကော်ဖီလေး သောက်လိုက်ပါဦး"

ကော်ဖီဘမ်းလေးကိုင်ကာ ဝင်လာသော မိုးသဲမေမေကို ပိုးအိ ခေါင်းလေးညိတ်ပြုံးပြရင်း

"အားနာစရာကြီး အန်တီရယ်၊ ဟိုလေ ဒိုးနတ်ခ်လေး ဘာ လေး မပါဘူးလားဟင်"

"ဒိုးနတ်ခ်က အဆင်သင့်မရှိလို့ မပါဘူး သမီးရယ်၊ ကွတ်ကီး တော့ ပါတယ်၊ နောက်တစ်ခါ သမီးတို့လာရင် အန်တီဆီဖုန်းဆက်၊ အန်တီ ကြိုဝယ်ထားမယ် သိလား"

"အာ ရပါတယ် အန်တီရယ်၊ ပိုးအိက အဲဒီအတိုင်းပဲ အစား အသောက်နဲ့ ပတ်သက်လာရင် အရမ်း အစအနောက် သန်တာ သိလား၊ အဟင်း ဟင်း"

ခါ ကြားထဲက အားနာမျက်နှာပူစွာ မိုးသဲ မေမေကို ဝင်ပြော လိုက်မိသည်။ မိုးသဲ မေမေကလည်း ပြုံးပြုံးလေးနှင့် ခါတို့ နှစ်ယောက် ကို ကြည့်ကာ ရယ်နေသေးသည်။

"ဪ သမီး ဒီမှာ ဆေးသောက်လိုက်ဦးလေ၊ ဘာဖြစ်ွ မ



www.burmeseclassic.com

www.burmeseclassic.com



တည့်တာစားလို့ ဗိုက်အောင့်ရတာလဲ သမီးရဲ့"

မိခင်ဖြစ်သူ ကမ်းပေးနေသော ဆေးဘူးလေးကို လှမ်းယူရင်း မိုးသဲ ဖက်ကလေးပုကာ ခါတော်မှီကို လှမ်းကြည့်၏။

"သူ ဒီနေ့ ခါ သုပ်လာတဲ့ လက်ဖက်သုပ်ကို စားလို့ ဗိုက်အောင့်သွားတာဖြစ်မယ် အန်တီရဲ့"

ခါကပဲ ကြားက ဝင်ဖြေပေးလိုက်တော့ မိုးသဲကို ဆူပူဖို့ မိခင်ဖြစ်သူ ခက်ခဲသွားခဲ့သည်။ ဒါပေမဲ့ လေပြည်လေးနှင့် ခါကို သတိပေးသလို ပြောပါသေးသည်။

"သူက လက်ဖက်စားလို့ မရဘူး သမီးရဲ့၊ လေအောင့်တတ်တဲ့ရောဂါရှိတယ်၊ နောက်ဆို မစားစေနဲ့နော် သမီး"

"ဟုတ်ကဲ့ အန်တီ ခါကလည်း မသိလိုက်လို့ပါ"

"အေး အေး ကဲ သမီးတို့ စကားပြောကြဦးနော်၊ အန်တီ အိမ်အလုပ်လေးတွေ လုပ်လိုက်ဦးမယ်"

မိုးသဲ မေမေ အခန်းထဲက ထွက်သွားတော့မှ ခါတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ခစ်ခနဲ ရယ်လိုက်မိကြသေးသည်။

"အား မေမေတိုက်တဲ့ဆေးသောက်ပြီး ဝမ်းထဲမှာ ရစ်လာပြီ ငါ အိမ်သာခဏဝင်ဦးမယ် နင်တို့ ထိုင်ကြဦးနော်"

မိုးသဲ ပြောရင်း ခုတင်လေးပေါ်က လျှောဆင်းတော့ ဗိုးအိကပါ





တော်မှီကို အမြန်မော့သောက်လိုက်ရင်း

"ငါလည်း သန့်စင်ခန်း ခဏဝင်ချင်တယ်"

"ရတယ်လေ ခါတော် နင်ကောလိုက်ဦးမှာလား"

"ဟင့်အင်း မလိုက်တော့ဘူး၊ နင်တို့ပဲ သွားတော့"

"ဒါဆို ထိုင်ဦး ဟောဟို ငါ စာကြည့်စားပွဲမှာ ဓာတ်ပုံအယ်လ်ဘမ်ရှိတယ်၊ နင် ပျင်းရင် ယူကြည့်လေဟာ၊ ငါ့အစ်ကိုပုံလည်း ပါတယ်"

"ဟယ် ရှက်စရာကြီး၊ နင့်အစ်ကိုက ချောလွန်းလို့ ငါ့လက်ထဲက အယ်လ်ဘမ်ကြီးပါ ချော်ပြီး လွတ်ကျသွားရင် ဘယ်လိုလုပ်မလဲ မိုးသဲရဲ့"

"မလွတ်ကျအောင် မြဲမြဲသာ ဆုပ်ကိုင်ထားလိုက် ခါတော်ရေ"

ခါ ရွှတ်နောက်နောက်လေး ပြောတာကို မိုးသဲကလည်း ပြောင်ချော်ချော်လေး ပြောကာ ဗိုးအိနှင့်အတူ ထွက်သွားကြသည်။

သည်တော့မှ ခါ စားပွဲလေးဆီ လှမ်းခဲ့ကာ ခုံလေးမှာ ထိုင်ပြီး မိုးသဲ ပြောသော အယ်လ်ဘမ်ကို ဖွင့်ကြည့်လိုက်၏။

ပထမဆုံး မြင်လိုက်ကတည်းက မိုးသဲပုံ မဟုတ်ဘဲ မိုးသဲ အစ်ကိုရဲ့ဓာတ်ပုံတွေပဲ ဖြစ်သည်။ မိုးသဲနှင့် ရုပ်ချင်းဆင်ပေမယ့် မိုးသဲထက် ချောမောတာတော့ အမှန်ပဲဖြစ်သည်။

ရုပ်သွင်က ချောမောသလို ဝတ်စားထားပုံကလည်း စမတ်ကျကာ စတိုင်အပြည့်ပါပဲ။ ယောက်ျားတန်မဲ့နှင့် ပိုစ်အမျိုးမျိုးပေးကာ ရိုက်ထားသော ဓာတ်ပုံတွေကိုကြည့်ကာ ခါ ရယ်ချင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဖြစ်ပြီး ဓာတ်ပုံရိုက် ဝါသနာပါရတယ်လို့ မင်းသားလား မော်ဒယ်လားဘွိုင်းလား ခစ် ခစ်"

ခါ တစ်ယောက်တည်း ဝေဖန်သဘောကျနေတုန်းမှာ အခန်းထဲ ပြန်ဝင်လာကြသော မိုးသဲတို့ ခြေသံတွေကို ကြားလိုက်ရတာမို့

"မိုးသဲရယ် နင့်အစ်ကိုက ချောတော့ ချောပါတယ်၊ ဒါပေမဲ့ ယောက်ျားတန်မဲ့ အက်တင်အမျိုးမျိုးပေးပြီး ဓာတ်ပုံတွေ ရိုက်ထားတာကတော့ နည်းနည်းနွဲ့နေသလားလို့ အဟင်း ခစ် ခစ် နည်းနည်းဂျယ်လ်ဆန်သလိုပဲနော်"

"လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့ကွာ၊ ကိုယ်က ဓာတ်ပုံရိုက်ဝါသနာပါတယ်၊ မင်းက သူများအကြောင်း မှိုချိုးမျှစ်ချိုး အတင်းပြောရတာ ဝါသနာပါတယ်"

"ဟင်"

ခါ ဆတ်ခနဲ တုန်သွားသည်။ မိုးသဲတို့ထင်ပြီး လှည့်မကြည့်ဘဲ ပြောလိုက်မိတာ ဩရှရှ ယောက်ျားအသံကြားမှ ချာခနဲ လှည့်ကြည့်ကာ ထခုန်မိမတတ် ကြောက်ရွံ့သွားမိ၏။

မြင့်မြင့်မားမား အရပ်အမောင်းနှင့် ခါ ကို မျက်မှောင်ကြီးကုပ်ခါးထောက်ရပ်ကြည့်နေတာ ဓာတ်ပုံထဲက ကိုလူချောပါပဲ။

လက်ထဲက အယ်လ်ဘမ်ကို စားပွဲပေါ် ဘုတ်ခနဲ ပစ်ချလိုက်ပြီး လူက အယောင်ယောင် အမှားမှားနှင့် ထရပ်မိသည်။ စိတ်ထဲမှာ ရှက်စိတ်





တွေ အားနာစိတ်တွေ ရောထွေးမွှန်ထူကာ မျက်နှာတစ်ခုလုံး ပူလောင်နေသလို ခံစားရသည်။

"ရှင် ရှင် မိုးသဲအစ်ကိုလား"

"ဟုတ်တယ် ကိုယ်က မိုးသဲအစ်ကို မိုးရိပ်"

လေသံက မာဆတ်ဆတ်။ ရှင်းသန့်နေသော မျက်နှာပေါ်က မျက်ဝန်းစူးစူးတွေက ခါ တစ်ကိုယ်လုံးကို စူးစူးနစ်နစ် စိုက်ကြည့်နေသည်။ ခါ သူ့ကိုတောင်းပန်ရမည်လား။ ရန်တွေ့ရမည်လား၊ ဝေခွဲမရစွာဖြင့် လှစ်ခနဲ အခန်းအပြင်ကို ပြေးထွက်ခဲ့မိသည်။

သူ့အကြည့်တွေက ခါ နောက်ကို ပြေးလိုက်လာသည် ထင်မိသည်။

ရှေ့ပြောနောက်ကြည့်တဲ့။ အခုတော့ ခါ ရင်ထဲမှာ အားနာမိတာ ပြောမပြတတ်အောင်ပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ခါ နင်ဒီနေ့အတန်းလစ်ပြီး ဘယ်သွားတာလဲ"

ကားမောင်းနေရင်း မေးလာသော မြတ်သော အမေးကြောင့် ခါတော်မှီ မျက်လုံးလေး ပင့်လှည့်ကြည့်ရင်း

"အင်း ငါ ဘယ်သွားလို့လဲ၊ ဘယ်မှမသွားပါဘူး"

ခပ်တည်တည်နှင့်ပြောတော့ မြတ်သော မျက်မှောင်ကုပ်ပြီး တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ ချက်ချင်းကားရှေ့ကို ပြန်အကြည့် ရောက်သွားရင်း

"နင် ငါ့ကို လာရှုပ်မနေနဲ့ ခါ"

"ငါ ဘာရှုပ်လို့လဲ၊ နင်က လာအောင်းနေတာ၊ ငါ မသိရင် ခက်မယ်"





"အဟုတ် ဘလိုင်းကြီး လိမ်နေပါလား၊ ရယ်ရတယ် နင်နဲ့တွဲ အတွဲ့နှစ်ယောက်ရော နင်ရော မရှိဘာ ငါ သိတယ်၊ ငါ့မျက်စိနဲ့ ကိုယ်တိုင် ဘာကြည့်တာ၊ နင် ဘူးခါမနေနဲ့"

"ဟုတ်တယ် မိုးသဲ ဗိုက်တွေအောင့်လို့ သူ့အိမ်ကို ငါကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့လိုက်တာ ရှင်းပြီလား"

ခါ လေသံမာတင်းတင်းလေးနှင့် မမှုသလို ဖြေလိုက်သည်။ မြတ်သော တစ်ချက်လှည့်ကြည့်ရင်း

"သူ ဗိုက်အောင့်တယ်ဆိုလည်း သူ့အိမ်ကို Taxi နဲ့ ပြန် ဘွတ်လိုက်ပေါ့ ခါရာ၊ အတန်းအပျက်ခံပြီး နင်ပါ လိုက်သွားရတယ်လို့ ဒက်ဒီတို့ အန်တီပန်း သိရင် ဆူခံထိခံရမှာ ကျိန်းသေတယ်"

ကားမောင်းနေရင်း တကယ် လူကြီးလေသံနှင့် ပြောနေသော မြတ်သောကို ခါတော် နှုတ်ခမ်းလေးစူကာ ကြည့်ပစ်ရင်း

"နင် ပြန်ချွန်တွန်းမလုပ်ရင် မေမေ သိစရာမလိုဘူး"

"ငါ ပြန်မပြောရင်လည်း အခု အိမ်ပြန်ဘာလို့ နောက်ကျတာ ဆိုလို့ မေးလာရင် ငါ ဘယ်လိုဖြေရမလဲ၊ ငါ မလိမ်တတ်တာ နင်လည်း သိပဲ"

"နင့်သဘောပေါ့၊ နင် ငါ့ကို အဆူခံထိစေချင်ရင် တိုင်လိုက် သား ဒါပေမဲ့ နောက်နေ့ နင်နဲ့အတူ ကျောင်းမတက်တော့ဘူး"

"ဘာလဲ နင်က ငါ့ကို အကြပ်ကိုင်တာလား ခါ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဟမင်ညစ်နေတာလေ၊ ကိုယ့်အတန်းဖော် သူငယ်ချင်း တစ်ယောက်ကို ကူညီတာ အပြစ်တစ်ခုလား၊ ဟိုက ငါ သုပ်လာတဲ့ လက်ဖက်တွေစားပြီး ဗိုက်အောင့်နေတာ၊ ဒါမှ နင် နားမလည်ရင် ကြိုက်တာလုပ်"

ခပ်ပြတ်ပြတ်လေး ပြောပြီး ခါ မြတ်သောကို မကြည့်တော့ဘဲ ကားတံခါးအပြင်ဘက် မြင်ကွင်းတွေကိုပဲ တမင်ကြည့်နေလိုက်ပါသည်။

မြတ်သော ပြောသည့်အတိုင်းပါပဲ။

အိမ်ရောက်တော့ မေမေ တိုက်ရှေ့ ဆင်ဝင်အောက်မှာ ရပ်စောင့်လို့နေသည်။

"ဟော ရောက်ကြပြီ ဒီသူငယ်ချင်းနှစ်ယောက် ဘာလို့ နောက်ကျနေကြတာလဲ"

မေမေ မေးလာလျှင် ခါ မဖြေရဲတာမို့ မြတ်သော ကားတံခါး ဖွင့်ဆင်းသွားသည်အထိ ခါ မဆင်းသေးဘဲ တမင်နောက်ကျပြီး ဆင်းသည်။

သူငယ်ချင်းကို ကူညီတာ ဖြစ်ပေမယ့် မေမေ့ကိုတော့ အမှန် မပြောရဲပါ။ အတန်းအပျက်ခံပြီး လိုက်ကူညီတာကို မေမေက လက်ခံ နားလည်ပေးမည် မဟုတ်။

"လမ်းမှာ ကားဘီးပေါက်သွားလို့ ဝင်ဖာနေရတာနဲ့ နောက်ကျသွားတာ အန်တီပန်းရဲ့"





"သြော် ဟုတ်လား၊ အေး အေး သားပါလို့ တော်သေးတာပေါ့ကွယ်"

မေမေ မြတ်သောကို အကြွင်းမဲ့ ယုံကြည်တာမို့ ကျေနပ်သွားသည်။ အခုမှပဲ ခါ ရင်ထဲက အပူလုံးကြီး ကျသွားခဲ့သည်။

ခါ မြတ်သောကို ကျေးဇူးတင်သော အကြည့်ဖြင့် ငေ့ခနဲ ကြည့်လိုက်မိသည်။ ပြုံးစိစိအမူအရာနှင့် မြတ်သောက ကြည့်နေသေးသည်။

ဒီလို အလျော့ပေး နားလည်ခြင်းတွေနှင့် ရှိတတ်သော မြတ်သောကိုတော့ ခါ သံယောဇဉ် တွယ်ရပါသည်။

"ခါ မနက်ဖြန်ရော ငါနဲ့အတူ ကျောင်းသွားမှာလား"

ညှို့ခန်းထဲဝင်သွားသော မေမေ့အလစ်မှာ ရွှေကိုင်းမျက်မှန်လေးကို ပင့်ပြီး နူးညံ့တိုးသက်စွာ မေးလာသော မြတ်သော အမေးကြောင့် ခါ ပြုံးပြုံးလေး ခေါင်းကိုညိတ်လိုက်မိ၏။

"ငါက နင်နဲ့မသွားလို့ ဘယ်သူနဲ့သွားရမှာလဲ"

"အိုကေ ငါ လစ်မယ်၊ ခါ အန်တီပန်း ကျွန်တော် သွားတော့မယ်"

"အေး အေး သားရေ၊ ဒီနေ့ မင်းကြိုက်တဲ့ ဘဲပေါင်းနဲ့ကြံမဆိုင်လေး ချက်ထားတယ်၊ ထမင်းစားခါနီး ဒီဘက်ကို ကူးခဲ့၊ မင်းသူငယ်ချင်းနဲ့အတူ လာစားနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ဂွတ်တယ် ရှေမိုးချိုးပြီးတာနဲ့ လာစားမှာ အန်တီပန်း”

ကျောပိုးအိတ်လေးလွယ်ကာ မြတ်သော ခပ်သုတ်သုတ်လေး ထွက်သွားတော့ ခါတော် မေမေ့အနား လျှောက်ခဲ့ရင်း

“မေ”

“ဘာလဲ သမီးရဲ့”

“မေကာလေ မြတ်သော စားချင်တာတွေကျ ခဏ ခဏ ချက်ကျွေးတယ်၊ ကိုယ့်ရဲ့သမီးလေး စားချင်တာကျ လုပ်မကျွေးဘူး”

ခါ တမင် မေမေ့ကို နှုတ်ခမ်းလေးစူကာ ရစ်နေတော့ မေမေက ပြုံးပြုံးလေးကြည့်ရင်း

“ကဲ ပြောပါဦး မေ့သမီးက ဘာစားချင်တာလဲ”

“စားချင်တာတွေက အများကြီး၊ ရှောက်သီးသုပ်နဲ့ကြာဇံဟင်းခါး၊ ကျွဲကောသီးသုပ်၊ မရမ်းသီးသုပ်၊ မန်ကျည်းရွက်ကြော်၊ နောက်ပြီး ငါးသံပရာကြော်နှပ်၊ ချဉ်ပေါင်ဟင်းချိုလေး”

“အမလေး မေ့သမီးရယ် မေ့သွားတွေ ကျိန်းပြီး ကျွတ်ထွက်ကုန်ပါဦးမယ်ကွယ်”

မေမေ အံ့လေးကြိတ်ရှုံ့မဲ့ရင်း ခါ စားချင်သော စားစရာတွေ ကြားရုံနှင့် ကြက်သီးတွေထသွားပုံကိုကြည့်ပြီး ခါ သဘောကျစွာ ရယ်မိပြန်သည်။

“အဟင်း ဟင်း သမီးက အဲဒါတွေကို အကုန်စားချင်တာ





ရဲ့”

“အေးပါ အေးပါ နောက်ရက်ကျရင် တစ်မျိုးစီ အလှည့်ကျ ပ်ကျွေးမယ် သိလား၊ ခုတော့ အိမ်ကချက်ထားတာလေးပဲ သည်းခံ စား ဟုတ်ပြီလား”

“ရက်စ် မေမေ”

မေမေ့ခါးလေးကို သိုင်းဖက်ရင်း ခါ ကျေနပ်ပြုံးလေးနှင့် ကြည် ရိပ်လေးဖြာလို့။

ဒီမေမေ ဒီဖေဖေနှင့် ပျော်စရာဘဝလေးကို ခါ ခင်တွယ်မိတာ မှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

လရောင်က ထင်းထင်းရှင်းရှင်းလေး လင်းနေသည်။ ညလေပြည်မှာ ပန်းရနံ့တွေက သင်းလျက်နေတော့ သူ့မျက်ဝန်းတွေ အိပ်လို့မရတော့ပါ။

အိပ်မပျော်တော့ သူ ဂစ်တာတစ်လုံးဆွဲကာ တိုက်ဝရန်တာလေးကို ထွက်ခဲ့ကာ ဂစ်တာတီးနေမိသည်။

ဂစ်တာသံက ငြိမ့်ငြိမ့်၊ သီချင်းဆိုသံက တိုးတိုးလေးနှင့် လွတ်လပ်စွာပဲ စီးမျောရင်း မျက်ဝန်းတွေက ခါတော်မှီ အခန်းဆီ ရောက်သွားခဲ့၏။

ခါတော်မှီ အခုချိန်ထိ မအိပ်သေးတာ သေချာသည်။ သူမအခန်းလေး မီးရောင်တွေ လင်းနေသည်။





ပြတင်းတံခါးမှ လိုက်ကာစ ခန်းဆီးကိုဖောက်ထွင်းကာ လင်းနေသော မီးရောင်ကြောင့် ခါတော်မှီ စာကျက်နေသလား၊ ဂမ်းကစားနေသလား၊ ဒါမှမဟုတ် အင်တာနက် သုံးနေသလား သူ အသေအချာမသိပါ။

သေချာသည်ကတော့ ခါတော်မှီလည်း သူ့လိုပဲ မအိပ်သေးဘူးဆိုတာ သိလိုက်သည်။

သူ ဂစ်တာကို အသာချပြီး အိပ်ခန်းဆီသို့ ပြန်ဝင်လာခဲ့သည်။ စာကြည့်စားပွဲပေါ်မှာ ချာဂျင်သွင်းထားသော ဖုန်းလေးကို ဖြုတ်ယူခဲ့ကာ ဝရန်တာလေးဆီ ပြန်ထွက်ခဲ့သည်။

ခါတော်မှီ မအိပ်သေးတာမို့ စကားပြောချင်သည်။ ဒီတစ်ညတော့ ခါတော်မှီအသံလေး ကြားပြီးမှ သူ အိပ်စက်လို့ ရနိုင်မည် ထင်သည်။

ခါတော်မှီရဲ့ဖုန်းနံပါတ်လေးတွေကို သူ ဖိနှိပ်ခေါ်လိုက်၏။ ဖုန်းဝင်သွားတာမို့ သူ ဝမ်းသာသွားမိသည်။

"ဟဲလို"

ခါတော်မှီ အသံချိုချိုလေးကို သူ ကြားရသည်။ ရင်ထဲအထိ အသံချိုချိုလေး စီးဝင်သွားတာ အမှန်။

"ခါ နင် ဘာလုပ်နေလဲ"

"ဩော် မြတ်သော ငါလား အဟီး ကိုရီးယားကား ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာဟ''

ရယ်သံလွင်လွင်လေးနှင့် ပြောလာသော ခါတော်မှိ အဖြေကြောင့် သူလည်း လိုက်ရယ်မိတဲ့အထိ။

''တကယ့် အလုပ်ကြီးအကိုင်ကြီး လုပ်နေတာပဲ၊ စောစောက အထင်ကြီးစိတ်လေးတောင် ပျောက်သွားပြီ''

''အံမယ် နင်က ငါ့ကို ဘာတွေများ အထင်တွေ စွတ်ကြီးနေလို့လဲဟ''

''နင့်အခန်းက အခုထိ မီးမပိတ်သေးတော့ ငါ့သူငယ်ချင်း စာတွေဘာတွေများ ကျက်နေလို့ မအိပ်သေးတာလားပေါ့''

''အယ် နင် ငါ့အကြောင်းကို မသိဘူးလား၊ ဘယ်တုန်းကများ စာကို ညဥ့်နက်ခံအောင် ကျက်ဖူးလို့လဲ''

''အင်း ကိုရီးယားကားကိုတော့ ညဥ့်နက်သန်းခေါင် ကြည့်တယ်ပေါ့ ဟုတ်လား''

''အဟင်း ခစ် ခစ် ဒါပေါ့ ဒါပေါ့ နင်ရော ကြည့်ဦးမလား၊ ကြည့်ရင် လာကြည့်ပါလား ဇာတ်လမ်းလေးက အရမ်းကောင်းတယ်ဟ''

''နေပါဟာ ကိုရီးယား ဇာတ်လမ်းတွဲတွေက ပေရှည်လွန်းလို့ပါ''

''အံမယ် ပေရှည်ပေမယ့် ဇာတ်အိမ်ဖွဲ့စည်းပုံက နိုင်မာတယ်ဟ၊ အဟီး မင်းသားလေးတွေကလည်း ရေလည်လန်းသလား မမေးနဲ့ တစ်ကားကြည့်ပြီးရင် သူတို့ သရုပ်ဆောင်တာတွေက ငါ့မျက်စိထဲမှာ





ပြနေရော''

မြတ်သော ရင်ထဲ ချက်ချင်းဆိုသလို ဘယ်သူ ဘယ်ဝါမှန်း မသိသော ကိုရီးယားမင်းသားအပေါ် ၂ဝင်သွားမိသေးသည်။

''နင် တော်တော် ဖလမ်း ဖလမ်း ထနေတယ် ဟုတ်လား''

''ဘာလဲ နင် မနာလိုဖြစ်နေပြီ မဟုတ်လား။ နင့်ရင်ထဲမှာ အချစ်မရှိသေးလို့ နင်မနာလိုဖြစ်နေတာပါ၊ နင့်အနားမှာ ချစ်ရမယ့် ကောင်မလေးတစ်ယောက်လောက် ရှိကြည့်ပါလား ကိုရီးယားမင်းသားချောကို ငါ ကြိုက်ရုံမကလို့ ကုလားမင်းသားကြီး အမိတာဘဂျမ်းကို ကြိုက်လည်း နင် စိတ်ဝင်စားမှာ မဟုတ်ပါဘူး''

''အဲဒါက နင့်အမြင်ကိုးဟ''

''ဘာလဲ ဒါဆို နင့်ဘေးမှာ ချစ်ရမယ့် ကောင်မလေး ရှိနေပြီပေါ့''

ဒုံတိုးမေးလိုက်သော ခါတော်မှိ စကားကြောင့် မြတ်သော ခပ်ဖွဖွလေး ရယ်လိုက်သည်။

''အဟင်း နင်က ငါ့ကို တော်တော်အထင်ကြီးနေတာကိုး''

''နင်က ငါတို့ကျောင်းမှာ အလှဆုံး မိန်းကလေးလေ၊ ငါမှ မဟုတ်ဘူး တခြားသူတွေလည်း နင့်မှာချစ်သူရှိမယ်လို့ ထင်ကြမှာပဲ''

ခါတော်မှိ ရင်ထဲက လျှို့ဝှက်ချက်တွေကို သူ သိချင်တာမို့ တမင်လမ်းကြောင်းရှာကာ သူ မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ချစ်သူကတော့ ထားရမှာပဲဟ၊ ဒါပေမဲ့ ငါက မိန်းမသားလေ၊ ငါ့ရင်ထဲမှာ အချစ်ရှိနေတာကို နင်တို့လို ယောကျ်ားလေးတွေသိအောင် ကြေညာမောင်းခတ်နေလို့ ဖြစ်မလားဟဲ့"

"ဒါဆို နင့်မှာချစ်ရမယ့်သူ တွေ့နေပြီပေါ့၊ ဘယ်သူလဲ ငါ့ကိုပြောစမ်းပါ ခါ"

မြတ်သော သိချင်စိတ်လေးနှင့် အလောတကြီးမေးတော့ ခါတော်မှီ စိတ်မရှည်နိုင်သလို မာဆတ်ဆတ်လေး ပြန်ပြောသည်။

"ဟဲ့ သူကမှ ငါ့ကိုချစ်တယ်လို့ အတိအလင်းမှ မဖွင့်ဟသေးတာ ငါ့ဘက်က ဘယ်လိုပြောရမှာလဲ၊ မပြီးခင် ဗမာမမြင်စေနဲ့တဲ့ နင့်ကို ပြောပြစရာလား မြတ်သောရဲ့"

မြတ်သော ရင်ထဲမှာ လှိုင်းထသွားတာတော့ အမှန်ပဲ ဖြစ်သည်။ ခါတော်မှီ စကားတွေက ပဟေဠိဆန်လွန်းနေတော့ သူ သိချင်စိတ်တွေလည်း တားမရတော့ပါ။

"ဘယ်သူလဲ အဲ ငါတို့ ကျောင်းကပဲလား ခါ"

"ဟင့်အင်း မဟုတ်ဘူး၊ အပြင်ကပါ သူက အရမ်းချောပြီး ယောကျ်ားပီသတယ်၊ ငါ့ရင်ခုန်သံတွေကို သက်ဝင်လှုပ်ရှားလာအောင် သူ့အပြုံးတွေ သူ့အကြည့်စူးစူးတွေက ဖန်ဆင်းပေးနိုင်တယ်၊ အဟင်း တစ်ချိန်ကျရင်တော့ နင်နဲ့မိတ်ဆက်ပေးမှာပေါ့"

မြတ်သောရင်ထဲမှာ နာနာကျင်ကျင်လေး ခံစားလိုက်ရပါသည်။





ကိုယ့်တစ်သက် မရူးရက်၊ မပန်ရက်၊ မနမ်းရက်ဘဲ အလှကြည့်နေခဲ့မိသော ပန်းလေးတစ်ပွင့်ကို တခြားသူ ခြွေခူးသွားပြီတဲ့လား။

နင် ရင်ခုန်သွားတဲ့ ယောကျ်ားလေးက ဘယ်သူလဲ၊ ငါ သိချင်လိုက်တာ ခါရယ်၊ ငါလည်း နင့်ကို ရင်ခုန်နေခဲ့တာ နင် မသိနိုင်တော့ဘူးသို့။

"ဟဲ့ မြတ်သော နင် အိပ်ငိုက်နေပြီလား"

ခါတော်မှီ အသံစူးစူးလေးကြောင့် သူ ပင့်သက်လေး နှိုက်မိချင်း

"ဘယ်ကလာ အိပ်ငိုက်ရမှာလဲ ခါ၊ နင် ရင်ခုန်နေတဲ့ ယောကျ်ားလေးက ဘယ်သူဖြစ်မလဲ ငါ ပုံဖော်ကြည့်နေတာ"

"ဟယ် အဟုတ် ပြောစမ်းပါဦး၊ ဘယ်လိုပုံစံမျိုးလဲ ခစ် ခစ်"

ခါတော်မှီအသံက လှောင်သလို ပေါ့ပေါ့လျော့လျော့လေး ရယ်နေတာမို့ သူ နည်းနည်းတော့ တင်းသွားသည်။

"အလကား ဂျလေဘီကောင်ပါဟာ၊ ပုံစံကိုက လုံးဝ ထောင့်ကျိုးတဲ့ စက်ဝိုင်းလိုကောင်မျိုး၊ အဟဲ ငါ့လောက်တောင် နင့်အပေါ်ချစ်ကိုက်မှာမဟုတ်ဘူး"

သူ ပြောင်သလို နောက်သလို ပြောလိုက်တာကြောင့် တစ်ဖက်ခါတော်မှီ ရယ်သံလေးက တော်တော်နှင့် ရပ်မသွားခဲ့ပါ။

"ကဲ တော်ပြီ မြတ်သောရေ၊ ငါ အိပ်တော့မယ်၊ နင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်တော့နော်''

''အေးပါ ဂွတ်နိုက်''

ခါတော်မှီဆီက ဖုန်းလေးပိတ်သွားတော့ သူလည်း ဖုန်းလေး ပိတ်လိုက်ရပါသည်။ ဝရန်တာလေးမှာ သူ ငိုင်ငိုင်လေး ဆက်ထိုင်ကြည့် နေမိသည်။

ခါတော်မှီ အခန်းက မီးလေး မှိတ်သွားတော့ ပင့်သက်လေး ရှိုက်ကာ ဂစ်တာလေးပိုက်ကာ အခန်းထဲ ပြန်ဝင်ခဲ့သည်။

ငါ့ရင်ထဲက တကယ်ခံစားရတယ် ခါတော်မှီ။

နင့်ကို တကယ်ပဲ တခြားသူ ဦးသွားပြီလား။ ငါ သိချင်လိုက် တာ။

■ ■ ■



## အခန်း (၇)

''ခါတော် နင့်ကို ငါ့အစ်ကိုက မေးနေတယ်''

မိုးသဲ စကားကြောင့် မြီးရှည်စားနေသော ခါတော်မှီ မျက်ဝန်း လေးတွေ ပိုင်းစက်ကာ မော့ကြည့်မိ၏။ ရင်ထဲမှာ ထူပူရှက်ရွံ့ အားနာ သော ခံစားမှုတွေက အသစ်ပြန်လည်ဖြစ်လာသည်။

ကိုယ် မဆင်မခြင် ဝေဖန်ပြောခဲ့သော အဖြစ်ကို ပြန်တွေးကြည့် ရင်း မျက်နှာတွေတောင် ချက်ချင်းပူလာမိသေး၏။

''ဘာမေးနေလို့လဲ မိုးသဲ''

''ခါတော်မှီ ဆိုတဲ့ ကောင်မလေး အိမ်ကိုလာမလည်တော့ဘူး လားတဲ့''

ခါ အမြင်အာရုံတွေထဲမှာ မိုးရိပ်ဆိုသော သူ၏ ဂျွတ်ဆတ်ဆတ် မထီတရီပုံကို မြင်ယောင်ကာ ပခုံးလေးတွန့်မိသည်။ လူကချောချော စတိုင်က ခပ်မိုမိုပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



"လာမလည်ချင်တော့ပါဘူးဟာ၊ တစ်ခါဆို ဆိုသလောက် တက်သွားတဲ့ ကျွိုင်က အကြီးကြီး၊ အခု ပြန်တွေးကြည့်တာနဲ့ မျက်နှာပူတယ်"

"အဟင်း နင်ကသာ မျက်နှာပူနေတာပါဟယ် ငါ့အစ်ကိုက အေးဆေးပဲ၊ အဲဒီတုန်းက နင် ဖြစ်သွားတဲ့ပုံစံလေးကိုတောင် မျက်စိထဲက မထွက်ဘူးတဲ့လေ"

"ဟုတ်လား အဟုတ် ရင်ခုန်စရာကြီးပါလား"

ခါတော် ရင်ဘတ်လေးဖိကာ မျက်ဝန်းလေး ပေကလပ် ပေကလပ်ဖြင့် ဆိုမိသည်။ ခါ ပုံစံကြောင့် မိုးသဲနှင့်ပိုးအိ ဝိုင်းရယ်ကြသည်။ ပိုးအိက

"ရင်ခုန်ရင် အချစ်ပေါ့ဟဲ့"

"ဟုတ်လား ငါ မသိဘူး"

"သိချင်ရင် ငါ့အစ်ကိုကို ချစ်ကြည့်လိုက်လေ ခါတော်ရဲ့"

မိုးသဲကလည်း ရွှတ်နောက်နောက်နှင့် ပြောနေတော့ ခါလည်း အားကျမခံပါ။

"အဟင်း ဘာနဲ့ချစ်ရမှာလဲ၊ ဘောပင်နဲ့လား၊ လက်သည်းနဲ့လား"

"ဟယ် ကြည့် ငါက အတည်ပြောနေတာကို"

ခါ တမင်ရယ်ဖွဲ့ဖွဲ့နေတာကို ပိုးအိကတော့ ရယ်မဆုံး ဖြစ်နေ





သည်။ မိုးသဲက ထပ်ဖောက်နေတော့ ပိုးအိကပါ စစ်ကူဝင်သည်။

"ခါတော် နင် စိတ်ကူးမလွဲနဲ့နော်၊ နင့်နေရာမှာသာ ငါဆိုရင် ...အစ်ကို ကိုမိုးရိပ်ကို အပြတ်ကြွေပစ်လိုက်မှာ"

ပိုးအိ စကားကိုလည်း ခါ ဟာသတွေပဲလုပ်ပစ်မိသည်။ ...ယ်ဆို ခါရင်ထဲမှာ မိုးရိပ်ကို အလေးအနက် ခံစားလို့ မရသေးတာ ...နှုန်း

"ဒါနဲ့ မေးရဦးမယ် မိုးသဲ၊ နင့်နာမည်က ထားပါ၊ နင့်အစ်ကို ...တော့ မိုးစဲလို့ ပေးသင့်တာ၊ ဘာကြောင့် မိုးရိပ်လို့ ပေးတာလဲ၊ ...မည်က နည်းနည်းနွဲ့နေသလိုပဲ"

"အံမယ် မိခါတော် မမှတ်သေးဘူးပေါ့၊ သွားဝေဖန်နေပြန်ပြီ"

ပိုးအိက သတိပေးသလို ဝင်ပြောတော့ ခါ နှာခေါင်းလေးရှုံ့ ပြရင်း

"ဒီကင်တင်းနိုက်ကို သူ ရောက်မလာပါဘူးဟ သိချင်လို့ မေးတာ"

"ဩော် ယောင်းမလေးက သိချင်တယ်ပေါ့၊ ဒါဆိုလည်း ရှင်းပြမှာပေါ့ဟာ၊ ငါက မိုးတွေ အရမ်းသည်းတဲ့အချိန်မှာ မွေးလို့ မိုးသဲလို့ မေမေတို့ နာမည်ပေးထားတာ၊ ကိုကို့ကိုကျတော့ မိုးရိပ်တွေနဲ့ ညို့နေတဲ့ အချိန်မှာ မွေးလို့ မိုးရိပ်လို့ ပေးထားတာလေ"

"ဩော် ဩော် နင်တို့မိဘတွေက နင်တို့မောင်နှမ နှစ်ယောက် အတွက် နာမည်တွေကို တော်တော် ခက်ခက်ခဲခဲ ရှာဖွေစဉ်းစားခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲနော်''

''ဘာပဲဖြစ်ဖြစ် နင့်ကိုတော့ ငါ ယောင်းမ တကယ်တော်မှာ နော် ခါတော်၊ နင်သာ ငါ့ယောင်းမလေးဖြစ်ရင် မွေးလာမယ့် ကလေးတွေ က အဖေချော အမေချောမို့ ရှယ်ချောချောလေးတွေ ဖြစ်မှာ သေချာ တယ်''

''ဟယ် ဘုရားရေ သူများ သားသမီးကို အားမနာလျှာမကျိုး ကလေးတွေ အတင်းမွေးခိုင်းနေပါလား၊ ငါ့အမေသာ ဒီစကားဝိုင်းထဲမှာ သာ ရှိနေရင် သူ့သမီး နုနုထွတ်ထွတ်လေးကို ဒီလိုပြောရမလားဆိုပြီး တစ်ခါတည်း ရှော့ခ်ဝင်သွားမှာ ကျိန်းသေတယ် သိလား''

မိုးသဲကို ခါတော် မကျေမနပ်လေးနှင့် နှုတ်ခမ်းရှုပွပွလေး ပြောနေတော့ ပိုးအိက ရယ်မောမဆုံး ဖြစ်နေသည်။

''ဟယ် ဘော်ဒီဂတ် ရွှေမင်းသားလေး လာနေပြီ''

ဆိုင်အပြင်ကို မျက်နှာလှည့်ထိုင်နေသော မိုးသဲ စကားကြောင့် ခါ လှည့်ကြည့်မိသည်။ မြတ်သော သူတို့ဝိုင်းဆီ လာနေတာကြောင့် အရယ်တွေ ဘရိတ်အုပ်လိုက်ရပါသည်။

လည်ကတုံး ရှပ်ဖြူကို တံတောင်ဆစ်အနားထိ ခေါက်တင်ပြီး ချည်ချောပုဆိုးအပြာကွက်စိပ်လေး ဝတ်ဆင်ထားသော မြတ်သောဆီမှာ ပိုးအိနှင့်မိုးသဲ မျက်တောင်မခတ်စတမ်း ကြည့်နေကြသည်။

ဘေးခွဲဆံပင်အတိုနှင့် မြတ်သော မျက်နှာရှင်းသန့်သန့်လေးက





...ကြည်လင်လင်လေး ချောမောပါသည်။

မျက်ခုံးတွေက စိမ်းမှောင်ပြီး တန်းတန်းလေး။ မျက်ဝန်းအစုံက ...စိမ်းမျက်တောင်တွေအောက်မှာ ကြည်လဲ့နေ၏။ နှာတံစင်းစင်းနှင့် ...ခမ်းပြည့်ပြည့်က စိုလဲ့နေသည့် မြတ်သောသည် မိန်းကလေးတွေ ...နှာအောင် ကြည့်ကောင်းသူ ဖြစ်သည်။

ရွှေကိုင်းမျက်မှန်ပါးပါးလေးနှင့် စိမ်းဖန့်နေသော မုတ်ဆိတ် ...သိုင်းရာရေးရေးလေးက ယောကျ်ားပီသစေသည့် မြတ်သောသူ သူမ ...အနား ရောက်တော့ ခါဆီမှာပဲ အကြည့်တွေစုကာ

''ငါ နင့်အတန်းထဲ ရောက်ပြီးပြီ ခါ၊ မရှိလို့ ဒီဘက်ထွက်လာ ...တာ''

''ငါ မြီးရှည်စားချင်လို့ ထွက်လာတာဟ၊ နင်ရော ဘာစားမလဲ၊ ...ိုင်လေ ဒီနေ့ ထမင်းချိုင့်ယူမလာဘူးမို့လား''

''ငါ စားပြီးသွားပြီလေ ဟိုကောင်တွေနဲ့ ကင်တင်းနိမ်မှာပဲ စော ...ကတည်းက ထွက်စားဖြစ်တာ''

''ထိုင်လေ ကိုမြတ်သောသူ အဟင်း ပိုးအိတို့က စားထားတာ ...တွေ မရှင်းနိုင်းပါဘူးနော်၊ ဟုတ်တယ်နော် မိုးသဲ''

ပိုးအိက မချိမချဉ် ရယ်ဟဟ မျက်နှာလေးနှင့် မြတ်သောကို ...ပြောပြီး မိုးသဲကိုတောင် အဖော်လုပ်မဲညိုသည်။ မိုးသဲကလည်း ဘက်ညီ... ...သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်လေ ကျေးချင်းကျေး တို့ဆီလာတဲ့ ဧည့်သည်ပဲ ဟာ တို့တွေကပဲ ကျေးမွေးဧည့်ခံရမှာပေါ့''

မိုးသဲနှင့်ပိုးအိတို့ ရွှန်းရွှန်းဝေအောင် စနောက်နေတော့ မြတ်သော အနေခက်စွာ မျက်နှာကြီး နီမြန်းနေသည်။

''ရ ရပါတယ် ကျွန်တော် မစားတော့ပါဘူး''

''အို အားမနာပါနဲ့၊ ထိုင်ပါ ဘာလဲ အတင်းဆွဲထိုင်ခိုင်းမှ ထိုင်မယ် ထင်တယ်''

ပိုးအိက အတင်းပဲ ဆွဲထိုင်ခိုင်းတော့မယ့်ပုံလုပ်တော့ မြတ်သော ခန္ဓာကိုယ် တွန့်ခနဲ ဖြစ်သွားသည်။

''ဟာ ရ ရပါတယ်၊ ထိုင်ဆို ထိုင်ပါ့မယ်၊ အတင်းတော့ မဆွဲပါနဲ့ အဟဲ၊ ကျွန်တော်က ရှက်တတ်တယ်၊ ကင်တင်းနံမှာက လူတွေ အများကြီးဆိုတော့လေ''

ခါ မြတ်သော၏ ရှက်ရွံ့ရွံ့ ကြောင်တက်တက် အမူအယာကို ကြည့်ကာ ရယ်ချင်နေသည်။ မြတ်သော ထိုင်ခုံတစ်လုံးဆွဲကာ ခါတော့ နံဘေးမှာ ဝင်ထိုင်သည်။

''ခါ ညနေ အိမ်ပြန်ရင် နင်တစ်ယောက်တည်း ပြန်လိုက်တော့ နော်၊ ငါ ဒီညနေ သွားစရာလေးရှိလို့''

''ဟင် နင်က ဘယ်သွားဦးမှာမို့လဲ''

''ငါ့သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေရလို့ သတင်း





သွားမေးမလို့ပါ၊ ပါမောက္ခရဲ့ တူဆိုတော့ မမေးလို့ မကောင်းဘူးလေဟာ''

''ဒါဆို ငါလည်း လိုက်မှာပေါ့ မြတ်သောရဲ့''

ခါတော်ဆိုတော့ မြတ်သော မျက်မှောင်ကြီးကျုံ့သွားခဲ့ရင်း

''ဟာ ဘာလိုက်လုပ်မှာလဲ၊ ငါ တစ်ယောက်တည်း သွားမှာ ဟုတ်ဘူး၊ ဟိုကောင် ငဲငယ်တို့ ဝီတာတို့ပါ ပါကြမှာ''

မြတ်သော အဖော်တွေပါသည်ဆိုတော့ ခါတော် ပါးချိုင့်လေး ဆွဲ ခွက်ခနဲပေါ်လွင်အောင် မဲ့ပစ်မိသည်။

''ဟွန်း နင်ဟာလေ သိပ်ပြီးခြေရှည်တယ်၊ ပြီးရင် ဒီဆိုလည်း ဟိုရောက်သွားမှာ မဟုတ်လား''

ရှုပ် ရှုပ်နှင့် အပြစ်တင်နေသော ခါတော် စကားတွေကြောင့် မြတ်သော ဆံပင်တွေထဲ လက်ချောင်းတွေထိုးသွင်းရင်း ခေါင်းတခါခါ ဖြစ်နေ၏။ မိုးသဲနှင့်ပိုးအိတို့ကတော့ ခါတို့နှစ်ယောက်ကို ပြုံးစိစိ ကြည့်နေ ကြသည်။

''နင်က ငါ့ကို ခြေရှည်တယ် ပြောတယ်၊ နင်ကရော ခြေမရှည် ဘူးလား ကိုယ့်အကြောင်းကိုယ် သိနော် ခါ၊ ကဲ ငါ လစ်တော့မယ် နင့် ကို အဲဒီကိစ္စ လာအသိပေးတာ''

''ကြွ ကြွ နင့်ယောက်ဖတော်တွေနဲ့ပဲ ပေါင်း''

ခါ မကျေမနပ်လေး ပြောတော့ မြတ်သော ပြုံးသည်။ ပြီးတော့ ဘာမှပြန်မပြောတော့ဘဲ ပိုးအိနှင့်မိုးသဲကို နှုတ်ဆက်ကာ ထွက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိုးသဲနှင့်ပိုးအိတို့ အကြည့်တွေက မြတ်သော နောက်ကျောမှာ ကပ်ပါသွားတာမို့ ခါတော် နှိပ်ကွပ်မိသေး၏။

"ဟော့ မိန်းမတွေ မျက်လုံးတွေ အရှေ့ကို သုံးလက်မလောက် စူထွက်နေကြပြီနော်၊ သတိလေးဘာလေး ထားကြဦးဟဲ့"

ခါ ခပ်ရွဲ့ရွဲ့လေးပြောမှ ပိုးအိတို့ အရှက်မျက်နှာတွေနှင့် မြတ်သောဆီက အကြည့်တွေကို ပြန်သိမ်းဆည်းလိုက်ကြသည်။

"အပေါ်း မိုက်တယ်နော်၊ ယောက်မလေး နင့်ဘေးမှာ သူ့ အမြဲရှိနေတော့ ငါတောင် ကိုကို့အတွက် ရင်မောသွားပြီဟယ်"

မိုးသဲက သူ့အစ်ကိုအတွက် ကူပြီး ရင်မောပေးနေ၏။ ပိုးအိကလည်း ခါတော်ကို တစိမ့်စိမ့်ကြည့်ရင်း

"အင်း ကံကောင်းချင်တဲ့သူများကျတော့လည်း ဘေးမှာ ကိုလူချောလေးတွေက ဝိုင်းဝိုင်းလည်နေတာပဲဟယ်၊ အဟင့် တို့များကျတော့လည်း မျက်စပစ်ပြမယ့်သူတောင် မရှိသေးဘူး၊ ဘယ်လောက် ကံဆိုးလိုက်သလဲလို့"

ပိုးအိ မချိတင်ကဲသံနှင့်ဆိုတော့ ခါ ကျေနပ်သွားသလို ခံစားရသည်။ မြတ်သော ဆိုသည့် သူငယ်ချင်းလေး ရှိနေတာလည်း ခါအတွက် ကံကောင်းခြင်း ဆုလာဘ်တစ်ခုပါပဲ။

■ ■ ■



## အခန်း (၈)

"ဘုရားရေ"

ခါတော်နှုတ်က အလန့်တကြားလေးတောင် ရေရွတ်လိုက်မိတဲ့အထိ ဖြစ်သွားခဲ့၏။ မဖြစ်ဘဲနေမည်လား ခါတော့်ကားရှေ့ကနေ လမ်းမပေါ်အထိ ဆင်းပြီး လက်နှစ်ဖက်မြှောက်တားနေသူက မိုးရိပ် ဖြစ်နေသည်။

ကားကို မရပ်ပေးလို့ မဖြစ်တော့သည့်အနေအထားဆိုတော့ ခါတော် ထိုးရပ်ပေးလိုက်ရ၏။

မိုးရိပ် မျက်နှာက ကျေနပ်စွာ ပြုံးသွားပြီး ခါတော် ရှိနေသောဘက်ခြမ်းဘက် ကွေ့ပိုက်လျှောက်လာသည်။ ဝတ်ထားတာက အော်တာရှပ်အစိမ်းနုရောင်ကို ဂျင်းပြာအကျပ်လေးနှင့် တွဲဝတ်ထားတာမို့ လူငယ်လေးတစ်ယောက်လို ထင်ရလောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်ဆိုးထားသော ဆံပင်က အညိုဖျော့ဖျော့။ ပခုံး မ ထောက်တထောက်ထိရှည်ကာ နဖူးပေါ် ဆံပင်ချောင်းတွေ ဖြာကျအောင် ဂျယ်လိမ်းပြင်ဆင်ထားတာ သိသာ၏။

"ဘာကိစ္စရှိလို့လဲဟင်"

ခါတော် မေးတော့ သူ မသိတရိလေး ပြုံးသည်။ ချောမောနေ သော မျက်နှာလေးပေါ်က အပြုံးရိပ်တွေက စွဲမက်အောင် တမင် ညှို့နေ သလိုပါပဲ။

"ဘာကိစ္စမှ ထွေထွေထူးထူး မရှိပါဘူး၊ ခါတော့ ကားလေးကို တွေ့လိုက်တော့ ကိုယ့်စိတ်တွေ ဂနာမငြိမ်တော့ဘူးလေ၊ ဒါကြောင့် လှမ်း တားမိတာ"

ပြောပုံက တကယ့်ကို မထီတရီ ရဲတင်းလွန်းသည်။ ခါရဲ့ ကားတံခါးမှာ လက်တစ်ဖက် ထောက်ထားကာ စူးစူးနစ်နစ် ကြည့်နေ သော သူ့အကြည့်တွေကြောင့် ခါက ရင်ခုန်နေပြီ။

"ဒါဆိုလည်း ဖယ်ပါ၊ ခါ အိမ်ပြန်ချင်ပြီ"

"နေပါဦး အေးဆေးပေါ့၊ တစ်ခါတလေ ကြုံတုန်းကြုံနိုက် ကိုယ့်ကို ကော်ဖီလေးဘာလေး မတိုက်ချင်ဘူးလား"

ခါ နည်းနည်းတော့ စိတ်ညစ်သွားသည်။ သူက ပြောရင်း ကားကို ရှေ့ကပဲပြန်ကွေ့ဝိုက် လျှောက်လာကာ ခါ နံဘေးကို တံခါးဖွင့် ဝင်ထိုင်သည်။





"ဟင် ဒါ ဘာလုပ်တာလဲ"

"ခါတော် ကော်ဖီတိုက်လေ၊ အဟဲ ဘီယာတိုက်ခိုင်းတာမှ မဟုတ်တာ ကဲ မောင်းပါကွာ"

ခါတော် ဘယ်လိုမှ ငြင်းဆန်လို့ ရနိုင်တော့မှာ မဟုတ်တော့။ ထို့ကြောင့်ကားကို မောင်းထွက်ခဲ့လိုက်သည်။ သူကတော့ ခါတော့်ကို တည့်တည့်ကြီးစိုက်ကြည့်ကာနေတာမို့ ရင်တွေ လှုပ်ခတ်နေခဲ့သည်။

အနီးဆုံးက ဖူဂျီကော်ဖီဆိုင်လေးဆီသို့ပဲ ကားကို မောင်းခဲ့လိုက် သည်။

"အိုကေ အဲဒီဆိုင်ကောင်းတယ်"

ကားလေး ထိုးရပ်သည်နှင့် ကားတံခါးဖွင့်ကာ သူ အရင်ဆုံး ဆင်းသွားသည်။ ဆိုင်ထဲကိုသူကပဲ ဦးဆောင်ဝင်တာမို့ ခါတော်လည်း နောက်က အသာကပ်လိုက်ဝင်ခဲ့၏။

မိုးရိပ်က ထောင့်အကျဆုံး စားပွဲကို ရွေးကာ ဝင်ထိုင်သည်။ ပြီးမှ ခါတော့်ကို မော့ကြည့်ရင်း

"ထိုင်လေ ခါတော် ကိုယ်တို့နှစ်ယောက် ချစ်သူစုံတွဲတွေလို့ မထင်စေချင်ရင်တော့ ဟိုဘက်နား နည်းနည်းတိုးထိုင်ပေါ့"

ပြောပုံကိုက စီးစီးပိုးပိုးနှင့်မို့ ခါတော်မှီ မျက်စောင်းချိုလျက် သူနှင့် မျက်နှာချင်းဆိုင်ခုံမှာပဲ ဝင်ထိုင်လိုက်ရ၏။

ဝိတ်တာလေးက အနားမှာ ရိုကျိုးစွာ လာရပ်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



''ကော်ဖီနဲ့ ဒိုးနတ်ပေး ရှင်ကရော ဘာစားမှာလဲ''

''အတူတူပဲ မင်းမှာတဲ့ဟာပဲပေါ့၊ ကိုယ်က ကော်ဖီသောက်ချင်တာထက် မင်းနဲ့အတူ ထိုင်ချင်တာ''

သူ့စကားကြောင့် ဝိတ်တာချာတိတ်လေးတောင် ပြုံးကာ ခေါင်းလေးညိတ်ထွက်သွားသည်။ သူက ဘာကိုမှ ဂရုမစိုက်ဘဲ ခါ့ကို ရှုးရှုးလေးစိုက်ကြည့်ရင်း

''မင်း အရမ်းလှတယ် ခါတော်၊ မင်း ဘယ်လောက်လှသလဲဆိုရင် မင်းမျက်နှာပေါ်က ပြစ်မျိုးမဲ့မထင် နုနုရွရွ အလှတွေကို အော်ရီဂျင်နယ်မှ ဟုတ်ရဲ့လားလို့တောင် ကိုယ် သံသယဝင်မိတဲ့အထိပဲ''

''ဘာရှင့်''

သူ့စကားကြောင့် ခါတော် မျက်နှာလေး နီသွားသလို ဒေါသစိတ်ကလေးလည်း ဖြစ်သွားမိသည်။ သူကတော့ အပြုံးမပျက်ခဲ့ဘဲ

''စိတ်မဆိုးပါနဲ့ ကိုယ်က ရင်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းပြောတတ်လို့ပါ၊ ဒီထက်ပိုပြီး ပွင့်လင်းရိုးသားစွာ ဝန်ခံရမယ်ဆိုရင် မိုးသဲကိုမေးဖူးတယ် အဟုတ် ညီမလေး နင့်သူငယ်ချင်းက တော်တော်လေးကိုလှတယ်၊ နတ်သမီးလေးနဲ့တူတယ်လို့ မဟုတ်မှလွဲရော မျက်နှာကို ပလပ်စတစ်ဆာဂျရီ လုပ်ထားသလားလို့တောင် မေးမိတာ''

''ခါက အဲဒီလော[illegible]အထိ အလှအပကို မမက်မောဘူး၊ ဆာဂျရီ လုပ်မယ့်လုပ် ရှင်ကပဲ လုပ်ရမှာ''





''ဟုတ်လား ကိုယ်သာ မင်းနိုင်းသလို ဆာဂျရီလုပ်လိုက်ရင်သား ကောင်မလေးတွေ အခုထက်တောင် ဝိုင်းဝိုင်းလည်နေဦးမှာပေါ့ အဟုတ်''

မိုးရိပ်က ပြုံးပြုံးလေးနှင့် ခေါင်းလေးမော့ပြောသည်။ ခါတော်သူ့ကို မျက်မှောင်လေး ကျုံ့ကြည့်လိုက်မိသည်။

မျက်နှာလေးက နုဖတ်ချောမွေ့ကာ ချောမောတာတော့ အမှန်ပဲဖြစ်သည်။ ညီမဖြစ်သူ မိုးသဲထက် ချောမောကာ စတိုင်ကလည်း ကောင်းသည်။ ခါထက် အသက်ကြီးပုံရပေမယ့် သူက နုနုဖတ်ဖတ်လေး ချောပါသည်။

မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမည်ဆိုတာတော့ [illegible]ပါသည်။

''ဘယ်လိုလဲ ကိုယ်က ကိုရီးယားမင်းသားတွေထက် ချောတယ်ဆိုတာ ခါတော် လက်ခံတယ် မဟုတ်လား အဟင်း''

''လူတိုင်း လူတိုင်းကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ကြတာပဲလေ အဓိကက ရုပ်ချောမောဖို့ထက် စိတ်ဓာတ်ဖြူစင်သန့်ရှင်းဖို့ပါ၊ ခါက လူတစ်ယောက်ရဲ့တန်ဖိုးကို အဲဒီလိုပဲ သတ်မှတ်တယ်''

''အိုကေ အဲဒီ စိတ်ဓာတ်ကို ကြိုက်တယ်''

စားပွဲထိုးလေးက ကော်ဖီတွေနှင့် မုန့်ပွဲတွေ ချပေးလာတော့မှ နှစ်ယောက် စကားစ ပြတ်သွားခဲ့သည်။ ခါက မဆုံးသေးသော စကား



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်ပြော၏။

"တချို့က ရုပ်ရည်အပြစ်ပြောစရာ မရှိအောင် ချောမောပါတယ်၊ ဒါပေမဲ့ အကျင့်စာရိတ္တကတော့ ညံ့ဖျင်းလွန်းတယ်၊ ဒါကြောင့် ရုပ်ရည်ချောမောတာက လူတစ်ယောက်ရဲ့ တန်ဖိုးကို မြှင့်မပေးနိုင်ပါဘူး"

ခါ လူကြီးဆန်ဆန်နှင့် လေးနက်တည်ငြိမ်စွာပြောနေတော့ မိုးရိပ် မျက်နှာလေး တည်ကြည်သွားကာ ခေါင်းတညိတ်ညိတ် နားထောင်ပေးနေရင်း

"ခါတော် ခံယူချက်နဲ့ ကိုယ့်ခံယူချက် တစ်ထပ်တည်း ကျပါတယ်၊ ကိုယ်လည်း လူတစ်ယောက်ရဲ့တန်ဖိုးကို ရုပ်ရည်ချောမောခြင်းနဲ့ မပိုင်းဖြတ်တတ်ပါဘူး၊ အထူးသဖြင့် မိန်းကလေး ချောချောလှလှမြင်တိုင်း ကိုယ် စိတ်မဝင်စားတတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့အလှနဲ့ သူတို့တန်ဖိုးက တူညီချင်မှ တူမှာလေ"

မိုးရိပ် တကယ် လေးနက်စွာ ပြောနေတော့လည်း ခါ လေးစားကျေနပ်မိသည်။ မိုးရိပ်က ချောမောသလောက် စိတ်ခွန်အားလည်း ပြည့်ဝသူဟု ထင်မိပါသည်။ မိုးသဲ ပြောပြထား၍ မိုးရိပ်ဆိုတာ သချာ အမိကနှင့် ဘွဲ့ရထားပြီးသူတစ်ယောက်ဟု သိထားပြီး ဖြစ်နေသည်။

သူနှင့်အတူ သောက်ရသော ကော်ဖီလေးက ဒီနေ့မှ ပိုပြီး အရသာရှိသည်ဟုတောင် ခါ ထင်မိ၏။

"ခါတော့်ကို ကိုယ် တန်ဖိုးထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့





ကိုယ့်ရင်ကို ပြောင်းဆန်အောင်လုပ်နိုင်တဲ့ မိန်းကလေးမို့လေ၊ ကိုယ် အခု ခါတော့်ကြောင့် ရင်တွေခုန်တတ်နေပြီ၊ အဲဒါက အချစ်ဆိုရင်တော့ ...ချာတယ် ခါတော်၊ ကိုယ် မင်းကို ချစ်နေမိပြီ"

"ရှင်"

ဒိုးနပ်တစ်ခုကို ကောက်စားဖို့ ပြင်ဆင်နေသော ခါတော် လက် ...တောင် တွန့်ခနဲ ရုပ်သိမ်းသွားမိသည်။

ဒီလောက်အထိ မိုးရိပ်ရဲ့မြန်မြန်ဆန်ဆန်ကြီး ချစ်ရေးဆိုတာကို ...ရလိမ့်မည်ဟု မထင်ခဲ့မိပါ။ တကယ်ဆို မိုးရိပ်နှင့်ဆုံဖူးတာ ဒုတိယ အကြိမ်ပဲ ရှိသေးသည်။

ပထမတစ်ခါ ဆိုတာကလည်း တဒင်္ဂလေးဆုံပြီး မိုးရိပ်နှင့် ...နီးနီးခင်မင်ခဲ့ကြတာ မဟုတ်။

"ကိုယ် ရင်ဖွင့်မိတာ သိပ်စောသွားလို့ ခါတော် မယုံချင်ဖြစ်နေ ...လားဟင်၊ တကယ်ပါ ကိုယ် ခါတော့်ကို အရမ်းချစ်တာပါ၊ ခါတော့် အချစ်ကို ကိုယ် မျှော်လင့်ပါရစေနော်"

ဘုရားရေ အခု ချစ်စကားပြော၊ အခု အဖြေတောင်းနေသည့် မိုးရိပ်ကတော့ လွန်လွန်းပြီ ထင်သည်။ ချစ်စကားကိုတောင် အင်ထရီ ဝင်ဘဲ ဖြုန်းခနဲ ပြောတတ်သည့် မိုးရိပ်ကတော့ တကယ်ပါပဲ။

"နေ နေပါဦး ကိုမိုးရိပ်၊ ခါတော် စဉ်းစားခွင့်လေးတော့ ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ခါတော် ကသောကမျောလေး တောင်းပန်လိုက်ရသည်။ ဒါ တောင် ကိုလှချောက သိပ်ကျေနပ်ပုံ မရပါ။

"ခါတော်ရယ် မြန်မြန်လေး စဉ်းစားပေးပါ၊ ဒီရက်တွေမှာ ကိုယ် ဘယ်လောက် ရင်တမမ ဖြစ်နေရမလဲဆိုတာ ခါတော်တွေးကြည့် ရင် သိနိုင်မှာပါနော်"

အခုချိန်မှာ ခါတော် မထင်မှတ်ဘဲ ရည်းစားစကား အပြောခံ လိုက်ရတာမို့ ရင်လေးသိမ့်ခနဲ လှုပ်ခတ်နေတာတော့ အမှန်ပဲ ဖြစ်သည်။

ဒါပေမဲ့ ခါတော်မို့ ရင်ထဲက ခံစားမှု အသစ်ကို ပုံဖော်လို့ မရသေးတာ အမှန်။ အာရုံထဲမှာ မြတ်သော မျက်နှာကို ပြေးမြင်မိသည်။

မြတ်သောရေ အချစ်က ငါ့ဆီကို ရောက်လာပြီ ထင်ပါရဲ့။

■ ■ ■



အခန်း (၉)

လေးပင်နေသော မျက်ဝန်းတွေက မပွင့်ပေမယ့် သံစဉ်တီးလုံးလေးတွေက အဆက်မပြတ် ထွက်ပေါ်နေသည်။

မျက်ဝန်းတွေကို မှေးမှိတ်လျက်ပင် မှန်တင်ခုံပေါ်တင်ထားသောဖုန်းကို လိုက်စမ်းနေမိသည်။ ဖုန်းကိုစမ်းမိတော့ နားမှာကပ်ရင်း စိတ်မပါလက်မပါအသံလေးဖြင့် နှုတ်ဆက်လိုက်မိ၏။

"ဟဲလို"

"အိပ်ပြီလား ခါတော်မို့"

ခါတော် ခန္ဓာကိုယ်ကလေး ဆတ်ခနဲ တုန်ခါသွား၏။ မျက်လုံးလေးတွေ ဝိုင်းစက်သွားပြီး အိပ်ချင်စိတ်တွေပင် ဘယ်ထွက်ပြေးသွားမှန်းမသိ။

မိုးရိပ်အသံက ကရုဏာတွေ ရောယှက်ထားသည်။ ခါတော်



www.burmeseclassic.com

www.burmeseclassic.com



လှဲပင်မနေနိုင်တော့ဘဲ ထထိုင်လိုက်မိသည်။

မှန်တင်ခုံပေါ် ထိုင်ထားသော စားပွဲတင်နာရီလေးကို ကြည့်လိုက်တော့ ညဥ့်ဆယ့်တစ်နာရီပင် ထိုးတော့မည်။ ခါတော် အသံခပ်ဆတ်ဆတ်လေး ထွက်ပေါ်သွားသည်။

''ဒီအချိန်ကြီး ဘာလို့ ဖုန်းဆက်တာလဲ မိုးရိပ်''

''ကိုယ် အိပ်မပျော်နိုင်လို့ပေါ့ ခါတော်၊ ကိုယ့်စိတ်ထဲမှာ ခါတော့်ဆီက အချစ်ကို ရမယ် မရဘူးဆိုတာ သံသယဝင်နေမိတယ်၊ စိုးရိမ်ကြောင့်ကြစိတ်တွေနဲ့ လုံးဝကို အိပ်လို့မပျော်ဘူး ဖြစ်နေတာ''

''ဩော် ရှင် စိတ်အလိုမကျတာနဲ့ပဲ အိပ်ပျော်နေတဲ့သူကို ဖုန်းဆက်ပြီး နှိုးလိုက်တယ် ဆိုပါတော့''

ခါတော် ခနဲ့တဲ့တဲ့အသံလေးဖြင့် ပြန်ရိုပစ်လိုက်သည်။ ပြီးတော့ ဝါးခနဲ သမ်းဝေပစ်လိုက်၏။

''ဟင် ခါတော် အိပ်နေပြီလား၊ ဆောရီးကွာ ကိုယ်က ခါတိုင်းလို ခါတော် ကိုရီးယားဇာတ်လမ်း ထိုင်ကြည့်နေတာမှတ်လို့ လှမ်းဆက်လိုက်မိတာ''

ဒီတစ်ခါတော့ ခါတော် မျက်ခုံးရေးရေးလေးတွေ မြင့်တက်သွားရသည်။ မိုးရိပ် ဘယ်လိုများ စုံစမ်းထားပါလိမ့်။

''နေပါဦး ရှင်က ခါတော် ကိုရီးယားဇာတ်လမ်းကြည့်တာကို ဘယ်လိုသိနေရပြန်တာလဲ''





''အဟဲ ကိုယ့်ကို မိုးသဲ ပြောပြထားတာလေ၊ ကိုယ်က ခါတော့်အကြောင်းတွေကို မိုးသဲဆီက အကုန်မေးထားတာ၊ နောက်ဆုံး ကိုရီးယားမင်းသားတွေထဲမှာတောင် ဘယ်မင်းသားကို အကြိုက်ဆုံးဆိုတာကအစချဲ့''

ရှူးလည်းရှူးတဲ့ မိုးရိပ်။ ခါတော်နဲ့ပတ်သက်ပြီး အဲဒီလောက်ထိအောင် ခံစားသတဲ့လား။ ခါတော် ရယ်သံလေးတွေ လေလှိုင်းထဲသို့ ဆန်ကူးခတ်သွား၏။

''ခါတော်''

''ပြော''

''ကိုယ် မင်းကိုချစ်တာ ကိုယ့်ရင်ထဲက သစ္စာတရားတစ်ခုနော်၊ ပိပြီး ခိုင်မာလွန်းတဲ့ အချစ်စစ်တစ်ခုကို မင်း ငြင်းပယ်ခဲ့မယ်ဆိုရင် နောင်တရစရာတွေ အများကြီး ကြုံတွေ့ရလိမ့်မယ်''

လဲသေလိုက်ပါလား။ သူက ရွှေကွပ်ထားတာမို့လို့လား။ ရည်းစားစကားပြောတာတောင် တင်တင်စီးစီးနဲ့။ ခါတော် ရင်ထဲမှာ ပွဲတင်ထပ်နေသည်။ လက်တွေ့မှာတော့ မပြောဖြစ်ပါ။

တီကောင်ကို ဆားပက်လိုက်သလို ခါတော် နှုတ်ခမ်းလေးတွေ ကွန့်ကွေးစွာ ပြုံးလိုက်၏။

''ရှင် တော်တော်အပြောကောင်းတာပဲနော် မိုးရိပ် ရှင့်ရဲ့စကားလုံးတွေက တောင်ကြီးပြိုပြမယ်လို့ ကြုံးဝါးနေတဲ့ ခါချဉ်ကောင်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အပြောအတိုင်းသာဆို မိန်းမတွေရဲ့ တန်ဖိုးနဲ့သိက္ခာကို လေလံပွဲတ
နဲ့ တင်စားလိုက်သလို ဖြစ်နေပြီ၊ ဈေးအများဆုံး ပေးနိုင်တဲ့သူကို ထိုး
ရမယ်ဆိုပါတော့''

ခါတော် သာသာနဲ့နာနာလေး ပြောပစ်လိုက်သည်။ ရိုင်းသ
ဖြစ်သွားလည်း ခါတော် ဂရုမစိုက်ပါ။ မာနတရားကို ထိပါးလာလို့ တုံ့
လိုက်ရတာကိုက ကျေနပ်စရာ။

မိုးရိပ်က သဘောကျစွာ အဆက်မပြတ် ရယ်မောနေပြန်
''ဟုတ်ပါပြီ စကားတောင်စားမလေးရယ်၊ ကိုယ့်စကားမှားသွ
ခဲ့ရင် တောင်းပန်ပါတယ်၊ ကျေနပ်တော့နော်''

တောင်းပန်တာတောင်မှ အဆီအငေါ်ကမတည့်။ မသိလျှ
ကိုယ်ကပဲ စကားတတ်တိုင်း ပြောနေသလိုလို၊ ခါတော့်ကို ခေါ်လိုက်
မိုးရိပ်အသံက ပျော့ပျောင်းနူးညံ့နေပြန်သည်။

''ခါတော်''

''ပြော''

''ချစ်တယ် ခါတော်ရယ်၊ ဖုန်းပြောနေရင်းနဲ့ ခါတော်ရဲ့ အိပ်ချ
မှုးတူး ပုံစံလေးကို မြင်ယောင်နေမိတယ်၊ ပိုသီဖတ်သီပုံစံလေးနဲ့လည်
ခါတော် လှနေမှာပါ၊ ခါတော် အိပ်ပျော်သွားအောင် ရင်ခွင်ထဲမှာ ထွေး
ပြီး သန့်စင်တဲ့အနမ်းတွေနဲ့ ချော့သိပ်ချင်တယ် ခါတော်''

သိမ့်ခနဲ လှိုက်ဖိုသွားသည်။ ခါတော့်ရင်ထဲမှာ ပုစဉ်းရင်ကွဲကောင်





တကျဉ်ကျဉ် အော်မြည်နေကြ၏။

ခါတော့်ရင်ထဲမှာ နက်နက်နဲနဲ မခံစားပါ။ ဒါပေမဲ့ သူ့စကားလုံး
တွေအပေါ်မှာ ဘာကြောင့် ခံစားချက်တွေ လိုက်ပါစီးမျောနေမိ
သလဲ။ ခါတော်ကိုယ် ခါတော် ပြန်မစမ်းစစ်ချင်မိတော့ပါ။

အို ခါတော် ဘာတွေ တွေးနေမိပါလိမ့်။ ခါတော့် တစ်သက်မှာ
ပြောသူမရှိလို့ ထူးဆန်းနေတာ ဖြစ်ပါလိမ့်မည်။

''ကိုယ် ပြောတာ ကြားရဲ့လား ခါတော်''

''ဟင့်အင်း''

ပုံ့လွင့်နေတဲ့ ခါတော့်အတွေးတွေ မိုးရိပ်အသံကြောင့် ယောင်
ပြီး ထူးလိုက်မိသည်။

''အချစ်တစ်ခုကို အနိုင်အမာ တည်ဆောက်ဖို့အတွက် တို့
ယောက်ကြားမှာ ပွင့်လင်းလိုက်ကြရအောင်လား ခါတော်ရယ်''

နူးညံ့မွတ်သိပ်သော စကားတွေအောက်မှာ ခါတော် ဆွံ့အနေရ
ခါတော် ဝေ်မွတ်နေရသည့် သံစဉ်ချိုတွေပါ။

ညွတ်နူးဖွယ် ခံစားချက် ရင်ဖွင့်တေးတစ်ပုဒ်ကို ခါတော် တွယ်
ရသည့် မြတ်သောသူ ဆီကသာ ရရှိခဲ့မည်ဆိုပါလျှင် ခါတော့်နှလုံးသား
အဓိပ္ပာယ်ရှိရှိ သိမ့်သိမ့်တုန်သွားမည်က အသေအချာ။

ခုတော့ ခါတော်အဖြစ်က သူများခန္ဓာနှင့် အသက်ရှင်ရတော့
ည့် ဝင်ကစွပ်ကောင်တစ်ကောင်လို။ မြတ်သောသူ သိလျှင် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



ခံစားမလဲ။ ဖြစ်နိုင်လျှင် ပျော့ညံ့သော မြတ်သောသူ သိစေချင်ပါသည်

''ခါတော်လေး ကိုယ်ပြောတာ ကြားလား။ အိပ်ငိုက်နေပြီလား ဟင်''

''အင်း''

''ကြားရင် ကိုယ့်ကို ချစ်ပါတယ်လို့ ပြောတော့လေ၊ ခါတော့် ဆီက အဖြေမရမချင်း အရူးတစ်ယောက်လို ဂနာမငြိမ် ဖြစ်နေရတယ် ကွာ''

''ခါတော် အချစ်အကြောင်း မစဉ်းစားချင်သေးဘူး မိုးရိပ်''

''ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ခါတော် မစဉ်းစားချင် လောက်အောင် ကိုယ်က နိမ့်ကျဆိုးသွမ်းနေတဲ့လူတစ်ယောက်မှ မဟုတ် တာ မနှိပ်စက်ပါနဲ့ကွာ၊ ကိုယ် ရူးလိမ့်မယ်''

''ရူးချင် ရူးလိုက်ပေါ့''

''တကယ်လား၊ ဒါဆို သွက်သွက်ခါအောင် ရူးပစ်လိုက်မှာနော် ဒါမှ အရူးဆိုတော့ မစဉ်းစားတော့ဘူးလေ၊ ခါတော့်ကို ချက်ချင်းတွေ့ပြီး နိုးပြေးလို့ရတာပေါ့''

''အဟင်း ချက်ချင်းဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ ရှင့်အိမ်နဲ့ ခါတော့်အိမ်က အဝေးကြီးလေ''

''အို့ ဟိုး သိပ်ဖြစ်နိုင်တာပေါ့၊ ဝရန်တာ ဖက်တွယ်ကြည့်လိုက် ပါလား''





''ဟင် ဒါဆို ရှင် ခါတော့် အိမ်ရှေ့မှာ ရောက်နေတာပေါ့''

''ရက်စ် အသေအချာပဲ''

ခါတော် အထိတ်တလန့်လေးပြောပြီး အလျင်စလို အိမ်ရှေ့ ခန်းဘာဘက် ထွက်ခဲ့သည်။ အိမ်ရှေ့အုတ်ခုံမှာထိုင်ရင်း လက်လှမ်းပြ နေသော မိုးရိပ်ကိုတွေ့တော့ ခါတော် ရင်ဘတ်လေးကို လက်နှင့်ဖိရင်း မင်တက်နေမိ၏။ ခါတော့်အပေါ်မှာ သူ အဲဒီလောက် လေးနက်စွာ ချစ်သတဲ့လား။

ဒီလောက် ညကြီးအချိန်မတော် သူများရပ်ကွက်ထဲ လာရဲသည့် သတ္တိကိုတော့ လေးစားသင့်တာ သေချာသည်။

''မိုးရိပ် ပြန်ပါတော့နော်၊ ညဉ့်နက်နေပြီ''

''ကိုယ် မပြန်ဘူး ခါတော်၊ ခါတော်ဆီက အချစ်ကိုရမှ ပြန် မယ်လို့ ဆုံးဖြတ်ထားတယ်၊ ခါတော် အဖြေမပေးမချင်း ဒီအုတ်ခုံမှာ ထိုင်နေမှာ''

''ရှင် တော်တော် ခေါင်းမာတာပဲ''

''အချစ်စစ်ရဲ့ လိုအင်ဆန္ဒတစ်ခုအတွက် ကိုယ် ခေါင်းမာသင့် ရင် မာရမှာပဲ ခါတော်''

''သိပ်ခက်တယ် မိုးရိပ်ရယ်၊ ဒါ လူကုံထံရပ်ကွက်နော်၊ ဒီ ရပ်ကွက်က လုံခြုံရေးတွေ့ရင် မသင်္ကာမှုနဲ့ အချုပ်ထဲ ထည့်လိုက်လိမ့် မယ်''



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါဘူး၊ ကိုယ်လာတာ နိုးဖို့တက်ဖို့ မဟုတ်တာလုပ်ဖို့မှ မဟုတ်တာ၊ ကိုယ်ချစ်တဲ့သူဆီမှာ ရိုးသားစွာ အဖြေလာတောင်းတာ၊ ခါတော်က ကိုယ့်ရဲ့အဓိက သက်သေပဲလေ"

"အို ဒုက္ခပါပဲ မိုးရိပ်ရယ်၊ စိတ်ညစ်လိုက်တာ",

ခါတော် ကိုယ့်အတတ်နဲ့ကိုယ် ရူးပြီနှင့်တူသည်။ အခုအခြေအနေမှာ မိုးရိပ် ပြန်သွားအောင် ဘယ်လိုလုပ်ရမလဲ မတွေးတတ်တော့။

မိုးရိပ်ပုံစံက ပြောသည့်အတိုင်းလုပ်မှာ သေချာသည်။ သေသာသေလိုက်ချင်တော့သည်၊ မိုးရိပ်ကတော့ စိတ်အနှောင့်အယှက် မဖြစ်သလို သက်တောင့်သက်သာ ရှိနေသည်။

"ရှင့်ကို ခါတော် အဖြေပေးလိုက်ရင် ရှင် တကယ်ပြန်မှာလား မိုးရိပ်"

"ရက်စ်"

"ကောင်းပြီလေ ခါတော် ရှင့်ကိုချစ်တယ်လို့ အဖြေပေးလိုက်ပြီ ပြန်ပါတော့"

"ဟာ ဟော့ ဟော့ အဲဒီလို ပြီးပြီးရော အဖြေပေးလို့ မရဘူးလေ၊ ခါတော့်ဆီက အချစ်ကို ကိုယ်က လေးလေးနက်နက် တောင်းခံခဲ့တာ၊ ဒီလို ပေါ့ပေါ့တန်တန် မဖြေနဲ့လေ၊ ဒါ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်လေ"

"ရှင် တော်တော် ရစ်တာပဲ"





"ရစ်တာ မဟုတ်ဘူး ခါတော်၊ လေးလေးနက်နက်နဲ့ ချစ်တဲ့ချစ်ကို တောင်းခံနေတာ"

မိုးရိပ်ပုံစံက လေးလေးနက်နက် ပြောနေသည့်ပုံစံ။ ခါတော် ပျက်စွာဖြင့် ရယ်ပစ်လိုက်မိသည်။

ခါတော့်အဖြစ်က ရယ်ရမလို ငိုရမလို ဖြစ်နေပြီ။ မတတ်နိုင်တော့။

"ကဲ ကိုမိုးရိပ်ရယ်၊ ခါတော်က ကိုမိုးရိပ်ကို တကယ်ချစ်ပါသတဲ့ ကျေနပ်ပြီလား"

"ဟား တကယ်နော်၊ ကိုယ် ဒီကပြန်ရင် ပြီးရောဆိုပြီး ပြောတာ မဟုတ်ဘူးနော်၊ ညာပြောခဲ့ရင်တော့ ခါတော့် အခန်းထဲကို မရောက်ရောက်အောင် လာခဲ့မှာ"

"ရှင်နော် ဒီက ချစ်ပါတယ်လို့ အဖြေပေးပြန်တော့လည်း စ်မျိုးရစ်ပြန်ပြီ"

"ဒါဆို တကယ်ချစ်တယ်ဆိုတာ ဝန်ခံပြီပေါ့"

"အင်း"

"ဟော့"

မိုးရိပ် ပျော်ရွှင်စွာ ထခုန်၏။

"ကဲ ခါတော် အချစ်လေးရေ လေလှိုင်းထဲကပဲ အနမ်းလေး းလိုက်မယ်၊ ဒီညကတော့ ထာဝရ မေ့မရတော့မယ့် ညပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခါတော့်ကို လေထဲမှာ အနမ်းတွေ တစ်ပွေ့တစ်ပိုက် ခြွေ ပြီး မိုးရိပ် ထွက်ခွာသွားသည်။ ခါတော့်မှာတော့ ကျောက်ရုပ်တစ်ရုပ် ကျန်ခဲ့သည်။

ခါတော့် ရင်ထဲမှာ ရင်ခုန်သံတွေက မဟင်မကျ။

မိုးရိပ်နဲ့ခါတော် ချစ်သူတွေ ဖြစ်သွားခဲ့တာတော့ သေချာသည် အိပ်မောကျနေခဲ့တာလား မြတ်သောရယ်။

■ ■ ■



## အခန်း (၁၀)

"ဟယ် ကိုကိုနဲ့ခါတော် ချစ်သူတွေ ဖြစ်သွားကြပြီ ဟုတ်လား"

"ဟုတ်ပါတယ် ဆိုမှ"

မိုးသဲ ဝမ်းသာအားရဟန်လေးဖြင့် မေးသည်။ မိုးရိပ်က ခုတင် ထက်တွင် ပက်လက်လှန် လဲလျောင်းရင်း မျက်လုံးလေး မှေးစင်းလျက် ဖြေလိုက်သည်။

"ဟာ တို့ကိုကိုက သိပ်လျင်နေပါလား။ ဒီလောက် အချိန်တိုတို အတွင်းမှာ ခါတော်ဆီက အချစ်ကို ရအောင်ဖန်တီးနိုင်တာ နည်းတဲ့ အရည်အချင်း မဟုတ်ဘူး။ ချီးကျူးစရာပဲ"

မိုးသဲက မယုံနိုင်ဟန်ဖြင့် စွတ်ပြောက်နေသည်။ မိုးရိပ်က ဆံပင်တွေကို သပ်တင်၍ စိတ်သပ်လိုက်ပြီး

"ကျွတ် မိုးရိပ်လေဟာ၊ အချဉ်ကောင်မှ မဟုတ်တာ"

"ဟုတ်ပါပြီ ဒါနဲ့ ဘယ်တုန်းက အဖြေပေးလိုက်တာလဲ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနဲ့ တစ်ချိန်လုံး ရှိနေတာပဲ၊ ခါတော်က ဘာမှလည်း မပြောဘူး''

''ဘယ်ပြောမလဲ အဲဒီတုန်းက ချစ်သူတွေမှ မဖြစ်သေးတာ''

မိုးသဲ မျက်ဝန်းလေးတွေ ဆပ်ပြာပူဖောင်းလေးတွေ ဖြစ်သွားသည်။

''ဟောတော ဒါဆို ဘယ်တုန်းက ချစ်သူဖြစ်ခဲ့တာလဲ၊ ကိုကိုနော် လူကဝမ်းသာမယ်ကြံတုန်းရှိသေးကာ အပျော်တွေ အလကား ဖြစ်အောင် မလုပ်နဲ့''

မိုးသဲက နှုတ်ခမ်းကလေး စူပြီးပြောသည်။ မိုးရိပ်က နဖူးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွလေး ထုတော့ လျှာလေးတစ်လစ်ထုတ်ပြီး ပြောင်နေသေးသည်။

''ဟာ ဒီအရူးမလေး ငါက နင့်ကို နောက်စရာလား၊ ဟင်း ခါတော်နဲ့ ငါ လက်ထပ်ပြီးမှ ဒီအခန်းထဲက နင် အော်တိုထွက်သွားပေးရမှာ နားလည်လား၊ ဒီအခန်းကို ငါ အချစ်လေးနဲ့ ငါနဲ့ပဲ အပိုင်စီးပစ်လိုက်မယ်''

မိုးရိပ်က ညီမလေးကို စသည်။ မိုးသဲက စိတ်ဆိုးစိတ်ကောက်ခြင်း မရှိဘဲ မိုးရိပ် နားထင်ကို လက်ညှိုးလေးဖြင့် ဖိကပ်ရင်း

''ခစ် ခစ် ခစ် ကိုကိုသာ အရူး၊ ခါတော်မှီလို သူဌေးသမီးတစ်ယောက်က ဒီလို အသက်ရှူကြပ်လောက်တဲ့ အခန်းလေးထဲမှာ နေမလား ကိုကိုရ၊ ကိုကို့ကို သူ့အိမ်မှာ ခေါ်ထားမှာပေါ့''





''ဟ ဒါက နင့်စိတ်ကူးလေ၊ သူက ငါတို့အိမ်မှာ လာနေချင်ပါ ဘယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ နင် ဖယ်ပေးရမှာပဲ မဟုတ်လား၊ အိမ်ကလည်း ကျဉ်းတော့ နင့်ကို ဘယ်အခန်းမှာ သိပ်ရမလဲ''

မိုးရိပ်က မျက်လုံးကိုလှန်ထားပြီး မေးစေ့ကိုပွတ်ကာ စဉ်းစားဟန်ပြုနေသည်။ မိုးသဲက အစ်ကိုဖြစ်သူ ဖောက်တော့မှာကို သိနေသည်။ မိုးသဲမျက်ဝန်းတွေက ခေါင်းအုံးဆီမှာ။

''ဟာ ဟုတ်ပြီ ရေချိုးခန်းနဲ့အိမ်သာပေါ်ကို ငါးထပ်သား တစ်ချပ်အုပ်ပြီး လှေကားထောင်ပေးမယ်၊ အဲဒါဆို အောက်က အော်ဂလီကလုံးအနံ့ တလှိုင်လှိုင်နဲ့ ဖိမ်ပဲ''

မိုးရိပ် စပ်ဖြဲဖြဲ အမူအရာဖြင့်ဆိုတော့ မိုးသဲ ခေါင်းအုံးဖြင့် တဖုန်းဖုန်း ရိုက်သည်။

''ကိုကိုနော် ကဲဟာ ကဲဟာ''

''ဟာ ဟေ့ ဟေ့ကောင်မလေး နောက်တာကို''

မိုးသဲ ခေါင်းအုံးကိုပစ်ချပြီး ခါးကလေးထောက်ရင်း

''အဲဒီ အိမ်သာပေါ်ကို ကိုကိုနဲ့ခါတော်မှီပဲ တက်အိပ်၊ အဲဒီအချိန်မှာ မေကြီးက သတင်းစာဖတ်ပြီး အိမ်သာတက်နေတဲ့အချိန်၊ ငါးထပ်သား ကျိုးကျပြီး ကိုကိုတို့လင်မယား မေကြီးရှေ့ရောက် ခစ် ခစ် ဘရိတ်ဖတ်ပါ စားပြီးသားပဲ''

''အယုတ်တမာမလေး မဟုတ်တာတွေ လျှောက်ပြောနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး ဖြစ်ပါစေဗျာ''

မိုးရိပ် ပွစိပွစိဖြင့် ကျိန်ဆဲပစ်လိုက်သည်။ မိုးသဲက အပြုံးမပျက်။

''ဟား ဟား သင့်ခ်ယူ သင့်ခ်ယူ အပျိုကြီးဖြစ်ဖို့ ဆုတောင်းပေး တဲ့အတွက် မိုးသဲတို့က ပိုပြီးတောင် သဘောကျသေးတယ် တော်ကြာ ကိုကိုတို့လို လူရုပ်လူပွေတွေနဲ့ တွေ့နေရင် ဘယ်လိုလုပ်မလဲ''

''ရုပ်တယ်ဆိုတာ ရုပ်ချင်တိုင်းရုပ်လို့ မရဘူး နောမလေးရဲ့ ရုပ်ချောပြီး စိတ်သဘောကောင်းမှ သိရဲ့လား''

''ထားပါ ဒါပဲနော် ကိုကို အရင်တွဲခဲ့တဲ့ ကောင်မလေးတွေလို တော့ ညီမလေး သူငယ်ချင်းကို ခေါက်ဖို့မကြိုးစားနဲ့ ညီမလေးနဲ့ အရင် ဖိုက်ရလိမ့်မယ်''

မိုးသဲ ပြောတော့ မိုးရိပ် မျက်နှာ ချက်ချင်းတည်သွားသည်။

''ခါတော်မှီကို ငါ တကယ်ချစ်တာပါဟာ၊ ဘယ်လိုအနှောင့် အယှက်တွေပဲ ကြုံလာ ကြုံလာ ခါတော်မှီ လက်ထပ်ရမယ့်သူဟာ ငါပဲ ဖြစ်ရမယ်၊ ခါတော်မှီကို ရိုးမြေကျ ပေါင်းသင်းသွားမယ်ဆိုတာ နင် ယုံပါ''

''စောင့်ကြည့်ရသေးတာပေါ့၊ ဒြော် ဒါနဲ့ ခုနက စကားကို ပြန်ဆက်ရဦးမယ်၊ ကိုကိုနဲ့ခါတော် ဘယ်တုန်းက ချစ်သူတွေ ဖြစ်သွားခဲ့ တာလဲ''

''ညက''





မိုးရိပ် တုံးတိတိပဲ ဖြေလိုက်သည်။ မိုးသဲက မယုံကြည်ဟန်ဖြင့် နှာခမ်းလေးကို ရွဲ့ပစ်လိုက်ပြီး

''လာရှီးပြန်ပြီ ခါတော်မှီက ညဘက်ဆို ဘယ်မှမထွက်ဘူး။ အိမ်ကလည်း ဘယ်ကိုမှ ထွက်ခွင့်မပြုဘူး''

''ငါကရော ခါတော်မှီနဲ့ အပြင်မှာတွေ့တယ်လို့ ပြောလို့လား''

''ဒါဆို ဘယ်လိုကြီးလဲ''

မိုးရိပ် လုံအိပ်နေရာမှ ထထိုင်လိုက်သည်။ နံရံမှာ မှီထောင် ထားသော ဂစ်တာကို လှမ်းယူလိုက်၏။ ပြီးတော့ ပေါင်ပေါ်တင်ပြီး ဂစ်တာကို ကြိုးညှိလိုက်သည်။

''ညက သူ့အိမ်ရှေ့ကိုသွားပြီး ဖုန်းဆက်တယ်၊ ပြီးတော့ ငါ ရောက်နေတာသိအောင် တော်ကီတွေခြွေလိုက်တယ်၊ ပြီးတော့ အဖြေမပေးရင် မပြန်ဘူး အိမ်ထဲထိလာမယ်လို့ ပြောလိုက်တော့ လိုချင်တဲ့အဖြေကို ရတာပဲလေ''

''ကိုကို့ဟာက ကလေးကို အငိုတိတ်ရင် ပြီးရောဆိုပြီး နှစ်သိမ့် လိုက်သလို ဖြစ်မနေဘူးလား''

''အဟင်း နင်က ငါ့ကိုလျှော့တွက်တာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီ အချိန်မှာ သူနဲ့ငါနဲ့ ချစ်သူဖြစ်ဖို့ပဲလေ၊ ပြီးမှ နောက်တစ်ဆင့် ထပ်ကြိုးစား ရမှာပေါ့''

မိုးရိပ် မျက်ဝန်းတွေ ရီဝေသွားသည်၊ မိုးသဲ တွေးဆဟန်ဖြင့်ပါး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မေးစေ့လေးကို လက်ဖြင့်ထောက်ရင်း

"ခါတော်မှီက အဲဒီလောက် စိတ်ဓာတ်မပျော့ညံ့သလို အညာ လည်းမလွယ်ဘူးဆိုတာတော့ ကိုကို သိထားဖို့ လိုတယ်"

လူကြီးလေးတစ်ယောက်လို တတွတ်တွတ် ပြောနေသော မိုး ကိုကြည့်ပြီး မိုးရိပ် အမြင်ကပ်လာသည်။

"ဒီမှာ မယ်မင်းကြီးမ၊ အညာလွယ်တာတွေ စိတ်ဓာတ်ပျော့ ညံ့တာတွေကို နံရံမှာ ကြွပ်ကြွပ်အိတ်နဲ့ထုတ်ပြီး ဒီအခန်းထဲက ကျော် လိုက်တော့၊ ညက အိပ်ရေးပျက်ထားတယ်၊ ငါ အိပ်တော့မယ် လုံး လာမနှိုးပါနဲ့"

အတင်းနှင်လွှတ်နေသော အစ်ကိုကို မကျေမနပ်ဖြင့် မျက် စောင်းချီရင်း မိုးသဲ အခန်းထဲက ခြေဆောင့်ထွက်ခဲ့သည်။

မိုးရိပ်ဂစ်တာကို နံရံတွင် ပြန်ထောင်ပြီး အိပ်ရာပေါ် ဘုန်းခနဲ ပစ်လှဲအိပ်သွားသည်။ အစ်ကိုဖြစ်သူကို ကြည့်ပြီး မိုးသဲ သက်ပြင်းငွေ့ငွေ့ ချမိပါသည်။

ခါတော်မှီ ကိုကို့ကို တကယ်ချစ်တာ ဟုတ်ရဲ့လား၊ သူ့ဘေးမှာ ကိုကို့ထက်သာတဲ့ မြတ်သောသူ ရှိနေသည်။ မြတ်သောသူ ခါတော်မှီ ကိုကြည့်သော အကြည့်တွေထဲမှာ ချစ်ခင်နှစ်လိုဖွယ်အရိပ်တွေ ထုံလွှမ်း နေတာ မိုးသဲအသိ။

ကိုကို့ကိုတော့ အသည်းမကွဲစေချင်။



အခန်း (၁၁)

"ခါတော် နင် ဒီနေ့ အတန်းလစ်တယ် မဟုတ်လား"

"အင်း ဟုတ်တယ် ကိုရီးယားအစားအစာဆိုင်အသစ်ဖွင့် တယ်ဆိုလို့ ငါးထမင်းနယ်နဲ့ နံ့ရိုးကင်သွားစားတာ၊ ကင်ချီဟင်းရည်လည်း ရလည်မိုက်တယ်ဟ၊ စားနေရင်းနဲ့တောင် နင့်ကို သတိရမိသေးတယ်၊ နောက်နေ့ နင့်ကိုငါ လိုက်ကျွေးဦးမယ်"

ရယ်ကာမောကာဖြင့် မျက်နှာလေး ကြည်ရွှင်နေသည့် ခါတော် ကို မြတ်သော သေချာစိုက်ကြည့်မိသည်။

ခါတော် ဒီနေ့ တော်တော်လှပါသည်။ ပန်းသွေးရောင် ဂါဝန် အကျပ်ကလေးဖြင့် ဖြူလွှလွှ အသားအရည် ပဏ္ဏာရနေ၏။

လည်တိုင်မွတ်မွတ်လေးမှာ ပလက်တီနမ်ကြိုးမျှင်မျှင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကုံးပဲ ဆွဲထားသည်။ မျက်နှာကို မိတ်ကပ်ပါးပါးလေး လူးထားပြီ
မျက်တောင်ကော့ကြီးတွေ ဝိုင်းရံထားသော မျက်ဝန်းကြည်ကြည်တွေနှ
မျက်ခုံးသွယ်တန်းတစ်စုံကို ဘာမှုခြယ်သခြင်းမရှိ။

စိုလဲ့လဲ့ နှုတ်ခမ်းပါးလေးတွေကိုတော့ ပန်းဆီရောင် ပါးပါးလေး
ဆိုးထားသည်။ ခါတော် မျက်လွှာချသွားတော့မှ ကိုယ့်ကိုယ်ကိုယ် ပြ
ထိန်းလိုက်ရသည်။

မြတ်သော မျက်မှန်ကိုချွတ်ကာ လက်ကိုင်ပဝါဖြင့် သုတ်လိုက်
သည်။ ခါတော် မျက်လွှာချသွားတော့မှ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်
သည်။

မြတ်သော မျက်မှန်ကိုချွတ်ကာ လက်ကိုင်ပဝါဖြင့် သုတ်လိုက်
သည်။ ခါတော့်မျက်နှာမှာ တစ်ခုခုကို ဖုံးကွယ်ထားတာ သေချာသည်
မြတ်သော သိပါသည်။ ခါတော်က အလယ်တန်းကျောင်းသားကတည်းက
ပေါင်းလာခဲ့တာပဲ။

"နင်တစ်ယောက်တည်း သွားစားတာလား"

"မဟုတ်ပါဘူး မိုးသဲနဲ့ပိုးအိလည်း ပါတယ်"

မြတ်သော ခါတော့်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းတွန့်ရုံ ပြုံး
သည်။ ခါတော် အမူအရာတွေက မှုမမှန်။

လိမ်နေတာ အသိသာကြီးပဲ။ နေ့ခင်းက အတန်းတစ်ချိန်ပြီး
တာနဲ့ ခါတော်နဲ့ တစ်ခုခု သွားစားမည်ဟု တွေးမိသည်။ ဂျွန်တို့အဖွဲ့က





င်ဘက်ထားခဲ့ပြီး ခါတော့်ဆီ ထွက်လာခဲ့၏။

ခါတော် အတန်းထဲရောက်တော့ ခါတော် မရှိ။ တစ်ယောက်
ည်းပဲ ကန်တင်းဘက် ထွက်လာခဲ့ရသည်။ မိုးသဲနှင့်ပိုးအိကို ကန်တင်း
မှာ သူ့မျက်စိဖြင့် တပ်အပ်မြင်ခဲ့သည်ပဲ။

ကားစတင်းဘက်ရောက်တော့လည်း ခါတော့်ကားကို မတွေ့ရ
။ ခါတော် ဘာကြောင့်လိမ်ရတာလဲ။

"နင် ဘာရယ်နေတာလဲ ပြီးတော့ ငါ့ကို မမြင်ဖူးတာကျနေတာ
ပဲ ခဏ ခဏ ပြုံးပြုံး ကြည့်နေလိုက်တာ"

"ငါ အံ့သြနေမိတာပါ"

"ဘာကို ဆိုလိုတာလဲ မြတ်သော"

"နင့်ရဲ့ မရိုးသားမှုကိုပေါ့။ ရိုးသားတဲ့သူငယ်ချင်းက ညာတတ်
နေပြီဆိုတာကို ငါ အံ့သြမိနေတာပါ၊ ဒါကြောင့် ကြည့်နေမိတာ"

"ဟုတ်လား ဘာထူးခြားတာ တွေ့လဲ"

ခါတော်က ခပ်ရွှံ့ရွှံ့ပင် ပြန်ဖြေသည်။

"ဘာထူးခြားလဲဆိုတော့ နင့်မှာလျှို့ဝှက်ထားတာ တစ်ခုရှိနေ
တယ် နင် စိတ်ချမ်းသာစရာ တစ်ခုခုနဲ့ ကြုံလာခဲ့တယ်၊ ဘာလဲဆိုတာ
တော့ ငါ မသိဘူး"

ကိုယ်တိုင်တော့ သတ္တိနည်းနေပြီး သံသယမျက်လုံးတွေနှ
မြတ်သောကိုကြည့်ပြီး ခါတော် သဘောကျစွာ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သံသယတွေ တစ်လှေကြီးနဲ့ စကားကြီးစကားကျယ်တွေ လာပြောမနေနဲ့၊ အဟင်း ဒီနေ့ ငါ ဘယ်မှမသွားဘူး၊ ဘယ်ဆိုင်မှလည်း မသွားဘူး၊ နင့်ကို တမင် ကလိနေတာ"

"ဒါဆို နင်က ဘယ်သွားနေတာလဲ လူလည်းမရှိ ကားလည်း မရှိ"

မြတ်သောအမေးကိုဖြေဖို့ ခါတော် အကြံအိုက်သွားရသည်။ အမှန်ဆို ခါတော်နှင့်မိုးရိပ် ကိုရီးယားအစားအစာဆိုင်မှာ အတူသွားစား ကြခြင်း ဖြစ်သည်။

မြတ်သောသာ သိသွားခဲ့လျှင် အကြီးအကျယ် ကွိုင်တက်သွား နိုင်သည်။ မြတ်သောက စိတ်မရှည်နိုင်ဟန်ဖြင့်

"ဖြေလေ ဘာတွေ ညာဏ်နီညာဏ်နက် များဦးမလို့လဲ"

"နင်ဟာလေ အတော်ကို စပ်စုတယ်၊ ငါတို့ မိန်းကလေးကိစ္စ ကို ဘယ်လိုပြောပြရမလဲ"

ခါတော်မှီ မျက်နှာလေး ရှုံ့မဲ့မဲ့ဖြင့် ပါးစပ်ထဲရှိရာတွေ လျှောက် ပြောပစ်လိုက်သည်။ ဒါကပဲ ရှောင်ထွက်ဖို့ လမ်းစပေါ်သွားရသည်။

"ဒီလိုဟာ ငါ ပြောပြမယ်၊ ရှေ့မျက်နှာနောက်ထားပြီး နား ထောင်ရမှာနော်"

ခါတော်မှီ ခပ်တည်တည်ဖြင့် လိုမ့်ဖို့ အစပျိုးလိုက်သည်။

"ဒီနေ့ ငါတို့အတန်းထဲက ကောင်မလေးဟာ အမျိုးသမီး





ဟာဖြစ်လို့ အဲဒါ ကားကလည်း ပါမလာဘူး၊ အဖိုလည်းမပါကြဘူး"

ခါတော့် စကား မဆုံးလိုက်ပါ မြတ်သော မျက်လုံးအဝိုင်းသား ဖြင့် လက်ကာပြသည်။

"တော်ပြီ တော်ပြီ နင့်ကားကို ပေးသုံးလိုက်တယ်ဆိုတာ ငါ သိပြီ၊ နင်ကရော သူနဲ့လိုက်သွားလို့ မရှိတာလား"

"ဟာ ဘယ်ကသာ ငါက မြေအိုးမြီးရှည်စားနေရင်း ဗိုက်နာ ဘာလို့ တွိုင်းလက်ကို လစ်နေတာ၊ နင်လာတဲ့အချိန် လူရောကားရော တွေ့တာ နင့်ကို မိုးသဲတို့ မပြောကြဘူးလား"

စကားကို အဆုံးသတ်ရင်း ခါတော် မြတ်သောကို အကဲခတ် လိုက်၏။ မြတ်သော မျက်နှာလေးက ပကတိ ရိုးသားကြည်စင်နေပါ သည်။ ခါတော်ကသာ

"ငါမှ သွားမမေးတာ၊ နင့်သူငယ်ချင်းတွေကို ကြောက်လွန်း လို့ လူမြင်ရင် ဖွဲမယ်ဆိုတာချည်းပဲ"

"အဲဒါနဲ့များ ငါ့ကို ဘာလို့ ဘာလိုင်းကြီး ဟောက်စား လာလုပ် နေတာလဲ၊ သူဖြင့် သေချာမစုံစမ်းပဲနဲ့"

ခါတော် နှုတ်ခမ်းစူပြီး အပြစ်တင်သည်။ မြတ်သောက အမှား သိထားတာမို့ ဘာမှပြန်မပြော။ ဒါပေမဲ့ တကယ်ဆို ကိုယ်က မှားနေတာ မို့ ခါတော် စိတ်မလုံချင်။

"နောက်တစ်ခါဆို နင် လာမယ်ဆိုရင် ငါ့ဆီ ကြိုပြီးဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခေ့ပါ၊ လာမောကြီးဖြစ်နေမှာစိုးလို့ပါ''

''ငါ လာမော ဖြစ်တာ အကြောင်းမဟုတ်ဘူး၊ နင်သာ အကြောင်းအမျိုးမျိုးပြပြီး အတန်းမလစ်ဘဲ မှန်မှန်ကန်ကန်နေ''

''ငါ့ကို ဆရာမလုပ်ပါနဲ့၊ နင်သာ ဂျွန်တို့နဲ့ပေါင်းပြီး မပျက်စီးစေနဲ့''

မြတ်သောက သူ့ကို လူကြီးတစ်ယောက်လို ဆုံးမနေပြန်တော့ ခါတော် ဆတ်ဆတ်ထိမခံပါ။ မြတ်သောကလည်း မလျှော့။

''ဟဲ့ ငါက ယောကျ်ားလေး ငါ့အတွက် ဘာရှော့ခ်မှ ဝင်လာစရာ အကြောင်းမရှိဘူး။ ဘယ်ကောင်မလေးကမှလည်း ငါ့ကို အတင်းလာရောပြီး ချစ်ရေးဆိုမှာ မဟုတ်ဘူး၊ ငါ့ကို လိုက်ပြောလည်း ငါက လက်မခံဘူး''

မြတ်သောက အရွှန်းဖောက်သည်။

''အောင်မလေး မြတ်သောရယ် နင်က အတော်ရယ်စရာကောင်းတာပဲ၊ နင့်ကိုယ်နင် တော်ဝင်မင်းသား မှတ်နေလား''

ခါတော် ပန်းပိုင်းပိုင်းလေးတွေ လှုပ်ရမ်းသွားအောင် ရယ်မောနေသည်။ မြတ်သောနှင့် စကားပြောရတာ ခါတော့်အတွက် ပျော်စရာအချိန်လေးတွေပါပဲ။

''ငါက တော်ဝင်မင်းသား မဟုတ်ပေမယ့် ငါ့ကို စကားလိုက်ပြောမယ့် ကောင်မလေး မရှိဘူးလို့ ယတိပြတ် မပြောနဲ့လေ''





''မဖြစ်နိုင်တာတွေ တော်စမ်းပါဟယ်''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ နင့်သူငယ်ချင်းတွေလေ လူကိုတွေ့ ...င် ဆွဲဖွဲ့ပစ်တော့မယ့်အတိုင်းပဲ၊ ဒါကြောင့် နင့်ဆီ သိပ်မလာဖြစ်တာ၊ ...ယ်လိုကောင်မလေးတွေလည်း မသိဘူး''

မိုးသဲနှင့်ပိုးအိတို့အကြောင်းကို မကျေမနပ် ရေရွတ်နေပြန် ...ည်။ ဒါတော့ ခါတော်မှီ မခံနိုင်ပါ။

''ငါ့သူငယ်ချင်းတွေက နင်ပြောသလို ပေါ့ပျက်ပျက်ထဲက ...ဟုတ်ပါဘူး မြတ်သောရယ်၊ နင့်ပုံစံက အေးစက်စက် ရှိုးပုံပေါက်နေလို့ ...င်လို့ စတာနောက်တာပါ၊ သူတို့က ပျော်တတ်တယ်''

''ဒါက ငါ့စတိုင်ပဲလေ၊ သူတို့က ငါ့ကိုလိုက်ပြီး ကြည့်နေတာကို ...ဲ တော်ပါပြီ အဲဒီ အရေးမကြီးတဲ့ကိစ္စတွေကို မပြောတော့ဘူး၊ ငါ ...ကျက်စရာရှိသေးလို့ လစ်တော့မယ်''

ချက်ချင်းကြီး ပြောင်းလဲသွားသော မြတ်သောကို ခါတော် ...ဝင်မကျ။ အမြဲတမ်း ပျာယာခတ်နေတတ်တာက မြတ်သော စရိုက်။

မြတ်သော ခုံတန်းလျားမှ ထပြီး ထွက်သွားသည်။ ခြေလှမ်း ...ုံးလှမ်းပင် မပြည့်။ ပြန်လှည့်လာပြန်၏။

''ဩော် မေ့နေလို့ ဒီကိုလာတာ နင်စားဖို့ ချောကလက်လာ ...ပေးတာ ရော့''

ခါတော်မှီ လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပဲ မြတ်သော၊ မကျေးစဖူးမို့"

မြတ်သောက စိမ်းမြမြနူတ်ခမ်းမွှေးတွေ မြင့်တက်သွားအောင် ပြုံးပြီး

"ငါ ကြားဖူးတာကတော့ ကောင်လေးတွေက ကောင်မလေး တွေကို ချစ်ရင် ချောကလက် လက်ဆောင်ပေးတယ်တဲ့၊ သူတို့အချစ် တွေက ချောကလက် တစ်တောင့်လို ချိုအီနေတယ်ဆိုတာ သက်သေပြ တဲ့အနေနဲ့ပေါ့"

"အို"

မြတ်သောသူက ပြောပြီးတာနှင့် ခါတော်မှီရှေ့မှ ခြေလှမ်း သွက်သွက်ဖြင့် ထွက်ခွာသွားသည်။

မြတ်သော ကျောပြင်ကိုကြည့်ရင်း ချောကလက်တောင့်လေး ကိုကိုင်ကာ ပျော်ရမလို ဝမ်းနည်းရမလို ခံစားလိုက်ရသည်။

ချောကလက်တောင့်လေးက ခါတော့်ကို လှောင်ပြောင်နေ သယောင် ခံစားမိ၏။

အစောကြီးကတည်းက နင့်သတ္တိတွေ ဘယ်ရောက်နေတာလဲ။ မြတ်သောသူ။

■ ■ ■



## အခန်း (၁၂)

"မြတ်သော မင်းရဲ့ခါတော်မှီကို မနေ့က ငပွေးတစ်ကောင်နဲ့ တွေ့လိုက်တယ်"

"အာ ဘယ်ကကောင်လဲ"

ဂျွန်၏ သတင်းပေးစကားကြောင့် မြတ်သော အံ့ဩမယုံနိုင်စွာ ခင်းသက်သွားခဲ့ရင်း ရှူးရှူးရှားရှား ဖြစ်သွားခဲ့သည်။

"သိနေတယ်လေ၊ မင်းကို ဒီသတင်းပေးလိုက်ရင် မင်းဘက်က မေးခွန်းတွေ ပြန်ထုတ်တော့မယ်ဆိုတာ သဘောပေါက်ပြီးသား။ ဒါကြောင့် ငါတို့ကလည်း တစ်ခါတည်း စုံစမ်းလာတယ်"

ဂျွန်က အလိုက်သိ ပါးနပ်သူပီပီ မြတ်သော မေးခွန်းတွေကို အဖို့ စုံစမ်းလာပုံရသည်။ ခါတော့်သတင်းက မြတ်သောရင်ကို ချောက်ချား ခုန်လှုပ်စေတာလည်း အမှန်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ဌွန်၊ ဘယ်မေဂျာကလဲ"

ပြောဖို့ နှုတ်လေးနေသော ဌွန်ကို စိတ်မရှည်နိုင်စွာ မြတ်သော မေးလိုက်မိတော့ ဌွန် ခေါင်းညိတ်ပြရင်း

"ဘယ်မေဂျာကမှ မဟုတ်ဘူး။ ခါတော်မှီသူငယ်ချင်း မိုးသဲရဲ့ အစ်ကိုတဲ့၊ ဘွဲ့လေးတစ်ခု ရထားပြီး အလုပ်အကိုင်မရှိ ယောင်ခြောက် ဆယ်ကောင်ပါ"

"မိုးသဲ့အစ်ကို ဟုတ်လား၊ ဘယ်တုန်းက တွေ့ဖူးသွားကြတာ လဲ၊ ဒီကိစ္စ ငါလည်း ဘာမှမသိဘူး"

"ဟ ငတုံးရေ၊ သူကိုယ်တိုင် ကြည်ဖြူနေတဲ့ကိစ္စကို မင်းကို အသိပေးပါ့မလား၊ မင်းသိရင် ဝင်ရှုပ်နေမှာပေါ့"

ပီတာက စိတ်မရှည်နိုင်သလို ငြိမ်သက်နားထောင်နေရာက ဝင်ပြောသည်။ သူ့ရင်ထဲမှာတော့ တကယ့်ကို အပူမီးစလေးက တောက် လောင်နေခဲ့ရပြီ။

"ဒီကောင့်ပုံစံက နည်းနည်းတော့ လျှင်မယ့်ပုံနေ၊ မင်းရဲ့ ခါတော်မှီကို သူ့နောက်ပါမသွားစေချင်ရင် မင်းဘက်က လက်ဦးမှုယူသင့် တယ် မြတ်သော၊ ဒီကောင်က ရုပ်လေးချောတော့ ခါတော်မှီ သဘောကျ သွားနိုင်တယ်"

ဌွန် စကားတွေက ရင်ကိုတဆစ်ဆစ်တော့ နာကျင်ခံစားရစေ သည်။ ဒါပေမဲ့ သူ မချိတင်ကဲ ပြုံးလိုက်ရင်း





"ခါတော် အပြင်မှာ ဘယ်သူနဲ့တွဲတွဲ ငါတို့နှစ်ယောက်ကို မိဘ တွေက လက်ထပ်ပေးဖို့ ရည်ရွယ်ပြီးသားပါ"

သူ့စကားကို ပီတာ မျက်နှာတစ်ချက်မဲ့ ခေါင်းခါသည်။

"အဲဒါက မင်းပဲဂဠာလေ၊ ခါတော်မှီ သိတာမှ မဟုတ်တာကွ၊ ဘတွေ သဘောတူထားလို့ လက်ထပ်လိုက်ရတာထက်စာရင် မင်းတို့ချင်း ချစ်သူတွေဖြစ်ပြီးမှ လက်ထပ်လိုက်ရတာ ပိုမကောင်းဘူးလား"

ပီတာ စကားက မမှားပါ။ တကယ်ဆို ခါတော့်ကို သူ့နှလုံးသား က ချစ်နေခဲ့တာ သူသာ အသိဆုံး။

"ဒီနေ့ပဲ ငါ ခါတော်ကို ဖွင့်ပြောတော့မယ်ကွာ"

"အခုမှ မင်းက အကြံထုတ်နေတုန်းလား၊ ဟိုကဖြင့် ငြိသွား ကြပြီလားတောင် မသိဘူး"

"အေးလေ ပွဲပြီးမှ ဖျာခင်းချင်နေတာ ဒါမျိုးပေါ့"

တစ်ယောက်တစ်ပေါက်နှင့် သူ မခံချင်အောင် ဝိုင်းနှိပ်ကွပ် နေတာကို သူ နှုတ်ဆိတ်စွာပဲ ခံယူဖြစ်သည်။

"မင်းကြည့်ရတာ အားမရဘူး မြတ်သော၊ ဘာလဲ ပိုက်ကော လေးဖမ်းချင်လို့ တမင်လက်ရှောင်နေတာလားကွ ဟေ"

"ငါက ခါတော်နဲ့ငါတို့ကြားက သံယောဇဉ်ကို ယုံထားတာပါ ကွာ"

"သွားသေလိုက်ကွာ အခုခေတ်မှာ လက်နှေးတဲ့ကောင် အရှုံး



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်းရဲ့ခါတော်မှီက ဘယ်လောက်ချောတယ် လှတယ်ဆိုတာ မင်းလည်း အသိပဲ၊ ကျောင်းကကောင်တွေနဲ့ မငြိအောင်ပဲ မင်းထိန်းလို့ရမယ်၊ မင်း မသိအောင် အပြင်ကကောင်နဲ့ ငြိသွားတော့ ဘာတတ်နိုင်မှာလဲ''

သူ့ဘက်က မခံချင်စိတ်တွေနှင့် သူတို့ ပြောနေကြတာကို နားလည်ပါသည်။ ခါတော်နှင့်ပတ်သက်သော ဒီသတင်းက သူ့ရင်ကို ထိထိရှရှ ခံစားရတာလည်း အမှန်ပဲဖြစ်သည်။

ခါတော့်အနေနဲ့ အချိန်ခဏလေးအတွင်းမှာ ယောကျ်ားလေး တစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်လိမ့်မည် မဟုတ်ဟုလည်း သူ ယုံကြည်ထားခဲ့မိသည်။

ခါတော့်အပေါ်မှာ သူ ဘယ်လောက်အထိ အလိုလိုက် မြတ်နိုး ခဲ့သလဲဆိုတာ ခါတော် အသိဆုံးဖြစ်မှာပါ။

ခါတော့်ကိုချစ်သည့်စိတ်ကြောင့် ဘယ်မိန်းကလေးကိုမှ သူ မတိမ်းညွှတ်ခဲ့တာကို ခါတော်လည်း သိမှာပါ။ သူ့နှုတ်က ဖွင့်ဟပြောဖို့ ဆိုတာ ခါတော်နှင့်တွေ့တိုင်း မဝံ့ရဲသော စိတ်တွေနှင့် ဆွံ့အနေမိခြင်း ဖြစ်သည်။

တစ်ချိန်မှာ ခါတော်မှီနှင့်အတူ သူ့ဘဝ အနာဂတ်က လှပစွာ ရှိနေမည်ဟု ယုံထားသည်။

ထိုစိတ်ကူးတွေက အခု ဂွင်္ကြားလာသော စကားတွေနှင့် ရင်ကိုမောနှံး တင်းကြပ်စေပါသည်။





ခါတော်ရယ် ဒါ တကယ်ပဲလား။

ငါ့ရင်ထဲမှာ ဘယ်လောက် ခံစားရတယ်ဆိုတာ နင် သိစေချင် လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကို အိမ်ပြန်ဖို့ နောက်ကျနေပြီ၊ မေတို့ စိတ်ပူနေလိမ့်မယ်"

ခါတော့် မျက်ဝန်းလေးတွေက စိုးရိမ်စိတ်နှင့် နာရီလေးကို တကြည့်ကြည့် ဖြစ်နေသည်။

ချစ်သူ့ရင်ခွင်ထဲမှာ မှိန့်နိုဝင်နေရပေမယ့် ခါတော့်စိတ်တွေ မပြောင့်နိုင်ပါ။ ကို ဂျစ်တိုက်လွန်းလို့သာ အရဲစွန့်ပြီး လိုက်လာခဲ့မိတာ။

ခါ ရင်ထဲမှာတော့ အမှားကြီးတစ်ခုကို ကျူးလွန်မိသလို တထိတ်ထိတ်ဖြစ်နေတာ အမှန်။

ရည်းစားနဲ့ချိန်းတွေ့ခြင်းဆိုတာ ခါတော့်ဘဝမှာ ဒါပထမဆုံးဖြစ်သည်။ မေမေတို့သိလျှင် မိုးမီးလောင်မှာထက် ဆိုးမှာကို သိနေသည်။

"ကို ပြန်ရအောင်နော်"





"ဟာကွာ နေပါဦး ကြည်ကြည်နူးနူးတွေ့ရချိန်လေးမှာ ဘာလို့ ခါက တွန့်ဆုတ်နေရတာလဲ"

"ကိုရယ် ခါလည်း တွေ့ချင်ပါတယ်၊ ဒါပေမဲ့ မေ သိရင် ပြဿနာတက်မှာလေ"

ကို့ရင်ခွင်ထဲက ရှန်းထွက်ရင်း ခါတော် ပြောတော့ ကို ပင့်သက် ရှိုက်ရင်း ခါတော့် မျက်နှာလေးကို ရှုမဝငေးကြည့်နေဆဲ။

"တစ်ပတ်ကို တစ်ခါလောက်တော့ ခါနဲ့ အခုလို လွတ်လွတ် လပ်လပ် တွေ့ချင်တယ်ကွာ"

မချင့်မရဲ ပြောရင်း ခါတော်ကို ကို ရင်ခွင်ထဲ ဆွဲသွင်းပြီး တင်းတင်းလေး ပွေ့ထားပြန်သည်။ နွေးထွေးရှိန်းမြသော အနမ်းတွေက ခါ မျက်နှာလေးအနှံ့ ကျရောက်လာကြပြန်၏။

ခါ ရင်ခုန်သံတွေ တဒိတ်ဒိတ်ခုန်ကာ ကို့အနမ်းတွေထဲမှာ နစ်မောသွားခဲ့ရပြန်ပါသည်။ ကို ခေါ်လာတာမို့ နွေလယ်ပိုင်း အတန်းတွေ ပျက်ပြီး ကို့သူငယ်ချင်းခြံလေးထဲကို လိုက်ခဲ့တာ ခါ မှားခဲ့ပြီလား။

ကြောက်စိတ်နှင့်ရင်ခုန်လှိုင်း တငြိမ့်ငြိမ့် စီးမျောနေတုန်းမှာ သယ်သာကျောပိုးအိတ်လေးထဲက ခါ ဖုန်းလေးက သံစုံတီးလုံးလေး ထမြည်သည်။

ကို အနမ်းတွေထဲက ရှန်းထွက်ရင်း ဖုန်းလေးကို ထုတ်ကြည့် လိုက်တော့ ခါတော် နှုတ်ခမ်းလေးတွေ ခပ်ဟဟလေး ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမြင်သော ကိုက

''ဘယ်သူလဲ ခါတော်''

''မြတ်သော ဆီကပါ''

မြတ်သော အမည်ကြားတော့ ကို့မျက်နှာက အလိုမကျသလို တင်းတင်းလေးဖြစ်သွားတာ ခါ သတိထားလိုက်မိ၏။

''သူက ဘာကိစ္စနဲ့ ဆက်တာလဲ''

မေးသံက မာဆတ်ဆတ်။ ခါတော် ကို့ကို ပြုံးပြုံးလေး မော့ကြည့်ရင်း

''ကိုရယ် သူက ခါတော့် သူငယ်ချင်းလေ၊ ပြီးတော့ မောင်နှမတွေလို တရင်းတနှီး နေကြတဲ့ အိမ်နီးချင်းတွေ၊ သူ ခါတော့်ဆီ ဖုန်းဆက်တာကို ၂ မဝင်စမ်းပါနဲ့''

ခါတော် လေပြည်လေးနှင့် နှစ်သိမ့်ပြောရင်း ဖုန်းလေးကို ဖွင့် နားထောင်လိုက်ပါသည်။

''ဟဲလို''

''ခါတော် နင့်အခု ဘယ်မှာလဲ''

မြတ်သော အမေးကို ရုတ်တရက် ခါတော် ဘယ်လိုဖြေရမှန်းတောင် မသိပါ။ ပြီးမှ ခေါင်းထဲဝင်လာသော အကြံအတိုင်း

''ငါလား အခု မြို့ရှည်စားဖို့ မောရှမ်း ရောက်နေတယ်ဟ''

''ဩော် ငါ ဒီနေ့တစ်ရက်လေး နေမကောင်းလို့ ကျောင်းပျက်





တာနဲ့ နင်က အရမ်းလွတ်လပ်ရေး ရနေတာပေါ့ ဟုတ်လား''

''အဟင်း ဒါပေါ့''

''ခါတော် နင် ပေါ့ရွှတ်ရွှတ် လုပ်မနေနဲ့၊ အန်တီပန်း အခုလေးတင် ငါ့အတွက်ဆိတ်စွပ်ပြုတ်လုပ်ပြီး လာပို့သွားတယ်၊ နင် အိမ်ပြန်နောက်ကျလှချည်လား ပြောနေတယ်၊ မြန်မြန်ပြန်လာခဲ့တော့''

မြတ်သော စကားကြောင့် ခါတော် မျက်ဝန်းလေး ဝိုင်းသွားသည်၊ အိမ်ပြန်နောက်ကျလို့ မေမေ မေးခွန်းတွေ ထုတ်လာလျှင် အခက်။

''အေး ငါ အခုပဲ ပြန်လာမှာပါ၊ နင်ကော သက်သာရဲ့လား၊ အေး အေး ဒါပဲနော်''

ခါတော် သက်ပြင်းလေးချကာ ဖုန်းလေးကို ပြန်ပိတ်လိုက်သည်။ ခါ့အသံကိုနားစွင့်နေသော ကိုက မျက်မှောင်ကြီး ရှုစ်ခေါက်ချိုး တွန့်ခေါက်ထားရင်း

''ကျွတ် ဘာအထာလဲကွာ၊ ဟိုကောင်က ပြန်လာတော့ဆိုတာနဲ့ အမိန့်တော်အတိုင်းပါ လုပ်နေတာ''

''အမိန့်နာခံတာ မဟုတ်ဘူးလေ ကိုရဲ့၊ မြတ်သော သတိမပေးလည်း ခါတို့ ပြန်သင့်တဲ့အချိန် ရောက်နေပြီလေ၊ အခုတောင် နောက်ကျနေလို့ မေမေ မေးရင် ဖြေရှင်းရဦးမယ်၊ ကဲ ထပါ ကိုက လိမ္မာပါတယ်၊ နောက်အပတ်တွေလည်း ဒီခြံလေးထဲမှာ ကိုနဲ့စကားတွေ အများကြီး ပြောနိုင်အောင် ခါတော် ကြံပါဦးမယ် နော် ကို''



www.burmeseclassic.com

www.burmeseclassic.com



ခါတော် အတင်းဆွဲထူ ချော့မော့မှ မိုးရိပ် မှုန်ကုပ်ကုပ်မျက်နှာ နှင့် ထလာသည်။ ပုံစံကတော့ ပြန်ချင်သေးပုံမရှိ။

မိုးရိပ်သူငယ်ချင်း အပြင်ထွက်သွားတာမို့ ခြံလေးကို သော့ခတ် ပြန်ခဲ့ပြီး ခြံရှေ့မှာ ရပ်ထားသော ခါတော့် ကားလေးဆီ လျှောက်ခဲ့ကြ သည်။

ခါတော့် ခါးလေးကို ကိုက နောက်ကသိုင်းဖက်ထားတော့ ခါ လည်း ပြန်ဖက်ထားရင်း အတူယှဉ်တွဲ ထွက်ခဲ့ကြတာ ဖြစ်သည်။

"ဟင်"

ရပ်ထားသော ပရာဒိုကားနားရောက်တော့ ခါ မျက်ဝန်းလေး တွေ အထိတ်တလန့် ဝိုင်းစက်သွားသည်။

"သမီး ခါတော်မို့ အန်ကယ်က သမီးရဲ့ကားနဲ့ တူပါတယ်လို့ ကြည့်နေတာကွ"

"ဟုတ် ဟုတ်ကဲ့ အန်ကယ်သက်၊ ဟို ဘယ်လာတာလဲဟင်"

ခါ့အသံလေးတွေ တုန်ခါကာ မျက်စိမျက်နှာပျက်နေတာ အထင်အရှားပဲဖြစ်နေမှာ သေချာသည်။

အန်ကယ်သက်ဆိုတာ ဖေနှင့် လုပ်ငန်းတူ ပါတနာတစ်ယောက် ဖြစ်သည်။ သူနှင့်ထိပ်တိုက်ဆုံမိခြင်းက ကျိုင်အကြီးအကျယ် တက်ခြင်းဟု ခါ သိနေ၏။

"အန်ကယ့်ခြံက အခု သမီးတို့ ထွက်လာတဲ့ သစ်ခွခြံနဲ့ တစ်ခြံ





ကျော်လေ သမီးရဲ့၊ မရောက်တာ ကြာလို့ လမ်းကြုံဝင်ကြည့်တာ၊ သမီး ကားနဲ့တန်းတိုးလို့ အံ့သြနေတာကွဲ့"

ကြောက်စိတ်တွေက ခါတော့် တစ်ကိုယ်လုံးကို သိမ်းကျုံးဝါးမျို က်သလိုပါပဲ။ အန်ကယ်သက် မျက်ဝန်းတွေက ခါတို့နှစ်ယောက်ကို ကဲခတ်ကြည့်နေတာ သိသည်။

"ဪ သမီးဖေနဲ့မေကော နေကောင်းကြတယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ကောင်းပါတယ် အန်ကယ်"

"အေးကွယ် သမီးအဖေနဲ့ မတွေ့တာတောင် အတော်ကြာပြီ၊ ပြောလိုက်ပါဦး အန်ကယ်က သတိရပါတယ်လို့၊ အင်း ညကျရင် အလုပ် စွနဲ့ သမီး ဖေဖေနဲ့ အန်ကယ်တောင် ဖုန်းပြောစရာရှိတယ် ကဲ ကဲ န်ကယ် ခြံထဲသွားလိုက်ဦးမယ်"

ဖေ့ဆီဖုန်းဆက်ဦးမည်ဆိုသော စကားက ခါတော့်ရင်ကို ဒိန်းခနဲ န်လှုပ်သွားစေသည်။ ခါတော့်ကို နှုတ်ဆက်ရင်း မိုးရိပ်ကို တစ်ချက် ကဲခတ်ကြည့်သွားသော အန်ကယ်သက်ကို ခါ ဘာမှပြန်မပြောလိုက် ပါ။

ခါတော် ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်ကာ ဝမ်းနည်းစွာ ငိုချ လိုက်မိသည်။

ခါတော် ငိုတော့ မိုးရိပ် ပျာပျာသလဲ အနားမှာ ဝင်ထိုင်ရင်း

"ခါတော် ခါတော် ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာတော့ အကြီးအကျယ် တက်ပြီ ကို၊ အန်ကယ်သက်
ဖေဖေ့ဆီကို ဖုန်းဆက်တိုင်လိမ့်မယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ခါတော့
စိတ်ညစ်လွန်းလို့ သေသာသေလိုက်ချင်တယ် အဟင့် ဟင့်"

ပြောရင်း ခါ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့
မိုးရိပ် ခါ ပခုံးလေးကို ဆုပ်ကိုင်ရင်း

"တိုင်မယ် မထင်ပါဘူး ခါတော်ရယ်၊ အဲဒီလောက်လည်း
မစိုးရိမ်ပါနဲ့၊ နောက်ဆုံး တိုင်တော့ရော ခါတော်နဲ့ကိုယ်က အရွယ်ရောက်
ပြီးသားတွေပဲ၊ ကိုယ်ဆို ဘွဲ့ရပြီးလို့ အလုပ်တောင် ရှာနေတာပဲ၊ ကိုယ့်
သဘောကျကြမှာပါ"

ခါတော် ခေါင်းကိုတွင်တွင်ခါမိသည်။ အခြေအနေက ခါ ထ
ထားတာထက်တောင် ဆိုးဦးမှာ သိနေသည်။

"ဟင့်အင်း ကို ဘာမှမသိပါဘူး၊ အခုချိန်မှာ ဖေတို့က ကိုယ့်
ဘွဲ့ရပြီးသားမပြောနဲ့၊ ပါမောက္ခကြီးတွေ ကုမ္ပဏီပိုင်ရှင်သူဌေးတွေ ဖြစ်
ပါစေ ခါတော်နဲ့ သဘောတူမှာမဟုတ်ဘူး၊ ပညာသင်ချိန်မှာ ဒါမျိုး
မဖြစ်ဖို့ ဖေနဲ့မေကို ခါ ကတိတွေ အခါခါပေးခဲ့ပြီးသား"

"ဒါဆို ခါတော် ဘာဖြစ်ချင်သလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း
ပြော၊ ခါတော် ဆန္ဒရှိတဲ့အတိုင်း ကိုယ် မဖြစ်ဖြစ်အောင် လုပ်ပေးမယ်
အိုကွာ အသက်ပေးဆိုရင်တောင် ပေးဝံ့တယ်"

တသိမ့်သိမ့် ရှိုက်ငိုနေသော ခါတော့် ပခုံးနှစ်ဖက်ကို စုံဆုပ်ကိုင်





ကို မေးနေသည်။ ခါတော် မျက်ရည်တွေ ပြည့်နေသော မျက်ဝန်းတွေ
နှင့် မော့ကြည့်မိ၏။

"ခါတော် အိမ်မပြန်ရဲတာပဲ ရှိတယ် ကို၊ ဘယ်လို ဆုံးဖြတ်
ရမလဲဆိုတာတော့ ခါလည်း မစဉ်းစားတတ်ဘူး"

မရေမရာ ခါ စကားကြောင့် မိုးရိပ် သက်ပြင်းငွေ့ငွေ့ချကာ
ခေါင်းကို စက်နှိုးလိုက်သည်။ ပြီးတော့ သစ်ခွခြံလေးရှေ့က ညင်သာစွာပဲ
ထွက်ခဲ့သည်။ ခါတော်ကတော့ အခုချိန်ထိ အငိုမတိတ်နိုင်အောင်
တွေ ညစ်ညူးနောက်ကျိနေဆဲ။

အိမ်ကို ခါပြန်လျှင် ရင်ဆိုင်ရမည့် အခြေအနေတွေကို ကြို
တွေးမိရုံနှင့် လူက တုန်ချင်နေသည်။

အမြဲတမ်း ခါကို အရိပ်လို ကြည့်ချစ်သော ဖေသည် ဒီလို
ကိုတော့ ခွင့်ပြုမှာမဟုတ်။ အခုလောက်ဆိုရင်တောင် အန်ကယ်သက်
ဆက်ပြောပြနေပြီမလားပဲ။

"ဟင် ကို ဒါက ဘယ်လဲ"

အတွေးပူတွေနှင့် ခါ ပတ်ဝန်းကျင်ကို မေ့နေရာမှ သတိရ
တော့ ကားလေး ဦးတည်နေတာက ရန်ကုန်မြို့တွင်းကိုတောင် ကျော်လွန်
ပြီ။

"ကိုယ် ခါတော့်ကို ခေါ်သွားမလို့လေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် စကားကြောင့် ခါတော့်မျက်ဝန်းလေးတွေ ပိုလို့ ဝိုင်းစက်တုန်လှုပ်သွားမိသည်။

"ဟင့်အင်း အဲလိုလုပ်လို့ မဖြစ်ဘူးလေ"

ခါတော် အသံတုန်ယင်ယင်လေးနှင့် ငြင်းတော့ မိုးရိပ် ခေါင်းကိုခါသည်။

"ဒီအချိန်မှာ ဒီလို အခြေအနေကို ဖန်တီးလိုက်တာ အကောင်းဆုံးပဲ ခါတော်ရယ်၊ ခါပြောသလို ဟိုလူကြီးက ခါတော့် မိဘတွေ ဖုန်းဆက်တိုင်လိုက်ပါပြီတဲ့၊ ပြဿနာတွေ ရှုပ်ထွေးကုန်မှာ သေချာတယ်၊ ခါတော်နဲ့ကိုယ် ဝေးရလိမ့်မယ်၊ ကိုယ် ခါတော်နဲ့ မဝေးချင်ဘူး၊ ခါတော့်ကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး"

"ဟင့်အင်း ကို အဲဒီလို မလုပ်ပါနဲ့၊ ဒါဆို အခြေအနေတွေက ပိုဆိုးသွားလိမ့်မယ် ကိုရယ်"

ခါတော် ငိုဖို့ပင် သတိမရတော့။ ချစ်သူအကြောင်းကို ခါတော်အသိဆုံးပါ။ မိုးရိပ်က တဖွတ်ထိုးသမားလေ။

"မငြင်းနဲ့တော့ ခါတော်၊ ကိုယ် ခါတော်ကို ခိုးပြေးလာပြီပဲ ဒီအခြေအနေကို မျက်စိစုံမှိတ်ပြီး လက်ခံလိုက်တော့နော်၊ ဒါဆိုကိုယ်တို့ တစ်သက်လုံး ဝေးစရာမလိုတော့ဘူး"

ခါ ဘာပြောရမှန်းမသိတော့။ အခြေအနေတွေက ဒီလောက်အထိ ရှုပ်ထွေးအောင် ကံကြမ္မာက စီရင်လိုက်တာပဲ ဖြစ်သည်။





မိုးရိပ်ကို သူ့ရဲ့တဖွတ်ထိုး တောင်းဆိုမှုကြောင့် ချစ်သူတွေအဖြစ် ခေါင်းညိတ်ခဲ့ရသည်။ အခုတော့ ဘဝအတွက် လက်တွဲရတော့မည်။

ဒါ ခါ နှလုံးသားက ရွေးချယ်ဖြစ်ခဲ့တာမှ ဟုတ်ရဲ့လား။

အခုချိန်မှာ ခါ ဘာမှစဉ်းစားမရအောင် စိတ်တွေ ရှုပ်ထွေးနောက်ကျိုနေတာပဲ သိသည်။

မြတ်သောသာ အနားမှာရှိလျှင် ဘယ်လို အကြံတွေ ပေးမှာလဲ မသိ။

ခါ စိတ်က ပြေးသတိရလိုက်မိတာသာ မိုးရိပ်သိလျှင် ကျေနပ်မှာ မဟုတ်မှန်းလည်း ခါ သိပါသည်။

ခါ မျက်လုံးတွေ စုံမှိတ်လိုက်ခဲ့မိခြင်းက။ ။ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ခါတော် ချစ်သူနောက်ကို နိုးရာလိုက်သွားပြီတဲ့လား။

ဘယ်လိုမှ ယုံကြည်လက်ခံလို့ မရသော သတင်းဆိုးက သူ့နှလုံးသားကို မိုးကြိုးပစ်ခွင်းလိုက်သလို ပူလောင်နာကျင်စေသည်။

ဘယ်လိုမှ မယုံချင်ပေမယ့် မရတော့ပါ။ အနားမှာသာ ခါတော့် မိဘတွေနှင့် သူ့မိဘတွေ မရှိခဲ့လျှင် သူ ငိုကြွေးမိမလား။

အခုတော့ ရင်ထဲမှာ လှိုင်းထန်နေသော ဝေဒနာတွေကို အံကြိတ်မျိုသိပ်ထားရတာက ရင်ဘတ်တစ်ခုလုံး တင်းကြပ်နေ၏။

တိတ်ဆိတ်နေသော ညှိခန်းထဲမှာ အန်တီပန်း ငိုကြွေးသံက တအင့်အင့် ပေါ်ထွက်လို့နေသည်။

ရည်းစားတောင် မရှိသေးဟု ယုံကြည်ထားသော သမီးက အခုလို မိဘရင်ကိုခြေစုံကန်သွားခဲ့ခြင်းအတွက် အန်တီပန်း နာကျင်တာ





ဆော ရှက်တာရော ခံစားမှုတွေ ပေါင်းစုံကာ ငိုကြွေးနေတာ သူ နားလည်ပါသည်။

ခါတော့် ဖေဖေ ဦးဖမ္ဘူလွင်ကတော့ မျက်နှာကြီးရဲရဲနီကာ ရှက်ဒေါသတွေနှင့် အံတကြိတ်ကြိတ် တက်တစ်ခေါက်ခေါက်။

"တောက် သင်းကို မနက်ဖြန်ကစပြီး သတင်းစာမှာ တစ်ခါတည်း အမွေပြတ်ကြော်ငြာထည့်လိုက်တော့ ဒီလို သမီးမိုက်ကို အိမ်အရိပ်တောင် မနင်းစေနဲ့၊ မိဘတွေကို အယုံသွင်း လှည့်စားသွားတာ တောက်"

"တော်ပါတော့ တော်ပါတော့ ကိုလွင်ရယ်၊ ကျွန်မ ဒီသမီးမိုက်အကြောင်း မကြားပါရစေနဲ့တော့"

ဒေါ်ပန်းမြတ်မှုံ ခေါင်းကိုခါရမ်းရင်း ဟန့်တားသည်။ ပြီးတော့ ဒါးပြင်နှစ်ဖက်ပေါ်က မျက်ရည်တွေကို လက်ဖမိုးတွေနှင့် ခပ်ကြမ်းကြမ်း သုတ်သုတ်သည်။

"မမလင်းရယ် ကလေးတွေ ဘွဲ့ရပြီးတာနဲ့ လက်ထပ်ပေးမယ်လို့ စီစဉ်ထားတဲ့ကိစ္စ အခုတော့ သမီးမိုက်ကြောင့် ပျက်ရပြီ၊ ကျွန်မ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ပါဘူး၊ ရှက်လည်း ရှက်ပါတယ်ရှင်"

"အို မဟုတ်တာ ပန်းရယ်၊ မမလင်းကို တောင်းပန်စရာ မလိုပါဘူးကွယ်၊ မမလင်းတို့ကတောင် သမီးလေးအတွက် ပန်းတို့နဲ့ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပန်နေမိတာပါကွယ်''

''ဟုတ်ပါတယ် ကိုလွင်ရာ မင်းတို့သမီးလည်း ငါ့သမီးလေးပါပဲ ကံတရားကြောင့် ဖြစ်သွားတဲ့ကိစ္စအပေါ် ဘယ်သူ့ဘယ်သူ့ကိုမှ အပြစ်တင်ရှုံ့ဖွဲ့မနေကြဘဲ သမီးလေးအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုစီစဉ်ကြမလဲဆိုတာကိုပဲ ဝိုင်းစဉ်းစားကြတာပေါ့''

ဖေဖေနှင့်မေမေတို့ကတော့ နှစ်သိမ့်စကားတွေ ဆိုနေကြသည်။ သူလည်း ခေါင်းငိုက်စိုက်နှင့် ကျောက်ရုပ်ကြီးလို ရှိဆဲ။

''ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒီသမီးမိုက်ကို နောင်ကြဉ်အောင် လွှတ်ထားလိုက်ဦးမယ်ဗျာ၊ မိဘမျက်နှာကို အိုးမည်းသုတ်တဲ့သမီး၊ မိဘထက် သူ့အပေါ် ဘယ်သူကောင်းနိုင်မလဲ စောင့်ကြည့်သေးတာပေါ့''

ခါတော်မှီအတွက် အခြေအနေက သိပ်မကောင်း။ အန်ကယ်လွင်က ဒေါသတွေ ပေါက်ကွဲခါးသီးနေသည်။ မြတ်သော ဒီအတိုင်းငြိမ်နားထောင်နေ၍ မဖြစ်တော့။

''ခါတော် အခုလို ဖြစ်သွားတာ ကျွန်တော့်ကြောင့်လည်း ပါပါတယ် အန်တီပန်း။ ကျွန်တော်သာ ခါတော့်ကို သေချာ ဂရုစိုက်စောင့်ရှောက်ခဲ့ရင် အခုလို မြန်မြန်ဆန်ဆန်ကြီး သူ့ချစ်သူနောက်ကို လိုက်သွားမှာ မဟုတ်ဘူး''

သူ ခါတော် အပြစ်တွေ ပေါ့ပါးအောင် ကြားကာဝင်ပြီး ခေါင်းခံ





တော့ အန်တီပန်း ခေါင်းခါရင်း

''အို မဟုတ်တာ သားကရော ဒီလောက်အထိ စောင့်ရှောက်နိုင်ဦးမလားကွယ်၊ သူကိုယ်တိုင်ကိုက ဒီလို ဇာတ်ခင်းချင်လို့ အခုလိုလိုက်ပြေးသွားတာပါ၊ ငါ့သားနဲ့ ဘာမှမဆိုင်ပါဘူး၊ သားက အခုလိုအန်တီပန်းတို့ရှေ့မှာသားရဲ့အပြစ်ပါလို့ ပြောလေလေ ဒင်းကိုပိုပြီး ဒေါသဖြစ်လေလေပဲကွယ်''

ဒေါ်ပန်းမြတ်မှူ ကိုယ်တိုင် မချိတင်ကဲဆိုရင်း သမီးဖြစ်သူအပေါ် ဒေါသတို့ မပြေနိုင်ပါ။ အချစ်ကြီးလို့ အမြတ်ကြီးနေတာပဲ ထင်သည်။

တစ်ဦးတည်းသော သမီးလေးမို့ အရာရာ လိုလေသေးမရှိ သိတရာဘဝမျိုးထားခဲ့သည့်ဘဝကို ခါတော် ခြေစုံကန်သွားတာမို့ ခံရခက်နေကြ၏။

''ကဲ လောလောဆယ်တော့ ဒေါသတွေ လျှော့ပြီး ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ ပန်းရယ်၊ ကဲ ကျွန်မတို့လည်း ပြန်ဦးမယ်''

''ဟုတ်ကဲ့ မမလင်း''

''ကိုလွင် ပြန်ဦးမယ်ဗျာ''

''ကောင်းပါပြီ ဒီသမီးမိုက်ကိုတော့ ကျွန်တော့်ခေါင်းထဲက လုံးဝဆုတ်ပစ်လိုက်ပြီဗျာ''

တစ်ရွေးသားမှ မလျှော့သော အန်ကယ်လွင် ဒေါသတွေကို ဖေဖေနှင့်မေမေတို့ လက်လျှော့ကာ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ မေမေက သူ့ကိုမေးသေး၏။

"ဒါနဲ့ ခါတော်နဲ့ ခိုးပြေးသွားတဲ့ ကောင်လေးက ဘယ်ကလဲ သား၊ မေမေ့ကို ပြောစမ်း"

"သူ့သူငယ်ချင်း မိုးသဲရဲ့အစ်ကိုတဲ့ မေမေ"

"သားရယ် ဒါတောင် သားက မသိဘူးလား"

မေမေ အပြစ်တင်သလို ကြိတ်မနိုင်ခဲမရ ပြောတော့ သူ့ရင်ထဲမှာ ပိုလို့ ခံစားရပါသည်။

တကယ်ဆို ခါတော်ကို ချွေးမအဖြစ် မေမေ မျှော်လင့်ထားခဲ့တာ သူ အသိဆုံး။ ဒါပေမဲ့ မျှော်လင့်ချက်တွေ အားလုံး ပျက်ခဲ့ရပြီ။

မေမေ့ရင်ထဲမှာ ခံစားရတာထက် သူ့ရင်ထဲမှာ အဆပေါင်းများစွာ ခံစားပူလောင်ရတာ မေမေ မသိပါ။

မေမေတို့ရှေ့မှာ ဆက်နေမိလျှင် သူ မျက်ရည်ကျမိမှာစိုးတာကြောင့် သူ့အခန်းဆီ ထွက်ခဲ့သည်။

ရင်ထဲက အပူတွေနှင့် သူ ခါတော့်အတွက် ပြေးကြည့်ကာ ရင်ထဲမှာ နှံချိသွားသေးသည်။ တကယ်ဆို မိုးရိပ်ဆိုသော ယောကျ်ားကို ခါတော် ဘယ်လိုအားကိုးမှုမျိုးနှင့် ယုံကြည်ကိုးစားသွားခဲ့တာလဲ။

စဉ်းစားမရတာ အမှန်ပဲဖြစ်သည်။

အလုပ်အကိုင်မရှိသော ယောကျ်ားတစ်ယောက်ကို ဘဝအတွက် ခါတော် ရွေးချယ်ခဲ့ခြင်းက အချစ်ကြောင့်တဲ့လား။





အချစ်မှာ မျက်စိမရှိဘူးဆိုသော စကားက မှန်ကန်နေခဲ့သည်လား။

သူ့မှာတော့ ဆင်ခြင်တုံတရားတွေ၊ ခံစားချက်တွေနှင့်ပန်းလေးကို ယုယုယယ တန်ဖိုးထားခဲ့သမျှ ..

ခါတော်ရယ် နင် ရက်စက်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အသစ်စက်စက် ယောက္ခမရှေ့မှာ ခပ်ရှိုရှိုလေး ထိုင်နေရသော ခါတော့်စိတ်တွေ အကျဉ်းထောင်လေးထဲ ရောက်နေရသလို မွန်းကြပ်နေသည်။

အပေါက်ဆိုးပုံမရပေမယ့်လည်း သဘောကောင်းပုံမရှိသော ယောက္ခထီးနှင့် ယောက္ခမတို့မျက်နှာတွေကို မရဲတရဲ မော့ကြည့်မိသည်။

မိုးရိပ်က ခါတော့်လက်ကလေးကို ဆုပ်ကိုင်ပြီး အားပေးသည်။ ချစ်သူမျက်နှာတစ်မြို့ထင်ပြီး အရဲစွန့်လိုက်လာခဲ့မိသော ခါတော့်အဖို့ အခုလို ကျဉ်းကြပ်ပိတ်လှောင်နေသော အိမ်ကျဉ်းကျဉ်းလေးထဲမှာ ဘယ်လို အသက်ရှင် နေထိုင်ရပါ့မလဲ မသိတော့ပါ။

"သား မိုးရိပ်က သမီးကို ခိုးလာပြီဆိုမှတော့ မေမေတို့ဘက်က လူကြီးစုံရာနဲ့ ပြန်အပ်ဖို့ စီစဉ်ရတော့မှာပေါ့ကွယ်"





မိုးရိပ်မေမေက ပြောတော့ ခါတော်မှီ ဘာမှ စောဒက မတက်ရဲ ။ မျက်လုံးလေး ကလယ်ကလယ်နှင့် ဒီအချိန်မှာ လူကြီးတွေ စီမံရာကို ခံရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။

ခါတော့် ရင်ထဲမှာ မိုးရိပ်နှင့် မင်္ဂလာကိစ္စအတွက် ဘယ်လိုမှ နှိုန်ခံစားခြင်း မရှိတာတော့ အသေအချာပဲ ဖြစ်သည်။

အခုချိန်မှာ ခါတော့်ရင်ထဲမှာ စိုးရိမ်မှုတွေနှင့် ပူပန်သောကတွေသာ ကြီးစိုးနေရာယူထားတော့၏။

ကျောင်းကိုလည်း သွားမတက်ရဲ။ မိုးသဲဆီကသာ လက်ချာတွေ လိုက်ကူးထားရသည်။

"ဒါဆို ကိုယ်တို့ မနက်ဖြန်ပဲ ရပ်ကွက်လူကြီး နှစ်ယောက်လောက်ခေါ်ပြီး ပြန်အပ်ရင်ကော အမေကြီး"

မိုးရိပ် ဖေဖေကဆိုတော့ မိခင်ဖြစ်သူက ခေါင်းညိတ်ထောက်ခံသည်။

"ကောင်းသားပဲ မနက်ဖြန် ရက်ရာဇာလေး၊ မင်္ဂလာကိစ္စ စကားပြောလို့ အကောင်းဆုံးရက်ပဲ"

"ဟိုလေ ခါတော် တစ်ခုလောက်တော့ ပြောချင်ပါတယ်"

"မနက်ဖြန် ပြန်အပ်ဖို့ကိစ္စကို ဒီနေ့ကတည်းက အကြောင်းကြားထားရင် အဆင်ပြေမလားလို့ပါ၊ ဒါမှလည်း ခါတော် မိဘတွေ ကြိုတင်ပြင်ဆင်ထားစရာရှိရင် ပြင်ဆင်ထားလို့ရအောင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းပါတယ်၊ အဲဒီလိုပဲ လုပ်ရမှာပေါ့"

ပြောသာ ပြောလိုက်ရသည်။ ခါတော်ရဲ့ မိုက်မဲမှုတွေကို ဖေ
မေ ခွင့်လွှတ်နိုင်ပါ့မလား သံသယစိုးရိမ်စိတ်တွေ ဝင်နေမိဆဲ ဖြစ်သည်

ခါတော် မှားခဲ့သည့်အမှားက တစ်ဘဝလုံးအတွက် တစ်သက်
စာ မှားသောအမှား။ ချစ်သူနဲ့ပေါင်းဖက်ရလို့သာ ကိုယ့်ကိုယ်ကိုယ် မှာ
မှန်းမသိခဲ့တာ။ တကယ်ဆို ခါတော် အရွယ်က ပညာသင်တုန်းအရွယ်
ရှိသေးသည်။

ထင်မှတ်မထားသော စိုးရိမ်မှုကြီးကြောင့် ခါတော် ကြောက်လ
ပြီး မိုးရိပ်နောက်လိုက်မဲ့တာကိုတောင် နောင်တရချင်မိသည်။

အခုလို အခြေအနေမျိုး ကြုံဆုံရမည်ဟု ခါတော် အိပ်မက်
တောင်မှ မမက်ခဲ့ဖူးပါ။

အခုတော့ ကိုယ့်အနာဂတ် လှပလျှင်လည်း ကိုယ်ပဲစံ၊ မလှ
တော့လည်း ကိုယ့်အပြစ်နှင့်ကိုယ်ခံရမည့်ဘဝအခြေအနေ ဖြစ်နေပြီ

"ဒါနဲ့ သမီးကို့အိမ်ဖုန်းနံပါတ်ပြော တစ်ခါတည်း ဆက်ပြ
အကြောင်းကြားလိုက်ရအောင်"

ယောက္ခထီးကြီးက စားပွဲပေါ်တင်ထားသော ဖုန်းကို ကောက်
ကာ ခါတော်ကို ဖုန်းနံပါတ်မေးနေသည်။ ထိုအခိုက်မှာပဲ အခန်းထဲ
ဝင်လာသော မိုးသဲက

"ဖုန်းဆက်မနေနဲ့တော့ ဖေဖေရေ၊ ဖုန်းဆက်လည်း ဘာ





အကြောင်းထူးတော့မှာ မဟုတ်ဘူး"

"ဟင် ဘာဖြစ်လို့လဲ သဲသဲရဲ့"

မိုးသဲက လက်ထဲက သတင်းစာကို ခါတော့်ဆီ လှမ်းကမ်းပေး
ရင်း စိတ်မကောင်းသော မျက်နှာနှင့်။

"သတင်းစာထဲမှာ ခါတော်မိဘတွေရဲ့ အမွေဖြတ်သမီးအဖြစ်
စွန့်လွှတ်ကြောင်း ကြော်ငြာပါလာပြီ မေမေ"

"ဟင်"

"ဘာရယ် မိုးသဲ"

ခါတော် ရင်ထဲမှာ လှိုက်ခနဲ ကြေကွဲမှုတွေနှင့် လက်ထဲက
သတင်းစာကို ကသောကမျောလေး လှန်လှောကြည့်လိုက်မိသည်။

တွေ့ပါပြီ၊ မယုံကြည်လို့ ဘယ်လိုမှ မဖြစ်သော သတင်းတစ်ပုဒ်။
နည်းလှိုက်မောခြင်းတွေက ခါတော် မျက်နှာပေါ် လျှံတက်လာကာ
ဝန်းအိမ်တွေထဲမှာ မျက်ရည်စတွေ ချက်ချင်းယိုစီးကျလာသည်။

မိုးရိပ် မိဘနှစ်ပါးကတော့ ခါတော်ကို စာနာသနားသော
ကြည့်တွေနှင့် မင်သက်ငိုင်းကြည့်နေကြသည်။

အများရှေ့မှာ ကိုယ့်ဝမ်းနည်းငိုကြွေးခြင်းတွေကို ခါတော် စိတ်
ဆိုးစွာနှင့် အခန်းထဲ ရှောင်ထွက်ပြေးဝင်ခဲ့သည်။

"ခါတော် ခါတော်"

မိုးရိပ် လှမ်းခေါ်ရင်း ခါတော်နောက် ပြေးလိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သော မိုးသဲနှင့်မိဘနှစ်ပါးလည်း တခဏ တော့ တိတ်ဆိတ်နေကြသည်။

အတန်ကြာမှ ဒေါ်ခင်မြမြ ပင့်သက်ရှိုက်ရင်း ညည့်ခန်းထဲက ထွက်ခဲ့သည်။ ရင်ထဲမှာတော့ ခါတော်မှီ မိဘတွေ လုပ်ရပ်ကြောင့် ဒေါသ စိတ်လေးတွေ တရိပ်ရိပ်တိုးနေသည်။

သူတို့ သမီးကို ကိုယ့်သားနှင့်ယှူလို့ အမွေဖြတ်လိုက်သည်တဲ့ လား။ ကိုယ်တွေ မိသားစုကို စော်ကားလိုက်တာဟု ခံစားရသည်။ သူတို့ လောက် မချမ်းသာပေမယ့် ကိုယ့်သားကလည်း ပညာမတတ် အနုတ်စုတ် ဂုတ်စုတ်တစ်ယောက်မှ မဟုတ်တာ။

အပြစ်ဆိုစရာ တစ်ခုပဲရှိသည်။ ထိုအရာက မိုးရိပ်က ဘွဲ့ရ တစ်ယောက်ဆိုပေမယ့် အခုချိန်ထိ အလုပ်တစ်ခုကို မယ်မယ်ရရ မ လုပ် သေးတာပဲ ဖြစ်သည်။

ဒါကလည်း မလုပ်ချင်လို့ မလုပ်ဘဲ နေတာတော့ မဟုတ်ပါ။ သင့်တော်သော အလုပ်မတွေ့သေးလို့သာ အလုပ်လက်မဲ့တဝ ရောက်နေ ခြင်းပါ။

အခုလို ချွေးမဘက်က အမွေပြတ် ယတိပြတ်သည်ဆိုတော့ သူမတို့ဘက်က ဘာတာဝန်ယူစရာမှ မလိုအပ်တော့ပါ။ ကိုယ့်သားရဲ့ မင်္ဂလာကိစ္စမှ တင့်တောင်းတင့်တယ် စီစဉ်ပေးဖို့ ခေါင်းခြောက်စရာမလို တော့သည့်အဖြစ်ကတောင် သက်သာသေးသည်ဟု ခပ်ရှုတ်ရှုတ် တွေးမိ





သေး၏။

ပြောမည်ဆိုလျှင် သူတို့ မိန်းကလေးရှင်ဘက်ကတောင် တင်း နေသည်ဆိုတော့ သားရှင်ဖြစ်သော သူမဘက်က ပိုလို့တင်းလို့ရသေး သည်။

သူတို့ချစ်ခြင်းတွေကို ခွဲလို့ရစတမ်းဆို ခွဲလိုက်ချင်သေးရဲ့။ သားသမီးချင်း စာနာလို့သာ။

မကျေနပ်စိတ်တွေကို သူမ အခုချိန်မှာ ပင့်သက်မောရှိုက် ချိုသိပ်ထားလိုက်မိပါသည်။

စိတ်ထဲကတော့ ခံရခက်တာတော့ အသေအချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ခါတော် မငိုပါနဲ့ တိတ်တော့ကွာ ဒီနေ့နဲ့ဆို ခါတော် ငိုနေတာ တစ်ပတ်တောင် ရှိပြီ မျက်လုံးတွေလည်း ယောင်လို့ မို့အစ်ပြီး ပိတ်တော့ မယ်နော်"

ခုတင်ထက်မှာ ဆောင့်ကြောင့်လေးထိုင်ကာ တအင့်အင့် ရှိုက်ငို နေသော ခါတော်ကို မိုးရိပ် ချော့မော့နေသည်။ ခါတော့် နံဘေးမှာ ဝင် ထိုင်ရင်း ပါးပြင်ပေါ်က မျက်ရည်တွေကို မိုးရိပ် တယုတယလေး ပွတ်သုတ်ပေးသည်။

"ခါတော် မနက်ဖြန် ကျောင်းပြန်တက်ကွာ၊ ကျောင်းမတက်တဲ့ မိုးသဲဆီက လက်ချာတွေ လိုက်ကူးနေလို့ စာအုပ်ထဲမှာ စာပြည့်သွားတာပဲ ရှိမယ်၊ ဘာမှထူးခြားလာမှာမှ မဟုတ်တာ"

"ဟင့်အင်း ခါတော် ဒီတစ်နှစ်တော့ ကျောင်းအောက်လိုက်





လောလို့ ကျောင်းတက်ရင် မြတ်သောနဲ့ တွေ့နေရမှာစိုးတယ်"

"ဟာကွာ အဲဒီကောင်နဲ့တွေ့တာ ဘာဆန်းလို့လဲ၊ ခါတော် ဘဝမှာ အဲဒီကောင်က ဘယ်လောက်တောင် အရေးပါအရာရောက်နေ သို့လဲ"

မိုးရိပ်အသံမှာ မနာလိုခြင်းတွေ မာဆတ်နေသည်။ ခါတော် ခေါင်းလေးခါပြရင်း

"အရေးပါတာပေါ့ ကိုရယ်၊ သူက ခါတော့်ဘဝမှာ သူငယ်ချင်း အရင်းအချာကြီးဆိုလည်းဟုတ်တယ်၊ မောင်နှမဆိုလည်း ဟုတ်တယ်၊ ခါတော် စိတ်မပျော်ရွှင်နေတဲ့အချိန်မှာ မလန်းဆန်းတဲ့မျက်နှာကို သူ မြင်မတွေ့စေချင်ဘူး၊ သူ ခါတော့် အခြေအနေကိုသိရင် ဖေတို့မေတို့ သိတာနဲ့ အတူတူပဲပေါ့"

မိုးရိပ် ဘာမှမပြောတော့ပေမယ့် မှုန်ကုပ်ထားသော မျက်ဝန်း တွေက ပြတင်းတံခါးဆီ လှမ်းကြည့်နေသည်။

"ဒီအချိန်မှာ ခါတော် ဖေနဲ့မေကို အရမ်းတွေ့ချင်နေတာ၊ သူ့ကိုတွေ့ရင် ခါတော် ငိုမိမှာ ကျိန်းသေတယ်"

မိုးရိပ် မျက်နှာက ခါတော့်ဘက် ပြန်လှည့်လာကာ

"ခါတော်ရယ် ခါတော့် အခြေအနေကို သူတို့ မမြင်မတွေ့စေချင် ဘူးဆိုတော့ အခုလက်ရှိ ကိုယ်တို့အိမ်မှာ ခါတော်နေနေတာလေ၊ ခါတော် ဆို့ အနေဆင်းရဲ အစားဆင်းရဲနဲ့ ငတ်ပြတ်နေလို့လား၊ ခါတော် ...က



www.burmeseclassic.com

အီသီယိုးပီးယားမလေးတွေလို ပိန်လှီခြောက်ကပ်နေလို့လား အပြင်
ယောက်ျားရပြီးမှ ပိုတောင် လှလာသေးတယ်၊ နောက်ဆို ကလေးမွေးပြီး
ပိုတောင်လှလာဦးမယ်၊ တစ်သားမွေး တစ်သွေးလှဆိုသလိုလေ''

ခါတော်ရဲ့ သောကပူမျက်နှာလေးက မိုးရိပ် စကားတွေကြောင့်
ရှက်သွေးရိုပ်လေး လွှမ်းခြုံသွားခဲ့၏။

''ကိုနော် ဘာတွေလျှောက်ပြောနေတာလဲ''

''လျှောက်မပြောပါဘူး ထိုင်ပြောနေတာပါ၊ ကိုယ့်မိန်းမ
ကိုယ့်မျက်စိထဲမှာ တကယ့် နတ်မိမယ်လေး''

ဘာမှ လိမ်းခြယ်မထားသော ခါတော့်မျက်နှာလေးကို ရှုရှုမ
နစ် စိုက်ကြည့်ကာ မိုးရိပ် ဆိုတော့ ခါတော် ကြည်နူးချမ်းမြေ့ရပြန်သည်

ချစ်သူ၏အပြုံး၊ ချစ်သူ့အနမ်းတွေနှင့် ပြည့်နှက်နေသော
ရင်ခွင်ကျယ်က ဒီအချိန်မှာ ခါတော်ရဲ့ အားကိုး ခိုဝင်စရာ ကမ္ဘာသ
ကလေးပါပဲ။

ထိုကမ္ဘာသစ်ကလေးထဲမှာ အနာဂတ်အတွက် အင်အားဖြစ်စေ
မည့် မေတ္တာတရားတွေ၊ ကြင်နာခြင်းတွေ ပျော်ဝင်နေခဲ့သည်။

ကို့ရဲ့ ကြင်နာရှိန်းမြသော အနမ်းတွေအောက်မှာ မှိန်းမှော
ပြန်တော့ ခါတော့် ပူပန်သောကတွေမေ့ကာ မိန်းမောသာယာနေပြန်
''ဒေါက် ဒေါက် ဒေါက်''

အခန်းတံခါးခေါက်သံကြောင့် ချစ်သူ ရင်ခွင်မှာ ခိုဝင်နေမိသော





ခါတော် ကိုယ်လေး ဆတ်ခနဲ ရုန်းထွက်လိုက်မိသည်။

''မိုးသဲ ပြန်လာပြီထင်တယ် ကို''

ခါတော် ပြောရင်း ခုတင်ထက်မှ ခပ်သွက်သွက် ဆင်းလိုက်
သည်။ အခန်းတံခါးဆီသို့သွားကာ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ဖွင့်ပေး
လိုက်သည်။

မိုးသဲ ပြုံးဖြီးဖြီးမျက်နှာလေးနှင့် အခန်းဝမှာ ရပ်နေ၏။

''မိန်းမ ငါ ကျောင်းက ပြန်လာတာ ကြာပြီ၊ သူ့ဘာသာသူ
ဖလိုက်တာသိ ထွက်လာမလားလို့ စောင့်နေတာ မလာတဲ့အဆုံး လာ
တံခါးခေါက်ခေါ်ရတယ် ဟွန်း''

မချိုမချဉ်ဖြင့် နှုတ်ခမ်းလေး စူပွပွပြောနေသော မိုးသဲကို ကြည့်
ပြီး ခါတော် ရယ်မိ၏။

''အဟင်း မဟုတ်ပါဘူးဟယ်၊ ငါ ညစ်နေတာနဲ့ အခန်းထဲမှာ
ခွေနေတာပါ''

''နေပါ ခုမှ အရှက်ပြေ လာပြောမနေပါနဲ့''

''ဟဲ့ ကိုယ့်အစ်မကို ဒီလို ပြောစရာလား''

မိုးသဲ လက်မောင်းကို ဖတ်ခနဲ ရိုက်ပြီး ခါတော် တကယ့်
အစ်မကြီးလေသံနှင့် ပြောလိုက်တော့ မိုးသဲ မျက်လုံးလေးပြူး ခါးလေး
ထောက်ကြည့်သည်။

''ဘာ ဘယ်လို အစ်မ ဟုတ်လား၊ တော် တော် အစ်မပုပ်ချင်

www.burmeseclassic.com



တယ်ပေါ့''

''မဟုတ်လို့လား နှင့်အစ်ကိုကို ငါယူလိုက်တဲ့အတွက် ငါက

နှင့်အစ်မလေး၊ ငါက နှင့်ထက် ဝါကြီးသွားပြီ နားလည်လား ဒါကြောင့်

ရှိရှိသေသေ ဆက်ဆံ''

''အံမယ် အံမယ်''

''ဟော့ အံမယ်တွေ အော့မယ်တွေ လုပ်မနေနဲ့၊ ဒီအချိန်မှာ

ငါ့မိန်းမက နှင့်ထက် ဝါကြီးသွားပြီ မိုးသဲ၊ ဒါကြောင့် နင် ရှိရှိသေသေ

ဆက်ဆံ''

မိုးရိုပ်ကပါ ခုတင်ထက်မှာ ခြေချိတ်ကာ ပက်လက်အိပ်နေရင်း

လှမ်းပြောသည်။

မိုးသဲက အစ်ကိုဖြစ်သူကို မျက်စောင်းလေးထိုးကာ ခါတော်

လက်ကိုဆွဲကာ အခန်းအပြင် ခေါ်ခဲ့သည်။ ခါတော် မိုးသဲ ခေါ်ရာနောက်

ကို ပြုံးပြုံးလေးလိုက်ခဲ့၏။

''မိုးသဲ နင်ဒီနေ့ အူမြူးနေသလိုပဲ၊ ဘာလဲ ကျောင်းမှာ တစ်

ယောက်ယောက်က ရည်းစားစကား ပြောလိုက်လို့လား''

ခါတော် မိုးသဲ မျက်နှာလေးကို ကြည့်ကာ တမင်ရွဲ့မေးလိုက်

သည်။ မိုးသဲ မျက်နှာလေး အပြုံးမပျက်ဘဲ

''ဘယ်ကလာ ရည်းစားစကား လိုက်ပြောခံရရင်တောင် ငါ့စိတ်

တွေက ဒီလောက် လှုပ်ရှားမှာ မဟုတ်ဘူး''





''ဒါဆို ဘာဖြစ်လာတာလဲ''

''ဒီနေ့ ငါ့ဆီကို ဘယ်သူလာလဲ၊ သိလား ယောင်းမ''

''နင် ပြောမှသိမှာပေါ့ဟဲ့၊ ငါက ဘယ်လို သိမှာလဲ''

''အေး ဟုတ်သားပဲ အဟီး ဒီနေ့ ငါ့ဆီကို တော်ဝင်မင်းသား

လေး လာတယ်၊ ငါနဲ့စကားတွေ အကြာကြီး ပြောတယ်၊ ဒီနေ့ သူ

ယ်ကျွေးတဲ့ မြီးရှည်စားရတာ အရမ်းအရသာရှိတယ်၊ ငါ စားခဲ့သမျှ

ရှည်တွေထဲမှာ ဒီနေ့စားရတာလောက် အရသာ မရှိခဲ့ဘူး။ အဟီး

သူ အိမ်သာတောင် မဝင်တော့ဘူး၊ အော့ထားမယ် ပြန်ထုတ်လိုက်ရမှာ

းလို့''

မိုးသဲက နာမည်နှင့် လိုက်အောင် သည်းသည်းလှုပ် ပိုပြနေသ

ြင့် ခါတော် မျက်ဝန်းနက်လေး ထောင့်ကပ်ပြီး နှုတ်ခမ်းလေး တွန့်မဲ့

ဆ်လိုက်၏။

''တော်တော် ညစ်ပတ်တဲ့ မိန်းမ၊ နင့်တော်ဝင်မင်းသားက

ဘယ်သူလဲ၊ တွေ့သမျှကောင်ကို တော်ဝင်မင်းသား ပြောနေတော့တာပဲ''

''ဟဲ့ ဒီတော်ဝင်မင်းသားက ဘယ်သူလို့ ထင်လို့လဲ''

''မသိဘူး စိတ်မဝင်စားဘူး''

''စိတ်မဝင်စားလို့ မရဘူး၊ ငါ့ရဲ့ မြတ်သောသူလေးကို ပြောတာ

ပေါ့ဟဲ့၊ နင်က ငါ့အစ်ကိုနဲ့ယူလိုက်ပြီဆိုတော့ မြတ်သောက ငါ့အတွက်

ဖြစ်သွားပြီ ဟီး ဟီး''



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သော နှင့်ဆီကိုလာတယ် ဟုတ်လား မိုးသဲ"

"ဟုတ်တယ် ငါတို့နှစ်ယောက် ကန်တင်းမှာ တွေ့ကြတယ် ဒီနေ့ ပိုးအိက ကျောင်းမလာတော့ ပိုပြီးတောင် လွတ်လပ်သွားတယ်"

"သူ သူက ဘာလာလုပ်တာလဲဟင်၊ ငါ့မိဘတွေအကြောင်း ပြောသေးလားဟင်"

မြတ်သောနှင့် တွေ့သည်ဆိုတာကြောင့် ခါတော် သိချင်စိတ် လေးနှင့် ကသော်ကမျောလေး မေးမိသည်။ မိုးသဲ မျက်နှာလေး ညှိုးသွား ခဲ့တာ အထင်အရှား။

"နှင့်မိဘတွေက အခုအထိ နှင့်ကို တင်းနေတုန်းတဲ့ အမေပြော ကြော်ငြာက စိတ်ဆိုးတုန်း ထည့်လိုက်တာမို့ နှင့်စိတ်ထဲ ဘာမှ မခံစား ပါနဲ့တဲ့၊ နောက်ပြီး နှင် ပြန်ပို့လိုက်တဲ့ ကားနဲ့ဖုန်းကိုလည်း နှင့်မိဘတွေ မကြည့်ချင်ဘူးဆိုလို့ သူ့အိမ်မှာ ထားထားတယ်တဲ့၊ အဲဒါ နှင် ပြန်ယူ ထားဖို့ လာပြောတာ"

ခါတော် ရင်ထဲမကောင်း ဖြစ်သွား၏။ ဖေနှင့်မေတို့ ဒေါသတွေ က သူမအပေါ် ပြေရခက်မှာတော့ သိနေပြီးသားပါ။

"ဟင့်အင်း ငါ မယူချင်ပါဘူးဟာ၊ နောက်ပြီး ငါ့ကို ဘာပြော သေးလဲ"

"နှင် ငါတို့အိမ်မှာနေရတာ အဆင်ပြေရဲ့လား၊ ပျော်ရဲ့လား မိုးရိပ်ကကော ကြင်နာရဲ့လား နှင်က အစားအသောက် ဂျီးများလို့တဲ့





ငါတို့အိမ်မှာ စားတာသောက်တာ အဆင်ပြေရဲ့လား၊ အို စုံနေတာပဲ၊ နှင် ကြိုက်တဲ့ဒိုးနပ်တွေလည်း ဝယ်ပေးလိုက်တယ်"

ခါတော် ရင်ထဲမှာ မြတ်သော ဂရုစိုက်မှုတွေအတွက် ကျေးဇူး တွေ အခါခါ တင်နေမိသည်။

သူ့အနားက ထွက်ခွာသွားခဲ့တာတောင်မှ သူ့ဂရုစိုက်မှုတွေက လျော့ပါးသေးပါ။ ခါတော့်အပေါ် မြတ်သောရဲ့ မေတ္တာ စေတနာတွေက နိုင်မာလေးနက်လွန်းလိုက်တာ။

မြတ်သောရယ် နှင့်ရဲ့မေတ္တာတရားတွေက ငါနဲ့မှ မထိုက်တန် တော့တာ။ ငါ့မိဘတွေနဲ့အတူ နှင်ပါ ငါ့ကို ဥပေက္ခာပြုထားလိုက်ပါတော့ လား။

ဒါမှ နှင့်အပေါ် ငါ တရားမျှတမယ်ထင်တယ် မြတ်သောရယ်။ ငါလေ ဖေနဲ့မေကိုရော နှင့်ကိုပါ လွမ်းတယ် မြတ်သော။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

BURMESE CLASSIC .com

ဒီနေ့ ခါတော်နှင့်မိုးရိပ်တို့အတွက် မင်္ဂလာဆွမ်းကျွေးဖြစ်ခဲ့သည်။ ယောက္ခမက မိုးရိပ်နှင့်သူတို့မိသားစုဂုဏ်သိက္ခာအတွက် မင်္ဂလာဦးဆွမ်းကျွေးလေးကို အိမ်မှာပဲ အကျဉ်းချုံးလုပ်ပေးသည်။

ထိုမင်္ဂလာပွဲအတွက် မြတ်သော တစ်ယောက်တည်း ဖွဲ့သော လက်ဖွဲ့ငွေကပဲ ငါးသိန်းဖြစ်သည်။ သူကိုယ်တိုင် မလာပေမယ့် ဂျွန်တို့နှင့် ဖွဲ့လိုက်ခြင်း ဖြစ်၏။

မိုးရိပ်တို့ အသိုင်းအဝိုင်းဘက်က လက်ဖွဲ့ငွေနှင့်ပေါင်းလျှင် ဆယ်သိန်းကျော်လောက် ရလိုက်သည်။ ဒါတောင် ပစ္စည်းလက်ဖွဲ့တွေက မပါသေး။

ယောက္ခမကြီး ဒေါ်ခင်မြတ်မေ၏မျက်နှာက လက်ဖွဲ့ငွေတွေကို ကြည့်ကာ ချောကလက်တစ်တောင့်လို ချိုအီနေသည်။





"တော်သေးတာပေါ့ သမီးရယ်၊ ဒီမင်္ဂလာပွဲလေးကို ဆန္ဒရှိလို့သာ မဖြစ်မနေ လုပ်ပေးလိုက်တာ၊ မေမေတို့မှာ ငွေကြေးက သိပ်ပိုလျှံသာ မဟုတ်ဘူး၊ အခုတော့ ကုန်ထားတာလေးတွေ ပြန်ရလို့ တော်ပါသေးရဲ့ကွယ်"

"ခါတော် ဒီအိမ်ရာခင်းကြီးက လှလိုက်တာဟယ်၊ တော်တော်ဈေးကြီးမယ့်ပုံပဲ အဟီး ငါ့ကို ပေးပါလား"

မိုးသဲ လက်ဖွဲ့ပစ္စည်းတွေကို ရွေးထုတ်ကြည့်ကာ နောက်ပြောင်သည်။ ဒေါ်ခင်မြတ်မေက

"သမီးမိုးသဲ အဲဒါ အသာထား၊ ဒီပါကင်တွေကို ဖြုတ်ပြီးကော့စ်ထဲက ပစ္စည်းတွေထုတ်၊ မီးဖိုခန်း ကြောင်အိမ်အောက်ဆင့်ထဲ သင့်တာပို့၊ ထုတ်သုံးသင့်တာတွေ ထုတ်သုံးတော့၊ အခု ဒီလက်ဖွဲ့ရတဲ့ ပစ္စည်းတွေ အစားထိုးပြီး ပြန်ထည့်လိုက်"

ဒေါ်မြတ်မေ သူ့လောဘနှင့်သူ ခါတော်တို့ လက်ဖွဲ့ရသည့် ပစ္စည်းတွေကို သူတို့ ရှိုးကေ့စ်ဗီရိုထဲ အတင်းထည့်နိုင်းနေသည်။ မိုးသဲက သူ့အမေကြောင့် ခါတော်ကို အားနာသော အကြည့်တွေနှင့် လှမ်းကြည့်ရင်း

"မေမေကလည်း ဒီပစ္စည်းတွေက ကိုကိုနဲ့ ခါတော်တို့ လက်ဖွဲ့ပစ္စည်းတွေပဲဟာ၊ ထားလိုက်ပါ မေမေရယ်"

"ဟဲ့ ထားလို့ ရမလား၊ ဒီလောက် အိမ်ခန်းက ကျဉ်းကကျဉ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ ဘယ်နားသွားထားမလဲ''

''ခုတင်အောက်တွေထဲ ထည့်ထားလိုက်ပေါ့ မေမေရယ်''

မိုးသဲ စကားကို မိခင်ဖြစ်သူ မကျေနပ်သလို မျက်မှောင်ကြီး ကုပ်ကြည့်နေတာမို့ ခါတော် မနေနိုင်တော့ပါ။

''ဟို ရပါတယ် မိုးသဲရယ်၊ ရှိုးကေ့စ်ထဲပဲ ထည့်ထားလိုက်ပါ။ ခါတော်တို့ မင်္ဂလာလက်ဖွဲ့ဆိုပေမယ့်လည်း မေမေတို့လည်း ပိုင်တာပဲဟာ''

''အလကား သမီး၊ ချွေးက သိတတ်သေးတယ်''

''ဒါဆို ဒီထမင်းပေါင်းအိုးတွေ၊ ရေပူရေအေးစက်တွေကကော ဘာလုပ်မှာလဲ၊ ဆိုင်ပြန်သွားသွင်းမလား၊ မေမေ့အတွက် ဈေးဖိုးရတာ ပေါ့''

မိုးသဲ မိခင်ဖြစ်သူရဲ့လောဘကို အရွဲ့တိုက်ပြီး အရောင်တင်ပေးတာကို ဒေါ်ခင်မြတ်မေကလည်း ခပ်ရွဲ့ရွဲ့တုံ့ပြန်၏။

''အေး ပေါင်းအိုးက ငါးလုံးတောင်မှ လျှပ်စစ်ဒယ်အိုးက သုံးလုံး၊ မီးပူတွေရော မလိုအပ်တာတွေကို မေမေ့ရုံးမှာ လပေးစနစ်နဲ့ ပြန်ရောင်းလိုက်မယ်လေ၊ ရေပူရေအေးစက်က အိမ်မှာသုံးလို့ ရတာပဲ ထားလိုက်ပေါ့''

''ဟာ မေမေကလည်း ဒီပစ္စည်းတွေကို မေမေ့ရုံးမှာ ဘာလို့ ရောင်းရမှာလဲ၊ ဒါ ကျွန်တော်တို့ ပစ္စည်းလေ၊ နောက်ပြီး လူမြင်လို့လည်း မကောင်းပါဘူး မေမေရာ၊ ခါတော့်ကို အားနာဖို့ကောင်းပါတယ်''





မိုးရိပ် ရေချိုးခန်းထဲက ဆံပင်တွေကို သဘက်နှင့် သုတ်ထွက် လာရင်း ဝင်ပြောသည်။

ဒေါ်ခင်မြတ်မေ မျက်နှာကြီး သိသိသာသာ ပျက်သွား၏။

''ဒီလောက် အများကြီးကို ဘာလုပ်မှာလဲကွယ်၊ ပိုနေတဲ့ ပစ္စည်း ကို ရောင်းလိုက်တော့ အပိုငွေလေး ရတာပေါ့၊ ဒီမင်္ဂလာပွဲအတွက် မေမေတို့ ပိုက်ဆံ ဘယ်လောက်ကုန်သွားလဲ သား သိတယ်နော်''

''အင်းလေ သား သိတာပဲ ဒါကြောင့် လက်ဖွဲ့ငွေ ဆယ်သိန်း ကို မေမေတို့ယူထားပြီးပြီပဲ၊ ဒီပစ္စည်းလေးတွေကိုတော့ သားတို့ မင်္ဂလာဦး အမှတ်တရတွေအဖြစ် သိမ်းထားပါ မေမေရာ''

ခါတော့်ရှေ့မှာ သားအမိနှစ်ယောက် အခြေအတင် ဖြစ်နေတော့ ခါတော် နေလို့ မရတော့တာမို့

''ကို ဘာလို့ မေမေ့ကို တားနေရတာလဲ၊ ဒီပစ္စည်းတွေ ဒီ လောက်အများကြီးမလိုမှ မလိုအပ်တာ၊ ပိုနေတာတွေ ရောင်းမယ့် မေမေ့ ဆန္ဒကို လိုက်လျောလိုက်ပါ''

''ကျွတ် ခါတော်တို့က ခက်တယ်၊ ခါတော်က အမှတ်တရဆို တာ မရှိစေချင်ပေမယ့် ကိုယ်ကတော့ ခါတော်နဲ့ပတ်သက်ရင် အမှတ်တရ တွေအဖြစ် ရှိနေစေချင်တယ်''

''အင်းလေ ခါတော်တို့က မလွယ်ဘူး''

မိုးရိပ်စကားကို ထောက်ခံပြီး ခါတော်ကို စူပွပွပြောကာ မိုးသဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခန်းထဲ လှမ်းဝင်သွား၏။

မိုးရိပ်အကြည့်တွေက ခါတော့်ကို သဘောကောင်းလွန်းသည်ဟု သော အကြည့်နှင့် ဘုကြည့်ကြည့်နေ၏။ ခါတော် မြင်သိပေမယ့် တမင် မမြင်သလို ဟန်ဆောင်နေလိုက်သည်။

တကယ်ဆို ရောက်ခါစကနှင့် ပုံစံမတူချင်တော့တာ ယောက္ခမ ၏ဆက်ဆံမှုတွေနှင့် အလိုရမ္မက်ကြီးခြင်းတွေကို ခါတော်လည်း သိနေပါ သည်။ ဒါပေမဲ့ ခါတော် ယောက္ခမတွေ အရိပ်ကိုကြည့်ကာ နေထိုင် ဆက်ဆံတတ်ခဲ့ပါသည်။

တကယ်ဆို ဒီနေ့ မင်္ဂလာဆွမ်းကျွေးအတွက် ခါတော့်လက် မှာ ဝတ်ထားသော စိန်လက်စွပ်လေးတွေထဲက တစ်ကွင်းကို ချွတ်ပေး လိုက်ရတာ ဖြစ်သည်။

ထိုစိန်လက်စွပ်ကလေး ရောင်းရငွေဖြင့် ဧည့်ခံပွဲလေး ဖြစ်တည် ခဲ့ခြင်းဆိုတာ ခါတော်နှင့် ဒေါ်ခင်မြတ်မေတို့နှစ်ဦးပဲ သိပါသည်။

ဒေါ်ခင်မြတ်မေလည်း မိုးရိပ်နှင့်မိုးသဲကို မပြောရန် ခါတော့်ကို ကြိုပိတ်ထားတာမို့ ခါတော် မပြောခဲ့ပါ။

နောက်တစ်လလောက်ကြာလျှင် ခါတော့်ကို စိန်လက်စွပ်ရောင်း ရငွေ ပြန်ပေးမည်ဟု ပြောပေမယ့် ခါတော် မမျှော်လင့်တော့ပါ။

နှစ်လနီးပါးဆိုသော အချိန်ကာလတစ်ခုသည် ယောက္ခမ ဒေါ်ခင်မြတ်မေ၏စိတ်ရင်းကို အကောင်းဆုံး ဖတ်တတ်ဖို့ လုံလောက်သော





[illegible]ချိန်ဖြစ်ခဲ့သည်ဆိုတာတော့ ခါတော် အသိဆုံးဖြစ်သည်။

ဒါတွေကို ခံစားရတိုင်း ဖေနှင့်မေကို ခါတော် သတိရ မျက်ရည် [illegible]ပါသည်။ ဖေနဲ့မေရဲ့ မေတ္တာတွေ ကြီးမားလေးနက်ခဲ့တာကို မိဘ [illegible]ငွေ့နှင့်ဝေးမှ ခါတော် သိခဲ့ရပြီ။

''ကဲ ခါတော် သမီးလည်းပင်ပန်းနေပြီ၊ သွားနားတော့နော် [illegible]ည်းတွေကို မေမေ သိမ်းလိုက်ပါ့မယ်''

ဒေါ်ခင်မြတ်မေ စကားသံကြားမှ ခါတော်ရဲ့ အိမ်လွှမ်းနေသော [illegible]လွှမ်းတွေ ရပ်တန့်သွားခဲ့သည်။

''ဟုတ်ကဲ့ မေမေ''

ခါတော် အခန်းထဲ ဝင်ခဲ့သည်။ မိုးရိပ်က မိခင်ကို စိတ်ဆိုး [illegible]လို့နှင့် အဝတ်အစားတွေလဲ အပြင်ထွက်သွားတာမို့ ခါတော် တစ် [illegible]ယောက်တည်း။

ခါတော် ပင့်သက်လေး ရှိုက်မိသည်။

ခါတော့်ရင်ထဲမှာ ဒီအိမ်မှာ နေနေရတာ မပျော်တော့တာတော့ [illegible]န်ပဲဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မေမေ့ရဲ့ မောနင်းစာက ဒါလေးပဲလားဗျာ မမိုက်ပါဘူ

စားပွဲပေါ်မှာ ရှိနေသော ကော်ဖီတစ်ခွက်စီနှင့် အီကြာ

တစ်ချောင်းစီကို ကြည့်ပြီး မိုးရိပ် ညည်းသည်။ မိုးသဲ မျက်နှာလေ

လည်း အလိုမကျသလို ရှုပုပ်ပုပ်လေး ဖြစ်နေ၏။

"အင်းလေ မေမေကလည်း စားရမှာ မဂွတ်လိုက်တာ"

မိုးသဲ နှုတ်ကလည်း ရေရွတ်နေ၏။ ခါတော်ကတော့

စောဒက မတက်ဖြစ်ပါ။ ဒါ ခါတော်ရဲ့ မိဘအိမ် မဟုတ်ဘူးဆို

အသိစိတ်က ရင်ထဲမှာ ရှိနေသည်။

"ဟော့ မမိုက်လည်း စား၊ မဂွတ်လည်း စားကြ ကျေးဇူးရှ

ရဲ့၊ အိမ်တစ်အိမ်ရဲ့ တစ်လတာ ကုန်ကျစရိတ်က ဘယ်လောက်ကြီး





ဆိုတာ မင်းတို့လည်း အသိ၊ အိမ်မှာ မိသားစုငါးယောက်ရှိရင် ဘူ့ ၄ ဃး ယောက်က ဝင်ငွေရှိမှ ချောင်လည်မှာပေါ့၊ ခုဟာက ဒီဖအေ ဒီမမွေးမာရဲ့ လုပ်စာကိုပဲ အခန့်သား ထိုင်စားနေကြပြီးတော့ မိဘကျွေးတာကို ကျိုးများမနေကြနဲ့"

"ဟား မိုးတောင် စင်စင်မလင်းသေးဘူး၊ မေမေတို့က ဇော်ကီတွေ စလွှက်နေပြီ"

မိုးရိပ် မကြားတကြား ပြောရင်း ကော်ဖီခွက်ပေါ်မှာ ကန့်လန့်ဖြတ်တင်ထားသော အီကြာကွေးကို နှစ်ခြမ်းဆွဲခွာလိုက်ပြီး မစားချင်စားချင်နှင့်စားနေသည်။

"ဟဲ့ မင်းက ဘာပြောတာလဲ"

"ဟုတ်တယ်လေ သားလည်း အလုပ်ရှာနေတာပဲ မေမေရာ၊ နေ့တောင် အီလက်ထရောနစ် ကုမ္ပဏီတစ်ခုမှာ အင်တာဗျူးသွားဝင်မှာ သားအတွက် အိုကေဖို့က သေချာပါတယ်"

"ရပါစေတော် ရပါစေ ဒါမှ ကျုပ်တို့လည်း အသက်ရှူပေါက်သား ချောင်မှာ"

မိခင်ဖြစ်သူ၏ ခပ်ငေါ့ငေါ့ ဆုတောင်းကြောင့် ပခုံးကျုံ့ကာ ကော်ဖီကျဲကျဲကို အရသာမခံဘဲ မော့သောက်ပြီး ရယ်နေ၏။

မိုးသဲကတော့ မျက်နှာကြီး ရှုံ့မဲ့လျက် ကော်ဖီကို မသောက်ချင်သောက်ချင်နှင့် ဖိမ်ဆွဲသောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



''သြော် ဒါနဲ့ မင်း အင်တာဗျူးကိစ္စက ဘယ်အချိန်သွားမှာလဲ''

''မေမေ ဘာခိုင်းမလို့လဲ''

''အပြန်ကျရင် မနိုင်တို့အိမ်ကို ဝင်ခိုင်းမလို့''

မိုးရိပ် မျက်နှာကြီး ရှုံ့မဲ့ နှာခေါင်းကိုရှုံ့ပစ်ရင်း

''ဘာလုပ်မလို့လဲဗျာ သားကို အာရကေဈေးခိုင်းဦးမလို့လား မသွားချင်ဘူး မေမေရာ''

''ဟဲ့ ကျေးဇူးရှင်ရဲ့ ကျုပ်က ပြောပြီးဆိုပြီးသားပါ၊ နှင့်ပါး နဲ့ပြေစရာ မလိုပါဘူး၊ သွားပေးရုံပဲ၊ ဟိုက ငွေပေးလိုက်တာ ယူလာရုံ''

''ဘယ်လောက်လဲ မေမေ''

''နှစ်သိန်းထဲ မများဘူး''

''မေမေတို့ကလည်းဗျာ သားမိန်းမရှေ့မှာ စိတ်မကောင်းအော ပြောနေပြန်ပါပြီဗျာ''

မိုးရိပ် ခါတော်ကို အားနာရှက်ရွံ့သော မျက်ဝန်းတွေနှင့် လှ ကြည့်ကာ မိခင်ဖြစ်သူကို ကျွတ်ဆတ်ဆတ် ပြန်ပြောသည်။

''အို သူလည်း မိသားစုဝင်ဖြစ်နေပြီပဲ၊ ဒီအိမ်ရဲ့အကျပ်အတည်း ကို သိတော့ကော ဘာဖြစ်မှာမို့လဲ''

''တော်ပါတော့ မေမေရာ၊ ဒီမှာ သမီးတောင် စားရတာ မကျတော့ဘူး၊ အဲ့ကြာကွေး အတော့်လိုက်က လည်ချောင်းထဲမှာ နင် ပြီ''





မိုးသဲက သူ့ရင်ဘတ်ကို ဘုန်းခနဲထုပြီး ဝင်ပြောသည်။ ငြိမ်သက်စွာ နားထောင်နေသည့် ခါတော် မနေတတ်တော့ပါ။ ကိုယ့်ရှေ့ ထားပြီး မိသားစုတွေ စကားလုံးတိုက်ပွဲ ပြင်းထန်လာမှာ မလိုလားပါ။

''ဟို ဒီလိုလုပ်ပါလား မေမေ၊ ဟိုလေ ကို သွားယူမယ့်အိမ်က ကိစ်ဆံကို မယူဘဲ မေမေလိုတဲ့ငွေအတွက် သမီးမှာရှိတဲ့ ပစ္စည်းတစ်ခု ကို ရောင်းသုံးလိုက်ပါလားဟင်''

ဒေါ်ခင်မြတ်မေ မျက်နှာ စူပုပ်တင်းမာနေရာမှ ပုတ်သင်ညို အကောင်လို ချက်ချင်း အရောင်ပြောင်းသွားသည်။

''အမလေးနော် ချွေးမကာမှ သမီးရင်းလို မိဘရဲ့အခြေအနေကို နားလည်နိုင်စွမ်းရှိသေးတယ်၊ ငါ့မှာ သားသမီးကံမကောင်းပေမယ့် ချွေးမ ကံက ကောင်းနေလို့ တော်သေးတာပေါ့''

''ခါတော် မင်းတော်တော်ရှည်တာပဲကွာ၊ ဘာကြောင့် ကိုယ့် သားစုကြားထဲမှာ ဟီးရိုးဝင်လုပ်နေရတာလဲ''

မိုးရိပ် အပြစ်တင်သလို ပြောတော့ ခါတော် ရင့်ကျက်တည်ငြိမ် ပဲ ပြုံးပြလိုက်ရင်း

''ဟီးရိုးလုပ်တာလည်း ဘယ်ဟုတ်မလဲ ကိုရယ်၊ မိသားစု ရေးဒုက္ခနဲ့ ကြုံလာရင် ဒီလိုပဲ တက်ညီလက်ညီ ဖြေရှင်းကြမှ အခက် ခဲတွေ လွယ်လွယ်နဲ့ ပြီးမြောက်သွားမှာပေါ့''

မိုးသဲကတော့ ခါတော့်ကိုကြည့်ကာ စိတ်ပျက်သလို ခေါင်းငေး



www.burmeseclassic.com

www.burmeseclassic.com



တခါခါလုပ်နေသည်။ တကယ်ဆို ကိုယ့်မိခင်အကြောင်း မိုးသဲလည်း သိရှာမှာပဲ ဖြစ်သည်။

မိုးသဲ အကြည့်တွေက မိုးရိပ်ဆီကိုပဲ ရောက်သွားခဲ့ကာ

''ကိုကိုတို့လည်း ဒီအတိုင်းပဲ မိဘအိမ်ကပ်နေပြီး အချိန်နဲ့အမျှ လိုက်မျှောနေတော့မှာလား။ အလုပ်ကလေးဘာလေး လုပ်ပြီး အိမ်ခွဲနေဖို့ စဉ်းစားပါဦး''

''ဘာ ဘယ်လို''

''ဟုတ်တယ်လေ ကိုကို မိန်းမယူပြီးမှ ညီမလေး အိမ်ရှေ့ခန်း ထွက်အိပ်နေရတာ ယုံးဝမဖိုက်ဘူး။ ကိုကို့ညီမက အပျိုလေးဆိုတာလည်း နည်းနည်းငဲ့ပါဦး''

မိုးသဲ ဒေါသတွေနှင့် ပေါက်ကွဲနေတော့ ခါတော်လည်း နှုတ် လေးဆိတ်ကာ နေလိုက်မိသည်။

''ကိုကိုတို့ ဒီမှာဆက်နေရင် ခါတော်လည်း နေရကိုင်ရတာ စိတ်ကျဉ်းကျပ်မှာပဲ၊ ကိုကို့ကို ချစ်လွန်းလို့သာ ဒီလို အိမ်မျိုးမှာ ကြိတ် မှိတ်ပြီး လာနေနေရတာ မိုးသဲ အသိဆုံး''

မိုးသဲ စကားတွေ ကျွံထွက်လာတော့ ဒေါ်ခင်မြတ်မေ ကြားက ဝင်ဟန့်တားသည်။

''ဟဲ့ မိသဲသဲ ရှိတာမှ ဒီမိသားစုလေးပဲ ရှိတာ၊ နင့်အဖေက တာဝန်နဲ့ မကြာခဏ နယ်ထွက်နေရတာလေ၊ ညည်းအစ်ကိုကို အိမ်ခွဲ





…နိုင်းလို့ ဖြစ်မလား။ သူသာ အိမ်ခွဲဆင်းသွားရင် ယောကျ်ားသား …တဲ့အိမ် ဘယ်လိုလုပ်ပြီး လုံခြုံမှာလဲ''

''ကျွတ် မသိဘူးကွာ သမီး အိပ်ရတာ အရမ်းစိတ်ကျဉ်းကျပ် …လို့ ညညဆို အိပ်လို့တောင် မပျော်ဘူး၊ ကိုကိုသာ အိမ်ခွဲမဆင်းဘူး …င် သမီးလည်း ဒီအိမ်မှာ အအိပ်ဆင်းရဲလို့ ယောကျ်ား အမြန်ယူ …မယ်''

မိုးသဲ ပါးစပ်ထဲ တွေ့ကရာ လျှောက်ပြောပြီး ကော်ဖီဝိုင်းက …ွက်သွားသည်။ ခါတော့်မှာ အနေရအထိုင်ရခက်နှင့် မိုးသဲ ထွက်သွား …ရန်တာလေးဆီ လိုက်ခဲ့မိသည်။

ခါတော် လိုက်လာတာ မြင်သော မိုးသဲက ခါတော့်ကို အားနာ … မျက်ဝန်းတွေနှင့်ကြည့်ကာ အပြုံးဖျော့ဖျော့လေးနှင့် ဆီးကြိုသည်။

''ခါတော် နင် ငါပြောတာတွေ စိတ်ဆိုးလား၊ ငါ စိတ်ထဲပါလို့ …တာ မဟုတ်ပါဘူးဟာ၊ နင့်အတွက် ပြောတာပါ၊ ဒီအိမ်မှာ နေနေ …တော့ ကိုကိုလည်း မိဘအရိပ်နဲ့လှေကြုံလိုက်နေဦးမှာပဲ၊ နောက်ပြီး …ို ငါ သနားတယ် ခါတော်၊ ဒုက္ခခံပြီး ငါတို့ အိမ်လေးမှာ လာနေရ …ိုလည်း အရမ်းအားနာတယ်၊ တကယ်တော့ ငါ့အတွက် နင်ရောက် …ို့ အိပ်ရာနေရာဖယ်ပေးလိုက်ရတယ်ဆိုတာ ဘာမှမပြောပလောက် …ွပဲ၊ ငါတစ်သက်လုံး ဒီည္ဘခန်းထဲမှာ အိပ်ဆိုလည်း ဖြစ်တယ်''

မျက်နှာငယ်လေးနှင့် ရှင်းပြနေသော မိုးသဲကိုကြည့်ပြီး ခါတော်



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွလေး ပြုံးမိသည်။

"ငါ နားလည်ပါတယ် မိုးသဲရယ်၊ နင် ဘယ်လိုပုံစံနဲ့ ပြောပြော ငါ စိတ်မဆိုးပါဘူး၊ ငါလည်း တခြားနေရာမှာ အိမ်လေးတစ်လုံးလော ရှာနေချင်တဲ့စိတ်လေး ဖြစ်မိပါတယ်၊ ဒါပေမဲ့ နှုတ်က ပြောမထွက်လို့"

"ဟင် ဒါဆို ငါ့ဆန္ဒနဲ့ နင့်ဆန္ဒ တထပ်တည်းကျတာပေါ့"

"ဟုတ်တယ် မေမေသာ ခွင့်ပြုမယ်ဆိုရင် ငါ အိမ်ခွဲနေကြည့် ချင်တယ်"

"အိုကေ မေမေ့ကိစ္စ ငါ့တာဝန်ထား၊ ငါ့အခန်းကို ငါ ပြန်ငှ ချင်တယ်ဆိုပြီး ဂျီကျလိုက်ရင် အလွန်အကျွံ နှစ်ပတ်ပေါ့ဟယ်၊ မေမေ စိတ်တွေရှုပ်ပြီး နင်တို့လင်မယားကို အိမ်ခွဲပေးမှာပါ"

"ဒါဆိုလည်း ငါတို့ကို အမြင်မကြည်တဲ့ပုံစံများများ ဖမ်းစမ်း ယောင်းမရယ်၊ နင့်ကိုငါ ဆရာတင်ပါတယ်"

"အဟင်း တင်ရမယ်လေ ငါက အမြဲတမ်းနင်တို့ အကျိုး လိုလားနေသူတစ်ယောက်ပဲ၊ နင်သာ ငါ့ကို တူချောလေးတစ်ယော အမြန်မွေးပေးနော်"

"ဟယ် မိုးသဲနော် ဗိုက်ပူပူကြီးနဲ့နေရမှာ ငါ ရှက်တယ်ဟ ဒါပေမဲ့ နင်လိုချင်တယ်ဆိုတော့လည်း ငါ မွေးပေးရမှာပေါ့"

"အဟင်း ခစ် ခစ်"

ခါတော်တို့နှစ်ယောက် တစ်ယောက်ပခုံး တစ်ယောက်ဖက်





ယ်လိုက်မိကြပါသည်။

■ ■ ■

မိုးသဲ ဖြူစင်သော သူ့ယယ်ချင်းလေးကို ကြည့်ကာ တကယ် တ်မကောင်းပါ။

အရာရာပြည့်စုံသော ဘဝမှာ ကိုကို့ကို လက်ခံလိုက်ခြင်းက တော်အတွက် ဆုံးရှုံးနစ်နာမှုတွေနှင့်ပဲ ကြုံရရှာပါသည်။

တကယ်ဆို ခါတော်အရွယ်က ပညာသင်စအရွယ်ပဲ ဖြစ်သည်။ ကိုက ခါတော့်ကို အချိန်တိုလေးမှာ အရယူခဲ့တာ သိနေသည်။ ခါတော် မြှာ အမြင့်စံဘဝက မိုးသဲတို့ ဘဝထဲ ရောက်ခဲ့ရရှာသည်။

ဒါပေမဲ့ ခါတော် တစ်ချက်မညည်းခဲ့ပါ။

ခက်တာက မေမေပဲ ဖြစ်သည်။ မေမေ ဒီယုန်မြင်လို့ ဒီချုံထွင် နေတာတွေ မိုးသဲ သိပါသည်။

အမှန်ဆို ခါတော်ဆီက မေမေ ယူတာတွေ သိပ်များနေပြီ။ ယ့်မှာပြောခွင့်မရှိလို့သာ တမင် မသိဟန်ဆောင်နေရ၏။ မေမေတို့ ဆုပ်ပုံက တစ်စက်လေးမှ မဟုတ်ပါ။

မင်္ဂလာဆောင်ဖို့ဆိုသည့် အကြောင်းပြချက်နှင့် ခါတော့်ရဲ့စိန် က်စွပ်လေးကို ရောင်းခဲ့တာ ဆယ်သိန်းရသည်။ မင်္ဂလာကိစ္စအတွက် ကုန်တာက ငါးသိန်းတောင်မရှိပါ။

လက်ဖွဲ့ငွေ ဆယ်သိန်းကလည်း မေမေ့လက်ထဲရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ပစ္စည်းတွေကိုလည်း မေမေ အပိုင်သိမ်းသည်။

မေမေ့ဆီမှာ ငွေတွေရှိနေသေးတာ မိုးသဲ သိသည်။ ဒါနဲ့တောင် ခါတော့်ဆီက ပစ္စည်းလေးတွေ တစ်ခုချင်း ဖြုန်းဖြိုကြနေတာတော့ လွန်လွန်း ပါသည်။

ခါတော့် မိဘတွေ ပြောစရာ ဖြစ်လာမှာ မတွေးတော့ဘူးတဲ့ လား။

ခါတော့်ကို သနားမိတော့ ကိုကို့ကိုလည်း ဒေါသဖြစ်ရသည်။ ခါတော်ကို တကယ်ချစ်သည်ဆိုလျှင် ကိုကို အလုပ်တစ်ခုရှာကာ လင် ယောကျ်ားတာဝန် ကျေသင့်သည်။

အခုတော့ ကိုကို့ပုံစံက ရေလိုက်ငါးလိုက် မျောနေ၏။

ခါတော်ကို မိုးသဲ သနားလွန်းလို့ ဒီအခြေအနေတွေ ရောက် အောင် မဖြစ်မနေ ဖန်တီးလိုက်တာ ဖြစ်သည်။

ဒါကို ခါတော် နားလည်သည်ဆိုတော့ မိုးသဲ ဝမ်းသာပါသည်။

ခါတော် ဘဝလေး အေးချမ်းစေချင်ပါသည်။

■ ■ ■



## အခန်း (၁၉)

မိုးသဲရဲ့ ကောင်းမှုနှင့် ခါတော်တို့ အိမ်ပြောင်းနေခွင့်ရတော့ ...က်ဆုံး လက်ကျန်စိန်လက်စွပ်လေးတစ်ကွင်းကို ထပ်ရောင်းကာ ...ဂျက်မြောင်းဘက်မှာ တိုက်ခန်းလေးတစ်ခန်း ငှားဖြစ်သည်။

နေစရာတိုက်ခန်းလေး ရှိပြီဆိုတော့ အိမ်ထောင်ပရိဘောဂလေး ...္တွ လိုအပ်လာပြန်သည်။ ခါတော်လည်မှာ ဆွဲထားသော ပလက်တီ ...ကြိုးလေးကို ထပ်ရောင်းလိုက်ရသည်။

ခါတော်အတွက် မိဘတွေ ဆင်ပေးထားသော လက်ဝတ် ...က်စားဆို၍ နားကပ်လေးတစ်ရံပဲ ကျန်တော့သည်။ ခါတော့်ရင်ထဲမှာ ...ဲ့မကောင်းဖြစ်မိပေမယ့်လည်း နှမျောတမ်းတမနေတော့ပါ။

ပစ္စည်းသခါရ ဟုပဲ သဘောပိုက်ကာ ကိုယ်နေမည့် တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ နေတတ်အောင်နေဖို့ စိတ်ကို ဒုန်းဒုန်းချလိုက်ဖြစ်သည်။

''ဟား အခုလို ပြင်ဆင်လိုက်တော့လည်း တိုက်ခန်းလေးက နေချင်စရာလေးနော် ခါတော်''

မိုးသဲက ပစ္စည်းတွေကို ကိုယ်တိုင် နေရာချစီစဉ်ပေးရင်း သဘောကျ ကျေနပ်လို့နေသည်။

''နင်တို့လည်း အိမ်ပြောင်း ကိုကိုလည်း အီလက်ထရောနစ် ကုမ္ပဏီမှာ အလုပ်စဝင်ဆိုတော့ အားလုံးက အိုကေ စိုပြေသွားပြီပေါ့ ဟာ''

''ကုမ္ပဏီမှာ အလုပ်ရပေမယ့် လခက တစ်သိန်းတောင် မပြည့်ပါဘူး မိုးသဲရယ်၊ နင့်အစ်ကိုက အသုံးအစွဲကြီးပုံမျိုးနဲ့ သုံးလို့လောက်ရင်တောင် ကံကောင်း''

ခါတော် ညည်းညည်းလေးဆိုတော့ မိုးသဲ ခေါင်းလေးတညိတ်ညိတ်နှင့်

''မိဘနဲ့အတူနေတုန်းကလို လက်ဝါးဖြန့်တောင်းရမယ့်သူ မရှိတော့ ချွေတာသုံးမှာပါဟာ''

ခါတော် မဲ့ပြုံးလေး ပြုံးမိသည်။ မိုးသဲ ပြောသလို ကိုဘက်က ဆင်ခြင်သိတတ်ပါစေဟုပဲ ဆုတောင်းမိသည်။

''မေမေကတော့ ငါ့ကြောင့် နင်တို့ ပြောင်းသွားရတာဆိုပြီး ငါ့ကို အစာမကြေဘူး၊ မတတ်နိုင်ဘူး၊ ငါ့သူငယ်ချင်းလေး စိတ်ကျဉ်း





ကြပ်တာထက်စာရင် မေမေ ငါ့ကို မကြည့်တာ မပြောပလောက်ပါဘူး''

''ဘာပဲဖြစ်ဖြစ် ငါ နင့်ကို ကျေးဇူးတင်ပါတယ်ဟာ''

''ဟေ့ ဒီနှစ်ယောက် ဘာတွေ ကျေးဇူးအပြန်အလှန် တင်နေကြတာလဲ''

ညနေစာအတွက် အခေါက်ကင်နှင့် အစိမ်းကြော်ဝယ်ပြီး ပြန်လာသော မိုးရိပ် အခန်းထဲ ဝင်လာမေးသည်။

''ကိုကိုကလည်း နေရာတကာ သိချင်နေတော့တာပဲ၊ ဒီမှာ ကိုကိုနေရာတကာ အသုံးအဖြုန်းကြီးတဲ့အကြောင်းတွေ လျှောက်ပြောနေတာ''

မိုးရိပ် မျက်နှာကြီး ရှုပ်သွားရင်း ခါတော်ကို လှမ်းကြည့်သည်။

''ဟာကွာ ကိုယ်က ဘာတွေများ အသုံးအဖြုန်းကြီးနေလို့လဲ''

''ညဘက် ခါတော် မသိအောင် သူငယ်ချင်းတွေနဲ့ ကလပ်သွားတာတွေ၊ ဘီယာဆိုင်ထိုင်တာတွေ၊ ကောင်းပေ့ ညွှတ်ပေ့ဆိုတဲ့ အဝတ်အစားတွေကို လူပျိုလေးရှုံးအောင် ဝယ်ဝတ်နေတာတွေ၊ ရှိတဲ့ပိုက်ဆံကို နိုင်ခြွေတာမသုံးတတ်သေးတာတွေပေါ့၊ ပြောရရင် ဆုံးမှာတောင် မဟုတ်ဘူး ဟွန်း''

ငေါ့တူးတူးလေး ပြောလိုက်သော မိုးသဲ စကားတွေကြောင့် မိုးရိပ် အံကြိတ် မျက်လုံးကြီးပြူးကြည့်ကာ မိုးသဲ ခေါင်းကို လှမ်းထုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိန်းမပိုက်ဆံ ငါ ဖြုန်းတာ နင် မနာလိုဖြစ်မနေစမ်းပါ

ငပွေးမလေးရာ"

"ကိုကိုနော် နာတယ်"

"အေး တမင် နာအောင်ထုတာ၊ သူများ လင်မယားကြ

နင်က ကတုံးကဝိုက်လုပ်နေတာကိုး"

"အံမယ် ခါတော်က မိုးသဲ အချစ်ဆုံးသူငယ်ချင်းလေ၊ ကို

လုပ်တာတွေ မဟုတ်ရင်တော့ ပြောရမှာပဲပေါ့"

"ဟော့ လာဖယားမရှုပ်နဲ့၊ ငါ့မိန်းမ ငါပိုင်ရင် ပြီးတယ်"

မိုးရိပ် စကားကြောင့် ခါတော် သက်ပြင်းလေး ရှိုက်မိသည်

တကယ်ဆို ကိုရဲ့အပြုအမူ အနေအထိုင်တွေက အခုထိ မပြောင်း

သေးတာ ခက်ပါသည်။

ခါတော်တောင်မှ အတိတ်က အပြုအမူ အနေအထိုင်တွေ

ပြင်ဆင်ကာ အိမ်ထောင်ရှင်မ တစ်ယောက်ဖြစ်ဖို့ ကြိုးစားနေသည်

မိုးရိပ်ကိုလည်း ပြောင်းလဲစေချင်ပါသည်။

"ခါတော် လာလေကွာ၊ ကိုယ်တို့ ထမင်းအတူစားရအောင်

ဗိုက်ဆာနေပြီကွ"

"သြော် အင်း မိုးသဲ တို့အတူ စားကြရအောင်"

သုံးယောက်သား မီးဖိုခန်းလေးထဲ လှမ်းဝင်ခဲ့ကြသည်။ ဒီနေ့

ခါတော် ဘာမှမချက်နိုင်တာမို့ အပြင်မှာ ဝယ်စားဖြစ်တာ ဖြစ်သည်





နောက်နေ့တွေဆိုရင်တော့ ခါတော်ကိုယ်တိုင် ချက်ပြုတ်ရမှာပဲ

ဖြစ်သည်။ နေ့တိုင်း ဝယ်စားရသော စားစရိတ်က မသေးပါ။

ရှေ့ဆက်ဖြတ်သန်းရမည့်နေ့တွေကို တွေးမိလျှင် ခါတော်

ရင်မောနှုန်းချိသွားရတာတစ်မြဲ။

မိုးရိပ်ကတော့ အပူအပင်ကင်းလို့နေတာတစ်မြဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဟင် မြတ်သော''

အခန်းတံခါး ဖွင့်ပေးလိုက်တော့ လုံးဝ ထင်မှတ်မထားသော မြတ်သောကို တွေ့လိုက်တာမို့ ခါတော် အံ့သြသွားသည်။

ခါတော် မျက်ဝန်းလေးတွေက မျက်တောင်ရှည်ကြီးတွေ ပုတ် ခတ်လျက် ဝမ်းသာဝမ်းနည်းစိတ်တွေ လှုပ်ခတ်နေ၏။ အခန်းရှေ့မှာ ရပ်နေသော မြတ်သောသည် ဟိုအရင်ကအတိုင်း ရှင်းသန့်ချောမောနေ သည်။

''နင် နင် ငါ့ဆီလာတယ်နော်''

''နင့်ဆီလာလို့ နင့်ရှေ့မှာ ရပ်နေတာပေါ့ဟ''

ရွှေကိုင်းမျက်မှန်လေးထဲမှ မျက်ဝန်းတွေက တလက်လက် တောက်ပလျက် မြတ်သော မျက်နှာလေးက ခင်မင်စွာ ပြုံးလို့နေသည်

''လာ ဝင်လေဟာ အထဲကို''





ခါတော့်အသံတွေမှာသိမ်ငယ်ခြင်းတွေနှင့် တိမ်ဝင်နေသည်။

သောက အခန်းထဲ လှမ်းဝင်သည်။ ကျွန်းစားပွဲပုရှည်လေးနှင့် ဆက် ကြမ်ကုလားထိုင်လေးတွေပဲ ချထားသော ဧည့်ခန်းကျဉ်းလေးထဲ သော ဝေ့ဝဲကြည့်ကာ ဝင်ထိုင်သည်။

''ငါ ဒီမှာ ငှားနေတာ နင် ဘယ်လိုသိသလဲဟင်''

''မိုးသဲ ပြောတာပေါ့ဟ၊ နင်တို့စီးပွားရေး အဆင်မပြေကြဘူး ည်း ပြောတယ်၊ ဒါကြောင့် ငါ လာခဲ့တာပါ''

''အဆင်မပြေဘူးရယ်လည်း မဟုတ်ပါဘူး၊ ကို ရလာတဲ့ လခ လိုပဲ လောက်ငအောင်တော့ သုံးစွဲရတာပေါ့''

မြတ်သော ခါတော့်ကို ငေးငေး တည်တည်လေး ကြည့်နေ ည်။ ထိုအကြည့်တွေထဲမှာ စာနာသနားခြင်းအရိပ်တွေ ပျော်ဝင်နေတာ ာ် သိပါသည်။

အပြာနုနု ရှပ်လက်တိုလေးနှင့် အနက်ရောင်ဘောင်းဘီဝတ်ဆင် သော မြတ်သောသည် ရှင်းရှင်းသန့်သန့်လေး ချောမောလှပလို့နေ ည်။ ဘာကြောင့်မှန်းမသိပါဘဲ ခါတော့်ရင်ထဲမှာ မောနုံးသွား၏။

''နင် အိမ်ကို တစ်ခါလောက် ပြန်ကြည့်ပါလားဟာ၊ နင့်ဘက်က တစ်ခုကို ဝန်ခံပြီး အန်တီပန်းတို့ဆီ ပြန်သင့်တယ်၊ မိဘတွေက င်းပန်ရင် ခွင့်လွှတ်မှာပါဟာ''

ခါတော် မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တော့ရင်ထဲမှာ ဖေနဲ့မေကို ဘယ်လောက် သတိရနေသလဲဆိုတာ ခါတော်
အသိဆုံးလေ။ ဒါပေမဲ့ မြတ်သော ပြောသလို ပြန်ဖို့ဆိုတာတော့

"ငါ သွားရင် မေတို့ ငါ့ကြောင့် ဒေါသတွေနဲ့ ပူဆွေးခံစားနေရ
ဦးမယ်ဟာ၊ ငါ့အမှားကို ငါပဲ ခံလိုက်ပါတော့မယ်"

"ကျွတ် နင် ခေါင်းမမာစမ်းပါနဲ့ဟာ၊ မိဘအပေါ် အောက်ကျ
လိုက်လို့ နင့်ဂုဏ်သိက္ခာ ဘယ်လောက်အထိ ကျဆင်းသွားမှာမို့လဲ၊ နော
ပြီး အရက်ကဆို အန်တီပန်းတို့ရဲ့ ဒေါသတွေက သိပ်မပြင်းထန်တော့
ဘူး၊ နင့်သတင်း ဘာကြားသေးလဲ၊ နင် အဆင်ပြေရဲ့လား နေကောင်း
လား ပိန်လား ဝလားနဲ့ ငါ့ကို အမြဲမေးတယ်"

မြတ်သော စကားတွေကြားတော့ ခါတော် တကယ် ခံစား
ကြေကွဲရသည်။ မိဘနှင့်သားသမီးကြား ရင်ကြားစေ့ပေးနေသော မြ
သောစေတနာကို ခါတော် သဘောပေါက်နားလည်၏။

"နင် ကျောင်းမတက်တော့တဲ့အတွက်လည်း သူတို့ တော
တော် စိတ်မကောင်းဖြစ်နေကြရှာတယ်ဟာ"

မြတ်သောစေတနာကို ခါတော် နားလည်ပါသည်။ တကယ်
ဒီအချိန်မှာ ခါတော်အပေါ် မြတ်သော ဘက်က ဥပေက္ခာပြုထားချင်ထာ
လို့ရပေမယ့် အရင်ကလိုပဲ စာနာဂရုစိုက်ပေးနေတာ အထင်အရှား

"နင့်စေတနာကို ငါ နားလည်ပါတယ် မြတ်သောရယ်၊
ဖေနဲ့မေတို့ဆီ သွားပါ့မယ်ဟာ"





ခါတော် ကတိစကားလေးဆိုတော့ မြတ်သော ကျေနပ်စွာ
...သည်။

"ဒါနဲ့ နင့်ကို သူ ဂရုစိုက်ရဲ့လား၊ ချစ်ကော ချစ်ရဲ့လား
...တော်"

"အင်း ကို ငါ့ကို ဂရုစိုက်ပါတယ်ဟာ"

"ညဘက်တွေကော စောစောအိမ်ပြန်ရဲ့လား၊ အရမ်းမိုးချုပ်
...ပြန်လာရင် နင်တစ်ယောက်ထဲ အားငယ်နေမှာပေါ့"

ခါတော့်အတွက် အသေးစိတ်လိုက် စိတ်ပူပန်ပေးနေသော
...သော စကားတွေကြောင့် ခါတော် နှမ်းဖျော့ဖျော့လေး ပြုံးလိုက်မိ၏။
ကိုယ့်ကိုယ်ကိုယ်လည်း မြတ်သောအပေါ် အပြစ်ကြီးတစ်ခု
...လွန်ထားမိသလို ခံစားနေမိတာမို့ မလုံမလဲ ဖြစ်နေတာ အမှန်။

"ဩော် ငါ မေ့နေလိုက်တာ၊ နင့်အတွက် ကော်ဖီဖျော်ပေးရ
...မယ်"

ခါတော် အခုမှ သတိရကာ ဆတ်ခနဲ ထရပ်လိုက်တော့ လူက
...ခနဲ ဖြစ်သွားခဲ့ကာ ခေါင်းထဲမှာ မိုက်ခနဲ။

"ခါတော် ဘာ ဘာဖြစ်တာလဲ၊ နင် နေမကောင်းဘူးလား"

ဖြူလျော့ကာ ခါတော် ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရသည်။ လူက
...အားမဲ့နေသလို ရင်ထဲမှာ တလှပ်လှပ်နှင့် ကတုန်ကယင်လေး ဖြစ်
...သည်။ ခြေတွေလက်တွေကိုတောင် မသယ်ချင်တော့လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မောနိုးနေသည်။

မြတ်သော မျက်ဝန်းတွေက စိုးရိမ်မှုတွေ လွှမ်းကာ ခါတော့်ကို လှမ်းကြည့်နေသည်။

ခါတော့်မျက်နှာလေး သွေးဆုတ်ကာ ဝေဒနာတစ်ခုခုကို ခံစားနေရမှန်း သိတော့ အနားကို ဇွေ့ခနဲ ရောက်လာသည်။

''ခါတော့် နင် ဘာဖြစ်တာလဲ''

ခါတော် ပခုံးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း မြတ်သော မေးတော့ ခါတော် ခေါင်းလေးညိတ်ပြရင်း

''ငါ ငါ အရမ်းမူးတယ် မြတ်သော၊ အခန်းကြီးက ချာလည်နေတာပဲဟာ''

''ဟင် ဟုတ်လား ဒါဆို ငါတို့ ဆေးခန်းသွားကြမယ်နော်''

''အင်း''

ခါတော် အင်းဟုသာ ဖြေနိုင်သည်။ လူက နုံးချိပျော့ခွေနေ၏။ လမ်းလျှောက်ဖို့မဆိုနှင့် လူက မတ်တပ်ရပ်ဖို့တောင် အင်အားမဲ့နေသည်။

''ခါတော် နင့်ကိုငါ ပွေ့ချီသွားမယ်နော်၊ နေသာသလိုနေ ဟုတ်လား''

ပြောရင်း မြတ်သောက ခါတော်ကို ဇွေ့ခနဲ ပွေ့ချီသည်။ ခေါင်းတွေ ချာချာလည်မူးနေတာမို့ ခါတော် မျက်လုံးလေးမှိတ်ကာ ငြိမ်နေမိသည်။





ခြောက်လွှာမှာရှိသော ခါတော်တို့ တိုက်ခန်းလေးမှ အောက်ထပ်ရပ်ထားသော မြတ်သောကားလေးအထိ ခါတော့်ကို ပွေ့ချီခဲ့တာဖြစ်သည်။

မှိတ်ထားသော မျက်ဝန်းတွေထဲမှာ ခါတော် မျက်ရည်တွေ စို့တွက်နေသည်။ မြတ်သော ကားလေးကို ဆေးခန်းဆီသို့ ဦးတည်မောင်းနေတာကို ခါတော်သိနေခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဘယ် ဘယ်လို သမီးမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား သား

"ဟုတ်တယ် အန်တီပန်း၊ ခါတော်မှ လဲမလိုဖြစ်လို့ ကျွန်တေ

ကိုယ်တိုင် ဆေးခန်းလိုက်ပို့ပေးခဲ့တာပါ၊ ဆေးခန်းရောက်တော့ ဆရာ

က ကိုယ်ဝန်ရှိနေပြီလို့ ပြောတယ်၊ သေချာအောင် ဆီးစစ်ကြည့်နိုင်အေ

သေချာတယ်လို့ ကျွန်တော့်ဆီ ခါတော် ဖုန်းဆက်တယ်"

မြတ်သော စကားတွေကို နားထောင်နေရင်း ဒေါ်ပန်းမြတ်

ဝမ်းသွာသလို ဝမ်းနည်းသလို ခံစားမှုတွေ ရင်ထဲမှာ ဖြစ်တည်နေသည်

မျက်နှာပေါ်မှာ ရှုပ်ထွေးသော ခံစားမှုတွေ အရိပ်ထင်လာ

မျက်ရည်တွေ ဝဲတက်လာ၏။

"အန်တီပန်း ခါတော့်ကို စိုးရိမ်သွားလို့လားဟင်"

"အင်း သားရယ် သမီးလေးခမြာ ဘယ်လောက်အထိ စိ





သာကတွေ ဝေနေမလဲကွယ်"

ဒေါ်ပန်းမြတ်မှုံပြောရင်း မျက်ရည်တွေ စီးကျလာသည်။

မြတ်သော ရင်ထဲမှာဝမ်းနည်းခံစားမိသည်။ ခါတော်အတွက်

အန်တီပန်းခမြာ ကြေကွဲခံစားနေရမှာ သေချာပါသည်။

ဘာမှမသက်ဆိုင်သော ကိုယ်တောင် ခါတော်ရဲ့ အဆင်မပြေမှု

တွေကို မြင်တွေ့ စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။ မွေးမိခင်တစ်ယောက်

ဆိုတော့ ပိုပြီး ခံစားရမှာ သေချာပါသည်။

"ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့ အန်တီပန်းရယ်၊ ခါတော်

ကိစ္စတာ ကျွန်တော် ကူညီပေးမှာပါ"

မြတ်သော ထိုမျှပဲ ဖြေသိမ့်မှု ပေးနိုင်သည်။ ဖြစ်နိုင်လျှင်

ခါတော့်ကို အိမ်ပြန်ခေါ်ထားဖို့ အကြံပေးချင်သည်။ ဒါပေမဲ့ သိပ်မတိုက်

တွန်းရဲပါ။ ခါတော် ဖေဖေက ဒေါသတွေ ဆူဝေနေဆဲ မဟုတ်လား။

"သူ့ယောကျ်ားကကော သူ့ကို ဂရုစိုက်ရဲ့လား သား၊ သမီး

သား ဘယ်လိုအခြေအနေမျိုးနဲ့ နေနေရတာလဲဟင်"

"သူ့ယောကျ်ားကတော့ ကျွန်တော်သွားတဲ့အချိန် မရှိဘူး

အန်တီပန်းရဲ့၊ အီလက်ထရောနစ် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပြီတဲ့"

"လစာကရော ဘယ်လောက်ရသတဲ့လဲ သား"

"ဒါတော့ ကျွန်တော် သေချာမမေးခဲ့ဘူး အန်တီပန်း၊ ခါတော့်

အိတ် နည်းနည်းချို့တဲ့နေပုံပဲ၊ အဲဒီနေ့က အာဟာရ ပြတ်လပ်တာသည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ ပြောတယ်''

မြတ်သော စကားကြောင့် ဒေါ်ပန်းမြတ်မှုံ ရင်ဘတ်ကို လ
ကလေးနှင့် ဖိထားရင်း

''ဘုရားရေ အဲဒီလောက်တောင် အခြေအနေက ဆိုးနေ
လား။ သူ့ကောင်လေးနဲ့ လိုက်သွားတုန်းက ပါသွားတဲ့ လက်ဝတ်လက်
တွေရော ရှိသေးရဲ့လား သားရယ်''

''ဟင့်အင်း ထင်ထားတာတော့ မတွေ့တော့ဘူး အန်တီပ

''ဖြစ်ရလေ သမီးလေးရယ်၊ ဒီပစ္စည်းတွေကို အန်တီမက်
လို့ မေးတာ မဟုတ်ပါဘူးကွယ်၊ သမီးလေး အခြေအနေကို မှန်းဆကြ
ချင်လို့ပါ၊ ဒီအချိန်ကာလလေးနဲ့ အကုန်ကုန်သွားပြီတဲ့လား''

''ခါတော် ပြောတာကတော့ သူ့ယောကျ်ားအလုပ်မရှိတဲ့ အ
တွေမှာ အဲဒါတွေရောင်းပြီး စားဝတ်နေရေးကို ဖြေရှင်းရတယ်တဲ့ အ
ပန်း၊ အခု ငှားထားတဲ့ တိုက်ခန်းကလည်း အဲဒါတွေ ရောင်းချပြီး
ထားရတာလေ''

မြတ်သော သိသမျှတော့ ပြန်ဖြေရှင်းပြမိပါသည်။ အန်တီ
မျက်နှာက မှုန်မှိုင်းသွားခဲ့ရင်း

''ဟွန်း အမိုက်မ အရည်အချင်းမရှိတဲ့ကောင်ကိုမှ ဘဝလ
ဖော်အဖြစ် ရွေးရတယ်လို့''

''အန်တီပန်းရယ် ဒါတွေ မပြောပါနဲ့တော့၊ အခု ခါ





အတွက် အန်တီပန်း ဘယ်လို စဉ်းစားထားသလဲဟင်''

''ဘယ်လိုစဉ်းစားရမလဲ သားရယ်၊ မိဘဆိုတာကတော့ သားသမီးမိုက်ပြစ် ဘယ်လောက်ပဲကြီးကြီး ဘယ်လို ဥပေက္ခာပြုနိုင်မှာလဲ၊ အခုဆို ကိုယ်ဝန်ရှိနေပြီဆိုတော့ အနေဆင်းရဲ အစားဆင်းရဲနေလို့ ဘယ်ဖြစ်တော့မှာလဲကွယ်''

အန်တီပန်း နှုတ်က ဒီလိုစကားကြားရတော့ မြတ်သော ဝမ်းသာသွားမိသည်။ ခါတော့်အတွက်ပဲ သူ ပူပန်နေရတာ ကိုယ်တိုင်အသိဆုံး။

''ဒါဆို ခါတော့်ကို အိမ်မှာပြန်ခေါ်ထားမှာပေါ့''

''အင်း ခေါ်ထားရတော့မှာပေါ့ကွယ်''

''ဒါဆို အန်တီပန်း ဘယ်တော့ ခါတော့်ဆီသွားမလဲ ပြောလေ၊ ကျွန်တော် လိုက်ပို့ပေးမယ်၊ အန်တီပန်းကိုသာ မြင်ရင် ခါတော်ခမြာ အရမ်းအံ့သြဝမ်းသာသွားမှာ သေချာတယ်''

လတ်တလော ဝမ်းသာနေမိသူက သူကိုယ်တိုင်ပဲ ဖြစ်သည်။ ကိုယ် မြတ်နိုးချစ်ခဲ့ရသော မိန်းကလေးတစ်ယောက်ကို ကံမပါလို့ ပေါင်းခွင့်မရလိုက်ပေမယ့် သူမဘဝလေး လှပငြိမ်းချမ်းစေချင်ပါသည်။

ငါ နှင့်ဘဝလေးကို အလင်းရောင်တွေနဲ့ ဖြာဝေနေစေချင်တာပါ ခါတော်ရယ်။

''သား အားတယ်ဆိုရင် ဒီနေ့လယ်ပဲ သမီးဆီ အန်တီ သွားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဟာ အားတာပေါ့ အန်တီ၊ စိတ်ချ နေလယ် အန်တီသွားမယ်ဆို ကျွန်တော် လိုက်ပို့ပေးမယ်''

''အင်း အင်း သားကိုတော့ အန်တီ ကျေးဇူးတင်တယ်ကွယ် သားရဲ့သံယောဇဉ်က သမီးလေးအပေါ် ကြီးမားလိုက်တာ၊ သမီးလေးက တော့ အင်း မိုက်လိုက်တဲ့သမီးပါပဲကွယ်''

မြတ်သောကို ရှုနစ်နစ် အကြည့်တွေနှင့် စိုက်ကြည့်ကာ ဒေါ်ပန်းမြတ်မှုံ မချိတင်ကဲလေး ရေရွတ်နေသည်။

အန်တီပန်း ရင်ထဲက ဆန္ဒနှင့် ခံစားချက်တွေကို မြတ်သောနားလည်သိနေပါသည်။

ကံကြမ္မာကိုပဲ အပြစ်ဖွဲ့ရမည်လား။ ခါတော့်ကိုပဲ နာကျင်ရမည်လား။ ခါတော်ရယ် နှင့်ကိုငါ အပြစ်မမြင်ရက်အောင် ချစ်ခဲ့တာပါ။

■ ■ ■

''မေ မေ သမီးဆီကို လာတယ်''

ဝမ်းသာလှိုက်မောသံနှင့်ဆိုကာ မိခင် ရင်ခွင်ထဲ ခါတော် ပြေးဝင်တော့ ဒေါ်ပန်းမြတ်မှုံ ပြန်သိုင်းဖက်ထားရင်း

''လာရမှာပေါ့ သမီးလေးရယ်၊ မေ့သမီးလေးကို မေတို့ အကြာကြီး ပစ်မထားရက်ပါဘူးကွယ်''

''မေရယ် အဟင့် ဟင့်''





ခါတော်ဝမ်းနည်းဝမ်းသာ ရှိုက်ငိုတော့ ဒေါ်ပန်းမြတ်မှုံ ခါတော့်ဆံနွယ်လေးတွေကို ပွတ်သပ်နှစ်သိမ့်ရင်း ဧည့်ခန်းဆက်တီခုံလေးဆီ ခေါ်လာခဲ့သည်။

တိုက်ခန်းလေးရဲ့ ဧည့်ခန်းကျဉ်းကျဉ်းလေးကို ဒေါ်ပန်းမြတ်မှုံ လှည့်ပတ်ကြည့်ရင်း မျက်ရည်ဝဲနေတော့ မြတ်သော စာနာနားလည်ပါသည်။

တစ်ဦးတည်းသောသမီးလေးကို အရာရာပြည့်စုံအောင် ထားခဲ့သည့် မိဘတွေ ရင်ထဲက ခံစားချက်က ကြီးမားမှာသေချာ၏။

''ဖေ ဖေရောဟင် မေ၊ သမီးကို အရမ်းစိတ်ဆိုးနေလားဟင်''

သိုင်းဖက်ထားသော မိခင် ရင်ခွင်ထဲက ခေါင်းလေးမော့ကာ မျက်ရည်စတွေနှင့် ခါတော် မေးနေ၏။

''သမီး ဖေက အလုပ်ကိစ္စတစ်ခုနဲ့ စင်ကာပူကို သွားနေတာ ဘိုးရက်ရှိပြီ သမီးရဲ့၊ ဒီအပတ်ထဲ ပြန်လာမှာပါ၊ သမီးလေးကို မေ ပြန်ခေါ်မှာကိုတော့ သမီး ဖေဆီ မေ ဖုန်းဆက်လို့ သိထားပါတယ်ကွယ်၊ ဖေကလည်း သမီးအတွက် ခံစားပူပန်နေရှာတာပါပဲ''

မိခင်ဖြစ်သူ စကားကြောင့် ခါတော်ဝမ်းနည်းမျက်ရည်လေးတွေ ကျဆင်းလာတော့ ဒေါ်ပန်းမြတ်မှုံ သမီး ပါးပြင်လေးပေါ်က မျက်ရည်တွေကို ပွတ်သုတ်နှစ်သိမ့်နေ၏။

''မငိုပါနဲ့ သမီးရယ်၊ ခေါင်းတွေ ကိုက်နေပါဦးမယ်ကွယ်''

ကြည်နူးစရာ မြင်ကွင်းလေးကို မြတ်သော ငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန့်လည်သင့်မြတ်သွားသော သားအမိနှစ်ဦးအတွက် ရင်ထဲမှာ ကြည်
နေမိ၏။

ခါတော်မှီက သူ့ကိုကျေးဇူးတင်သော အကြည့်တွေနှင့် လှမ်း
ကြည့်တော့ မြတ်သော ပြုံးပြရင်း

''ကဲ ခါတော် ငါ့တာဝန် ကျေတယ် မဟုတ်လား။ ဒီလို မြင်ကွင်း
လေးက ငါ အမြင်ချင်ဆုံး မြင်ကွင်းပါဟာ''

''သမီး မေနဲ့ပြန်လိုက်မယ် မဟုတ်လား''

မိခင်ဖြစ်သူ မေးတော့ ခါတော် မဝံ့မရဲလေး ပြန်ကြည့်နေ

''ကို ရော ပြန်လိုက်ရမှာလားဟင်၊ ဟိုလေ ကို့ပုံစံနဲ့ မေ
စည်းကမ်းကြီးပုံမျိုးနဲ့ မဖြစ်ဘူး ထင်တယ်''

''သိပ်လည်း စိတ်မပူပါနဲ့ သမီးရယ်၊ သမီးတို့လင်မယား
မေကလည်း အိမ်မှာအမြဲတမ်း ခေါ်မထားပါဘူး၊ အခု သမီးကို ခေ
တယ်ဆိုတာက အလည်သဘောနဲ့ ခဏ ခေါ်တာပါ၊ နောက်ပြီး သုဝ
ဘက်မှာ မေ လုံးချင်းတိုက်လေး တစ်လုံး ဝယ်ထားတာကို လိုက်ပြမယ်
သမီးတို့ အဲဒီမှာ ပြောင်းနေကြပေါ့''

''သမီးလို မိုက်မဲလွန်းတဲ့ သမီးတစ်ယောက်အတွက် မေမေ
ရဲ့ ပေးဆပ်မှုတွေက လုံးဝ မထိုက်တန်ပါဘူး မေမေရယ်''

''သားသမီးနဲ့မိဘကြားမှာ ပေးဆပ်တယ် ရယူတယ်ဆိုတာ
သဘောထားမနေပါနဲ့ သမီးရယ်၊ မပေါ့မပါးနဲ့ဆိုရင် ရွှေလျှောက် ဒီ





ထပ်မြင့်တဲ့ တိုက်ခန်းတွေမှာ မနေသင့်တော့ဘူးလေ''

ခါတော် ခေါင်းလေးညိတ်ကာ ငြိမ်သွား၏။ မိဘဖြစ်သူတွေရဲ့
နလည်ပေးဆပ်လာသော မေတ္တာရိပ်တွေကြောင့် ခါတော် အလိုလို
င်အားတွေ ဖြစ်ထွန်းလာသည့် အသွင်ပါပဲ။

ခါတော်မိခင်ဖြစ်သူ ရင်ခွင်ထဲက ရှန်းထွက်ပြီး ကြမ်းပြင်မှာ
ဆစ်တုပ် ထိုင်ချလိုက်သည်။

''သမီးရဲ့မိုက်ပြစ်တွေအတွက် သမီးကို ခွင့်လွှတ်ပါ မေရယ်''

ခါတော် ပြောရင်း ဦးချကန်တော့တော့ ဒေါ်ပန်းမြတ်မှုံ မျက်
ည်တွေကို မျက်တောင်တွေနှင့် ပုတ်ခတ်သိမ်းဆည်းရင်း

''မေ ခွင့်လွှတ်ပါတယ် သမီးရယ်၊ လူဆိုတာ အမှားနဲ့မကင်း
ကြပါဘူးလေ၊ သမီးတို့လို လူငယ်တွေမှာ အချစ်ကြောင့် မှားတဲ့အမှား
ဘဝနဲ့ရင်းပြီး သိလိုက်ကြရတာ မဟုတ်ပါပဲ၊ မေ ခွင့်လွှတ်ပါတယ်၊
ဆို မေ့သမီးလေးဘဝမှာ ဆင်းရဲဒုက္ခဆိုတာ ကြုံဖူးသွားပြီ၊ မိဘရဲ့
မေတ္တာလောက် ဘယ်သူ့ရဲ့ မေတ္တာကမှ မနွေးထွေးနိုင်ဘူးဆိုတာလည်း
မီး သိပြီလားဟင်''

''သမီး သိပါပြီ မေရယ်၊ ရင့်ကျက်မှုတွေကို ဘဝနဲ့ရင်းပြီး
မီး ရခဲ့တာပါ မေရယ်''

''ကောင်းပြီ သမီး၊ ရွှေလျှောက် မိခင်တစ်ယောက် ဖြစ်တော့
ဒါကြောင့် ဝမ်းထဲက ကိုယ့်ရင်သွေးကို ဂရုစိုက်ရမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မေ"

"သုဝဏ္ဏမှာ ပြောင်းနေရင် သမီးအတွက် ကားတစ်စီးတော့ လိုမယ်၊ သမီး ကားကို ပြန်ယူထားပေါ့ကွယ်"

"ရပါတယ် မေရယ်၊ အဲဒီကားကို သမီး မယူတော့ပါဘူး ဟိုလေ ဂိုထောင်ထဲမှာရှိတဲ့ TownAce ကားလေးပဲ လိုချင်တယ်၊ အဲဒီကားဆိုရင် ကို အလုပ်လုပ်လို့ ရတယ် မေရဲ့"

ခါတော့် တောင်းဆိုမှုလေးကိုကြားတော့ မြတ်သော ပြုံးမိသည်။ သူ့အမြင်မှာ ခါတော်သည် မပြောင်းလဲသေးဟု ထင်ထားပေမယ့် ခါတော် အသိတရားတွေက ရင့်ကျက်နေတာတော့ သေချာပါသည်။

အနုပဲကြည့် ခင်ပွန်းဖြစ်သူအတွက်တောင် ခါတော် ခေါင်းထဲမှာ အသိလေး ရှိနေပြီ။

နောက်ဆိုရင် ရင်သွေးလေးနှင့် ခါတော့်ဘဝလေးက ပိုလို့ ရင့်ကျက်လာဦးမှာ အသေအချာ။

ခါတော်ရယ် နင်တို့ဘဝလေး သာယာအေးချမ်းနေရင် ငါ စိတ်ချမ်းသာ ကျေနပ်နေမှာပါ။

ငါ့ရဲ့အချစ်ဆုံးသူလေး ဖြစ်ခွင့်မရှိတော့ပေမယ့် နင်ဟာ ငါ့ရဲ့ အခင်ဆုံး အနိုင်မာဆုံး သံယောဇဉ်ကြိုးလေးတစ်ချောင်းပါပဲ။

■ ■ ■



## အခန်း (၂၂)

ယောက္ခမတွေက သဘောတူ ကြည်ဖြူစွာနှင့် နေစရာ တိုက် တစ်လုံး စီစဉ်ပေးကာ အလုပ်အတွက် ကားတစ်စီးပါ ပေးသည်ဆိုတော့ နိုင် ထီပေါက်တာထက်တောင် ပိုလို့ ဝမ်းသာသွား၏။

ဖြစ်နိုင်လျှင် ကုမ္ပဏီမှာ သူများလက်အောက်ဝန်ထမ်းဘဝကို နိုင် မလုပ်ချင်ပါ။

နဂိုကတည်းက သူ့ ိတ်က လူနေခြိုကြားပေမယ့် စိတ်နေ များဆိုသည့်အမျိုးထဲက ဖြစ်သည်။

"ကိုယ် ကုမ္ပဏီက ထွက်တော့မယ် ခါတော်"

"ဟင် ကိုကလည်း အလုပ်ရတာဖြင့် လပိုင်းပဲရှိသေးတာကို"

"ခါတော် မသိပါဘူးကွာ၊ ဒီလစာနဲ့ ဘာလုပ်မှာလဲ၊ အခုတော်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ ကိုယ့်သူငယ်ချင်းအဆက်အသွယ်နဲ့ တက္ကသိုလ်ကြိုပို့ ကားမောင်းမယ်၊ တစ်လကို သုံးသိန်းလောက်တော့ ဝင်မယ်၊ ကျန်တဲ့အချိန်တွေမှာ ယုဇနဉယျာဉ်မြို့တော်က ကိုယ့်ဘော်ဒါတစ်ယောက်ရဲ့ ကားဂိတ်မှာ လိုင်းသွားထိုးထားလိုက်မယ်၊ ပန်းဆိုးတန်းနဲ့ ယုဇနကို ကြားကားဆွဲမယ်၊ တစ်နေ့ သုံးကြောင်းလောက်ဆွဲရင် အိမ်စရိတ် အလျှံအပယ် သုံးလို့ရတယ်၊ တစ်ခါတလေ ဟိုင်းဝေးငှားရင် လိုက်လို့ ရသေးတယ်ကဲ''

အလုပ်ထွက်မှာကို သဘောမကျသော ခါတော်က သူ ချက်ကျကျ တွက်ပြတော့ ခေါင်းညိတ်သွား၏။

ကိုယ့်တွက်ကိန်းနှင့်ကိုယ် မိုးရိပ် အစီအစဉ်တွေကတော့ မိလို့နေသည်။ အိမ်ထောင်ဦးစီးတစ်ယောက်အနေနှင့် လုပ်သင့်တာလုပ်နေတော့ ခါတော် ဘာမှမပြောတော့ပါ။

ပြောရလျှင် ခါတော်လည်း ဘာမှနားလည်ရှာမှာ မဟုတ်။

ဘွဲ့ရပြီးသား လူငယ်တစ်ယောက်က ပညာနှင့်လုပ်ရသော အလုပ်ကို မလုပ်ဘဲ ကားခတစ်စီးနှင့်စီးပွားရှာမည်ဆိုတာကိုတော့ အံ့သြနေပုံရှိ၏။

''ကိုယ်တို့ ကလေးလေးက လပ်ကီးပဲကွ၊ သူ့ကြောင့် သူ့အဖေကို ယောက္ခမတွေတောင် အသိအမှတ်ပြုနေပြီလေ''

မိုးရိပ် ခါတော်ရဲ့ ရှူမို့မို့ ဗိုက်လေးကို ပွတ်ကာ ပြောတော့





တော် ရှက်ပြုံးလေးနှင့် ခေါင်းညိတ်သည်။

''ဟုတ်တယ် နော် ကို၊ ခါတော်တော့လေ သားလေးလား၊ သမီးလေးလား မသိတဲ့ ရင်သွေးလေး၊ ခါတော်တို့ဘဝထဲ ရောက်လာမှာ ကျေနပ်ပီတိဖြစ်နေတယ်၊ စိတ်ကူးတွေလည်း ယဉ်နေမိတယ် သိ

''ကိုယ်လည်း ခါတော်လိုပဲလေ၊ ဒါပဲနော် သားပဲမွေးမွေး သမီးပဲမွေး ကိုယ်နဲ့တူအောင် မွေးပေးနော်''

မိုးရိပ် တောင်းဆိုချက်ကြောင့် ခါတော် မျက်နက်ဝန်းလေး သွားခဲ့ကာ

''အဲဒါတော့ ခါတော်လည်း ဘယ်သိမလဲ ကိုရဲ့၊ အဟိ တော် ကိုနဲ့မတူဘဲ ဂူလျှံမြို့းနဲ့တူနေရင် ဘယ်လိုလုပ်မလဲ''

''အာ ဒီမိန်းမ ပေါက်ကရ ပြောတော့မယ်၊ ဂူလျှံမြို့းနဲ့တူရဲ ကြည့် ဟောဒီမှာတွေ့လား လက်သီး''

ခါတော် နဖူးသား ဝင်းဝင်းလေးကို သူ့လက်သီးနှင့် မနာ င် ထုတော့ ခါတော် သဘောကျစွာ ရယ်နေသည်။

''ကဲ ကိုယ် ထမင်းစားတော့မယ်၊ ဘာဟင်းချက်လဲဟင် ခါ

''ကြက်ဆင်သား ဟင်း''

''ဟာ လန်းတယ်ကွာ၊ ဟိုတယ်တွေမှာပဲ ရနိုင်တဲ့ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေကို ကိုယ့်မိန်းမ ဘယ်လိုရှာချက်ထားတာလဲ''

''ဘယ်လိုမှ ရှာမချက်ဘူး၊ ကို့ မိန်းမက မီးဖိုချောင်ကို ဘယ်တုန်းက တော်ဖူးလို့လဲ၊ ခုဟာက မေတို့ ဟိုတယ်ကမှာပြီး ပို့ လိုက်တာ၊ ခါတော်က ကြက်ဆင်သားဟင်းကြိုက်တာ သိလို့လေ''

''ဟာ ယောက္ခမကြီးက ရေလည်သိတယ်ကွာ၊ တစ်နေ့ အကြိမ်တစ်ထောင်လောက် ထိုင်ရှိခိုးသင့်နေပြီ''

မိုးရိပ် သဘောကျ ကျေနပ်စွာ ဆိုတော့ ခါတော် ပြုံးပြုံး မျက်စောင်းထိုးသည်။

ပြီးတော့ စားသောက်ခန်းထဲ ဝင်ခဲ့ကြကာ ခါတော်က ထမင်း ဟင်းတွေ ခူးခပ်ပြင်ဆင်ပေးနေသည်။

ပန်းဆီရောင် အင်္ကျီပွယောင်းယောင်းလေးနှင့် ခါတော်သည် ဝင်းညက်ညက်လေး လှနေဆဲ ရှိသည်။

ချစ်စရာကောင်းသော ခါတော်ကို သူ ပိုင်ဆိုင်ခဲ့ရတာ ကောင်းသလို ယောက္ခမကြီးတွေကလည်း သိတတ်လွန်းပါသည်။

လောကမှာ မိုးရိပ်လောက် ကံကောင်းသူ ရှိပါဦးမလား။

တွေးရင်းနှင့် မိုးရိပ်ရင်ထဲမှာ ကျေနပ်ကြည်နူးစိတ်တွေ တ ရိပ်တိုးလာသည်။

တကယ့်ကို ကံကောင်းတဲ့ ဖိုးကံကောင်းပါလား။

■ ■ ■



## အခန်း (၂၃)

''ဟယ် မြတ်သောရယ် နှင့် ဘာတွေဝယ်လာပြန်ပြီလဲ''

လက်နှစ်ဖက်လုံးမှာ အထုပ်အပိုးတွေ တပွေ့တပိုက်နှင့် ဝင်လာ သာ မြတ်သော၏ဖရိုဖရဲပုံစံကြောင့် ခါတော် တံခါးအပြင်ထိ ထွက်ကြို း အားနာစွာ ဆိုမိသည်။

မြတ်သောက ကမ်းယူနေသော ခါတော်လက်ထဲ အထုပ်အပိုး ွ မထည့်တဲ့ ဧည့်ခန်းထဲအထိ သယ်ယူသွားရင်း စားပွဲပေါ်တင်သည်။

''ကိုယ်ဝန်ဆောင်သည်ဆိုတာ အားရှိတဲ့အစားအစာတွေ များ စားပေးရတယ်ဟ၊ အဲဒါကြောင့် စိန်ဂေဟာက ငါ ဝင်ဝယ်လာတာ''

ခါတော် အပေါ် ထားရှိသည့် မြတ်သောရဲ့ စေတနာတွေကိုတော့ တော် ငြင်းဆိုရခက်ခက် ဖြစ်ရ၏။ အိမ်လာတိုင်း ဝယ်လာပေးသော စားအစာတွေက အများကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင် အားဆေးဆိုတာတောင် ပါသေးသည်။

''နင့်ဗိုက်ထဲမှာကလေးရှိနေတယ်ဆိုတော့ နေသာရဲ့လားဟင်၊ နိုးလုခုလုကြီး ဖြစ်မနေဘူးလား''

မြတ်သော အမေးကြောင့် ခါတော် သဘောကျစွာ ရယ်လိုက်မိသေးသည်။

''အဟင်း ဟင်း မြတ်သောရယ် ဗိုက်ကဖြင့် ထွက်တောင် မထွက်သေးပါဘူး အထဲက ကလေးလေးကလည်း သေးသေးလေးပဲ ရှိဦးမှာပေါ့၊ အဲ လရင့်လာရင်တော့ အထဲက ကလေးလည်း တဖြည်းဖြည်း ကြီးလာပြီး ငါ့ဗိုက်ထဲမှာ နိုးလို့ခုလု ဖြစ်မလားတော့ မပြောတတ်ဘူး''

''မဖြစ်အောင် နေတဲ့နည်းတော့ ရှိမှာပေါ့ဟ နေဦး၊ ငါ အိမ်ပြန်ရောက်မှ မေမေ့ကို မေးကြည့်ဦးမယ်''

''ဟယ် မမေးပါနဲ့ဟယ်၊ အဟင်း မေးချင်ရင် နင် မိန်းမရမှ မေးလေ''

ခါတော် ရှက်မျက်နှာလေးနှင့်ပြောတော့ မြတ်သော သဘောကျစွာ ရယ်လိုက်ရင်း

''အဟတ် နင်က ငါ့ကို တော်တော်အထင်ကြီးတာပဲ၊ ငါ့ရုပ်က မိန်းမယူမယ့်ရုပ် ပေါက်နေလို့လား''

မြတ်သော စက္ကူလက်ဆွဲအိတ်ထဲမှ ပန်းသီးနီနီတစ်လုံးကို ထုတ်





ယူပြီး ခါတော်ကို ကမ်းပေးနေသည်။

''ဘာလဲ နင်က မယူဘူးလား''

ခါတော် ပန်းသီးကို လှမ်းယူကာ အားပါးတရ ကိုက်စားရင်း ပြန်မေး၏။

''နို့ ငါ လုံးဝ အိမ်ထောင်မပြုတော့ဘူး''

''ဒါဆို နင်က နှလုံးသားမရှိတဲ့သူပေါ့''

ခါတော့် စကားကြောင့် မြတ်သော ယဲ့ယဲ့လေး ပြုံးသည်။ မျက်ဝန်းတွေထဲမှာ လွှမ်းခြုံသော အရိပ်တွေကို ခါတော် ဘာသာမပြန်တတ်ပါ။

''အင်း ဟုတ်တယ် ငါ့နှလုံးသားက အရင်ကတော့ ရှိတယ်၊ အခုတော့ မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့နှလုံးသား ခံစားမှုတွေကို တစ်စုံတစ်ဦးကို အပိုင်ပေးလိုက်ရလို့လေ''

''ဟယ် ဒီစကားက ထူးဆန်းတယ်၊ နင့်နှလုံးသားကို အပိုင်ပေးရလောက်အောင် နင့်ကို ဖမ်းစားနိုင်တဲ့မိန်းကလေး ရှိခဲ့တယ်ပေါ့၊ ဟွန်း ဒါတောင် မသိလိုက်ရပါလား''

မြတ်သော မပွင့်တပွင့်ပဲ ပြုံးသည်။ ခါတော် ပန်းသီးကို အားပါးတရ စားနေတာကို ငေးကြည့်ရင်း ဘာမှတော့ မပြောပါ။

''နင် ဒီအိမ်မှာ ပြောင်းနေရတာ အဆင်ပြေလား ခါတော်''

''အင်း ပြေပါတယ်ဟာ၊ မေက ငါ့အတွက် ကူဖော်လောင်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် မနန်းကိုပါ လွှတ်ပေးထားတော့ ပိုတောင် အဆင်ပြေသေ
တယ်''

''နင့်လူ မိုးရိပ်ကော အိမ်ကို အချိန်မှန်ပြန်လာရဲ့လား ခါတော်''

မြတ်သော မေးခွန်းအတွက် ခါတော် မျက်နှာပေါ်က အပြုံးမို
လေးတွေ ပျောက်သွားခဲ့တာ အမှန်။

တကယ်ဆို ခါတော် ကိုယ်ဝန်စဆောင်ကတည်းက မိဘနှ
သူငယ်ချင်း၏ ဂရုစိုက်မှုကိုသာ ခါတော် အပြည့်အဝ ရခဲ့တာ ဖြစ်သည်
ကိုယ့်ခင်ပွန်းရဲ့ ယုယကြင်နာမှုတွေကိုတော့ ခါတော် မရခဲ့ပါ။

ခါတော် ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မေးခွန်းထုတ်မိတဲ့အထ
ခါတော် ယောက်ျားရကံကောင်းသူမှ ဟုတ်ရဲ့လားဟု။

ကိုယ်ဝန်ဆောင်၍ ချဉ်ခြင်းတက်မိသော အစားအစာတွေ
လည်း မေမေနှင့် မြတ်သော ဝယ်ကျွေးတာတွေပဲ စားရတာ များသည်
ကိုယ်ဝန် နှစ်လကျော်သုံးလထဲရောက်နေပြီ။ မိုးရိပ် ပြန်လာ၍ ဝယ်လာ
သော အစားအစာဟူ၍ တစ်ခါမှ မရှိခဲ့ဖူးပါ။

''ခါတော် ငါ မေးတာ ကြားရဲ့လား၊ မိုးရိပ်အကြောင်း ပြော
လိုက်တာနဲ့ နင့်စိတ်တွေ မိုးရိပ်ဆီ ပြန်ရောက်သွားပြီမို့လား''

ခပ်သောသောလေးရယ်ကာ မေးလာသော မြတ်သော အမေး
ကြောင့် ခါတော် နွမ်းလျစွာ ပြုံးလိုက်သည်။

''မဟုတ်ပါဘူးဟာ၊ သူက တစ်ခါတလေ ဟိုင်းဝေးတွေ ဘာတွေ





...ဒါပါသွားတတ်တော့ နင့်ကို ဘယ်လိုဖြေရမှန်းမသိလို့ပါဟာ''

ခါတော် မိုးရိပ်နှင့်ပတ်သက်ပြီး သိုသိုဝှက်ဝှက်လေးပဲ ဖြေမိ
...ည်။

မသိစိတ်က နာကျင်ခံစားမှုတွေက ရင်မှာတစ်ထပ်ကြီး ရှိနေ
...မယ့် မိုးရိပ် အပေါ်မှာတောင် ခါတော် စကားနာ မထိုးခဲ့ဖူးပါ။

ညဥ့်နက်သန်းခေါင် ဘီယာတွေမူးပြီး ပြန်လာလျှင်တောင်
...ည်းခံစိတ်နှင့် နားလည်ပေးခဲ့၏။

''နင့်လူက အလုပ်တော့ ကြိုးစားသားပဲ''

''အလုပ်ကတော့ မပျင်းမရိနဲ့ လုပ်ပါတယ်ဟာ၊ ဒါပေမဲ့ ငါက
...ကို ဒီလိုအလုပ်မျိုး မလုပ်စေချင်ဘူး၊ အိမ်မှာအနေနည်းပြီး လမ်းပေါ်
...ထဲ အချိန်ကုန်နေရတဲ့ အလုပ်ကြီးမို့လေ''

ခါတော်အပေါ် နားလည်စွာနှင့် မြတ်သော ခေါင်းတညိတ်ညိတ်
...နှင့် ထောက်ခံပေးနေသည်။

''အင်း နင့်မိဘတွေက အခြေအနေကို စောင့်ကြည့်နေတာပါ
...ဟာ၊ ငါ ထင်ပါတယ် မိုးရိပ်ဘက်က သူတို့စိတ်တိုင်းကျ သားမက်တစ်
...ယောက်ဖြစ်လာမယ်ဆိုရင် နင့်မိဘတွေ ပိုင်တဲ့ လုပ်ငန်းတွေအားလုံး
...လက်ထဲ လွှဲပေးမှာပါ၊ အဲဒီအခါကျရင် နင့်ဆန္ဒတွေ အလိုလို ပြည့်လာ
...ပါ''

''ဟင့်အင်း ငါကတော့ အဲဒီလို မမျှော်လင့်ဘူး၊ သူ့အစွမ်းအစ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ငါတို့မိသားစုလေးရဲ့ အနာဂတ်လေး လှပအောင် ပုံဖော်ချင်တာ မိုးရိပ်ကို ငါ အထင်ကြီးလေးစားရတဲ့ အိမ်ထောင်ဦးစီးတစ်ယော ဖြစ်စေချင်တယ်၊ သူ့ကြိုးစားမှုကြောင့် ရလာတဲ့ အကျိုးရလဒ်ကိုပဲ မျှော်လင့်မက်မောတာပါ၊ ဒါကြောင့် သူ့အလုပ်ကြိုးစားနေတာကို နားလည်စောင့်ကြည့်ပေးနေတာပေါ့''

''အင်း ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ချင်တဲ့န စိတ်ဓာတ်ကို ငါ လေးစားပါတယ် ခါတော်၊ နင့်စိတ်ဓာတ်အင်အား ဘယ်လောက်အထိ ရင့်ကျက်လာသလဲဆိုတာ ငါတွက်ဆမိပါတယ်''

မြတ်သော အတည်ပြောနေတော့ ခါတော် ပေါ့ပေါ့လေး လိုက်ရင်း

''အဟင်း ငါ့ကို လျှော့မတွက်နဲ့လေဟာ၊ ငါက မိခင်ကော တစ်ဦးဖြစ်နေပြီလေ၊ ငါ့ရဲ့ရင်သွေးလေးအတွက် ငါ့ရဲ့ စိတ်ဓာတ် အင်အ တွေ ရင့်ကျက်အောင် ကြိုးစားရမှာပေါ့ဟ''

မထွက်ပြူသေးသော ဝမ်းဗိုက်လေးပွတ်ကာ ခါတော် ပြုံး လေး ဆိုနေတော့ မြတ်သောကလည်း ထောက်ခံ ခေါင်းလေးညိတ် ပြုံးလို့နေသည်။

''ကဲ နင် ကြိုက်တဲ့ ငါးကင် ငါ ဝယ်လာတယ်၊ စားလိုက်ဦး''

''နင်ကော ထမင်းစားသွားပါလား မြတ်သော၊ ငါတို့ သူင ချင်းနှစ်ယောက် လက်ဆုံမစားရတာ ကြာနေပြီ''





''အေး ကောင်းသားပဲ၊ စားမယ်ဟာ''

မြတ်သော ကျေနပ်စွာ ခေါင်းညိတ်သည်။ အရင်တုန်းက နှစ်အိမ့်တစ်အိမ်လို နေလာခဲ့တာမို့ အမြဲတမ်း လက်ဆုံစားနေကျ။

''မနန်းရေ''

''ရှင်''

ထူးသံလေးနှင့် မရှေးမနှောင်းမှာပဲ မနန်း ခါတော်တို့ဆီ ရောက်လာသည်။

''ထမင်းပွဲ ပြင်လိုက်တော့နော်၊ ဒီမှာ မြတ်သောလည်းတစ်ခါတည်း စားသွားမှာ''

မြတ်သောကို တွေ့လိုက်တာမို့ မနန်း ခင်မင်ရင်းနှီးစွာ ပြုံးနှုတ်ဆက်ရင်း ခေါင်းလေး ညိတ်သည်။

''အတော်ပဲ ငါ့မောင်ရေ၊ ဒီမှာ မင်းကြိုက်တဲ့ ကတ်ကတစ်ဆီပြန်ဟင်း ချက်ထားတယ်၊ မျှစ်ချဉ်နဲ့ ဝက်နံရိုးလည်း ပါတယ်၊ မရမ်းသီးသုပ်လေးလည်း စီစဉ်ထားတယ်''

''ဟာ ဝွတ်တယ်ဗျာ၊ မနန်းက ကျွန်တော် လာမယ်ဆိုတာ ကြိုသိလို့ ချက်ထားတာလားဗျ''

''အဟင်း ငါ့ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်၊ သူက မက်ဆေ့ချ် လှမ်းပို့ထားတာ အဟင်း ဟင်း''

မနန်း စကားကြောင့် အားလုံး ရယ်မိကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကြည်နူးနွေးထွေးစရာ အချိန်လေးတွေ ခါတော်ဘဝမှာ ဝေးကွာဆုံးရှုံးခဲ့တာ ကြာပြီ။

အမြဲတမ်း ပိုင်ဆိုင်ခွင့် မရခဲ့လျှင်တောင် တခဏလေးတော့ ခါတော် ဖက်တွယ်ထားပါရစေ။

■ ■ ■



## အခန်း (၂၄)

"ကို ဒီနေ့ ခါတော်တို့ မေမေ့အိမ်သွားလည်ရအောင်နော်"

"ကိုယ် မအားဘူး ခါတော်၊ ကျောင်းပို့ပြီး အပြန်တခြား အော်ဒါ လက်ခံထားပြီးဖြစ်နေလို့"

မိုးရိပ် မှန်ရှေ့မှာကိုယ်ကိုကိုင်းရပ်ကာ ဂျယ်ဖြင့် ဆံပင်ကို သနေရင်း လှည့်မကြည့်ဘဲ ပြောသည်။

ကျောင်းဖယ်ရီကားမောင်းပို့မည့်သူက အော်တာရုပ်နှင့် ဂျင်း ပင်နှင့် စတိုင်က မင်းသားရှုံးလောက်သည်။ ခါတော် မကျေမနပ် မျက်နှာလေး စူသွားမိတာအမှန်။

"ကိုကလည်း ညတုန်းကလည်း တစ်ညလုံး ပြန်မလာဘူး၊ နောက်မိုးလင်းမှ ပြန်လာတယ်၊ အခု ပြန်လာလို့ ခါတော်အတွက် တစ်နေ လုံး အချိန်များပေးမလားမှတ်တယ်၊ အလုပ်တွေ အော်ဒါတွေ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြနေတယ်၊ ဒီနေ့ စနေနေ့လေ ကိုရဲ့၊ ဘယ်ကျောင်းဖယ်ရီက ပို့ရမှာလဲ"

ခါတော့်စကားကြောင့် မိုးရိပ် ခန္ဓာကိုယ်လေး မတ်ခနဲ ဖြစ်သွား သည်။ မှန်ထဲမှ ခါတော့်ကို မဝံ့မရဲ မျက်ဝန်းတွေနှင့် ပြန်ခိုးကြည့်ရင်

"ဟာ ကျောင်းဆိုတာ တက္ကသိုလ်ကျောင်းကို ပို့ရမှာ မဟုတ် ဘူး ခါတော်ရဲ့၊ ကိုယ့်ကားကို စီးနေတဲ့ ကျောင်းသူနှစ်ယောက်နဲ့ ကျောင်း သားတစ်ယောက်က ဒီနေ့ ကျူရှင်တွေရှိလို့ သီးသန့်ငှားထားတာလေ ကျောင်းပို့တယ်ဆိုတာ အဲဒါကိုပြောတာ အဟဲ စကားပြောလော့သွားလို့ မိန်းမရယ်"

"ဒါဆို ညကကော ဘာလို့ ပြန်မလာတာလဲ၊ ခါတော်မှာလေ တစ်ညလုံး အိပ်မပျော်ဘူး။ လမ်းမှာ ကားပျက်လို့လား၊ အမှုးလွှန်ပြီ အန္တရာယ်တွေ ဖြစ်နေသလား။ ရင်တထိတ်ထိတ်နဲ့ မိုးလင်းတာ သိလား"

ခါတော် ပြောရင်း ငိုမဲ့မဲ့လေး ဖြစ်လာသည်။ ညက တစ်ညလုံး ခါတော် ခံစားရသော သောကကြီးကို ကိုယ်တိုင်ပဲ အသိဆုံး။

မိုးရိပ်က စိတ်ညစ်သွားသလို ခါတော်ဘက် မျက်နှာလှည့် ရင်ဆိုင်ရင်း

"ကျွတ် ခါတော်ရယ်၊ ဘာလို့ အဲဒီလောက် ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခတွေ ပေးနေတာလဲ၊ ကိုယ် အလကားနေနေတာ မဟုတ်ဘူးလေ ခါတော်နဲ့ ကိုယ့်ကလေးအတွက် ကိုယ် ကြိုးစားရှာဖွေနေတာလေ"

"ဘယ်လို ကြိုးစားရှာနေတာ ဟုတ်လား ကို၊ အခု ကို





ရှာနေတဲ့ငွေတွေကော ခါတော့်ကို ပေးလို့လား၊ လိုက်လိုက်ရတဲ့ဟိုင်းဝေး တွေ အော်ဒါတွေ ညညဆို ပြန်မလာတဲ့ရက်တွေက မနည်းဘူး၊ ခါတော့် စိတ်ထဲမှာ ကိုနဲ့ပတ်သက်ပြီး စိတ်တွေ မတင်မကျဖြစ်နေတာ ကြာပြီ၊ တစ်ခါတလေ ကို မှ ခါတော်ကို ချစ်သေးရဲ့လားလို့ စိတ်ဝင်မိတဲ့အထိပဲ"

"ဟာကွာ တကယ် နားငြီးတယ်ကွာ၊ ကိုယ် ရှာနေတာတွေကို ကိုယ် အလကား သုန်းဖြုန်းမပစ်ပါဘူး။ မင်းကို ငွေအကုန်မပေးဘူးဆို တာက ကိုယ်တစ်ဖက်မှာ ကားကို လိုင်စင်ဝင်ရင်ဒီကားကို ဘော်ဒီနဲ့ ဆေးလုပ်ရဦးမယ်လေ၊ ဒီတော့ အဲဒီအတွက် ကိုယ်က စုထားရဦးမှာပေါ့"

မိုးရိပ် ဆင်ခြေတွေက ခါတော်အတွက် ဘာမှအကြောင်းမထူး သော ဆင်ခြေတွေပဲ ဖြစ်သည်။ ခါတော် နှုတ်ခမ်းလေးမဲ့ကာ ဆတ်ခနဲ မျက်နှာကို မော့ပစ်လိုက်သည်။

မျက်မှောင်ကြီးကုပ်ကြည့်နေသော မိုးရိပ် မျက်ဝန်းတွေကို သံသယတွေအပြည့်အသိပ် အကြည့်ရူးရူးတွေနှင့် ခါတော် ကြည့်ပစ်လိုက် သည်။

"ခါတော့်မိဘတွေ ပေးထားတဲ့ကားက အစုတ်မဟုတ်ဘူး ကို၊ ကားကို အိမ်မှာ အပိုအဖြစ်သာထားကြတာ၊ ကားက အသစ်အတိုင်းပဲ ရှိသေးတယ်၊ ဘော်ဒီနဲ့ဆေးလုပ်မယ်ဆိုရင်တောင် ဒီကားမှာ ဘယ် နေရာတွေမှာ ချွတ်ယွင်းချက်တွေ ရှိနေခဲ့လို့လဲ၊ ခါတော်ကို ဒီထက်ခိုင်လုံ တဲ့ အကြောင်းပြချက် မပေးနိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခါတော် နာကျည်းရိပ်စွက်သော လေသံနှင့် စကားနာထိုးနေမိသည်။ ရင်မှာ သံသယတွေက တစ်စထက်တစ်စ တိုးပွားပြီး ထုထည်နိုင်မာနေပြီဆိုတာကို သိစေချင်သည်။

အမြဲတမ်း နည်းမျိုးစုံ အကြောင်းပြချက်မျိုးစုံတွေက ခါတော်ရဲ့ သည်းခံစိတ်တွေကို ကုန်ဆုံးစေခဲ့ပြီ။

"ဒီမှာ ခါတော် မင်းယုံချင်ယုံ၊ မယုံချင်နေ၊ ကိုယ့်ကိုတော့ ခေါင်းလာမစားနဲ့၊ ကိုယ်က ခေါင်းစားရတဲ့အလုပ်ဆို ဘာတစ်ခုမှ မလုပ်ဘူးဆိုတာ ခါတော် သိတယ်နော်၊ ကို့အပေါ် သံသယတွေ တစ်လှေကြီးနဲ့ စွပ်စွဲမယ်ဆိုရင်တော့ ခါတော့်မိဘတွေ ပေးထားတဲ့ ကားကို ပြန်အပ်လိုက်လေ၊ ကဲ ခုတော့ ကို လစ်ပြီ၊ အလုပ်လုပ်တယ်ဆိုတာ အချိန်တိကျမှကွ၊ ပြောစရာရှိရင် ပြန်လာမှ ဆက်ပြော"

စိတ်ဆိုးဒေါသထွက်သည့် အမူအရာနှင့် မှန်တင်ခုံပေါ်က ဖုန်းနှင့်ကားသော့ကို ကောက်ယူပြီး မိုးရိပ် အခန်းထဲက ထွက်သွား၏။

မွန်ထူကျန်ရစ်ခဲ့သော ရေမွှေးရနံ့တွေက ခါတော့်အနားမှာ ဝေ့ဝဲကျန်ရစ်ခဲ့သည်။

ခါတော် အောက်နှုတ်ခမ်းတွေကို ပြတ်တောက်လုမတတ် ကိုက်ထားရင်း ရင်ထဲမှာ ဆစ်ခနဲ နာသည်။

ရင်မှာ သံသယတွေက နှလုံးသားနံရံကို အငြိုးကြီးစွာ ကန်ကြောက်နေတာက ခံရခက်လှသည်။





အချစ်ဖြင့် တည်ဆောက်ထားသောကမ္ဘာငယ်ကလေးတစ်ခုကအရင်လို အချစ်ရနံ့တွေ ကင်းမဲ့နေခဲ့တာတော့ ကြာခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

သည့်နောက်ပိုင်းမှာ မိုးရိပ် ညတိုင်းလိုလို အိမ်ပြန်နောက်ကျတတ်၏။ တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆ ဖြစ်ထားသည် ဆိုပေမယ့် ခါတော်က ခင်ပွန်းဖြစ်သူကို အိပ်ပျက်ခံ စောင့်တတ်စမြဲ။

မိုးရိပ်က ပြန်ရောက်လာတိုင်း ညဆယ်နာရီထက် စောတာမျိုး မရှိတတ်ပါ။

"ကိုရယ် နောက်ကျလိုက်တာ"

"အပျော်သွားနေတာမှ မဟုတ်တာပဲ၊ အလုပ်လုပ်နေတာလေကွာ"

ခါတော် မေးတိုင်း ဒေါသလေသံဖြင့် မာဆတ်ဆတ် ပြောတတ်၏။ ပါးစပ်က ယမကာရနံ့လေး တသင်းသင်းဆိုတော့ ခါတော် အချိန်





ခတော် စကားမများချင်တာမို့ နှုတ်ဆိတ်နေလိုက်၏။

အခန်းထဲရောက်တော့ မိုးရိပ် ဘာမှမပြောဘဲ အိပ်ရာထဲ ဝင်ဆိုးအိပ်နေပြီ။

အနံ့တွေက မွှန်ထူနေတာမို့ ခါတော် အော်ဂလီဆန်ကာ ပျို့ချင်သာ၏။ နောက်ဆုံးတော့ ဒရင်းဘတ်လေးမှာပဲ ဝင်လှဲပြီး ခါတော် အိပ်စက်ရသောနေ့တွေ မရေတွက်နိုင်တော့ပါ။

ကြာတော့ ခါတော် ကျန်းမာရေး ထိခိုက်လာတာ အမှန် ဖြစ်သည်။

ခါတော် အခြေအနေကို အကဲခတ်မိသော မနန်း ဖုန်းဆက်လိုက်တော့ မေမေနှင့်မြတ်သော အပြေးရောက်လာကြသည်။ နှစ်ဦးစလုံး၏ မျက်ဝန်းတွေမှာ ခါတော်အပေါ်မှာ ကြင်နာနွေးထွေးခြင်းတွေနှင့် ပြည့်နေ၏။

"သမီးလေးရယ် ကြည့်စမ်းပါဦး၊ ပိန်သွားလိုက်တာ၊ မောင်မိုးရိပ်ကရော ကိုယ့်မိန်းမ နေမကောင်းဖြစ်နေတာတောင် အပြင်ထွက်နေသလား"

"အလုပ်သွားတာပါ မေမေ"

"ဒီနေ့ တနင်္ဂနွေနေ့တောင် သူက မနားရအောင် အလုပ်တွေများနေသလား၊ ဒီလိုရှာပုံနဲ့ဆို ငါ့သမီးတို့ ရွှေပေါ်မြတင်နေနိုင်ပြီပေါ့"

မေမေ မခံမရပ်နိုင်ဖြစ်ကာ ရိသဲ့သဲ့ပြောတော့ ခါတော် နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေလိုက်ရ၏။ တကယ်ဆို မိုးရိပ် မိုးလင်းကတည်းက ထွက်သွား
တာ ဖြစ်သည်။

အိပ်ရာပေါ်မှာ ညှိုးလျော်သော မျက်နှာလေးနှင့် ခါတော် ဆွေ
ဆုတ်ဖြူလျော်နေတာ မြင်သည့် မေမေ့ဒေါသတွေနှင့် စိုးရိမ်စိတ်ထွေ
ပူလောင်နေတာ အထင်အရှား။

"ခါတော် နင်သက်သာရဲ့လားဟင်၊ ငါလည်း ဒီရက်မှ
စာမေးပွဲ ရှိလို့ နင့်ဆီ မရောက်တာပါဟာ"

မြတ်သော စိတ်မကောင်းသံလေးနှင့်တောင် တောင်းပန်ေ
သည်။ဒါကို မြင်တော့ ဒေါ်ပန်းမြတ်မှူ သားမက်ဖြစ်သူအပေါ် ပိုလို့
ဒေါသတွေ ဖြစ်ရပြန်သည်။

ကိုယ့်သမီးလေး စိတ်ဆင်းရဲ ဒုက္ခရောက်မှာစိုးတာကြောင်
မတော်ချင်ဘဲ တော်လိုက်ရသည့် သားမက်၊ ပုံစံကိုမြင်ကတည်းက ဘဝင်
မကျပါ။ လူကြီးကို လူကြီးမှန်းမသိ။

ယောက္ခမကိုလည်း မိဘဆိုသည့် အသိလေးတောင် နှလုံးသွင်
ပုံမရပါ။ အိမ်လာလျှင်လည်း ပူအောင်မထိုင်သလို အမေနေကောင်းသ
လား၊ အမေ နေကောင်းသလား လောကဝတ် အမေးလေးတောင်
မပြုတတ်ပါ။

ယောက္ခမတွေရှေ့မှာ ဒူးတလှုပ်လှုပ် ပေါင်တန္နံ့နှင် ရပ်ရည်
လေးပြေပြစ်ချောမောတာကလွဲလို့ အနှစ်မရှိသည့် လူဖျင်းလူညံ့တွေ





နေထိုင်မှုပုံစံမျိုး။

သမီးလေး အဖေကဆို မိုးရိပ်ပုံစံကိုမြင်ကတည်းက ဘဝင်မကျ
ဖြစ်ကာ စကားတောင် ခပ်ဟဟ မပြောပါ။

သူမကသာ ဖြစ်ပြီးသည့် အခြေအနေတွေကို လက်ခံနိုင်ဖို့
ကြိုးစားကာ သမီးကို ချစ်သည့်စိတ်နှင့် သားမက်ကို သားလို့သတ်မှတ်
ပေးခဲ့သည်။

အခုတော့ ကိုယ်တွေအပေါ်မှာတင် ဒီသားမက် တာဝန်မကျေ
တာ မဟုတ်ပါ။ ဇနီးမယားအပေါ်မှာတောင် တာဝန်မဲ့နေခြင်းက တော်
တော်လေး တရားလွန်နေပြီ။

ဘယ်လိုမှ ဒီအခြေအနေမျိုးကိုတော့ ဆက်သည်းမခံနိုင်တော့
တာ အမှန်။

"ကိုယ်ဝန်ကြီးနဲ့ အခုလို နေမကောင်းဖြစ်နေတာကို မေ သိပ်
ကြိုက်ဘူး သမီး၊ ဒါကြောင့် ကိုယ်ဝန်ဆောင်နေတဲ့အချိန်မှာ သမီးကို
တို့အနားမှာပဲ ခေါ်ထားမှဖြစ်မယ်"

ဒေါ်ပန်းမြတ်မှူ ဆိုတော့ ခါတော် မျက်နှာလေး ညှိုးကာ လက်
ချင်သလို နှုတ်ဆိတ်နေ၏။ ဒါကိုသိသော မြတ်သောက ဝင်ပြော၏။

"ဟုတ်တယ် ခါတော် အရေးဟယ် အကြောင်းဟယ်ဆို မိုးရိပ်
လည်း နင့်အနားမှာ မရှိဘူးလေ၊ မနန်းတစ်ယောက်တည်းလည်း
မှ စိမ်တတ်မှာ မဟုတ်ဘူး၊ ဒီတော့ မိုးရိပ်ကို အသိပေးပြီး နေ့တိ



www.burmeseclassic.com

www.burmeseclassic.com



ပန်းတို့နဲ့ ပြန်နေလိုက်ပါ။ ကလေးမွေးပြီးမှ အခြေအနေကြည့်ပြီး ပြန်ချင် ပြန်ပေါ့''

''ရပါတယ် မြတ်သောရဲ့ ငါ ဒီမှာနေရတာ အသားကျနေပါပြီ''

ခါတော် မငုံ့မရဲလေး ငြင်းနေတော့ ဒေါ်ပန်းမြတ်မှုံ အလိုမကျ ဖြစ်သွားခဲ့ကာ

''ရပါတယ် မလုပ်နဲ့သမီး။ ဒီတစ်ခါတော့ သမီးဆန္ဒကို မေမေ တို့ မလိုက်လျောနိုင်တော့ဘူး။ ဒီတော့ မနက်ဖြန်မနက် မေမေတို့ သမီး ကို လာခေါ်မယ်၊ ဟိုကောင် မိုးရိပ် ဒီညပြန်လာရင် အသိပေးထား လိုက်နော်၊ သူက ကန့်ကွက်တယ်ဆိုရင် မနန်း''

''ရှင်''

ခုတင်နံဘေးမှာရပ်နေသော မနန်း ဒေါ်ပန်းမြတ်မှုံ စကားကို နာခံရန် အသင့်အနေအထားဖြင့် လက်လေးနောက်ပစ်ကာ ရှိနေ

''မိုးရိပ်က မသွားရဘူး ဒီမှာပဲ နေရမယ်လို့ ကန့်ကွက်ခဲ့ရင် အန်တီ့ဆီ ချက်ချင်းဖုန်းဆက် ကြားလား''

''ဟုတ်ကဲ့ အန်တီပန်း''

''သူ ကန့်ကွက်မှာ မဟုတ်ပါဘူး မေ၊ ခါတော့်ကို သူ ဂရုမစိုက် နိုင်တာ အလုပ်တွေ များနေလို့ပါ၊ ပြန်လာရင်တော့ သမီး စားချင်တာ လေးတွေ ဝယ်လာပြီး သမီးကိုတစ်ချိန်လုံး ဂရုစိုက်ပါတယ်၊ သူ ပြောတယ်၊ အခု သူ မနားတမ်း စီးပွားရှာနေတာ သမီးနဲ့ ဗိုက်ထဲက





ကလေးလေးအတွက်ပါ''

ခါတော် ကိုယ့်ယောက်ျားနဲ့ မိဘကြားမှာ အဆင်ပြေစေချင်၍ စကားကိုလှအောင် မုသာဝါဒလေး ထည့်သုံးလိုက်သည်။

မနန်းက မျက်နှာလေး မဲ့ပစ်သည်။ ခါတော် စကားတွေက အလိမ်အညာ စကားတွေ ဆိုသည့်သဘောနှင့် မြတ်သောကို မျက်နှာလေး နဲ့ ခေါင်းလေးခါပြသည်။

မြတ်သော မနန်း၏ အသံတိတ်အမူအရာတွေကို နားလည်စွာ ခေါင်းလေးညိတ်ပြရင်း သက်ပြင်းတစ်ခုကို ဟင်းခနဲ ချလိုက်မိသည်။

ခါတော် ခံစားနေရတာတွေကို မြတ်သော စာနာပါသည်။

မိုးရိပ်က တကယ်ပဲ ခါတော်အပေါ်မှာ ဆိုးနေသည်လား။ သားစုအတွက် ကြိုးစားရှာနေသည်လား။

မြတ်သော သိချင်ပါသည်။ မိုးရိပ်နောက်ကိုတော့ သူ ခြေရာခံ လိုက်စုံစမ်းချင်သေးသည်။

ဒါတွေအားလုံးဟာ ခါတော်အတွက်ပဲ ဖြစ်သည်။ ခါတော် စိတ်ဆင်းရဲနေတာက မြတ်သော ရင်ကို ပူလောင်စေသည်။

နင့်ကိုငါ စိတ်ချမ်းသာစေချင်တယ် ခါတော်။

နင်နဲ့ငါ စိတ်ချင်းဆက်နေတယ်ဆိုတာ နင် ယုံမလား။ အခု ငါ့ရင်ထဲမှာ အားလုံး သိနေသလိုပဲ။

နင် စိတ်ချမ်းသာဖို့အတွက် ငါ အရာရာကိုပေးဆပ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ခါတော်။ ဒါကို နင် ယုံလိုက်စမ်းပါ ခါတော်ရယ်။

■ ■ ■

''ကို ဒီနေ့ မေမေတောင် လာသွားသေးတယ်''

ညနေ မိုးချုပ်လုမှ မိုးရိပ် ပြန်ရောက်လာတော့ ခါတော် အသိ ပေးမိသည်။ မိုးရိပ် အဝတ်အစားတွေလဲနေရင်း လှည့်ကြည့်သည်။

''ဟုတ်လား၊ လာလည်တာလား ခါတော်''

''အင်း ဖေ့ာလည်ရင်း ခါတော် နေမကောင်းတာတွေ့သွားတော့ မေမေက မွေးဖွားပြီးချိန်ထိ အိမ်မှာလာနေခိုင်းနေတယ်''

''အဲဒီတော့ ခါတော် ဘာပြောလိုက်လဲ''

''ဟင့်အင်း ကို့ကို အသိပေးဦးမယ်လို့ ပြောလိုက်တယ်၊ အဲ ခါတော် မေတို့နဲ့ ခဏသွားနေရင် ကောင်းမလားလို့''

''ဟာ ကောင်းတာပေါ့၊ ခါတော် နေမကောင်းဖြစ်နေတဲ့ အချိန် မှာ ကိုယ်ကလည်း ခါတော့်ဘေးမှာ အချိန်ပြည့် နေမပေးနိုင်ဘူးလေ ခါတော် အခုလို မိဘအိမ်မှာ သွားနေမယ်ဆိုတော့ ကိုယ့်အဖို့ ရှေ့မှာ ပိုက်ဆံရှာရတာလည်း စိတ်ဖြောင့်တာပေါ့''

မိုးရိပ်အသံတွေက ကျေနပ်ခြင်းတွေဖြင့် သွက်လက်တက်ကြွ နေသည်။ ခါတော် နားမလည်နိုင်သော အကြည့်တွေနှင့် အကဲခတ်ကြည့် မိသည်။

မိုးရိပ် ပုံစံက ခါတော်နှင့် ခဏခွဲနေရမည့်အဖြစ်ကို လိုလားစွာ





လက်ခံနေသည်။ ခါတော် မျှော်လင့်ထားသည်နှင့် တကယ့်ကို ခြားနား ပါသည်။

မျက်နှာတစ်ချက် မပျက်ဘဲ တကယ် ကျေနပ်နေတာ မျက်ဝန်း တွေက အထင်အရှား။

''ကဲ ကိုယ်ရေချိုးလိုက်ဦးမယ် ခါတော်၊ မနက်ဖြန်ကျ အစော ကြီး သွားစရာရှိတယ်၊ ကိုယ် လိုက်မပို့နိုင်တာ နားလည်နော်၊ ခါတော် မေမေနဲ့ပဲ လိုက်သွားလိုက်ပေါ့''

ပြောပြီးသည်နှင့် မိုးရိပ် သဘက်တစ်ထည် ပခုံးပေါ် လွှားကာ ထွက်သွားခဲ့သည်။

ခါတော် ရင်ထဲမှာ ဝမ်းနည်းကြေကွဲစိတ်တွေ တနင့်နင့် ခံစား လိုက်ရသည်။ ထိုမျက်ဝန်းတွေမှာ ခါတော်ကို မခွဲနိုင်ဘူးဆိုသော စကား တစ်ခွန်းနှင့် နှစ်သိမ့်ဖို့တောင် ဆန္ဒတွေ မရှိကြတာ သေချာသည်။

ခါတော် အိမ်မှာမရှိလျှင် မိုးရိပ်ကို ပြောမည့်သူ မရှိတော့တာ အတွက် လွတ်လပ်သွားသည်လား။

အခွင့်အရေးတစ်ခုကို ရလိုက်သူလို ကျေနပ်နေခြင်းတွေက မိုးရိပ် မျက်နှာမှ သေချာစွာ မြင်လိုက်ရပါသည်။

ခါတော် အခန်းထဲမှာ တစ်ယောက်တည်း ငိုင်ငိုင်လေး ထိုင်နေ မိသည်။ အချစ်ဆိုတာ အနေကြာလာတာနှင့်အမျှ သွေးအေးသွားတတ် သည်လား။ ဒါမှမဟုတ် မိုးရိပ်ရင်ထဲမှာ ခါတော့်ကို ချစ်သော ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေက သက်တမ်းလွန် သစ်သီးတစ်လုံးလို ပုပ်အဲ့နံ့ဟောင်သွားခဲ့ပြီလား

ခါတော်ရဲ့အလှတွေက အခုချိန်ထိ စွဲဆောင်နိုင်ဆဲဟု ခါတော်ကိုယ့်ကိုယ်ကိုယ် ရဲရဲဝံ့ဝံ့ ယုံကြည်ထားသည်။ ဒါနဲ့တောင် ဘာကြောင့် ကို့ရဲ့ချစ်ခင်စုံမက်ခြင်းတွေက အရောင်ဖျော့လာခဲ့တာလဲ စဉ်းစားမ

မိုးရိပ်ဆိုသော ယောကျ်ားက မိန်းမတစ်ယောက်ကို ဘ တစ်သက်စာ မချစ်တတ်ဘဲ အချိန်ပိုင်းတစ်ခုအတွက်သာ တန်ဖိုးထာ တတ်သူလား။

ဒါဆိုလျှင်တော့ ခါတော် အဖြစ်က မျက်ကန်းလမ်းလျှောက် နေမိသူလို ဖြစ်နေပြီ ထင်ပါသည်။

အကျည်းတန် ညစ်နွမ်းခြင်းတွေနှင့် ပိတ်ဆို့နေသော တွင်းနက် ကြီးထဲကို ခါတော် မျက်စိစုံမှိတ် မိုက်မဲခဲ့ပြီ ထင်ရဲ့။

■ ■ ■



## အခန်း (၂၆)

"ဩော် သူက မေမေနဲ့ မတွေ့နိုင်အောင်တောင် အလုပ်တွေ ရှုပ်ထွေးနေတယ်ပေါ့ ဟုတ်လား သမီး"

ထင်သည့်အတိုင်း မေမေ မိုးရိပ်ရှိမနေတော့ မကျေမနပ် ပြော တော့သည်။ ခါတော်မှာတော့ ထုံးစံအတိုင်း မှသာဝါဒတွေနှင့်ပဲ မေမေ့ကို လိမ်ညာရပြန်၏။

"ဒီသဘော မဟုတ်ပါဘူး မေမေရယ်၊ ကားအော်ဒါက လက်ခံ ပြီးဖြစ်နေလို့ပါ၊ ဖုန်းဆက်ဖျက်ကြည့်သေးပေမယ့် မရဘူးလေ"

ပြောသာ ပြောရသည်။ ခါတော် လိပ်ပြာမလုံပါ။ အထူးသဖြင့် ခါတော့်ကို ငေးကြည့်နေသော မြတ်သောရှေ့မှာမို့ ပိုလို့ လိပ်ပြာမလုံချင်ပါ။

"ထားတော့ သူနဲ့လည်း မေမေ မတွေ့တာ ကောင်းပါတယ် ဒါကြောင့် သား မြတ်သောကိုပဲ ခေါ်လာတာ၊ ကဲ မနန်း ပြင်ဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီလား''

''ဟုတ်ကဲ့ အားလုံးပြင်ဆင်ပြီးပါပြီ အန်တီ''

''အေး လိုအပ်တာလောက်ပဲ ယူခဲ့၊ ကျန်တာ အရေးမကြီးဘူး ဒါနဲ့ သမီးယောက်ျားကို အသေအချာ ပြောထားတယ်နော်၊ သမီးကို မွေးဖွားပြီးတဲ့အထိ မေတို့ ခေါ်ထားမှာ''

''ဟုတ်ကဲ့ သမီး ပြောပြထားပါတယ်''

''အင်း. ဒါဆိုပြီးရော သူတစ်ယောက်တည်း နေထိုင်ရတာ အဆင်မပြေဘူးဘာညာနဲ့ လာနှောက်နေမှာစိုးလို့ သူ ဆန္ဒရှိရင် မေမေတို့ အိမ်မှာ လာနေလို့ရတယ်''

မေမေ စိုးရိမ်သလို ဘယ်တော့မှ ဖြစ်မလာဘူးဟု ခါတော် ရင်ထဲကပဲ ပြောဖြစ်ပါသည်။ မိုးရိပ်ရဲ့ သံယောဇဉ်လျော့လျဲမှုတွေကိုသာ မေမေသိလျှင် ဘယ်လောက် ခံစားသွားမည်လဲ။

မေမေ့ကို ခါတော် မပြောရက်ပါ။

ခါတော် ရွေးချယ်ခဲ့သော လမ်းကို ခါတော်ပဲ ရင်ဆိုင်ချင်ပါသည်။ ခါတော့်ကြောင့်တော့ မေမေတို့ စိတ်ဒုက္ခတွေ ထပ်မကြုံစေချင်ပါ။

ခါတော့်အတွက်ကတော့ ဘာမှ ထွေထွေထူးထူး သယ်စရာမလိုပါ။ ဝတ်စရာအဝတ်အစား အိတ်တစ်အိတ်ပဲ ယူစရာရှိ၏။

''ဟယ် မြတ်သော မသယ်နဲ့၊ အဲဒါ ငါ့အဝတ်အစားတွေ''

''ဘာဖြစ်လဲဟ ရပါတယ်၊ ရှော့ခ်မရှိပါဘူး''





ခါတော် ဘယ်လိုဘားတား မြတ်သော လက်မခံဘဲ ခါတော် အဝတ်အစားအိတ်ကိုဆွဲယူကာ ကားပေါ်သယ်သွားသည်။

မေမေ ခါတော့်ကို ရှမ်းကြည့်သည့် အကြည့်တွေထဲမှာ ဘယ်လို အဓိပ္ပါယ်တွေ ပါနေသည်ဆိုတာ ခါတော် နားလည်ပါသည်။

မြတ်သောရဲ့ ယုယကြင်နာမှုမျိုးသာ မိုးရိပ်ဆီမှာ တစ်စိတ်တစ် ဒေသလောက် ရှိခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ။

ခါတော် မနိုင်းအပ်ဘဲနဲ့တောင် နှိုင်းယှဉ်နေမိသည့်အဖြစ်။

ရင်ထဲမှာတော့ နောင်တနှင့် မျက်ရည်တွေက ဝဲချင်နေပြီ။ မေမေ့ရှေ့မှာမို့ မကျအောင် ထိန်းသိမ်းထားရသည်။

■ ■ ■

မေမေတို့အရိပ်အောက်ကို ပြန်ရောက်ခဲ့ခြင်းက ခါတော့်အတွက် အရာရာ ပြည့်စုံနွေးထွေးသွားသလိုပါပဲ။

ဒီအရိပ် ဒီရင်ခွင်ထဲမှာ ခါတော့်ဘဝ အပူအပင်မဲ့ ပျော်ရွှင်ခဲ့ရသော နေ့ရက်တွေက လွမ်းမောစရာပါပဲ။ ဖြစ်နိုင်လျှင် အတိတ်ကို ပြန်သွားကာ ခါတော် တစ်က ပြန်စလိုက်ချင်ပါသည်။

ဒါပေမဲ့ ဆန္ဒတို့က ဖြစ်မလာနိုင်တော့ပါ။

''ခါတော်''

ကိုယ့်အိမ်မှာ တစ်ချိန်က ကိုယ့်အရိပ်လေးတွေကို ခါတော် သတိရတမ်းတနေတုန်းမှာ မြတ်သော အနားရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ ဟင် မြတ်သော''

''နင် ဘယ်လို ခံစားနေရသလဲဆိုတာ ငါ သိတယ် ခါတော်''

ခါတော် ပင့်သက်လေးပဲ ချရှိုက်မိပါသည်၊ မြတ်သော သိနေသည်ဆိုတာ ခါတော် ယုံပါသည်။ မြတ်သောစိတ်က ခါတော့်ရင်ထဲအထိ ဝင်ကြည့်နိုင်စွမ်းသည်ပဲ။

''ခါတော် နင် အားလုံးကို ခဏလောက် မေ့ထားပြီး စိတ်ချမ်းသာအောင် ကြိုးစားနေစမ်းပါဟယ်၊ နင့်ဝမ်းထဲမှာ နင့်ရင်သွေးလေး ရှိနေတယ်''

''အေးပါ မြတ်သောရယ်၊ ငါ သိပါတယ်''

''လာဟာ ခြံထဲမှာ နင်နဲ့ငါ ခဏလမ်းလျှောက်ကြရအောင်''

ခါတော် စိတ်တွေ မွန်းကြပ်နေတာမို့ ခေါင်းလေးညိတ်ကာ ခြံထဲဆင်းခဲ့ကြသည်။ ခါတော် စိတ်တွေ လန်းဆန်းသွားစေတာတော့ အမှန်ပဲ ဖြစ်၏။

''ခါတော် နင့်ဗိုက်ကို အပ်ပြီးပြီလား''

''ဟင့်အင်း''

''ဟာ နင် ဘာလို့ ပေါ့ပေါ့လုပ်နေတာလဲ''

''ပေါ့ပေါ့လေးရှိသေးလို့လေဟာ၊ ဗိုက်ထွက်လာပြီး လေးလာတော့ လေးလေးနက်နက် လုပ်မှာပေါ့''

မြတ်သောကို ရယ်ဟာဟာလေး ခါတော် ပြန်နောက်ပြောင်တော့





မြတ်သော မကျေမနပ် မျက်မှောင်ကြီးကုပ်ရင်း

''ငါ အတည်ပြောနေတာ ခါတော်၊ မေမေကတောင် မေးနေလို့''

''အေးပါဟာ နင့်ကိုပဲ အားကိုးရမှာပေါ့၊ ဒါနဲ့ အန်တီကော အန်ကယ်ကော နေကောင်းတယ်နော်''

''ကောင်းပါတယ်ဟာ၊ မေမေတောင် ညနေကျ နင့်ဆီလာလည်မယ်လို့ ပြောနေတယ်''

''ဟာ မဟုတ်တာဟာ ငါ လာခဲ့ပါမယ်''

''ဟဲ့ နင်က မပေါ့မပါးကြီးနဲ့ကို မလာနဲ့ မေမေလာမှာပေါ့''

''ခက်ပါလား မြတ်သောရယ်၊ နင်ပြောတာနဲ့ ငါက လူမမာကြီးကျနေတာပဲ၊ ငါ ဘာမှမဖြစ်ဘူး၊ နင်နဲ့တောင် စိန်ပြေးတမ်းကစားလို့ရသေးတယ်''

ခါတော့် စကားကြောင့် မြတ်သော မျက်လုံးကြီး ပြူးသွားသည်၊ ခါတော် အသံလေးထွက်အောင် ရယ်မိရင်း

''နောက်တာပါဟာ ငါကနင်နဲ့ အတူကစားခဲ့တာကို သတိရသွားလို့''

''အင်း နင်ပျော်ပျော်ရွှင်ရွှင်ရှိနေတာကို ငါ ဝမ်းသာတယ် ခါတော်၊ အဲဒီလို ပျော်ပျော်ရွှင်ရွှင် နေစမ်းပါဟာ''

မြတ်သောက ခါတော် ရယ်နေတာကို ပြုံးကြည့်ရင်း ပြောသည်။ ခါတော် ခေါင်းလေးမော့ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတော့်ဘဝမှာ သောကတွေနှင့် ပူလောင်နေခဲ့ရတာ ကြာပြီ ဒီတစ်ခါတော့ ခါတော် သောကတွေကို မေ့ထားချင်ပါသည်။

မြတ်သော ပြောသလိုပါပဲ ခါတော့် နံဘေးမှာ ဖေနှင့်မေ ရှိသည်။ ခါတော့်ကို အရိပ်လို ဂရုစိုက်သူတွေ ရှိနေသည်။ ခါတော့် ဝမ်းထဲက ရင်သွေးလေးအတွက်

ခါတော် စိတ်ခွန်အားတွေ ပြည့်ဝအောင် မွေးမြူရပါဦးမည်။

■ ■ ■



## အခန်း (၂၇)

ခါတော့်အတွက် အန်တီပန်း မှာလိုက်သော ကိုယ်ဝန်ဆောင် အားတိုးဆေးအပြင် ခါတော် ကြိုက်တတ်သော အစားအစာတွေကိုပါ သူ ဝယ်ဖြစ်ခဲ့သည်။

ခါတော် ချောကလက်ကြိုက်တာ သတိရတော့ ဝင်ဝယ်ဖို့ ကားကို ရပ်လိုက်သည်။ အခုချိန်မှာ ခါတော် စားချင်တာတွေစားလို့ရသည်ဟု မေမေ ပြောဖူးသည်။

သားသမီး မရခင်စားပြီး ခါတော် နောက်ပိုင်းမှာ အစားရှောင်ရမှာဆိုတော့ သူ ကျွေးချင်သည်။

ဒက်ရှ်ဘုတ်ပေါ်တင်ထားသော လယ်သာပိုက်ဆံအိတ်ကို လှမ်းယူပြီး ကားတံခါးဖွင့်ဆင်းလိုက်သည်။

ဆိုင်ထဲ လှမ်းဝင်မည့်ခြေလှမ်းတွေက လမ်းသွယ်တစ်ခုထဲချိုး



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဝင်သွားသော မိုးရိပ်၏ Town Ace အဖြူရောင် ကားလေးကြောင့် တုံ့ခနဲ ရပ်သွားမိသည်။

ကားထဲမှာ မိုးရိပ်ကို ရိပ်ခနဲ မြင်သည်။ ဒီလမ်းထဲကို မိုးရိပ် ဘာကြောင့် လာရသလဲဟူသော သိချင်စိတ်က မြတ်သော အာရုံထဲ တိုးဝင်လာ၏။

ခြေလှမ်းတွေက မိုးရိပ်ကားလေး မောင်းဝင်သွားရာ လမ်းသွယ် ထဲ ရွေ့လှမ်းသွားနေမိ၏။

လမ်းသွယ်လေးထဲရောက်တော့ မိုးရိပ်ကားလေး တစ်ထပ်တိုက် ပုလေးရှေ့မှာ ရပ်ထားသည်။

မိုးရိပ်ကားထဲမှာ မရှိတော့တာမို့ အိမ်ထဲဝင်သွားပြီဟု တွေး လိုက်သည်။ မိုးရိပ် အကြောင်းကို သူ ဘယ်လိုမေးမြန်းရမည်လဲ စဉ်းစား နေရင်း တိုက်လေးရှေ့က ဂိမ်းဆိုင်လေးကို လှမ်းကြည့်မိ၏။

ဂိမ်းဆိုင်လေးထဲမှာ အသက်လေးဆယ်ကျော် အရွယ်ခန့် အန်ကယ်ကြီးတစ်ယောက် ထိုင်နေ၏။

သူ့ခြေလှမ်းတွေ ထိုအန်ကယ်ကြီးဆီ ရောက်အောင် လှမ်းသွား လိုက်ရင်း

''အန်ကယ် ဒီကားပိုင်ရှင် ဘယ်သူလဲဆိုတာ အန်ကယ် သိ သလား''

သူ့မေးခွန်းကြောင့် အန်ကယ်ကြီး ယပ်တောင်ကြီးတဖျပ်ဖျပ်





ခတ်နေရာက အံ့သြသလို မော့ကြည့်သည်။ ပြီးမှ

''ဘာလဲ မောင်ရင်က ဒီကားကို ဝယ်မလို့လားကွ''

''ဟို ကျွန်တော် စိတ်ဝင်စားလို့ပါ''

သူ ချော်လဲရောထိုင် ပြောရင်း ခင်မင်ရင်းနှီးဟန်နှင့် ပြုံးပြ လိုက်မှ လူကြီး ခေါင်းညိတ်ပြုံးရင်း

''အဲဒါ အဲဒီတိုက်ထဲက မသန္တာ ယောကျ်ားရဲ့ ကားကွ''

''ဗျာ မသန္တာ ယောကျ်ား ဟုတ်လား ဟို ကိုမိုးရိပ်ကို ပြော တာလား''

''အေး ဟုတ်တယ် မင်းသိတယ်ပေါ့''

''ဟုတ်ကဲ့ သိတော့ သိတယ် အန်ကယ်ရ၊ ဒါပေမဲ့ မျက်မှန်း တန်းမိရုံပါ၊ ခင်တော့ မခင်မင်ပါဘူး၊ ဒါနဲ့ သူတို့ဒီမှာနေကြတာ ကြာပြီ လားအန်ကယ်''

''နှစ်နှစ်လောက်တော့ ရှိပြီကွ၊ ပြောင်းလာကာစက ကားမရှိပါ ဘူး၊ သူကလည်း ဒီလို မလာတစ်ရက် လာတစ်ရက်ပါ၊ အခုတော့ ဘယ်က ဘယ်လို ဂွင်တည့်သွားလဲ မသိပါဘူးကွာ၊ ကားတွေဘာတွေ စီးသွားတယ်၊ ဒါပေမဲ့ ဒီကောင်က ဒီမှာတော့သိပ်မနေဘူးကွ၊ သူ့မိဘ အိမ်နေလိုက် နယ်ကို အလုပ်ကိစ္စနဲ့ ထွက်လိုက်နဲ့ပါ၊ အခုတောင် သူ့ ကလေး ခဏ ခဏ ချူချာနေလို့ အိမ်မှာမြဲနေတာ''

မြတ်သော ကြားသိနေသော သတင်းတွေက ဘယ်လိုမှ ယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



စရာ မရှိသော သတင်းတွေဖြစ်နေသည်။ ရင်ထဲမှာ ခါတော် မျက်နှာသေ
ကို ပြေးမြင်ကာ သနားမိသည်။

တစ်ချိန်တည်းမှာ မိုးရိပ်ကိုလည်း သတ်ပစ်ချင်လောက်အောင်
ဒေါသတွေ ထွက်နေမိသည်။

"မင်း ကားဝယ်မယ်ဆိုရင် သွားမေးပေါ့။ ဒီကောင်က ကား
ပွဲစားဆိုလား ဘာလားပဲ၊ ငါလည်း အတိအကျ မသိဘူး"

"ဟုတ် ဟုတ်ကဲ့ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်"

မြတ်သော နှုတ်ဆက်ကာ ထွက်ခဲ့လိုက်သည်။ လမ်းမပေါ်
ရောက်တော့ တိုက်အိမ်လေးထဲက ကလေးငိုသံနှင့်အတူ အမျိုးသမီး
တစ်ယောက်၏အသံကို ကြားလိုက်ရသေးသည်။

မြတ်သော အံကိုတင်းခနဲ ကြိတ်ကာ ရပ်ထားခဲ့သော ကား
ရာ လမ်းမကြီးဆီသို့ ပြန်လျှောက်ခဲ့သည်။

ဒီသတင်းတွေသာ မှန်ကန်သေချာနေခဲ့လျှင်တော့ မိုးရိပ်ဆို
သည့်ကောင်က ခါတော်နှင့်ယှဉ်ချိန်ကတည်းက လူပျိုတစ်ယောက် မဟုတ်
ခဲ့ဘူးဆိုတာ ထင်ရှားနေပြီ။

ဒီမိန်းမကို မိုးရိပ် ပတ်သက်လက်ထပ်ခဲ့တာဆိုလျှင် ခါတော်အ
အငယ်အနှောင်းပေါ့။

ဟင့်အင်း မဟုတ်ပါစေနဲ့။

မြတ်သော ရင်ထဲက အလန့်တကြား ဆုတောင်းမိသေးသည်။





ကြားခဲ့သော သတင်းကြီးက လွဲချော်မှုသာ ဖြစ်ပါစေ။

ရင်ထဲက အမှန်တရားကြီးကို ခါတော်အတွက် ကြိတ်ပြီး လက်
ခံနိုင်အောင် ငြင်းနေမိတာ ခါတော် ဂုဏ်သိက္ခာနှင့် ခါတော့်ကို စာနာ
သနားစိတ်တွေကြောင့်ပဲ ဖြစ်သည်။

ခြေလှမ်းတိုင်းမှာ ခါတော်အတွက် ပူပန်သောကတွေနှင့် လေး
ပင်နေခဲ့တာတော့ သေချာ၏။

ငါ ဆုတောင်းပါတယ် ခါတော်။

ဒီလို ကံကြမ္မာဆိုးကြီး နင့်ဆီကို ဝင်မလာပါစေနဲ့။ ငါက နင့်
ကို အမြဲပျော်ရွှင်စေချင်တာပါ။ နင့်နှလုံးသားမှာ ဒဏ်ရာတွေ မထင်ကျန်
စေချင်ဘူး ခါတော်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

''သမီး ခါတော် မောင်မိုးရိပ်နဲ့များ သမီး စကားများထား သလားဟင်''

ခါတော် မေမေတို့အိမ် ပြန်နေကတည်းက မိုးရိပ် ခါတော့်ကို လုံးဝ လာမတွေ့ပါ။ ဒီနေ့ဆိုလျှင်ပဲ ဆယ်ရက်ပြည့်မြောက်ခဲ့ပြီ၊ ဒါကြောင့်လည်း မေမေ မေးလာခြင်းဖြစ်၏။

''ဟင့်အင်း သမီးတို့ချင်း ရန်မဖြစ်ပါဘူး မေရဲ့၊ သူ နယ်တွေကို ကားအော်ဒါပါသွားသလား မသိဘူး''

''အရင်ကရော ဒီလိုပဲ ဟိုင်းဝေး ခရီး အော်ဒါပါရင် လေးငါး ဆယ်ရက် အိမ်မပြန်ဘဲ နေသလား''

မေမေ မေးတော့ ခါတော် ဘာဖြေရမှန်းမသိ ဖြစ်ကာ ခေါင်းလေးကို ယောင်ယမ်း ညိတ်မိ၏။





''ဟုတ်ကဲ့ တစ်ခါတော့ ကြာဖူးတယ်၊ ဒါပေမဲ့ သွားခဲပါတယ်၊ အခုက သမီး မေမေတို့အိမ်ရောက်နေလို့ စိတ်ချလက်ချသွားတာ ထင်တယ်''

''ဘာပဲဖြစ်ဖြစ် ဖုန်းလေးတော့ ဆက်ပြောသင့်တာပေါ့ကွယ်''

မေမေ ပြောနေတာလည်း မှန်သည်။ ခါတော် ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်၏။

တကယ်ဆို မေမေ့လိုပဲ ခါတော်လည်း သံသယတွေ ဝင်နေတာပဲ ဖြစ်သည်။ ခါတော်ကို အခုလို ဥပေက္ခာပြုနိုင်လောက်အောင် မိုးရိပ်မှာ ခါတော်ထက် အရေးကြီးသောကိစ္စတွေ ရှိနေလို့ ဖြစ်မည်။

ထိုကိစ္စက ဘယ်လိုကိစ္စမျိုးလဲ၊ ခါတော် စဉ်းစားမရပါ။

''သမီး အိမ်ကို ခဏပြန်ချင်တယ် မေမေ''

''သူ မရှိဘဲ ဘာလို့ပြန်မှာလဲ သမီးရယ်''

''ခဏပဲ ပြန်မှာပါ မေ၊ ခါတော် ဒီကိုပဲ ပြန်လာမှာပါ''

ခါတော့်ရင်ထဲက ပြင်းပြသော ဆန္ဒကို မေမေ နားလည်စာနာဟန်နှင့် ပင့်သက်လေးရှိုက်သည်။

''အင်း ဒါဆို ခဏပြန်ပြီး အိမ်အခြေအနေလေး ဘာလေး ကြည့်ပေါ့၊ မနန်းကို ခေါ်သွား၊ မြတ်သောကို မေ ကားမောင်းပြီး လိုက်ပို့နိုင်းမယ်''

''ဟင့်အင်း မြတ်သောကို မနိုင်းပါနဲ့တော့ မေမေ၊ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပဲ နိုင်းနေရတာ ကြာတော့ အရမ်းအားနာဖို့ကောင်းတယ် မေရယ်

"သမီးကားမောင်းလို့ ဖြစ်မလား"

"ခြော် မေကလည်း သမီး မိုက်က ဖောင်းကားအောင် ပူနေတာမှ မဟုတ်တာဘဲ၊ စတီယာရင်နဲ့ဗိုက်နဲ့ လွတ်ပါတယ်၊ ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းပါ့မယ် စိတ်ချပါ"

"အေး အေး ကားကိုတော့ သတိထားမောင်း သမီးရယ် မေမေ စိတ်ပူတယ်၊ ညကတောင် သမီး ဖေဖေက ပြောနေသေးတယ် သမီးကို အလိုလိုက်ပြီး ကားပေးမမောင်းနဲ့တဲ့၊ ကိုယ်ဝန်ကိုထိခိုက်မှာစိုးလို့တဲ့"

ခါ အပေါ်မှာ ဖေကော မေပါ စိုးရိမ်ပူပန်မှုတွေ ပိုနေချိန်မှာကို ကတော့ နေရက်နိုင်လွန်းတာ တွေးမိတော့ ခါတော် ဝမ်းနည်းမိသည်။

"စိတ်ချပါ မေရယ်၊ သမီး အန္တရာယ်မဖြစ်အောင် သတိထားမောင်းပါ့မယ် နော်"

မေမေ ပြောပြီး အခန်းထဲက ထွက်သွားသည်။ မနန်းကိုလည်း ခါတော် အတွက် စိုးရိမ်စိတ်တွေနှင့် မေမေ မှာဦးမှာ ခါတော် သိနေပါသည်။

အိမ်ထောင်တစ်ခုကို ကြိုတင်မရည်ရွယ်ဘဲ ပြုလိုက်မိသော ခါတော်အတွက်တော့ နောင်တတွေ တစ်လှေကြီး ရနေမိတာ အမှန်။

■ ■ ■





အိမ်မှာကိုကို ခါတော် မတွေ့ပါ။ သော့ပိတ်ထားသော အိမ်က ခါတော် ထွက်သွားခဲ့ချိန်ကအတိုင်း ဘာမှ ပြောင်းလဲခြင်း မရှိဘဲ ရှိနေတော့ သေချာသည်။

ဒါဆိုလျှင် ကို ခါတော်တို့ မရှိကတည်းက အိမ်ကို ပြန်မလာဘာ သေချာသည်မို့ ခါတော် တွေတွေငေးငေးလေး ဖြစ်သွား၏။

ကို အိမ်မှာမရှိဘူးဆိုလျှင် မိဘအိမ်များ သွားနေသည်လားဟု အတွေးဝင်လာသဖြင့် မိုးသဲတို့အိမ်ကို သွားဖို့ ခါတော် ဆုံးဖြတ်ပြီး ထွက်ခဲ့သည်။

တိုက်ခန်းတံခါးကို ခေါက်တော့ မိုးသဲကိုယ်တိုင် တံခါး လာဖွင့်ပေးသည်။

"ဟယ် ခါတော် မေမေရေ ခါတော် လာတယ်"

ခါတော့်ကို တွေ့တော့ မိုးသဲ ဝမ်းသာအားရဖြင့် ပြေးဖက်ရင်း အိမ်ထဲက မိခင်ကြားအောင် လှမ်းအော်သည်။

မိုးသဲတို့ ဖခင်က ဝရန်တာမှာ သတင်းစာ ထိုင်ဖတ်နေရင်း ခါတော်ရောက်လာသည်ဆိုတာကြောင့် ထွက်လာကာ အပြုံးနှင့် နှုတ်ဆက်သည်။ ဒေါ်ခင်မြတ်မေက မီးဖိုခန်းထဲမှ ထွက်လာရင်း

"သမီးရယ် နေစိမ့်လိုက်တာ၊ မိဘအိမ်ကို သတိတရနဲ့လာတောင် မလာတော့ဘူး"

ယောက္ခမဖြစ်သူ၏ အပြစ်တင်စကားနာထိုးသည့် စကားကို



www.burmeseclassic.com

www.burmeseclassic.com



ခါတော် အပြုံးလေးနှင့်ပဲ နှုတ်ဆိတ်နေလိုက်၏။

"သမီး နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ဖေဖေ၊ အဲ ဟိုရက်တွေကတော့ နေမကောင်းဘူး၊ အဲဒါကြောင့် ခါတော် မေမေတို့အိမ်မှာ ပြန်နေရတယ်"

"ဟိုကောင် မိုးရိပ်ရော သမီး မိဘတွေနဲ့ အဆင်ပြေရဲ့လား ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေးမှ ပြောဆိုဆက်ဆံရဲ့လား၊ ဒီကောင် အရိုင်းသုံးပါး ကြည့်မနေတတ်တော့ ယောက္ခမအိမ်မှာ နေထိုင်တာ အဆင် မပြေမှာစိုးလို့ ဖေဖေ မေးတာ"

ယောက္ခထီးစကားကြောင့် ခါတော် ရင်ထဲ ကျင်ခနဲ ဖြစ်သွား သည်။ ခါတော် ဒီအိမ်ကို လာသည့်အဓိက ရည်ရွယ်ချက်က ကို ဒီ ရောက်လာမလား သိချင်တာကြောင့် ဖြစ်သည်။

အခုတော့ မိုးရိပ် မိဘအိမ်ကိုလည်း ရောက်မလာတာတော့ သေချာနေပြီ။ မိုးရိပ် အိမ်ကိုလည်း မပြန်၊ မိဘအိမ်လည်း မရှိ ခါတော် ဆီလည်း ရောက်မလာခြင်းကတော့ မရိုးသားတာ သေချာပါသည်။

မိုးရိပ် အပြုအမူတွေက မရိုးသားတာတော့ ခါတော် သိလိုက်ပါ ပြီ။

"ရောက်တုန်း ရောက်ခိုက် ထမင်းစားပြီးမှ ပြန်နော် သမီး"

"သမီး မစားတော့ဘူး ဖေဖေ၊ သမီးကိုယ်တိုင် ကားမောင်း ပြန်ရမှာမို့ အရမ်းမိုးချုပ်လို့ မဖြစ်ဘူးလေ၊ အခုတောင် မရောက်တာ





ကြာလို့ ဝင်လာတာပါ၊ မနန်းရေ ဖေဖေတို့ မေမေတို့ဖို့ ဝယ်လာတာတွေ ချပေးလိုက်ပါဦး"

တံခါးဝအနားမှာ လက်ဆောင်ပစ္စည်းထုပ်တွေ ကိုင်ဆွဲပြီး ရပ် နေသော မနန်းကို ခါတော် လှမ်းပြောတော့ မနန်း ပစ္စည်းထုပ်တွေကို စားပွဲပေါ် လှမ်းတင်ပေးသည်။

"သမီးရယ် ဘာလို့ အများကြီး ဝယ်လာရတာလဲကွယ်၊ မိဘ စိတ်နဲ့ သတိတရ ဝင်လာတာပဲ ဝမ်းသာလှပါပြီကွယ်"

"အင်း ငါ့သမီးလေးကမှ လာသေးတယ်၊ ဟိုကောင်က ဘာတွေ များ အလုပ်တွေ ရှုပ်နေလို့ မိဘဆီကို မလာရတာလဲ၊ သူ့မှာ ကားလေး တစ်စီး ယောက္ခမက ပေးလိုက်တာနဲ့ မြင်းကို ချိုတပ်ပေးသလိုဖြစ်နေ ပြီ ထင်တယ်၊ ဒီကောင့်ကို သိပ်အလျှော့မပေးနဲ့နော် သမီး၊ တကယ့် ပေပေတေကောင်"

မိုးရိပ်နှင့်ပတ်သက်ပြီး ဖခင်ဖြစ်သူက သတိပေးနေသည်။ ခါတော် ခေါင်းလေးပဲ ညိတ်ပြလိုက်မိသည်။

"သမီးရော ဗိုက်အပ်ပြီးပြီလား"

"အပ်ပြီးပါပြီ မေမေ"

"ဟဲ ခါတော် ငါစာမေးပွဲပြီးရင် နင့်ကိုယ်ဝန်ကို ငါကိုယ်တိုင် လာစောင့်ရှောက်ပေးမယ် သိလား"

"နင် တကယ်လာမှာလား မိုးသဲ၊ နောက်မှ ပုံမပြောင်းနဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ပုံပြောရင် တစ်သက်လုံး အပျိုကြီးဖြစ်ပါစေ''

ခါတော် မိုးသဲကို ရယ်ရယ်မောမောလေးနှင့် နောက်ပြောင်လိုက်တော့ မိုးသဲ ပြုံးစစလေးနှင့်

''အမလေး ငါက အပျိုကြီးပဲ ဖြစ်ချင်တာပါနော်''

''ကဲပါ အပျိုကြီးက နောက်မှလုပ်၊ အခုလောလောဆယ်တော့ မေမေ့ချွေးမလေးအတွက် မေမေ ဝယ်ထားတဲ့ မိခင်လောင်းအကျီတွေ သွားယူစမ်းသမီး သဲသဲ''

''ဘယ်မှာလဲ မေမေ''

''ဟော်ဟို မေမေ့အခန်းထဲက ဗီရိုထဲမှာပေါ့ဟဲ့''

မိုးသဲ လျှာလေးတစ်လစ်ထုတ်ကာ အခန်းထဲ ပြေးဝင်သွားသည်။ ခဏကြာတော့ စက္ကူလက်ဆွဲအိတ်လေးနှင့် ပြန်ထွက်လာသည်။

''ရော့ ငါ့သူငယ်ချင်းလေးက ဒီဂါဝန်လေး ဝတ်လိုက်လို့ကတော့ ကော့လန် ကော့လန်နဲ့ အရမ်းကြည့်လို့ကောင်းမှာ ခစ် ခစ်''

မိုးသဲ သဘောတွေကျရင်း ခါတော့်ကို အမူအရာနှင့်ပါ နောက်ပြောင်နေသေးသည်။

''ဗိုက်ဖုံးအကျီဝတ်ရတာနဲ့ မေမေ ဝယ်ပေးတဲ့ ဒီဂါဝန်လေးကို ခါတော် အရင်ဆုံးဝတ်မှာပါ''

''အေး အေး မေမေ့ချွေးမလေးက ကိုယ်ဝန်ဆောင်နဲ့လည်း အလှပျက်မသွားပါဘူးကွယ်''





တစိမ့်စိမ့်ကြည့်ရင်း ချီးမွမ်းနေသော ဒေါ်ခင်မြတ်မေ စကားကြောင့် ခါတော် ရှက်ပြုံးလေးပြုံးလိုက်မိသည်။

မိုးသဲ ဖျော်တိုက်သော ကော်ဖီသောက်ကာ စကားတွေပြောရင်း ခါတော် ပြန်ခဲ့သည်။

ရင်ထဲမှာတော့ နွမ်းလျနေခဲ့တာ အမှန်။ မိုးရိပ်နှင့် ပတ်သက်သော အတွေးတွေက ခါတော် ရင်ထဲမှာ မွှန်းကြပ်နေသည်။

မေမေတို့ကိုလည်း မပြောရက်။ ယောက္ခမတွေကိုလည်း အသိမပေးချင်ဘဲ ခါတော် တစ်ယောက်တည်း ကြိတ်မှိတ်နေရသည့်အဖြစ်က...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ခါတော် မျက်နှာလေး အရင်ကလို မလန်းဆန်းတော့တာ မြတ်သော ရိပ်မိနေတာ ကြာပြီ။

ညနေခင်း လမ်းလျှောက်ထွက်ဖို့ခေါ်တိုင်း ခါတော် လိုက်တော ပေမယ့် ခါတော့်ပုံစံက စိတ်နှင့်လူ မကပ်သလို ကြည်ကြည်လင်လင် မရှိပါ။

ခါတော် မကြည်မလင်ဖြစ်နေတော့ မြတ်သော ကိုယ်တိုင်လည်း စိတ်က တအုံ့နွေးနွေးကြီး ဖြစ်နေသည်။

လေပြည်တို့က သင်းပျံ့သော ပန်းရနံ့တွေကိုသယ်ဆောင်လာ ပေမယ့် ခါတော် အသွင်က လန်းဆန်းခြင်းမရှိ။

''ခါတော် ငါတို့ ဟောဟို ရေတမာပင်အောက်က ခုံတန်းလေး မှာ ခဏထိုင်ကြမလား။ အဲဒီနေရာလေးက ကန်ရေပြင်ကို ဖြတ်တိုက်လာ





တဲ့ လေကောင်းလေသန့်ကို ခံစားလို့ရတယ်ဟ''

''အင်း ကောင်းသားပဲ မြတ်သော ထိုင်ကြမယ်လေ''

နှစ်ယောက်သား ခုံတန်းလေးဆီ လျှောက်ခဲ့ကြရင်း ဝင်ထိုင် ဖြစ်ကြသည်။ ကန်ရေပြင်ပေါ် ရုပ်ပြေးနေသော ငှက်ကလေးတွေကို ငေးငိုင်းသား အဓိပ္ပါယ်မဲ့ ငေးကြည့်မိကြသည်။

''ခါတော် နင် စိတ်ညစ်နေသလား''

''ဘာအတွက်လဲ''

''မသိဘူးလေ နင့်ပုံစံက စိတ်ညစ်နေတဲ့ပုံ ပေါက်နေတယ်၊ နင့်ရင်ထဲမှာ အရမ်းတင်းကြပ်နေရင် ပေါ့ပါးသွားအောင် ငါ့ကို ရင်ဖွင့် ကြည့်မလား''

သူ မေးတော့ ခါတော် ယဲ့ယဲ့ကလေး ပြုံးရင်း လှည့်ကြည့်သည်။

''နင့်ကို ပြောပြရုံနဲ့ ပေါ့ပါးသွားမှာလား''

''ဟုတ်တယ်လေ လူတစ်ယောက်က ခံစားမှုတစ်ခုခုကြောင့် ရင်ထဲမှာ လေးလံတင်းကြပ်နေရင် အဲဒါကို အပြင်ထုတ်ပစ်မှ စိတ်သက် သာရာ ရသွားမှာပေါ့၊ တချို့က ဒေါသနဲ့ ထွက်ပေါက်ရှာတယ်၊ တချို့က ကယ်လ်ကိုဟောနဲ့ ထွက်ပေါက်ရှာတယ်၊ နင်တို့မိန်းကလေးတွေကတော့ ကိုယ့်ဘေးက သူငယ်ချင်းတစ်ယောက်ယောက်ကို မျက်ရည်နဲ့ ရင်ဖွင့် ထွက်ပေါက်ရှာကြတာပေါ့''

''နင် ပြောသလိုဆိုရင် ငါကလည်း မျက်ရည်ကျပြီး နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်ရမယ်ပေါ့ ဟုတ်လား''

''ဒါက နင့်ဆန္ဒပါ၊ ငါက နင့်ရင်ထဲက သိပ်ပြီးဟန်တျာ မလ
တဲ့ ခံစားမှုတွေကို အပြင်ဖွင့်ထုတ်စေချင်တဲ့ဆန္ဒနဲ့ အကြံပေးတာပ

သူ ပြောတော့ ခါတော် ပင့်သက်လေး ရှိုက်သည်။ ညနေ
ဆည်းဆာအောက်မှာ ခါတော် ဝတ်ဆင်ထားတာ နီပြာရောင် ဝတ်စုံလေ
က အေးအေးချမ်းချမ်းလေး ကြည်လင်လှပနေသည်။

ဒါပေမဲ့ ခါတော် မျက်ဝန်းရိပ်တွေက မှိုင်းညို့ရိပ်တွေ ထင်နေဆဲ

''ဟုတ်တယ်နော် နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း၊ နင့်ကို
ရင်ဖွင့်လိုက်လို့ နင်က ငါ့ကို အပြစ်တင်မှာလည်း မဟုတ်ဘူး၊ လှော
ပြောင်ရယ်မောမှာလည်း မဟုတ်ဘူး၊ ကဲ့ရဲ့ဝေဖန်မှာလည်း မဟုတ်ဘူ
ဒါကြောင့် ငါ့ရဲ့အခက်အခဲ ပြဿနာတစ်ခုကို ငါ ပြောပြသင့်တယ်
ရင်ဖွင့်သင့်တယ် ထင်တယ်''

''အိုကေ နင် ပြောတာကို ငါ လေးလေးနက်နက် နားထော
ပေးမယ်၊ ပြီးရင် နင့်ရဲ့ ပြဿနာကို ငါ အကောင်းဆုံးနည်းလမ်း
ဖြေရှင်းပေးမယ်''

သူ နှစ်သိမ့်စကားနှင့် ခါတော်ကို ပြုံးပြလိုက်မိသည်။ ခါတေ
မျက်နှာလေး တည်ငြိမ်သွားခဲ့ကာ မျက်ဝန်းတွေက ကန့်ရေပြင်ဆီ ငေ
ငေးလေး မျှောသွားခဲ့ဓါ။

သူ မျှော်လင့်ထားသည့်အတိုင်း ခါတော့်ရဲ့ ရင်ဖွင့်စကားတွေ





ကို ကြားခဲ့ရသည်။ မိုးရိပ်ရဲ့ ခြေလှမ်းပျက်မှုတွေနှင့် တာဝန်မကျေမှုတွေ
အားလုံးကို ခါတော် ဖွင့်ပြောနေသည်။

ခါတော့် စကားတွေကို နားထောင်ရင်း သူ့ရင်ထဲမှာ မကောင်း
ပါ။

ခါတော် ခံစားနေရသော ဝေဒနာတွေနှင့် သူ သိထားသော
အခြေအနေတွေက ထပ်တူညီနေခဲ့ပြီလား။

ဒါပေမဲ့ သူ့နှုတ်က ခါတော့်ကို ပြောပြဖို့ တွန့်ဆုတ်လေးပင်နေ
ခဲ့တာတော့ အသေအချာ။

''နင် မိုးရိပ်ကို အရမ်းချစ်တာပဲလား ခါတော်''

သူ့ အမေးစကားကြောင့် ခါတော် တည်တည်လေး ပြုံးရင်း

''တကယ်တော့ ငါ သူ့ကိုချစ်တယ်လို့ ထင်ရတာပဲ မြတ်သော၊
ဒါပေမဲ့ သူ့ဘက်က အခုလို ခြေလှမ်းတွေ စပျက်လာတော့ ငါ သူ့အပေါ်
စိတ်ပျက်စပြုလာတယ်ဟာ၊ အချစ်ဆိုတာ ပူလောင်ခြင်းပဲလို့ ထင်လာတဲ့
အထိပဲ၊ ငါ ချစ်တယ်လို့ ခံယူထားတဲ့ အချစ်က ဘာဖြစ်လို့ ငါ့ကို စိတ်
ချမ်းမြေ့မှု မပေးတာလဲ၊ ငါ့ဘက်ကပဲ ပေးဆပ်ခြင်းတွေနဲ့ အဲဒီအချစ်ဆို
တာကို တစ်ကိုယ်တော် သရုပ်ဖော်နေခဲ့တာပဲ၊ ဒီအချိန်မှာ သူ့ဘက်က
ငါ့အပေါ် သစ္စာမဲ့နေမှုတွေကို ငါ ကွက်ကွက်ကွင်းကွင်း သိလိုက်မယ်ဆို
ရင် အဲဒီအချစ်ဆိုတာကြီးက အငွေ့ပျံပြီး ထွက်သွားမလားလို့ တွေးမိ
တယ်''



www.burmeseclassic.com

www.burmeseclassic.com



ခါတော် စကားတွေကို နားထောင်ရင်း သူ ခေါင်းညိတ်မိ၏။ ခါတော်ရဲ့ ရင့်ကျက်တည်ငြိမ်မှုတွေက သူ ထင်ထားသည်ထက် နိုင်မာနေသည်ပဲ။

"ခါတော် တကယ်လို့ မိုးရိပ်အနေနဲ့ အခြားတစ်နေရာမှာ တခြားမိန်းမတစ်ယောက်နဲ့ ကမ္ဘာတည်နေတယ်ဆိုရင်ရော နင် ခံစားရမလား နင် ဘယ်လို ဆုံးဖြတ်မလဲ"

သူ မေးတော့ ခါတော် နှုတ်ခမ်းလေးတွေ တင်းခနဲ မဲ့ပြုံးပြီး သွားရင်း

"အဲဒီလောက်အထိ သစ္စာမဲ့တဲ့ ယောက်ျားကို ငါ ခွင့်မလွှတ်ဘူး မြတ်သော၊ ငါ တရားဝင်ကွာရှင်းခွင့်တောင်းမှာပေါ့"

"သူ နင့်ဘက်ပါလာအောင် နင် မကြိုးစားတော့ဘူးလား ခါတော်"

"ဟင့်အင်း ဘုမသိဘမသိနဲ့ သာယာမှုတစ်ခုအပေါ် လိုက်ပြီး အချစ်တစ်ခုအဖြစ်နဲ့ ငါ ပေးဆပ်ချစ်ခဲ့ဖူးတယ်၊ တကယ်တော့ ဒါက မှားယွင်းမှုတစ်ခုပဲ၊ အဆိပ်တစ်ခုပဲ၊ အချစ်မှမဟုတ်ခဲ့တာ၊ ငါ့လောက် မိုက်မဲတဲ့မိန်းမ ဒီကမ္ဘာမှာ ရှိဦးမလား မြတ်သော"

"ဒါဆို နင် မိုးရိပ်နဲ့ပတ်သက်ပြီး ပြတ်သားရင်ဆိုင်ရဲနေပြီပေါ့"

"အင်း ငါ ရင်ဆိုင်မယ် မြတ်သော၊ ဒီအဆိပ်ပင်ကြီးကို ငါ့ ရင်ထဲက ဆွဲနုတ်ပစ်ချင်ပြီ"





ခါတော်ရဲ့ ယတိပြတ်စကားကြီးကို သူ အံ့သြမိသည်။ ခါတော့် နှလုံးသားက ဒီလောက်အထိတောင် ပြတ်သားလွန်းနေပြီလား။

ခါတော်ရယ် နင့်ကိုငါ သနားလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မြတ်သော နင် ဒီအကြောင်းတွေ ဘာလို့ ငါ့ကို အရင်က တည်းက မပြောတာလဲ"

အပြစ်တင်သလို မေးလာသော ခါတော့်အမေးကြောင့် မြတ် သော ပင့်သက်ရှိုက်ရင်း

"ငါ နင့်ကို မပြောရက်ဘူး ခါတော်၊ နင် ခံစားရမှာစိုးလို့ ငါတောင် တော်တော် ဒေါသဖြစ်ခံစားခဲ့ရတာလေ၊ နင်ဆို ပိုဆိုးမှာပေါ့"

"ဟင့်အင်း ငါက မြတ်သားပြီးသား မြတ်သော၊ ငါ့ဘက်က အကောင်းဆုံး ပေးဆပ်ခဲ့တယ်၊ ဒါပေမဲ့ သူ့ဘက်က အကြီးမားဆုံး အမှားကြီးကို မှားခဲ့တာတော့ ဘယ်လိုနည်းနဲ့မှ ငါ လက်မခံနိုင်ဘူး"

"အေးဟာ ငါလည်း တော်တော် အံ့သြထိတ်လန့်သွားတယ် မိုးရိပ် အဲဒီလောက်အထိ ရက်စက်မယ် မထင်ထားဘူး၊ သူ့မှာ မပြတ်





သားတွေ ရှိနေရက်နဲ့ နင့်ကို ဘာလို့ ကြံစည်ရတာလဲ"

ခါတော် အံ့လေးကြိတ်ကာ တည်ငြိမ်စွာ ရှိနေတာကိုတော့ မြတ်သော အံ့သြမိပါသည်။ သူ မျှော်လင့်ထားမိတာ ခါတော် ဒီသတင်းကို ကြားလျှင် ရှိုက်ကြီးတငင် ငိုကြွေးမည်ဟု။ အခုတော့ ခါတော် မျက်ရည် လေးတစ်စက်တောင် မကျဘဲ တည်ငြိမ်လွန်းလို့နေသည်။

နှစ်ပတ်တိုင်သည်အထိ မိုးရိပ်ဆီက ဘာသတင်းမှ မကြားရ ဘာမို့ ကြာတော့ ခါတော့်မိဘတွေ သံသယဝင်လာသည်။ ခါတော်က လည်း အတိအကျ ပြန်မပြောနိုင်တော့ မကောင်းပါ။

အမှန်တရားကို သူလည်းသေချာစွာ မပြောနိုင်သေးတော့ ခါတော်ကို အရိပ်အမြွက် အသိပေးဖြစ်သည်။

"မြတ်သော"

"ဘာလဲ ခါတော်"

"နင်သိနေတဲ့အတိုင်းဆို သူ အဲဒီမှာပဲ ရှိမယ်ထင်တယ်၊ ဒီကိစ္စ ကို ငါ အတိအကျ သိချင်တယ်ဟာ"

"စိတ်ချပါ ခါတော် ငါ စုံစမ်းပေးမယ်"

"ဟင့်အင်း ငါ ကိုယ်တိုင်ပါ လိုက်ခဲ့ချင်တယ်၊ နင် ရောက်ခဲ့ တဲ့အိမ်လေးကို ငါသွားချင်တယ်"

ခါတော် တောင်းဆိုနေတော့ သူ မငြင်းနိုင်ပါ။ ခါတော့်ဆန္ဒ အတိုင်း သူ ခေါင်းညိတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



''အင်း နင်နဲ့ငါ သွားကြမယ်လေ၊ ဒါပေမဲ့ နင့်ကိုငါ ကြိုတင်တောင်းပန်ထားချင်တယ် ခါတော်၊ အခြေအနေမှန်ကို နင်သိရင် မပေါက်ကွဲနဲ့နော်''

ခါတော် နှုတ်ခမ်းလေးတွေ မဲ့ကာ ပြုံးသည်။ ပြီးတော့ သူ့ကို အလေးအနက် မျက်ဝန်းတွေနှင့်ကြည့်ရင်း

''ငါ့ကို နင် ယုံပါ မြတ်သော၊ မိုးရိပ်ဆိုတဲ့ ယောကျ်ားကြောင့် တစ်ဖက်က မိန်းကလေးတစ်ယောက်လည်း ဒုက္ခရောက်နေရတာပဲလေ ငါ ခံစားနားလည်နိုင်ပါတယ်၊ ငါက အခြေအနေတစ်ခုကို ရင်ဆိုင်ဖို့ အသင့်ပါ''

ခါတော်ကို သူ ယုံပါသည်။ ခါတော်အတွက် စိုးရိမ်သော သူ့စိတ်တွေလည်း ပြေပျောက်ရသည်။

ခါတော်အတွက်တော့ အခြေအနေတစ်ခုကို အပြတ်သားဆုံး ရင်ဆိုင်ဖို့ အသင့်ရှိနေချိန်မှာ သူ ခါတော့်ဘေးမှာ အားပေးဖော်အဖြစ် ရှိနေချင်ပါသည်။

ခါတော်ရဲ့ပြဿနာက သူ့ပြဿနာဟု ခံယူထားပြီးပြီ။

■ ■ ■

''ဘယ်သူနဲ့တွေ့ချင်လို့လဲရှင့်''

တစ်ထပ်တိုက်ပုလေးထဲမှ ထွက်လာသော အမျိုးသမီးက သူနှင့်ခါတော်တို့ထက် နှစ်နှစ်လောက်ကြီးမှာ ခန့်မှန်းမိသည်။





မျက်နှာလေးက ချောမွေ့ပေမယ့် သောကရိပ်တွေကြောင့် ထင်သည် ဆံပင်တွေက ဖရိုဖရဲ၊ ဖြူလျော်လျော် မျက်နှာက ညှိုးနေသည်။

''မိုးရိပ်နဲ့ တွေ့ချင်လို့ပါ၊ ကျွန်တော်က မိုးရိပ်သူငယ်ချင်းပါ''

မြတ်သော ခပ်တည်တည်ပဲ လိမ်ညာလိုက်သည်။ အိမ်မှာ မိုးရိပ်မရှိတာ သူ သိထားသည်။ ဝင်မလာခင်ကတည်းက ဂိမ်းဆိုင်လေးထဲမှာ ဝင်စုံစမ်းပြီးသား ဖြစ်၏။

ထိုအမျိုးသမီး ခေါင်းလေးညိတ်ကာ သူ့ကိုကော အနောက်က ပါလာသော ခါတော့်ကိုပါ တစ်ချက် အကဲခတ်ကြည့်သည်။

''ဝင်ပါရှင့် မိုးရိပ်တော့ မရှိဘူး၊ ထိုင်ကြပါဦး''

''ဟုတ်ကဲ့ လာ ခါတော်''

သူ ခါတော့် လက်ကလေးကို ဆွဲကာ ဧည့်ခန်းထဲ ဝင်ခဲ့သည်။ ဧည့်ခန်းက ထိုင်ခုံမှာ ထိုင်မိတော့ ဧည့်ခန်းနံရံပေါ်မှာမြင်လိုက်ရတာ မိုးရိပ်နှင့် ရယ်ရယ်ပြုံးပြုံး ယှဉ်တွဲရိုက်ထားသော အမျိုးသမီးဓာတ်ပုံကို တွေ့သည်။

ခါတော်လည်း သူ့လိုပဲ ဓာတ်ပုံကို မြင်တွေ့သွားပုံရသည်။ မျက်နှာလေး တင်းသွားတာမို့ သူ ခါတော့်လက်ကို ဆုပ်ကိုင်သတိပေးလိုက်ရ၏။

''တစ်ခုခု သောက်ကြပါလား၊ ကော်ဖီတော့ ရှိတယ်ရှင့်''

''ဟာ နေ နေ အခုပဲ ကျွန်တော်တို့ သောက်လာလို့ပါ၊ ဟို



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ဘယ်သွားသလဲဟင်''

''အပြင်သွားတယ်ရှင့်၊ ညနေလောက်မှ ပြန်လာမယ်ထင်တယ် ဘာမှာခဲ့ချင်လို့လဲ မှာခဲ့ပါ''

''ဩော် ဘာမှထွေထွေထူးထူးတော့ မရှိပါဘူး။ မိုးရိပ် မိဘတွေ က သူ မလာတာကြာလို့တဲ့၊ လမ်းကြုံရင် ဝင်ခဲ့စမ်းပါမှာလိုက်လို့ ကျွန်တော် ဝင်ခဲ့တာပါ၊ ဒီကောင် အခုတလော ဘာတွေ အလုပ်ရှုပ်နေ သလဲ မသိဘူး။ ကျွန်တော်တို့ မဆုံဖြစ်တာလည်း ကြာပြီလေ''

''ရှုပ်ဆို သမီးလေးက နေမကောင်းဖြစ်နေတာ ကြာပြီ အဲ ကြောင့် သူ့မိဘအိမ်မရောက်ဘဲ သမီးလေး အနားနားမှာ နေနေတာပါ ရှင်''

ခါတော် မျက်နှာကို သူ လှမ်းကြည့်တော့ ခံစားချက်ကို မျိုသိပ် ထားဟန်နှင့် ရှိနေသည်။ မိုးရိပ်မှာ ကလေးတစ်ယောက်တောင် ရှိနေ သည်ဆိုတာ ခါတော် သဘောပေါက်သွားမှာပါ။

''ကလေး နေမကောင်းတာ မိုးရိပ် မိဘတွေ မသိဘူးလားဗျ''

အမျိုးသမီး နာနာကျင်ကျင်လေး ပြုံးသည်။

''ဟင့်အင်း သူတို့မှာ မြေးရှိတယ်ဆိုတာတောင် သိမှာမဟုတ် ပါဘူး။ မိုးရိပ်က လူတစ်မျိုးရှင့်၊ ဘယ်အရာကိုမဆို သိပ်လျှို့ဝှက်လွန်း တယ်၊ သူနဲ့ကျွန်မ အိမ်ထောင်သက် နှစ်နှစ်ကျော်အတွင်းမှာ ကျွန်မကို သူ့မိဘတွေဆီ တစ်ခါမှ ခေါ်မသွားဖူးသလို ကျွန်မ့အနားမှာလည်း အခိုင်





မြဲ့ မနေပါဘူး။ ဒီလိုပဲ သူ စိတ်ပါမှ လာတတ်တာ၊ အခု ကားတစ်စီး နဲ့ အလုပ်တွေရှုပ်ပြီး သမီး နေမကောင်းဘူး၊ ဒီအိမ်မှာပဲနေပေးပါလို့ တောင်းဆိုထားလို့ သူ နေပေးနေတာ''

မြတ်သော မေးသမျှ အမျိုးသမီးက ဖြေနေသည်။ သူမ ရင်ထဲ က ခံစားချက်တွေကို မြတ်သော မြင်နေသလို ခါတော်လည်း မြင်နေမှာ သေချာ၏။

''မိုးရိပ်က ခင်ဗျားအပေါ်မှာရော အိမ်ထောင်ဦးစီး တာဝန် ကျေရဲ့လား''

အမျိုးသမီး နှုတ်ခမ်းတွေ မဲ့ကျသွားခဲ့သည်။ တကယ်ဆို မေး ရောမလိုသော မေးခွန်းဟု မြတ်သော သိသည်။ ဒါပေမဲ့ မိုးရိပ်အကြောင်း တွေ အထင်အရှား သိချင်တာကြောင့် မေးမိတာ ဖြစ်သည်။

''အိမ်ထောင်ဦးစီး တာဝန်ဆိုတဲ့ စကားကို ရှင်တို့သူငယ်ချင်း ကိုသာ သွားပြောရင် အဲဒါ ဘာလဲလို့တောင် ပြန်မေးမှာသေချာတယ်၊ သူနဲ့ညားပြီးကတည်းက ကျွန်မ သူ့ရဲ့ထောက်ပံ့မှု ဘာတစ်ခုမှ မရခဲ့ပါဘူး။ ကျွန်မကသာ ချစ်လွန်းလို့ သည်းခံပေါင်းနေတာ၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာ စားနေရတာပါ၊ ဒီအိမ်တောင်မှ ကျွန်မမိဘတွေဆီက အမွေရထားလို့ နေရတာ၊ နို့မို့ဆို လမ်းဘေးရောက်မှာ သေချာတယ်၊ အခုလည်း သူ ကမ္ဘာကြီးက မိန်းကလေးတစ်ယောက်နဲ့ ခြေရှုပ်နေတယ်လို့ ကျွန်မ ကြား တယ်၊ သမီးလေးမျက်နှာကြောင့် ကျွန်မ အားလုံးကို သည်းခံပေးနေတာ

www.burmeseclassic.com



ပါ''

မိုးရိပ်သတင်းတွေကတော့ ခါးသီးရွံရှာစရာကောင်းလို့နေသည်။ နောက်ထပ် ဘာမှမေးစရာမလိုအောင် ပြည့်စုံနေပြီမို့ သူ ခါတော်ကို လှမ်းငဲ့ကြည့်မိသည်။

ခါတော်ကလည်း ပြန်ချင်သည့် သဘောနှင့် ခေါင်းလေးညိတ်ပြသည်။

''ဒြေဒ်ကျွန်တော်တို့ ပြန်ဦးမယ်ဗျာ''

''ဟုတ် ဟုတ်ကဲ့''

နှုတ်ဆက်ပြီး ထွက်ခဲ့ကြတော့ ခါတော် နှုတ်ဆိတ်နေသလို သူလည်း ဘာစကားမှ မဆိုမိပါ။

ကားလေးကို ခြံရှေ့က မောင်းထွက်ခဲ့တော့မှ သူ ခါတော့်ကို မေးရ၏။

''ခါတော် နင် ဘာဆက်လုပ်မလဲဟင်''

''ရှင်းနေတာပဲ မြတ်သောရယ်၊ ဒီကိစ္စကို မေမေတို့ကို အသိပေးပြီး ငါ အပြတ်သားဆုံး ရှင်းရမှာပေါ့''

''နင် နာကျင်နေသလား ခါတော်၊ ငါ တကယ် စိတ်မကောင်းဘူးဟာ''

''ဟင့်အင်း အခု ငါ ခံစားနေရတာ ငါ့အတွက်မဟုတ်ဘူး။ မေတို့အတွက်ပဲ၊ ငါ့အကြောင်းတွေသိရင် မေတို့ အတော်စိတ်မကောင်း





ဖြစ်ကြမှာ''

''ဒီကိစ္စကြီးက ရေရှည်သိုဝှက်ထားလို့မှ မရတာပဲဟာ''

''ဟုတ်တယ် မြတ်သော ဒါကြောင့် ငါ အမြန်ဆုံး ရင်ဆိုင်မှာပါ၊ သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ငါ ဆက်မပေါင်းနိုင်ဘူး၊ ငါ့ရင်သွေးလေးအတွက် ငါ ရင်ဆိုင်ရဲပါတယ်''

ခါတော်ရဲ့ ရဲရင့်ပြတ်သားမှုတွေအတွက် သူ လေးစားချီးကျူးမိပါသည်။ ဘာပဲဖြစ်ဖြစ် အန္တရာယ်ဆိုးကြီးကို ကြာရှည်လွယ်ပိုးထားရတာထက်စာလျှင် ခါတော်ရဲ့ ထိပ်တိုက်ရင်ဆိုင်မှုက အကောင်းဆုံးဟု သူ ယုံသည်။

ခါတော်ရဲ့ဘဝသစ်အတွက် သူ အားပေးကူညီပေးဖို့အသင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"အမလေး ဘုရားရေ၊ မိုးရိပ်ဆိုတဲ့ ကောင်လေးက တကယ့် လူယုတ်မာကောင်လေးပဲ"

ဒေါ်ပန်းမြတ်မှူ သမီးအတွက် ယူကြုံးမရဖြစ်ကာ အဝိတ်တလင့် ရေရွတ်၏။ သမီးလေးအဖြစ်က ကံဆိုးလိုက်တာ။

အတွေ့အကြုံ မရှိသော သမီးလေး နုလုံးသားနုနုလေးကို ဒီလို လူစားမျိုးလက်ထဲမှ ဝ,ကွက်အပ်လိုက်မိသည့်အဖြစ်။ အခုတော့ သမီးလေးမှာ ရင်သွေးတစ်ယောက်သာ အဖတ်တင်ကျန်ရစ်ခဲ့တော့သည် ဆိုသော ဘွဲ့ကြီးသာ ကျန်ရစ်ခဲ့ပြီ။

"ဒီကိစ္စတွေ ကျွန်တော် သိထားတာရက်ပိုင်းလောက် ရှိနေပြီ အန်တီပန်း၊ ခါတော့်ကို ပြောမထွက်ခဲ့လို့ပါ၊ အန်တီပန်းတို့လည်း စိတ်ဆင်းရဲမှာစိုးလို့ပါ။ ဒါပေမဲ့ မပြောမဖြစ်တဲ့ အခြေအနေမို့ ပြောလိုက်ရတာပါ"





"သားရယ် အန်တီပန်းကို ပြောရောပေါ့၊ အင်းလေ သားက တော့ သမီးလေး စိတ်ဆင်းရဲမှာစိုးလို့ ပြောမထွက်တာ အန်တီပန်း နားလည်ပါတယ်"

"သမီး သူနဲ့ အမြန်ဆုံး ကွာရှင်းမယ် မေ"

"ဒါ ဖြစ်သင့်တဲ့ကိစ္စပဲ သမီး၊ ဒီလို အကျင့်သိက္ခာမရှိတဲ့ ယောက်ျားတစ်ယောက်ဘဝထဲမှာ သမီးကို မေ မထားနိုင်ပါဘူး၊ ဒီကိစ္စ သမီး ဖေသာ သိရင် ဘယ်လောက် ဒေါသထွက်ရှာမလဲ၊ ဒီအချိန်မှာ သူ ခရီးထွက်နေတာပဲ ခပ်ကောင်းကောင်း"

ဒေါ်ပန်းမြတ်မှူ မချိတင်ကဲ ဆိုမိပါသည်။ သမီးတို့ အဖေကို တော့ သူမကိုယ်တိုင်ပဲ အသိပေး နားချရတော့မည်။

သမီးလေး တစ်ဘဝလုံး နစ်မွန်းရမည့်ကိစ္စက အခုလို စောစီးစွာ အဖြေသိသွားခဲ့တာကပဲ ကံကောင်းသည်ဟု ဆိုရမည်။

"သမီး သူနဲ့ရင်ဆိုင်ရှင်းချင်သေးလား"

သမီးကို မေးတော့ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေနှင့် ခေါင်းကို ခါရမ်းပြရင်း

"ဟင့်အင်း ခါတော် သူ့မျက်နှာကို မမြင်မတွေ့ချင်တော့ဘူး မေ၊ ကွာရှင်းဖို့ ကိစ္စကို မေပဲ စီစဉ်ပေးပါ၊ နောက်ပြီး သူ့ဆီက ကားနဲ့ ဖုန်းကိုလည်း ပြန်သိမ်းမယ်"

"အင်း သမီးသာ သူ့ကိုတကယ်ပြတ်သားရင် မေမေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးမယ် သမီး''

မြတ်သောက သူတို့သားအမိနှစ်ယောက် စကားတွေကို တိတ်ဆိတ်စွာ နားထောင်နေရင်း ခါတော့်ကို လှမ်းကြည့်သည်။

''နင့်စိတ်ထဲမှာ ခံစားနေရသလား ခါတော်၊ စိတ်ပြေလက်ပျောက် ဖြစ်အောင် ငါ ဘယ်လိုဖြည့်ဆည်းပေးရမလဲဟင်''

ခါတော် ခေါင်းလေးမော့ကာ ပြုံးသည်။

''ဟင့်အင်း ငါ မခံစားရဘူး မြတ်သော၊ ယုတ်မာကောက်ကျစ်မှုတွေ ပြည့်နေတဲ့ အမိုက်မှောင်ကြီးထဲက ငါ ရုန်းထွက်နိုင်ခဲ့တာလို့ ကျေနပ်ဖြေသိမ့်နိုင်ပါတယ်''

''ဟုတ်တယ် သမီး၊ မေ့ သမီးလေး ကံကောင်းတယ်''

''နင့်ကိုငါ ကျေးဇူးတင်တယ် မြတ်သော၊ နင်သာ ငါ့ကို အသိပေးမပြောခဲ့ရင် ငါ ဒီလူယုတ်မာရဲ့ အလိမ်အလှည့်တွေပဲ ထပ်ယုံနေမိဦးမှာ''

''မလိုပါဘူး ခါတော်ရယ်၊ နင်နဲ့ငါက အရင်းနှီးဆုံး သူငယ်ချင်းတွေပဲလေ၊ နင် ဒုက္ခရောက်မှာကို ငါ ကြည့်ရက်ပါ့မလား''

''ယုံပါတယ် မြတ်သော၊ ငါ့ဘဝမှာ နံဘေးကနေ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့ သူငယ်ချင်းကောင်းက နင်ပါပဲ''

သမီး ရင်ထဲက နောင်တတွေက အခုမှ တကယ် ကြည်လင်သွားခဲ့ပြီဟု ဒေါ်ပန်းမြတ်မှူ ယုံပါသည်။





တကယ်ဆို ဟိုးအရင်ကတည်းက သမီးလေးသာ မြတ်သောကို ရွေးချယ်ခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ။

အခုတော့ ကိုယ့်သမီးလေးဘဝက နွမ်းခဲ့ပြီ။ ရင်သွေးတစ်ယောက်နှင့် တစ်ခုလပ်ဆိုသော ဂုဏ်ကြီးက ထင်ဟပ်နေခဲ့ပြီ။

ဒီအချိန်မှာ မြတ်သောနှင့်သမီးလေးကို စိတ်ကူးယဉ် အိပ်မက်လည်း သူမ မမက်ရဲပါ။

သမီးလေးနဲ့ ရင်သွေးလေးအတွက်တော့ ရင်ထဲမှာ မောမိသည်။

ဖခင်ရင်းချာရှိပေမယ့် အဖမေတ္တာကို ငတ်ရရှာမည့် ရင်သွေးလေးအတွက်ပဲ စိတ်မကောင်း ဖြစ်ရသည်။ ဒါပေမဲ့ မြေးလေးရဲ့ ဖခင်ဆိုတာကလည်း ယောက်ျားမပီသသော သစ္စာမဲ့ လူယုတ်မာဖြစ်နေတော့

ရှိစေတော့။ မြေးလေးအနာဂတ်ကို လှပအောင် သူမနှင့်သမီးလေးတို့ပဲ ကြိုးစားတည်ဆောက်ပေးတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကျွန်တော် ခါတော့်ကို လုံးဝ ကွာရှင်းမပေးနိုင်ဘူး"

မိုးရိပ် မျက်နှာက မာတင်းနေသည်။ ခါတော်မှီကို ကွာရှင်းပေးရမည်ဆိုတာကြောင့် သွေးရူးသွေးတန်း နိုင်နေ၏။

ဒေါ်ပန်းမြတ်မှုံက သူမရှေ့မှာ ရှိနေသော မိုးရိပ်ကို ရွံ့ရှာစက်ဆုပ်သော မျက်ဝန်းတွေနှင့်ကြည့်ရင်း

"အန်တီတို့ဘက်က အသာတကြည် တောင်းဆိုနေတာပါ မောင်မိုးရိပ်၊ အဟင်း မင်းက ရက်ရက်ရောရော ရလာတဲ့ အခွင့်အရေးကို ကောင်းကောင်းမှ အသုံးမချခဲ့တာကိုးကွဲ့၊ အခုတော့ အန်တို့သမီးက မင်းကို ဒီတစ်သက် မပြောနဲ့ နောင်ဆယ်သက်တောင် မကြည့်ချင်တော့ဘူးတဲ့"





"ဒါ မရိုးသားတာပဲ အန်တီ၊ ခါတော် အန်တီတို့အိမ်ရောက်ပြီးမှ ဒီလိုဖြစ်သွားတာ အန်တီတို့ စနက်တွေလား"

"ဘာ မင်း ဒီလိုမပြောနဲ့၊ အခုကိစ္စက သမီးကိုယ်တိုင် ဆုံးဖြတ်တဲ့ကိစ္စ မင်းကို ကွာရှင်းဖို့ပဲ သမီးက တောင်းဆိုနေတယ်"

မိုးရိပ် မထီမဲ့မြင် အမူအရာနှင့် ခပ်ပေါ့ပေါ့ ရယ်သည်။

"အလုပ်ကို ကြိုးစားလုပ်နေတဲ့ ယောကျာ်းတစ်ယောက်ရဲ့ တန်ဖိုးကို နားမလည်ဘဲနဲ့ ကွာရှင်းခွင့်တောင်းတာ အရမ်းတစ်ဖက်သတ်ဆန်လွန်းတယ် အန်တီ၊ ဘာကြောင့် ခါတော်က ကျွန်တော့်ကို ကွာရှင်းချင်တာလဲ၊ ဒါကို ကျွန်တော် သိချင်တယ်"

မိုးရိပ် မထီတရီ အပြုံးနှင့် ကြည့်ကာ မေးတော့ ဒေါ်ပန်းမြတ်မှုံမျက်နှာမဲ့ကျသွားရင်း

"ဒီမေးခွန်းကို မင်းမို့ မေးရက်တယ် မောင်မိုးရိပ်၊ အဲဒီလိုမေးဖို့အတွက် မင်းကိုမင်းကော လိပ်ပြာလုံရဲ့လား"

"ဘာမလုံစရာရှိသလဲ အန်တီ၊ လုံလွန်းလို့ တစ်ဖက်ကမ်းတောင် ရောက်နေဦးမယ်"

"ဟုတ်ပြီ မင်းဘက်က မျက်နှာပြောင်တိုက်ပြီး မေးနေမှတော့ ငါကလည်း ဖြေရတော့မှာပေါ့၊ မင်း သေသေချာချာ အာရုံစိုက်ပြီး နားထောင်"

"ဟုတ်ကဲ့ နားထောင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် ခပ်ရွံ့ရွံ့ပဲ ပြောလိုက်သည်။ ခါတော်နှင့်သူ့ကြားမှာ ယောက္ခမတွေ နောက်လို့ ဒီအခြေအနေတွေ ဖြစ်ကုန်တာဟု ထင်နေမိသဲ

"မင်းမှာ မသန္တာဆိုတဲ့ မိန်းမနဲ့သမီးလေးတစ်ယောက်ကို လူမသိသူမသိ တိတ်တိတ်ပုန်း ယူထားပြီးမှ ဘာဖြစ်လို့ အန်တီ့သမီးကို နိုးယူပေါင်းသင်းရတာလဲ"

"ဟင်"

မိုးရိပ်မျက်နှာ သွေးဆုတ်ဖြူလျော်သွားသည်၊ ဒီကိစ္စကို ခါတော် ဘယ်လိုသိသွားရတာလဲ။ ဒါဟာ တစ်ဦးတစ်ယောက်ရဲ့ ပယောဂကြောင့် လား။

စိတ်လှုပ်ရှားမှုတွေကို ဟန်ဆောင်ထိန်းချုပ်ရင်း မိုးရိပ် ဟက်ခနဲ တစ်ချက် ရယ်လိုက်သေးသည်။

"ကျွန်တော်တောင် မသိတဲ့ကိစ္စကို ဘယ်ကဘယ်လို ကြားလာတာလဲ အန်တီ၊ ကျွန်တော်တို့နှစ်ယောက်ကို ခွဲမယ်ဆိုရင်လည်း၊ တခြားနည်းလမ်းသုံးစမ်းပါဗျာ၊ ကျွန်တော့်သိက္ခာကို ထိပါးစေတဲ့ ထွင်လုံးမျိုးတွေနဲ့တော့ ပ,မထုတ်ပါနဲ့"

"တိတ်စမ်း မိုးရိပ်"

ဒေါသဖြင့် ဟစ်အော်လိုက်သော ဒေါ်ပန်းမြတ်မှူ အသံကြောင့် ဧည့်ခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်။ အကြည့်စူးစူးတွေက မိုးရိပ်မျက်နှာပေါ် ခါးသီးစွာ ကျရောက်နေ၏။





မိုးရိပ် ဒေါ်ပန်းမြတ်မှူအကြည့်တွေကို စိတ်မလုံစွာနှင့် ဖျတ်ခနဲမျက်နှာလွှဲလိုက်သည်။

"ငါတို့က အကျိုးအကြောင်းမရှိင်လုံဘဲနဲ့ လူတစ်ဖက်သားကို ရမ်းသမ်းပြီး စွပ်စွဲတတ်တဲ့ ပေါက်လွှတ်ပဲစားတွေ မဟုတ်ဘူးကွ၊ ငါ့သမီး ခါတော်ကိုယ်တိုင် မင်းမိန်းမ မသန္တာတို့အိမ်ရောက်ပြီးသွားပြီ၊ ဒီထက်ပိုကျိန်းသေအောင် ပြောရရင် မင်းသမီးလေး နေမကောင်းဖြစ်နေတာကြာပြီ၊ ဒါကြောင့် မင်း အိမ်မပြန်နေတာကအစ နောက်ပြီး မသန္တာနဲ့ငါ့သမီးအပြင် မင်း နောက်ထပ် တစ်ယောက်နဲ့ ရှုပ်နေတာတွေလည်း အကုန်သိထားတယ်၊ ကဲ ဒါဆို မင်း ဘာပြောမလဲ မိုးရိပ်"

မိုးရိပ် ထွက်ပေါက်ပိတ်နေသော ယုန်သူငယ်လို မျက်လုံးလေးချာလည်နေသည်။ ငြင်းဆိုအကြောင်းပြဖို့ဆိုတာ ဘာမှမရှိ။

"ကျွန် ကျွန်တော် ရှင်းပြပါရစေ အန်တီ"

မိုးရိပ် မျက်နှာငယ်လေးနှင့် တောင်းပန်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ ဒေါ်ပန်းမြတ်မှူ ခေါင်းခါငြင်းရင်း

"မလိုတော့ဘူး မိုးရိပ်၊ အန်တီ ဒီကိုလာတာ မင်းနဲ့သမီးကွာရှင်းဖို့ကိစ္စအတွက်ပဲ၊ မင်းဆီက ဖြေရှင်းချက်တွေကို နားထောင်ဖို့မဟုတ်ဘူး၊ ဒီအိမ်က ငါတို့အိမ်၊ နောက်ပြီး ကားသော့နဲ့ဖုန်းကိုလည်းမင်း အန်တီလက်ထဲ ပြန်အပ်၊ ပြီးရင် မင်းသွားချင်တဲ့နေရာ သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ် လက်နှစ်ဖက်ကို ဆံပင်တွေထဲ ထိုးသွင်းရင်း ခေါင်းငို စိုက်ကျသွားသည်။

ဘာဆို ဘာမှ ဖြေရှင်းခွင့် မရှိအောင် ပေါ်ကုန်ပြီဖြစ်သည်

ကိုယ့်တက်က ပိုင်ဆိုင်မှုကလည်း ဘာမှရှိတာ မဟုတ်။ ဒီဖေ ရုံးတွေ ဂတ်တွေမှာ စာရင်းမရှင်းရတာထက်စာရင် ဒီလို အသာတကြ လက်မှတ်ထိုးပေးလိုက်ရတာ ကံကောင်းပါသည်။

မိတ်ဆွေလည်း မသိလိုက်။ ကိုယ့်အသိုင်းအဝန်းကလည်း မ လိုက်ဘဲ ပြီးဆုံးသွားမှာ။

ရင်ထဲမှာတော့ ခါတော်မှီကို ဆုံးရှုံးလိုက်ရပြီဆိုသော အသိ တော့ ချောက်ချားထိတ်လန့်စရာကြီး ဖြစ်နေ၏။

လှသော ချောသော ပြည့်စုံသော ခါတော်မှီကို သူ ချစ်ခဲ့တ တော့ အမှန်ပဲ ဖြစ်သည်။ ဒါကြောင့်လည်း မရရအောင် ယူခဲ့၏။

အခုတော့ ကိုယ့်ရဲ့ ပွေချင်ရှုပ်ချင်သော ဗီဇစိတ်ကြော အားလုံး ကို ဆုံးရှုံးစွန့်လွှတ်ခဲ့ရသည်။

ဘယ်လောက် မိုက်မဲလွန်းတဲ့ ကိုယ့်အဖြစ်လည်း. . .။

■ ■ ■



## အခန်း (၃၃)

ဘဝနဲ့ရင်းပြီး မှားခဲ့သော အမှားဒဏ်တွေကိုလည်း ခါတော် ခံနိုင်စွမ်းရှိခဲ့ပြီ။

တဖြည်းဖြည်း လရင့်လာသော ကိုယ်ဝန်ကလည်း ထင်ထင် ရှားရှားလေး ပေါ်လာတာမို့ အားလုံးရဲ့ဂရုစိုက်ကြင်နာမှုတွေကို ခါတော် ပိုင်ဆိုင်နေခဲ့ရ၏။

မေကော ဖေပါ ခါတော့်ကို အရိပ်တကြည့်ကြည့် ရှိသည်။

မြတ်သောဆိုလျှင် ကျောင်းသွားချိန်ကလွဲလို့ ကျန်အချိန်တွေ မှာ ခါတော့်အနားမှာ တစ်ချိန်လုံး ရှိသည်။

ညနေတိုင်း ခါတော် ကျန်းမာရေးအတွက် မွေးဖွားလို့လွယ်ကူ အောင်ဆိုကာ သူကိုယ်တိုင် အင်းယားကန်ဘောင်ပေါ် လမ်းလျှောက် ခေါ်သွားတတ်သည်။

ခါတော်ရဲ့ ရင်သွေးအတွက်လည်း မြတ်သော အာရုံက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်း ရှိနေတာ ခါတော် အသိဆုံး။

"ခါတော် နင်တော့ မသိဘူး၊ ငါတော့ နင့်ဗိုက်ထဲက ကလေး လေး လူ့လောကထဲ ထွက်လာမယ့် အချိန်ကိုတွေးပြီး ပျော်နေတယ်ဟာ နင့်ကလေးလေးက တော်တော်ချစ်ဖို့ကောင်းမှာနော်၊ ပြောရင်းနဲ့တောင် ငါ ချီချင်လာပြီဟာ"

"အေး ခဏာပဲစောင့်၊ ငါ့ဗိုက်ထဲက ကလေး အပြင်ရောက်တာ နဲ့ ငါက အပျိုပြန်လုပ်မှာ၊ အဲဒီကလေးကို နင်ပဲ ထိန်းရမှာ မြတ်သောရဲ့"

"ကြည့်စမ်း တော်တော် မိခင်ပီသပါလား"

"ဟုတ်တယ်လေ နင်ပဲ ချီချင်ထိန်းချင်တယ်ဆို၊ ဟွန်း တကယ် တမ်း ချီရထိန်းရမယ်ဆိုမှ ခါတော်ရာ နင့်ကလေးက အလုပ်ရှုပ်လိုက်တာ ငါ့ကို လာမထိန်းနိုင်းနဲ့လို့ အော်ထုတ်မှာ မဟုတ်လား"

ခါတော် မျက်ဝန်းလေး ထောင့်ကပ်ကာ ပြောတော့ မြတ်သော ခေါင်းကို သွက်သွက်လေးခါရင်း

"နိုး စောင့်ကြည့်လိုက်၊ အဲဒီလို ဘယ်တော့မှ မပြောဘူး။ ငါ တင်မဟုတ်ဘူး ဖေဖေနဲ့မေမေပါ နင့်ကလေးကို ကြိုပြီးချစ်နေကြတာ မြင်ယောင်ပါသေးတယ် ဒီကလေး ဟိုဘက်ခြံနဲ့ဒီဘက်ခြံ ယောက်ယက် ခတ်နေအောင် ကူးနေမှာ ဟား ဟား"

ခါတော် ရင်ထဲမှာ မြတ်သောရဲ့ သောမနသ စကားတွေအတွက် ပီတိလှိုင်းလေးတွေ ဖြာနေခဲ့၏။





ကန့်ဘောင်ကို ဖြတ်တိုက်လာသော လေနုနုအေးအေးလေးတွေ ၏ အရသာက ခါတော့် သွေးသားထဲအထိ စီးမျောသွားသလို ခံစားရသည်။

"ကဲ လေညင်းခံလို့ ဝပြီဆိုရင် ဘုရားသွားကြမယ်"

မြတ်သော ခုံတန်းလေးမှာ ထိုင်နေသော ခါတော်၏ လက်မောင်းသားဝင်းဝင်းကလေးကို တွဲထူပေးလာ၏။

ရပ်ထားသော ကားနားအထိ မြတ်သော ဖေးဖေးမမလေး တွဲခေါ်သည်။ မြတ်သော၏ ဂရုစိုက်ကြင်နာတတ်မှုတွေအတွက်တော့ ခါတော် စိတ်ထဲမှာ ကြည်နူးချမ်းမြေ့နေမိတာ အမှန်ပဲဖြစ်၏။

"ဒီနေ့ လမ်းလျှောက်ထွက်မယ့် အစီအစဉ်ထဲမှာ ဘုရားသွားဖို့လည်း ပါတယ်၊ ဟုတ်လား မြတ်သော"

ကားပေါ်ရောက်တော့ ခါတော် ကြည်ကြည်နူးနူးလေး မေးမိ၏။ မြတ်သောက ခေါင်းလေးညိတ်ရင်း

"ဟုတ်တယ်လေ ရွှေတိဂုံဘုရားမှာ သားဆုပန်းတဲ့နေရာရှိတယ်၊ နင်ပဲ သားလေးလိုချင်တယ်ဆို၊ အဲဒီမှာ သွားဆုတောင်းတာပေါ့"

"အေး အေး သွားချင်တယ်၊ ဘုရားလည်းဖူးရင်းပေါ့ဟာ"

မြတ်သော ကားလေးကို ညင်သာစွာ မောင်းထွက်တော့ ခါတော် ထပ်ပူဆာမိပြန်၏။

"အပြန်ကျရင် ငါတို့ မြေအိုးမြီးရှည် သွားစားကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်သော မကြားသလို ငြိမ်သက်နေတော့ ခါတော် မျက်နှာလေး ရှုပ်ပစ်လိုက်၏။ ဒါကို နောက်ကြည့်မှန်ထဲက မြင်သော မြတ်သော ပြုံးလိုက်တာလည်း ခါတော် သိ၏။

"မြတ်သော ငါ ပြောတာ ကြားလားလို့"

"ဟင် ဘာလဲ ဘာပြောတာလဲဟ"

"အပြန်ကျ ငါတို့ မြီးရှည်စားမယ်လေ"

"နင်နဲ့မှ မတည့်တာ"

"အံမယ် ဘာလို့ မတည့်ရမှာလဲ တည့်တယ်"

ခါတော် စိတ်တိုစွာနှင့် ဘုဆတ်ဆတ်လေး အော်ပစ်တော့ မြတ်သောကလည်း တစ်ချက်လေး မလျှော့ပါ။

"ဒီလောက် ပူတဲ့စပ်တဲ့ အစားတွေ နင် စားရင် အထဲက ကလေးပါးစပ်ထဲ မျက်စိတွေထဲ ဝင်ကုန်ရင် ဘယ်လိုလုပ်မလဲ လုံးဝ မစားရဘူး"

သိသလို တတ်သလိုနှင့် ဆရာကြီးလုပ် ပြောနေသော မြတ်သော စကားကြောင့် ခါတော် ရယ်ချင်သွားမိ၏။

"နင်အရူးလား၊ ငါစားသမျှ ကလေးပါးစပ်တွေ မျက်စိတွေထဲ ဝင်မယ်လို့ ဘယ်သူပြောသလဲ"

"ငါ ပြောတာလေ"

"မြတ်သော နင် မညစ်နဲ့နော်၊ ဒီလို အပူအစပ် အစားအစာ





ျိုးက မွေးပြီးရင် လုံးဝစားလို့ မရတော့ဘူးဟ၊ မမွေးခင်လေးပဲ စားရ တာ"

"ခါတော် ငါ့ကို ဂျစ်မတိုက်ပါနဲ့ဟာ၊ နင်က မိခင်လောင်းလေ ှင့်ကလေးလေး ခေါင်းပေါ်ကို ဒီလို အဆိပ်အတောက် ဖြစ်စေမယ့် အစာတွေ ပို့ထားသင့်သလား စဉ်းစား"

စကားပြောရ လက်ပေါက်ကပ်လွန်းသော မြတ်သောကို ခါတော် စိတ်ရှိလက်ရှိ ဆွဲကိုင်ပစ်ချင်လာမိသည်။

"ကျွတ် နင်က ဆရာဝန်လား၊ ဒီမှာ ပြီးခဲ့တဲ့အပတ်က အိုဂျီကို မေးပြီးပြီ၊ စားလို့ရတယ် စား တဲ့"

"တကယ် စားနိုင်းလို့လား ခါတော်"

"ဟ ငါက အစားလေးတစ်လုပ်အတွက်နဲ့ လိမ်ရမလားဟဲ့၊ ကယ်ပါဆို ငါ စိတ်တိုလာပြီဟာ"

ခါတော် ကားကူရှင်မှာ ခန္ဓာကိုယ်လေး တောင့်မတ်မှီကာ ်ဆိုးသလို မျက်နှာလေး ရှုပုပ်နေတော့ မြတ်သော မနေနိုင်ပြန်။

"အေး နေဦး၊ ငါ အန်တီပန်းဆီ ဖုန်းဆက်မေးလိုက်မယ်"

ခါတော့် စကားကို မယုံသလိုနှင့် မြတ်သော ကားကို လက်တစ် က်နှင့် ထိန်းမောင်းကာ မေမေဆီ ဖုန်းဆက်နေသေးသည်။

ခါတော် မြတ်သောကို မျက်ခုံးလေးကျုံ့ကာ မကျေမနပ်နှ ကြည့်ကြည့်နေမိသည်။ မြတ်သော ဖုန်းဆက်မေးပြီးမှ ကျေ သွား



www.burmeseclassic.com

www.burmeseclassic.com



သလို မျက်နှာနှင့် လှည့်လာကာ

"အိုကေ ခါတော် နင် စားချင်တာ ငါ ကျွေးပါ့မယ်"

"တော်ပြီ မစားချင်တော့ဘူး"

"ဟာ ဘာလဲ နင်က စိတ်ဆိုးတာလား"

"ဟုတ်တယ် နင့်ကို တော်တော် ဒေါသဖြစ်နေတာ၊ လူကို မယုံသလိုနဲ့ ဖုန်းဆက်မေးနေတယ်၊ ငါ့ကိုများ အငတ်မကြီးကျနေတာလဲ"

"ဟား ဟား အငတ်မကြီးမဟုတ်ပါဘူး၊ အဝမကြီးလေ ဗိုက်ကြီး ဒီလောက် တင်းနေတာတောင် အစားက သရမ်းတယ် ဟား ဟား"

ခါတော် စိတ်ပြေအောင် မြတ်သော စနောက်နေတော့ ခါတော် မပြုံးဘဲ မနေနိုင်တော့ပါ။

တကယ့်ကို ခါတော့်ရဲ့ အနွံ့အတာကို ခံနိုင်လွန်းသော မြတ်သောကိုတော့ ခါတော် ခင်လည်း ခင်သည်။ သံယောဇဉ်လည်း ကြီးရပါသည်။

မြတ်သောက ခါတော်အနားမှာ တကယ့်ကို သူငယ်ချင်းကောင်း တစ်ယောက်လို ရှိနေတော့ မိုးရိပ်ကို ပိုလို့ နာကျည်းမိသည်။

ခါတော်ရဲ့အချစ်တွေနှင့် မထိုက်တန်ခဲ့သူကိုမှ ခါတော် ယုံကြည်သွားခဲ့မိတာ အမှား။

ဒီအမှားကြီးက ပြင်ယူမရနိုင်တော့ပေမယ့် ခါတော် မေ့ပစ်နိုင်ဖို့ ကြိုးစားပါသည်။ ဒါ ခါတော် ရင်သွေးလေးအတွက်ပါပဲ။

■ ■ ■



အခန်း (၃၄)

"ဟယ် မမလင်း ဘာတွေလာပို့ပြန်တာလဲ"

ဒေါ်ပန်းမြတ်မှူ အားနာသလို လှမ်းပြောရင်း ငါးဆင့်ချိုင့်ကြီး ဆွဲကိုင်ဝင်လာသော မြတ်သောတို့မိခင်ကို ဆီးကြိုရ၏။

"ဗိုက်ကလေးအတွက် ရွှေတောင်ခေါက်ဆွဲ လုပ်လာတာ ပန်းရေ သူ မမွေးခင် စားချင်တာတွေ စားထားမှလေ၊ မွေးပြီးရင် နို့စို့မယ့် ကလေးကို ညှာပြီး ဟိုဟာရှောင် ဒီဟာရှောင်နဲ့ အစားတော်မှာစိုးလို့"

မြတ်သော မေမေက ပြောရင်း လက်ထဲက ချိုင့်ကြီးကို မေမေ့ လက်ထဲ ထည့်ပေးနေသည်။

"ဗိုက်ကလေးရော ဘယ်သွားလဲ ပန်း"

"ရေချိုးနေတယ် မမလင်းရေ၊ ရေကို မနက်ပိုင်းချိုးခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆယ့်တစ်နာရီနောက်ပိုင်းဆို အာကာသပွင့်ချိန်မို့ ချိုးလို့ သိပ်မကောင်းဘူး၊ အကြောအချဉ်တွေ တောင့်တင်းနေမှာစိုးလို့''

''အေး အေး ကောင်းတယ်၊ မနက်ပိုင်း ရေချိုးထား ဆေးဖြစ်တယ်၊ ညနေပိုင်း ရေချိုးရင် ဘေးတဲ့၊ ဒါ တို့ဘိုးဘွားတွေ လက်ထက်ကတည်းက ဉာဏ်နဲ့ယှဉ်ပြီး မှတ်ခဲ့ရတဲ့ စကားပဲ မဟုတ်လား''

မေမေနှင့် အန့်တီလင်းတို့ စကားတွေ ဖောင်ဖွဲ့ပြောရင်း မီးဖိုထဲ ဝင်သွားကြချိန်မှာ ခါတော် ရေမိုးချိုးပြီးလို့ သနပ်ခါးလေးတောင် လိမ်းပြီး ဆင်းခဲ့ပြီဖြစ်သည်။

''အန့်တီလင်း ဘာတွေ လာပို့တာလဲ''

''အမလေး ငါ့သမီးလေးက ဗိုက်ကလေး၊ ကော့လန်ကော့လန်နဲ့လည်း လှတာပါပဲလားကွယ် အဟင်း ဟင်း''

ခါတော် အနားရောက်လာပြီး အန့်တီလင်းက မေးစေ့လေး ကိုင်ကာ ပြောတော့ ခါတော် ရှက်ပြုံးလေးပြုံးရင်း အန့်တီလင်း ခါးကို ဖက်လိုက်သည်။

''မေ သမီး ဗိုက်ဆာတယ်''

ရွှေတောင်ခေါက်ဆွဲတွေ လှယ်ထည့်နေရင်း မေမေက အန့်တီလေးကို မေးဆတ်ပြရင်း တွေ့တယ် မဟုတ်လား ဂျီတိုက်ပြီဆိုသော အမူအရာလေးနှင့် မဲ့မဲ့လေး ပြုံးပြသည်။

''ဒီမှာ မေ့သမီးလေးအတွက် မမလင်းက ရွှေတောင်ခေါက်ဆွဲ





တွေ လာပို့တားပါတယ်နော်''

''ဟာ ဂွတ် ဂွတ် အန့်တီလင်းက အရမ်းချစ်ဖို့ကောင်းတာပဲ၊ ဒါကြောင့် သမီးက အန့်တီလင်းကိုပဲ အသည်းစွဲချစ်တာ သိလား''

ခါတော် ပြောရင်း အန့်တီလင်းပါး ဖောင်းဖောင်းအိအိကို ရွှတ်ခနဲ နမ်းလိုက်မိသည်။

''မြတ်သောရော အန့်တီလင်း၊ မနက်ကတည်းက သမီးဆီ တစ်ခေါက်မှ မလာသေးဘူး၊ ဒီနေ့ ကျောင်းပိတ်ပါတယ်''

''မလာဆို သမီး အန်ကယ်က သူ့ကို ဂေါက်ကွင်းခေါ်သွားလို့လေ၊ အခု ပြန်လာတော့ ဘာလုပ်နေတယ် ထင်သလဲ၊ သမီး စိတ်ကူးနဲ့ မှန်းဆကြည့်စမ်း''

အန့်တီလင်း စကားကြောင့် ခါတော် မျက်ဝန်းလေး ပေကလယ်ပေကလယ်နှင့် စဉ်းစားနေသည်။ မြတ်သော ဘာလုပ်နေသလဲ မှန်းဆရခပ်ခက်ခက်။

''အင်း အဲ ဒီအချိန် သူ ဂိမ်းဆော့ချင်ဆော့ မဆော့ရင် စကိုင်းနက်ဖွင့်ပြီး အားကစားသတင်းကြည့်နေမလား၊ ဒါမှမဟုတ် ချက်တင်ဝင်နေမယ် ထင်တယ်၊ ဟုတ်တယ် ဟုတ်''

ခါတော် ထင်မြင်ချက်တွေကို အန့်တီလင်း ပြုံးကြည့်ရင်း ခေါင်းလေးခါကာ ငြင်းသည်။

''အဟင်း ဟင်း တစ်ခုမှ မဟုတ်ဘူး သမီးရေ၊ သူ အခု



www.burmeseclassic.com

အုန်းပင်ပေါ် တက်နေတယ်လေ''

''ဟင် အဟုတ်''

အန်တီလင်းစကားကြောင့် ခါတော် ပါးစပ်လေး အဟောင်းသား မျက်လုံးလေး အဝိုင်းသားနှင့် မေးမိသည်။ မေမေကလည်း ရှင်ဘတ်ဖိကာ

''အမလေး မမလင်းရယ်၊ ကလေးကို မတားဘူးလား''

''တားပါ့တော်၊ ခါတော်လေး ကလေးမွေးရလွယ်အောင် အုန်းစိမ်းရေတိုက်မလို့ဆိုပြီး ကိုယ်တိုင် တက်နေလေရဲ့''

''ဘုရားရေ''

မေမေ အထိတ်တလန့် ရေရွတ်သည်၊ ခါတော်လည်း စောစောက ဆာလောင်စိတ်ကလေးပင် ဘယ်ဆီရောက်သွားမှန်း မသိတော့ပါ။ ခြေလှမ်းတွေက စားသောက်ခန်းထဲမှ အပြေးလေး ထွက်ခဲ့မိပြီး ဖြစ်နေ၏၊

''ဟဲ့ သမီးလေး ခါတော် မပြေးနဲ့လေ၊ အို ဒုက္ခပါပဲ သူ့ကိုယ်သူ ပေါ့ပေါ့ပါးပါးလေးများ ထင်နေသလား မသိဘူး၊ လာ လာ ပန်းရေ သူ့နောက်လိုက်ရအောင်''

အန်တီလင်းနှင့်မေမေ ခါတော်နောက်က ခပ်သုတ်သုတ်လေး လိုက်ခဲ့သည်၊ ခါတော် မြတ်သောတို့ခြံထဲရောက်တော့ အုန်းပင်အောက်မှာ ခါတော် အထိတ်တလန့် မျက်ဝန်းတွေနှင့် ဆွေ့ဆွေ့လေး ခုန်နေသည်။





''မြတ်သော ဆင်း ဆင်းပါ ပြုတ်ကျမယ်''

''ဟာ ခါတော် ဘာလို့ အုန်းပင်အောက် လာရပ်နေတာလဲဟ၊ သွား ဖယ် ဝေးဝေးနေ''

''မဖယ်ဘူး နင်သာ အုန်းပင်ပေါ်က မြန်မြန်ဆင်းခဲ့စမ်းပါ''

ခါတော့်အသံလေးတွေ တုန်ခါနေကာ မြတ်သောအတွက် စိုးရိမ်စိတ်တွေနှင့် ငိုသံပေါက်နေ၏။

''နင် ဆင်းခဲ့စမ်းပါ မြတ်သောရယ်၊ ငါ့အတွက်နဲ့ နင် ဒီလောက်ထိ အပင်ပန်းခံစရာ မလိုပါဘူး''

''အေး အေးပါ ဆင်းမှာပါ၊ ဒီမှာ အုန်းသီးခိုင်ကြီး ကြိုးနဲ့ဆွဲချမလို့ နင် အောက်က အမြန်ဖယ်ပါဟ''

''သမီး ဖယ်ပေးလိုက်လေ၊ သမီးက အောက်ကနေ အဲလို ပူပူဆူဆူ လုပ်နေမှ ဟိုက ခြေချော် လက်ချော်ဖြစ်ပြီး ပြုတ်ကျမှာ၊ လာ လာ မေမေတို့အနားကို လာခဲ့''

ဒေါ်ပန်းမြတ်မှ သတိပေးရင်း ခါတော်ကို လက်ကလေးဆွဲခေါ်မှပဲ အုန်းပင်အောက်က ဖယ်ပေးသည်။

မြတ်သောက အုန်းခိုင်ကြီးဆွဲကာ ချပြီးတော့ အုန်းပင်ပေါ်က ဆင်းနေသည်။ ခါတော် မကြည့်ရဲသလို လက်ဝါးလေးနှင့် မျက်ဝန်းတွေကို အုပ်ထားမိသည်။

စိတ်ထဲမှာလည်း တလိုက်မိသည်၊ ဘုရား ဘုရားက ဘုရားရှိခိုး

www.burmeseclassic.com



မြောက်ပြီတောင် မသိတော့ပါ။

မြတ်သောရယ် နှင့်အတွက် ငါ အရမ်းစိတ်ပူတာယ်ဟာယ်။

နင်သာ တစ်ခုခုဖြစ်ရင် ငါ သေမလားပဲ။

■ ■ ■



# အခန်း (၃၅)

''ဟိတ် အခန်းထဲအောင်းပြီး ဘာလုပ်နေတာလဲ''

ရုတ်တရက် ခါတော်အသံကြားလိုက်တာကြောင့် မြတ်သော လက်ထဲက အရုပ်ကြီးကို ခုတင်ဘေးသို့ ဖျတ်ခနဲ ပစ်ချလိုက်သည်။

ခါတော် မြင်ပေမယ့်လည်း မျက်လုံးလေးဝင့်ကာ တမင် မမြင် ဟန်ဆောင်ပြီး နေလိုက်သည်။ မြတ်သော အနားကို ခါးလေး တစ်ဖက် ထောက်ပြီး ခါတော် ပြုံးစိစိ လျှောက်ခဲ့သည်။

''နင် ချူးပေးတဲ့ အုန်းစိမ်းရေကို သောက်လိုက်ရလို့လား မသိ ဘူးဟယ်၊ အရင်က တင်းတင်းကြပ်ကြပ်ကြီးနဲ့ မအီမလည်ဖြစ်နေတဲ့ ငါ့ဗိုက်၊ အခုနေရထိုင်ရတာ တင်းတင်းကြပ်ကြပ်ကြီး မဖြစ်တော့ဘူး။ သက်တောင့်သက်သာ ဖြစ်သွားပြီ သိလား''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ အပင်ပန်းခံ တက်ခူးပေးရကျိုး နပ်ပြီပေါ့"

"ဟင့်အင်း မနပ်ပါဘူး၊ နင် အုန်းပင်ပေါ်တက်နေတဲ့ အချိန် ငါ့စိတ်တွေ စိုးရိမ်ပူပန်ရလွန်းလို့ မီးပုံထဲ ခုန်ဆင်းနေရသလိုပဲ ခံစားရတယ်"

ခါတော့် စကားကြောင့် မြတ်သော ပါဝါမျက်မှန်လေး ပင့်ကာ စူးစူးလေး စိုက်ကြည့်ရင်း

"တကယ်လား နင့်စိတ်ထဲမှာ ငါက အဲဒီလောက် အရေးပါနေပြီလား ခါတော်"

"အံမယ် နင်က ငါ့ဘဝမှာ အရေးပါတာ အခုမှ မဟုတ်ပါဘူး နော်၊ ဟိုးအရင်ကတည်းကပါ မြတ်သောရယ်"

"ဩော် ဟုတ်လား၊ အဟဲ ဟဲ ကျေးဇူးတင်ပါတယ် ခါတော်ရို့"

"ဟော့ နင့်လေသံတွေက နည်းနည်းရွဲ့နေသလားလို့"

ခါတော် ပြောရင်း စောစောက မြတ်သော ပစ်ချထားသော ခုတင်ဘေးက အရုပ်ကို ကုန်းကုန်းကွကွနှင့် ကောက်ယူလိုက်သည်။

"ဟဲ့ ဒီအရုပ်က ဘာလုပ်တာလဲ၊ အရုပ်မှာလည်း သဘက်ကြီး ပတ်ထားလို့ ဘာလဲဟ"

မြတ်သော ခါတော်လက်ထဲမှ အရုပ်ကိုင်ထားတာ မြင်တော့ အလန့်တကြား ထလာကာ အရုပ်ကို ဖျတ်ခနဲ ဆွဲလုယူသည်။ ပြီးတော့ ခါတော် မြင်မှာစိုးသည့်အလား နောက်ကျောဘက်ပို့ကာ ဝှက်ထား[illegible]





"ဒါ နင်နဲ့မဆိုင်ဘူး"

"အံမယ် နင်က ဒီအရုပ်တွေနဲ့ မဟုတ်တာလုပ်နေလို့ ဒီလောက် မျက်စိမျက်နှာပျက်နေရတာလဲ မြတ်သောရဲ့"

မြတ်သော အူကြောင်ကြောင်ပုံစံနှင့် ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်နေသည်။

"ငါ ငါ ဘာမှမဟုတ်တာ မလုပ်ဘူး"

"ဒါဆို နင် ဘာလုပ်တာလဲ"

"ဟို အဲ ဘာလုပ်လို့လဲဟ"

မြတ်သောပုံစံက မရိုးသားတာ ခါတော် သိနေသည်။ ငယ်ငယ်ကတည်းက တွဲလာသည့် သူငယ်ချင်း မလိမ်ညာတတ်တဲ့ လိမ်နေတာပဲ သိတာပေါ့။

"မြတ်သော နင် အမှန်အတိုင်း မပြောဘူးလား၊ မပြောရင် အန်တီလင်းနဲ့ တိုင်မှာနော်၊ ဟောဒီမှာ အန်တီလင်းရေ"

"ဟာ ခါတော် နင် မဟုတ်တာတွေ လျှောက်တိုင်မနေနဲ့၊ ဒါ ငါ လေ့ကျင့်နေတဲ့ အရုပ်"

မြတ်သော မျက်နှာကြီး ရဲရဲနီကာ ခါတော်ကိုတောင် ရင်ဆိုင်ကြည့်ပါ။ ခါတော် အံ့ဩသွားတာလည်း အမှန်။

"ဘာရယ် မြတ်သော ဒီအရုပ်က နင် လေ့ကျင့်တာ ဟုတ်လား၊ ဘာလေ့ကျင့်တာလဲဟ အထူးအဆန်း"



www.burmeseclassic.com

www.burmeseclassic.com



“မထူးဆန်းပါဘူး အဲ နှင် မရယ်နဲ့နော်”

“ဟင့်အင်း မရယ်ဘူး ပြောစမ်းပါ”

“ဟို ဟိုလေ နှင်ကလေးမွေးပြီးရင် ငါ အဲဒီ ပီစိကွေးလေး မချီတတ်မှာစိုးလို့ အခုကတည်းက လေ့ကျင့်နေတာ၊ အဟဲ အခု တော်တော်လေး ချီတတ်နေပြီဟ အဟဲ”

ရှက်ကျဲကျဲ မျက်နှာလေးနှင့် ပြောလိုက်သော မြတ်သောစကား ကြောင့် ခါတော့်ရင်ထဲ လှိုက်ခနဲ လှုပ်ခါသွားခဲ့သည်။

ခါတော့်အပေါ်မှာထားသော မြတ်သော၏စိတ်ခံစားမှုတွေ ထင်မှပ်ဲမထားလောက်အောင် နက်ရှိုင်းနေသည်လား။

ခါတော် ရင်ထဲမှာ ပြောမပြတတ်သော ခံစားမှုကြီးက ရင်ထဲမှ တိုးဝင်လှုပ်ခတ်စေတော ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲ မျောလွင့် သွားသလိုပါပဲ။

မြတ်သောရဲ့ သံယောဇဉ်နှောင်ကြိုးတွေက ခါတော်အပေါ်မှာ တင်မဟုတ်ပါလား။ အသွေးအသားနှင့် ဖြစ်တည်နေသော သွေးသား အပေါ်မှာတောင် မေတ္တာတွေက ထုထည်ကြီးမားစွာ တည်ရှိလို့ နေခဲ့၏

မြတ်သောရယ် နှင် ငါ့အတွက် အဖြည့်ခံသက်သက် ရပ်တည်ချိန် များ လောကကြီးထဲကို ရောက်လာရတာလား။

“မြတ်သောရယ် နှင့်ရဲ့ခံစားမှုတွေက ငါ့အပေါ် ဘာကြောင့် အဲဒီလောက်အထိ နက်ရှိုင်းနေရတာလဲ၊ ငါ့ကို ပြောပြပါလား”





ခါတော် အသံလှိုင်းလေးခတ်ကာ မေးမိသည်၊ ရင်ဘတ်အစုံက နိမ့်ချည်မြင့်ချည်နှင့် လှုပ်ခတ်နေခဲ့တာ အမှန်။

“ငါ ပြောပြလို့ရော နှင်က ငါ့ရဲ့လေးနက်တဲ့ ခံစားချက်တွေကို လက်ခံနားထောင်ပေးမှာလား ခါတော်”

မြတ်သော ခါတော် မျက်ဝန်းတွေထဲအထိ စူးစူးလေး စိုက်ကြည့် သည်။ နှစ်ဦးစလုံး အကြည့်တွေက အသံမဲ့သော စကားများစွာ ပြောနေ မိကြသည်လား မသိ။

ခါတော် ခေါင်းလေးညိတ်တော့ မြတ်သော နှုတ်က စကားတွေ ပွင့်အန်ထွက်ကျလာကြသည်။

“နှင့်အပေါ်ထားခဲ့တဲ့ ငါ့ရဲ့ခံစားမှုတွေက အချစ်တွေနဲ့ ထုံမွှမ်း ထားတာ ခါတော်၊ ငါ နှင့်ကို ဟိုးအရင် လုံမသွေးကြွယ်စကတည်းက ချစ်ခဲ့တာ”

“ဟင်”

ခါတော် ရင်ထဲမှာဝုန်းဒိုင်းကျဲ တုန်လှုပ်သွားသည်။ မြတ်သော ရင်ထဲမှာ ဟိုအရင်ကတည်းကတဲ့။

“နှင် နှင် ငါ့ကို တကယ်ချစ်နေခဲ့တာပေါ့ ဟုတ်လား မြတ် သော”

“ဟုတ်တယ် ခါတော်၊ ဒါတင်မကသေးဘူး။ နှင်နဲ့ငါ့ကို ကျောင်း ပြီးရင် မိဘတွေ လက်ထပ်ပေးမှာဆိုလို့ ငါ သိပ်ပျော်ရွှင်ကျေနပ်နေခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သော ဒါနဲ့တောင် နင်ငါ့ကို ဘာလို့ ဖွင့်မပြောခဲ့တာလဲ ဟင်"

ခါတော်ရဲ့ အကြည့်နှင့် မျက်ဝန်းတွေက စူးရှတောက်ပနေ၏။ ယှဉ်ကြိုးမရ ဖြစ်နေသော ခံစားမှုတွေ ခါတော့်ရင်ထဲက လှိုက်တက်လာကာ မျက်ဝန်းမှ မျက်ရည်စတွေအဖြစ် သိုင်းဖွဲ့လာကြ၏။

ခါတော့်ရင်ထဲမှာလည်း မြတ်သော အချစ်ကို ဟိုးအရင်ကတည်းက မျှော်လင့်ခဲ့ရတာပါဟု ပြောလိုက်ချင်သည်။ ဒါပေမဲ့ ခါတော်မှာ ပြောခွင့်မရှိတော့တာ နားလည်နေသည်။

"ငါ ဖွင့်ပြောဖို့ ငါ့ကိုယ်ငါ သတ္တိတွေ မွေးနေတုန်းအချိန်မှာ နင်က မိုးရိပ်နောက်ကို လိုက်သွားပြီလေ"

"မြတ်သောရယ်"

"ဒါပေမဲ့ အခုတော့ ငါ ဖွင့်ပြောမှ ရတော့မယ်၊ ငါ ငါ နင့်ကို ဒုတိယအကြိမ် ဆုံးရှုံးမခံပါရစေနဲ့ ခါတော်ရယ်"

ခါတော် ရင်ထဲမှာ သိမ်ငယ်စိတ်တွေ ဝမ်းနည်းစိတ်တွေ လှိုက်ဖို တက်လာသည်။ မြတ်သော ခါတော့် ပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်တော့ ခေါင်းလေးငုံ့ထားမိသည်။

"နင့်ကိုငါ လက်ထပ်ပါရစေ ခါတော်၊ ဒီအချိန်မှာ ငါ့လုပ်ရပ် ငါ့ဆန္ဒတွေက ပွဲလန့်တုန်း ဖျာခင်းသလို ဖြစ်နေတာကို ငါ သိပါတယ်၊ ဒါပေမဲ့ ငါ မမျိုသိပ်နိုင်တော့ဘူး ခါတော်၊ နင့်ရင်ထဲမှာ မိုးရိပ် မရှိတော့





ဘူးဆိုရင် ငါ့ကိုနင်လက်ခံပေးပါနော်"

"မိုးရိပ်နဲ့ပတ်သက်တဲ့ ငါ့ခံစားချက်တွေကို သူနဲ့ကွာရှင်းပြီးကတည်းက ငါ အဆုံးသတ်ခဲ့ပြီးသားပါ မြတ်သော၊ ငါက ဒဏ်ရာတွေကို ဘာကြောင့် ပိုက်ထွေးထားရမှာလဲ၊ တကယ်တော့ ငါ မိုးရိပ်ကို မေ့လို့ရတာ သေချာတယ်"

"ဒါ ဒါဆို နင် ငါ့ကို လက်ခံနိုင်မလား ဟင် ခါတော်"

မြတ်သော အလောတကြီးလေး မေးတော့ ခါတော် ရှုထွက်နေသော ကိုယ့်ဝမ်းဗိုက်လေးကို ပြန်ငုံ့ကြည့်မိကာ ရင်ထဲမှာ သိမ်ငယ်စိုးရွံ့သွား၏။

"မြတ်သောရယ် ငါဟာ အကြွေပန်းတစ်ပွင့်ဖြစ်နေသလို ငါ့နှလုံးသားကလည်း ညှစ်နွမ်းနေခဲ့ပြီးပါပြီဟယ်၊ ငါ နင့်ကို လက်မခံပါရစေနဲ့"

"နင် ပြောတော့ မိုးရိပ်ကို မချစ်ဘူး၊ မေ့လို့ရတယ်ဆို နင် ငါ့ကို လက်မခံတာ နင့်ဆီက အချစ်တွေကို မိုးရိပ်အကုန်ယူသွားလို့လား ဟင်"

မြတ်သော အမေးကြောင့် ခါတော် နာကျင်စွာ ယဲ့ယဲ့လေး ပြုံးလိုက်ပါသည်။

"သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်က ငါ့လို မိန်းမရင်ထဲက အချစ်ကို ထာဝရ ယူသွားနိုင်မလား မြတ်သောရယ်၊ အမှန်တော့ နင့်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို လက်ခံဖို့ ငါ ကိုယ့်သိပ်ပြာကိုယ် မလုံဘူးဟယ်''

''ကျွတ် ဘာဆိုင်လဲဟာ နင့်ဘဝ ဘယ်လိုပဲညစ်နွမ်းခဲ့ပါစေ၊ ငါ့အမြင်မှာတော့ နင်ဟာပန်းပွင့်လေးတစ်ပွင့်လို အမြဲတမ်း လန်းဆန်း မွှေးပျံ့နေတာပါ''

''မြတ်သောရယ် ငါ့ကို စဉ်းစားခွင့်ပေးပါဦးနော်''

ခါတော် စကားကြောင့် မြတ်သော ပင့်သက်လေးရှိုက် ခေါင်း ညိတ်ရင်း

''ငါ နားလည်ပါတယ် ခါတော်၊ နင် အလေးအနက် စဉ်းစားပါ၊ ငါ့ရင်ထဲမှာတော့ နင့်ကိုလက်ထပ်ဖို့ အမြဲတမ်း အသင့်ရှိတာ ယုံပါ''

မြတ်သော ရဲရဲဝံ့ဝံ့လေး ဆိုပေမယ့် ခါတော်ကတော့ ခေါင်းလေး မညိတ်ရဲပါ။ နှလုံးသား၊ ဆန္ဒအတိုင်းသာဆိုလျှင် မြတ်သော ရင်ခွင်ထဲ နိုလှုံလိုက်ချင်သည်။ ဒါပေမဲ့ မြတ်သောရဲ့ ဖြူစင်သော နှလုံးသားလေးကို စာနာသည်။

မြတ်သောရယ် နင့်ကိုငါ လိပ်ပြာမလုံလို့ပါဟယ်။

နင် နားလည်ပေးပါတော့။

■ ■ ■



## အခန်း (၃၆)

ခါတော်မှီ မီးဖွားသည့်နေ့က မြတ်သော မိဘတွေရော ခါတော့် မိဘတွေပါ ဆေးရုံက မွေးခန်းဝမှာ ရင်တထိတ်ထိတ်ဖြင့် ယောက်ယက် ခတ်လို့ နေကြသည်။

အားလုံးထဲမှာ မြတ်သောက အကဲဆုံး၊ အသည်းဆုံးဖြစ်နေ သည်။

ခါတော်အတွက် စိုးရိမ်စိတ်လေးနှင့် ရင်ထိတ်ပူမိသလို မွေးဖွား လာမည့် ရင်သွေးလေးအတွက်လည်း ပီတိအပျော်တွေ လွှမ်းနေတော့ လူက ဂနာမငြိမ်။

ဆေးရုံရောက်တော့ မွေးလူနာရှင်၏ခင်ပွန်းကိုမေးတော့ ဒေါ် ပန်းမြတ်မှူ ချက်ချင်း ဘာဖြေရမှန်းမသိ ဖြစ်နေသေးသည်။ ဗိုက်နာသော ဝေဒနာနှင့် ရှုံ့မဲ့နေသော ခါတော့်နှုတ်က



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သောသူ"

ခါတော်ရဲ့ အသံလေးကို သူ့နားထဲက မထွက်ပါ။ ခါတော်က ကလေးငယ်အတွက် သူ့ကို အားကိုးယုံကြည်ကြောင်း ပြသွားတာလည်း ထင်သည်။

ခါတော် မွေးခန်းထဲမဝင်မီ သူ့ကို အဖြေပေးသွားခဲ့တာလား ကျေနပ်ပီတိတွေ ဝေနေမိတာ ခါတော် မေမေ ရှိနေတာကိုတောင် မေ့နေတဲ့အထိ။

"မေမေနဲ့ အန်တီပန်း အင်္ဂလိမာလသုတ်လေး ရွတ်ကြလေ"

မြတ်သော မိခင်နှစ်ပါးကို စိတ်လောကြီးစွာနှင့် သတိပေးဆော် လုပ်မိတော့ ဖေဖေနှင့် ခါတော်အဖေက အကဲပိုရန်ကောဟူသော အကြည့် တွေနှင့် ပြုံးစိစိ ဖြစ်နေကြသည်။

"မင်းရော ရွတ်ပါလားကွ၊ သိပ်မကြာခင်မှာပဲ ကလေးအဖေ ဖြစ်တော့မယ့်ဟာကို"

"ဟာဗျာ ဖေဖေကလည်း"

မြတ်သော ရှက်မျက်နှာကြီး နီသွားတော့ အားလုံး အသံလေး ထွက်အောင် ရယ်ကြသည်။

နှစ်ဖက်မိဘတွေကတော့ ခါတော်နှင့် သူ့ကို အကြွင်းမဲ့ သဘော တူကြပါသည်။ ခါတော်ကလည်း ကလေးဖခင်ကို သူ ဟု ဆိုခဲ့သည်။

မြတ်သော ကြည်နူးလွန်းလို့ လူက ထိုင်မရနိုင်ဘဲ လမ်းတ





လျှောက်လျှောက် လုပ်နေတော့ မေမေက

"စိတ်ပူမနေပါနဲ့ သားရယ်၊ သမီးလေး ချောချောမောမော မွေးမှာပါ"

"ဟုတ်ကဲ့ မေမေ၊ ဟို သားလည်း အင်္ဂလိမာလသုတ် ရွတ်ပေး နေတာပါ၊ မေမေတို့ပါ ဝိုင်းရွတ်တော့ ခါတော့်အတွက် ပိုအန္တရာယ်ကင်း အဆင်ပြေမှာပါ"

ရုတ်တရက် မြတ်သော ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းလေး က ထမြည်တာမို့ မြတ်သော ထုတ်ယူပြီး ဝရန်တာလေးဆီ ထွက်ခဲ့သည်။

ဖုန်းဖွင့် နားထောင်လိုက်တော့ မိုးသဲ၏ ငိုသံပါသော အသံလှိုင်း တွေကို ကြားလိုက်ရသည်။

"ကိုမြတ်သော ကို ကိုကို လူသတ်မှုဖြစ်စို့လို့"

"ဘာ ဘာရယ် မိုးသဲ"

"ဟုတ်တယ် အဲဒါ မိုးသဲ ဘာလုပ်ရမှန်းမသိလို့ ကိုမြတ်သော ဆီ ဖုန်းဆက်တာ၊ ဟို ဟို ခါတော်ကောဟင်"

မြတ်သော စိတ်ရှုပ်ထွေးသွားသည်။ ဒီအကြောင်းကို ခါတော် သိလို့မဖြစ်။ ခါတော်အတွက် အရေးကြီးသော အချိန်။

"ဆောရီးပဲ မိုးသဲ၊ မိုးသဲ ပြဿနာက ခါတော်နဲ့ လုံးဝ မသက် ဆိုင်တော့ဘူးလေ၊ ဒီကိစ္စကို ခါတော် သိရင်လည်း နှင့်အစ်ကိုအတွက် ပူဆွေးဝမ်းနည်းပေးနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''ဟုတ်တယ် အခုချိန်မှာ ခါတော်လည်း သူ့ရင်သွေးအတွက် အသက်လုနေရတဲ့အချိန်''

''ဟင် ခါတော် မီးဖွားနေပြီလား''

''ဟုတ်တယ် အခု ဆေးရုံရဲ့မွေးခန်းထဲမှာ ဒါကြောင့် မိုးရိပ်ကိစ္စ မှန်သမျှ ငါတို့ ဘာမှ မကူညီနိုင်ဘူး။ သူ့မိုက်ပြစ်နဲ့ သူခံရတာပဲ''

မြတ်သော စကားကို ယတိပြတ်ပြောကာ ဖုန်းကို ပိတ်ပစ်လိုက်သည်။ မိုးသဲကိုတော့ အားနာသနားပါသည်။ ဒါပေမဲ့

''သား ဘာတွေ ဖြစ်နေကြလို့လဲ''

မြတ်သော လှည့်ကြည့်တော့ မေမေနှင့် အန်တီပန်း စိုးရိမ်သော မျက်နှာတွေနှင့် ဘယ်တုန်းကတည်းက ရောက်နေကြသည် မသိ။

မပြောမဖြစ်သော ကိစ္စမို့ မြတ်သော အသိပေးရ၏။

''မိုးရိပ် လူသတ်မှုဖြစ်လို့တဲ့၊ မိုးသဲ ဖုန်းဆက်တာ အန်တီပန်း''

''အို ဘုရား ဘုရား''

''အမလေး မိုက်တွင်း နက်လိုက်တာတော်''

အမေ နှစ်ယောက်စလုံး မျက်ကလဲဆန်ပြာနှင့် ရင်ဘတ်တွေ ကိုယ်ဆီဖိကာ အထိတ်တလန့် ဖြစ်ကုန်ကြသည်။

''ဒီ ဒီကိစ္စ သမီးသိလို့ မဖြစ်ဘူး''

''ဟုတ်ကဲ့ မပြောပါဘူး မေမေ၊ မိုးရိပ်ကိစ္စကို ခါတော် သိ





သည်း လူးပြီးခံစားရမှာ မဟုတ်ပါဘူး''

''ဘာပဲဖြစ်ဖြစ်သားရယ် အနည်ထိုင်စ ပြုနေတဲ့သမီးလေး ဘဝထဲကို ကြမ္မာဆိုးတွေ ထပ်အတိုက်မခံနိုင်ဘူးကွယ်''

ဒေါ်ပန်းမြတ်မှူ ခေါင်းတခါခါနှင့် ခါးခါးသီးသီး ငြင်းနေ၏။ မြတ်သော ပင့်သက်ရှိုက်ရင်း

''အင်း သူ လုပ်ခဲ့တဲ့အကြောင်းတရားတွေကြောင့် ဒီလို အကျိုးတရားတွေကို သူ ပြန်ခံစားရတယ်၊ ဆင်ခြင်တုံတရားကို ခွဲခြားစိတ်ဖြာနိုင်စွမ်း မရှိတော့ ဒီလို ဝဋ်ကြွေးတွေ ပြန်ခံစားရင်ဆိုင်ရတာပေါ့ကွယ်''

မြတ်သော မေမေက သံဝေဂစကားနှင့် ရှုမြင်ပြီး သုံးသပ်ပြောနေ၏။ မြတ်သော ရင်ထဲမှာတော့ မိုးရိပ်အတွက် စိတ်မကောင်းသလို မိုးသဲကိုလည်း ပြန်အားနာမိသည်။

ခါတော်ကြောင့် ယတိပြတ် ပြောလိုက်တာ မိုးသဲတို့ မိသားစုခမြာ မိုးရိပ်သတင်းက ကြေကွဲစရာ ဖြစ်နေမှာ သေချာ၏။

''ဒါနဲ့ သူက ဘယ်သူ့ကို သတ်လိုက်တာလဲ သား''

''သူ ရှုပ်နေတဲ့ တက္ကသိုလ်ကျောင်းသူ ကောင်မလေးရဲ့အစ်ကိုကို သတ်လိုက်တာတဲ့၊ ဟိုက သူ့ညီမကို မိန်းမရှိရက်နဲ့ တွဲရမလားဆိုပြီး စရင်းလာရှင်းရာကနေ ထိုးကြကြိတ်ကြရင်း မိုးရိပ်က ဓားနဲ့ထိုးလို့ လက်လွန်သွားတာတဲ့''

''အိုကွယ် ဖြစ်မှဖြစ်ရလေတယ် ကျွတ် ကျွတ်''



www.burmeseclassic.com

www.burmeseclassic.com



မေမေက စုပ်တသပ်သပ်နှင့် ရေရွတ်နေရှာသည်။ ထိုအခိုက်မှာပဲ မွေးခန်းထဲက အသံလေးကို ကြားလိုက်ပါသည်။

"ဦးမြတ်သောသူရဲ့ဇနီး သားလေး မွေးပါတယ်ရှင်"

မြတ်သော ရင်ထဲမှာ ကြည်နူးစိတ်လေးတွေ စိမ့်ဖြာသွားခဲ့သည်။ အားလုံး မွေးခန်းလေးရှေ့ကို အပြေးတစ်ပိုင်း ခြေလှမ်းတွေနှင့် ရောက်ခဲ့ကြသည်။

ခါတော်ရဲ့ ရင်သွေးလေးကတော့ လူ့လောကကြီးထဲ ရောက်လာခဲ့ပြီ။ မိုးရိပ်ကတော့ ရိုက်ချက်ပြင်းထန်သော လောက၏အပြစ်ပေးခြင်းကို ခံလိုက်ရသည်။

ခါတော်၊ အရာရာက နင့်အတွက် ကောင်းသော ပြောင်းလဲခြင်းတွေပဲ ဆောင်ယူလာပါစေလို့ ငါ ဆုတောင်းပါတယ်။

■ ■ ■



## အခန်း (၃၇)

မြို့နယ်တရားရုံးရှေ့မှာ မြတ်သော ကားလေးကို ညင်သာစွာ ထိုးရပ်လိုက်သည်။ မြတ်သော ကားတံခါးဖွင့်ဆင်းတော့ ဂျွန်ကလည်း ဆင်းလိုက်လာသည်။

နွေနေ၏ အပူရှိန်က သူတို့နှစ်ဦးစလုံးကို အပူငွေ့တွေနှင့် ဆီးကြိုနှုတ်ဆက်လာသည်။

ကိုယ်နှင့်လုံးဝစိမ်းသော နေရာမို့ မြတ်သောကော အဖော်လိုက်လာပေးသော ဂျွန်ပါ နည်းနည်းတော့ ယောင်ချာချာ ဖြစ်နေသည်။

တရားရုံးထဲမှာ စုရုံးစုရုံးဖြစ်နေသော လူအုပ်ကြီးကိုတစ်ချက် အကဲခတ်လိုက်မိကြသည်။

"မြတ်သော ဒီနေ့ မိုးရိပ်ရဲ့ ရုံးချိန်ကော ဟုတ်ရဲ့လား၊ တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ လာပြီးမှ လာမောကြီးဖြစ်နေဦးမယ်''

ဌွန်က ဟိုဟိုသည်သည်ကြည့်ရင်း သူ့ကိုမေးတော့ သူ နှုတ်ခမ်းပြင်က ချွေးစတွေကို တစ်သျှူးစက္ကူနှင့် ပွတ်သုတ်ရင်း

''ကျိန်းသေပါတယ်ကွ၊ မိုးသဲ ကိုယ်တိုင်ပြောတာ၊ သူလည်း လာလိမ့်မယ်''

နှစ်ယောက်သား စမ်းတဝါးဝါးနှင့် တရားရုံးထဲ ဝင်ခဲ့ကြသည်။ မြတ်သော၏ ချော်မောပြီး စတိုင်ကျသော ရုပ်သွင်ကြောင့် တရားရုံးထဲက လူတွေ ကွက်ကြည့် ကွက်ကြည့် ဖြစ်နေကြသည်။

''ဟော ဟိုမှာ အချုပ်သားတွေ ထားတဲ့နေရာကွ''

ဌွန် ညွှန်ပြသောနေရာသို့ မြတ်သော လှမ်းကြည့်လိုက်သည်။ သံတိုင်တွေ ကာရံထားသော အဆောင်အခန်းကျဉ်းလေးထဲမှာ ငုတ်တုတ်ထိုင်နေသော လူတွေ။

မြတ်သောရင်ထဲမှာ မကောင်းပါ။ မိုးရိပ် တစ်ယောက် ထိုအခန်းကျဉ်းလေးထဲမှာ မွန်းကြပ်စွာ နေနေရမှာ သေချာ၏။

''လာ ငါတို့ သွားကြည့်ရအောင်''

မြတ်သောနှင့်ဌွန် အချုပ်ဆောင်လေးဆီသို့ နေပူကျဲကျဲအောက်မှာပဲ ဖြတ်လျှောက်လာခဲ့ကြသည်။

အချုပ်ဆောင်ရှေ့ရောက်တော့ အထဲမှာ ထိုင်နေသော လူတွေထဲမှာ မိုးရိပ်ကို နှစ်ဦးသား ရှာဖွေကြသည်။





''ညီလေးတို့ ဘယ်သူ့ကို ရှာနေတာလဲ''

တာဝန်ကျ ရဲအရာရှိက မေးလာတော့မှ မြတ်သော ပြောပြရ၏။

''မိုးရိပ် ကိုပါ''

''ဘာအမှုလဲ''

''လူသတ်မှုပါ အစ်ကို''

''ဪ ဒါဆို ခဏစောင့်၊ တရားခွင် ဝင်နေတယ်၊ ဟော ဟိုမှာ ပြန်တောင် ထွက်လာပြီ''

လက်ထိပ်တန်းလန်းနှင့် ရဲတပ်သားနှစ်ဦး ခြံရံခေါ်ဆောင်လာသော မိုးရိပ်ကို တွေ့လိုက်ကြသည်။ မိုးရိပ်အနောက်မှာ မိုးသဲတို့ သားအမိက ပူပန်ရိပ်တွေ ထင်သော မျက်နှာတွေနှင့် ကပ်ပါလာကြသည်။

ယခင်က ကြည်လင်ရှင်းသန့်ပြီး ခါတော်မှီ ချစ်ခဲ့သော မိုးရိပ်သည် အခုတော့ ဆံပင်က ဘုတ်သိုက်နှင့် နှုတ်ခမ်းမှုတ်ဆိတ်တွေက ကျိုးတိုးကျဲတဲဖြစ်ကာ ညှင်းသိုးသိုး ပုံစံ ပေါက်နေ၏။

မိုးရိပ်ကို ဒီလို အခြေအနေနှင့် မြင်ရတော့ သူ သနားမိတာ အမှန်။ မျက်ဝန်းတွေထဲမှာ ညိုးရိပ်တွေနှင့် မိုးရိပ် နောင်တတွေ နောင်မှ ရနေခဲ့တာလား။

မိုးရိပ်ကိုမြင်လျှင် ခါတော် ဘယ်လိုခံစားရမည်လဲဟု သူ တွေးကြည့်မိသေးသည်။ ဒါပေမဲ့ ခါတော်ကို ဘာမှ မခံစားစေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသဲ မျက်ရည်စတွေကို လက်ကိုင်ပဝါလေးနှင့် တို့သုတ်နေရင်းမှ မြတ်သောနှင့်ဌျှန်ကို မြင်တွေ့သွား၏။

မိုးသဲ ခပ်သွက်သွက်လေး သူတို့ဆီ လျှောက်လာ၏။ မိုးရိပ်ကတော့ သူ့ခံစားချက်တွေနှင့် သူ့အကြည့်တွေ ခေါင်းငိုက်စိုက်မို့ မြတ်သောတို့ကို မမြင်ရှာပါ။

''ကိုမြတ်သော ရောက်နေတာ ကြာပြီလားဟင်''

''သိပ်မကြာသေးပါဘူး ဒီမှာ စုံစမ်းနေတုန်း မိုးသဲတို့ကို တွေ့လိုက်တာ''

''အမှုသွား အမှုလာ ဘယ်လိုရှိလဲ မိုးသဲ''

ဌျှန် မေးတော့ မိုးသဲ မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ လျှံတက်လာပြန်သည်။ မိုးသဲ မျက်ရည်မကျအောင် မျက်တောင်တွေ ပုတ်ခတ်သိမ်းဆည်းနေရှာ၏။

''လူသတ်မှုဆိုမှတော့ သတိပေးဖို့ လမ်းမမြင်ပါဘူးရှင်၊ ကိုကိုက သိပ်မိုက်တယ်၊ ဓားကို ဆောင်ယူလာတာဆိုတော့ ပိုဆိုးတာပေါ့''

''ကျွန်တော် ကိုမိုးရိပ်အတွက် တကယ် စိတ်မကောင်းပါဘူး မိုးသဲ၊ ဆေးရုံမှာတုန်းက ခါတော်အတွက် စိတ်ပူပြီး ပြောလိုက်တာကို စိတ်မရှိပါနဲ့နော်''

''ရပါတယ် ကိုမြတ်သောရယ်၊ မိုးသဲ နားလည်ပါတယ်၊ ခါတော်ဆီကိုလည်း လာချင်ပါတယ်''





''လာခဲ့ပါ မိုးသဲ၊ ခါတော်ကလည်း မိုးသဲကို ခင်မင်ပါတယ်''

အချုပ်ဆောင်ဘက်ကို သူ လှည့်ကြည့်တော့ မိုးရိပ် မျက်ဝန်းတွေနှင့် ထိပ်တိုက်ဆုံမိသည်။ ကိုယ့်အမှားတွေကို ပြန်သတိရသွားကာ မလုံမလဲ ဖြစ်သွားခဲ့သည် ထင်၏။ မိုးရိပ် ချက်ချင်း အကြည့်လွှဲသွား၏။

မိုးသဲက မြတ်သောတို့နှစ်ယောက်ကို မိုးရိပ်ဆီကို ခေါ်သွားရင်း

''ကိုကို ဒီမှာ ကိုမြတ်သော လာတွေ့တယ်လေ''

ထိပ်တိုက် ရင်ဆိုင်ဖို့ မြတ်သော မျက်နှာပူပေမယ့် မလွှဲသာ မရှောင်သာ ရင်ဆိုင်တွေ့ရတော့သည်။

''ကိုမိုးရိပ် နေကောင်းရဲ့လား၊ နေရတာ အဆင်ပြေရဲ့လားလို့တော့ ကျွန်တော် မမေးတော့ဘူး''

မြတ်သော စကားကို မိုးရိပ် ပင့်သက်ရှိုက် နားထောင်နေရင်း

''ဒီလို နေရာမျိုးကို ဘာလို့ လာရတာလဲဗျာ၊ ကျွန်တော့်ကြောင့်တော့ ဒီလို မင်္ဂလာမရှိတဲ့ နေရာကို ဘယ်သူမှ မလာကြပါနဲ့ဗျာ''

မိုးရိပ်အသံတွေက နောင်တတွေ ပြည့်နှက်နေသလို တုန်ယင်လိုက်ခါနေတာမို့ သူ စိတ်မကောင်း ဖြစ်ရ၏။

''ရပါတယ်ဗျာ ကျွန်တော်က မိုးသဲရဲ့ သူငယ်ချင်းပဲလေ၊ ကိုမိုးရိပ်ကို လာတွေ့ရမှာပေါ့၊ အားနာစရာမှ မဟုတ်တာဘဲဗျာ''

မိုးရိပ်ကို ပြောရင်း ဌျှန်ဘက်ကို သူ လှည့်ကြည့်လိုက်ရင်း

''ဌျှန် ကားထဲမှာ ကိုမိုးရိပ်အတွက် စားစရာတွေ သွားယူပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါကွာ''

''ဟာ အေး ဟုတ်သားပဲ၊ ငါ ယူလာဖို့ မေ့သွားတယ်၊ အစ်ကို မိုးရိပ် ခဏလေးစောင့်ဗျာ''

ဠျှန် ပြောရင်း ကားရပ်ထားခဲ့သည့်နေရာကို အပြေးလေး ခပ်သွက်သွက် လျှောက်သွားခဲ့သည်။

''ခါတော့်မှီ နေကောင်းရဲ့လား ကိုမြတ်သော''

''အင်း ကောင်းပါတယ် ကိုမိုးရိပ်၊ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကပဲ ခါတော် သားလေးကို အောင်အောင်မြင်မြင် မွေးဖွားသွားခဲ့တယ်''

မိုးရိပ် မျက်ဝန်းတွေ ချက်ချင်း လင်းလက်တောက်ပသွားခဲ့ သည်။ ဒါပေမဲ့ တခဏပဲဖြစ်ကာ မှိန်ဖျော့ အားလျော့သွားခဲ့သည်။

''ခါတော်ကတော့ လောကရဲ့ ကောင်းကျိုးကို သယ်ပိုးတဲ့အနေ နဲ့ သားလေးကို မွေးဖွားပေးလိုက်ပြီပေါ့၊ ကျွန်တော်ကတော့ ကိုယ့်မိုက် ပြစ်တွေအတွက် ဥပဒေက ပေးတဲ့ အပြစ်ဒဏ်ကို ခံယူရဦးမှာပေါ့ဗျာ''

မိုးရိပ်အသံတွေက တိမ်ဝင်ပျောက်ကွယ်သွားသည်။

''အချိန်ဆိုတာ ခဏလေးပါ ကိုမိုးရိပ်၊ ဒီအတောအတွင်းမှာ ကိုမိုးရိပ်ရဲ့ ပြုလဲယိုင်ကျနေတဲ့ စိတ်တွေကို ပြန်ပြီး အားသစ်မွေးပါ လွတ်လာတဲ့အချိန်ကျတော့ လူသစ်စိတ်သစ်နဲ့ ဘဝကို အသစ်တစ်ဖန် ပြန်လည် မွေးဖွားလိုက်ပေါ့ ကိုမိုးရိပ်ရယ်''

''အခုလို အားပေးတာ အရမ်းကျေးဇူးတင်တယ် ကိုမြတ်သော





နောက်ပြီး ကျွန်တော် တစ်ခု တောင်းဆိုပါရစေ''

''ပြောပါ ကိုမိုးရိပ်၊ ကျွန်တော် အတတ်နိုင်ဆုံး လိုက်လျောပါ့ မယ်''

အခုချိန်မှာ မိုးရိပ်ရဲ့ဆန္ဒတွေကို သူ အတတ်နိုင်ဆုံး လိုက်လျော ကြည်ဖြူပေးဖို့အတွက် စဉ်းစားထားပါသည်။

''ကျွန်တော့်ရင်သွေးလေးနဲ့ ခါတော်ကို ကိုမြတ်သော လက်ထဲ အပ်ခဲ့ပါရစေ၊ အခုလို ခါတော်နဲ့ အချိန်စောပြီး ကွာရှင်းပေးခဲ့ရတာကို လည်း ကျွန်တော် ကျေနပ်ပါတယ်၊ နှီမိုဆို ဒီနေ့လို အနိဋ္ဌာရုံတွေကို ခါတော် မြင်တွေ့ပြီး အပူသောကမီးတွေ လောင်မြိုက်နေဦးမှာ''

မိုးရိပ်စိတ်တွေ ဆင်ခြင်တုံ့နှင့် အသိတရားတွေ ရရှိနေပြီဆိုတာ တော့ နားလည်သိလိုက်ပါသည်။

''စိတ်ချပါ ကိုမိုးရိပ်၊ ကျွန်တော် ခါတော့်ကို သားအမိကို စောင့်ရှောက်ပေးမှာပါ''

''ကျေးဇူးတင်တယ် ကိုမြတ်သော၊ ကျွန်တော် သိပ်ကျေးဇူး တင်ပါတယ်ဗျာ''

မိုးရိပ် ဝမ်းသာကြည်နူးစိတ်နှင့် မျက်ရည်စတွေ ရစ်ဝိုင်းလာ၏။ မျက်ရည်တွေကို သူတို့ မြင်တွေ့သွားမှာစိုးသည့်အလား ချာခနဲ လှည့် ထွက်သွားခဲ့သည်။

မိုးသဲ မျက်ရည်တွေကို လက်ကိုင်ပဝါလေးနှင့် သုတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ မြင်လိုက်သေးသည်။

မိုးသဲ မိခင် ဒေါ်ခင်မြတ်မေက အငိုမျက်ဝန်းတွေနှင့် မြတ်သော ကို ကြည့်ရင်း

"သိပ်မိုက်တဲ့ သား၊ မိဘတွေနဲ့ အားလုံးကို လိမ်ညာပြီး ထင်ရာစိုင်းနေခဲ့တာ အခုတော့ ဒုက္ခရောက်ပြီပေါ့ကွယ်"

"အန်တီရယ် ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး"

"အင်း သမီးလေး ခါတော်အတွက် အန်တီ စိတ်မကောင်းဖြစ်ရပါတယ်ကွယ်၊ တောင်းပန်ဖို့တောင် မငံ့မရဲလောက်အောင်ပါပဲ"

မိုးသဲတို့ မိခင်က သားဖြစ်သူရဲ့ အမှားတွေအတွက် စိတ်မကောင်း ဝမ်းနည်းစကားဆိုနေသည်။ သားသမီး မကောင်းတော့ မိဘခေါင်းဆိုသလို ဒေါ်ခင်မြတ်မေအတွက်တော့ မျက်ရည်နှင့်သောကတွေသာ။

"ခါတော်က နားလည်ပါတယ် အန်တီ၊ အခုချိန်မှာ ဘဝသစ်ကို ရင်ဆိုင်ဖို့အတွက် ခါတော့်ဘက်က အသင့်ဖြစ်နေပါပြီ"

"အင်း အင်းပါကွယ် သမီးလေး ခါတော်အတွက် အေးချမ်းသွားပေမယ့် သားရဲ့ဇနီး မသန္တာနဲ့ ကလေးအတွက်တော့ အန်တီတို့ တာဝန်ယူစောင့်ရှောက်ရမှာပေါ့ကွယ်"

မိုးရိပ်ရဲ့ပြဿနာအရှုပ်တွေက အခုတော့ ကျန်ရစ်ခဲ့သော မိဘတွေရဲ့ ခေါင်းပေါ်မှာ ဝန်ပိုးကြီးလို ကျန်ရစ်ခဲ့ပြီ။





"မိုးသဲ ငါတို့ ပြန်မယ်ဟာ၊ နင်လည်း ခါတော့်ဆီ လာလည်လိုက်ပါဦး"

"အင်း လာလည်ပါ့မယ် ကိုမြတ်သော၊ ဒီဘက်က ကိစ္စတွေ ပြီးပြတ်တော့ မိုးသဲ လာခဲ့မယ်နော်"

"အေး ငါတို့ ပြန်မယ်၊ အန်တီ ခွင့်ပြုပါဦးခင်ဗျာ"

မိုးသဲတို့ သားအမိကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ တရားရုံးထဲမှာတော့ မိုးရိပ် ကျန်ခဲ့သည်။ နောင်တတရားတွေနှင့်အတူ မိုးရိပ်အတွက်ကတော့ ရှည်လျားလှသော နေ့ရက်များစွာကို မဖြစ်မနေ ရင်ဆိုင်ရဦးမှာ သေချာသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

''ငါ အားလုံးကို ခံနိုင်နေပြီ မြတ်သော၊ ငါ့အတွက် မပူပါနဲ့''

မိုးရိပ်အကြောင်းကို ခါတော် သိအောင်တော့ သူအသိပေးရ၏။ သွေးနုသားနုနှင့်မို့ ခါတော်အတွက် သူ စိုးရိမ်ပူပန်မိသေးသည်။

ဒါပေမဲ့ ခါတော်ကတော့ တည်ငြိမ်လွန်းနေသည်။ နုဖတ်သော မျက်နှာလေးက ဘာခံစားချက်မှ ရှိမနေပါ။

''သူ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် သူ ဒီလိုပဲ တစ်နေ့မှာ ရင်ဆိုင်ရမှာပဲလေ၊ ဒါ ဖြစ်သင့်တဲ့အကြောင်းတရားပဲဟာ''

''ခါတော် နင် နည်းနည်းလေးတောင် မခံစားရဘူးလားဟင်''

ခါတော် ဟန်ဆောင်နေတာလားဟု သိချင်စိတ်နှင့် သူ မေးတော့ ခါတော် ပြုံးပြုံးလေး သူ့ကိုမော့ကြည့်သည်။





''ငါ အမှန်အတိုင်း ပြောမယ် မြတ်သော၊ ငါ့ရင်ထဲမှာ တကယ်ကို ဘယ်လိုမှ မခံစားရတာ သေချာတယ်၊ တစ်ခုပဲ သူ့အတွက် ဘာမှ မခံစားရဘူးဆိုတာ သူပြုတဲ့အပြုအမူတွေကို သူ ခံစားရတာလေ၊ အဲ တကယ်ပူရမယ်ဆိုရင် ငါ့ ရင်သွေး သားသားအတွက်ပဲ၊ ဒါပေမဲ့ ငါ ဒီ အတွက်လည်း စိုးရိမ်သောက မဖြစ်တော့ဘူး၊ အဲဒါ ဘာလို့လဲ သိလား''

''ဘာကြောင့်လဲ ပြောပါဦး ခါတော်''

''သားသားအတွက် တကယ် မားမားမတ်မတ် ရပ်တည်ပေးမယ့် နင်ရှိနေလို့ပေါ့''

ခါတော့်စကားကြောင့် သူ့ရင်ထဲမှာ ကြည်နူးခြင်းတွေနှင့် နွေးထွေးရှိန်းမြသွားခဲ့သည်။

''ဟုတ်တယ် သားသားအတွက် မြတ်သောဆိုတဲ့နင်က ဖခင်ကောင်းတစ်ယောက်လို့ ငါ ယုံတယ် မြတ်သော၊ ဒါပေမဲ့ ငါလေ စိတ်မကောင်းဖြစ်နေတာ တစ်ခုပဲ ရှိတယ်''

''နင် ဘာလို့ စိတ်မကောင်း ဖြစ်နေတာလဲဟာ''

''ငါ့အပေါ် အရမ်းဖြူစင်ပြီး သံယောဇဉ်ကြီးတဲ့ နင့်အတွက် ငါ့ဘက်က ဘာတစ်ခုမှ တုံ့ပြန်မပေးနိုင်ခဲ့တာကိုပါ''

ခါတော်ဆိုတော့ သူ ခေါင်းကို ခါရင်း ပြုံးမိသည်။ ခါတော် လက်ဖဝါးလေးကို သူ ညင်သာစွာ ဆုပ်ကိုင်ထားရင်း

''ဟင့်အင်း ဘာဆိုဘာမှကို မလိုအပ်ဘူး ခါတော်၊ ဘာလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နင် စိတ်ချမ်းသာရင် ငါ အလိုလို စိတ်ချမ်းသာတယ်၊ နင် ပျော်နေရင် ငါ အလိုလို ပျော်တယ်၊ ဒါကြောင့် ငါ့အတွက် ဘာမှကို မလိုတာ၊ အဓိက က နင်ပါ ခါတော်ရယ်"

"မြတ်သောရယ်"

ခါတော် တိုးတိုးလေး ရေရွတ်ရင်း သူ့ကိုမော့ကြည့်သော မျက်ဝန်းတွေထဲမှာ ချစ်ခြင်းတို့ဖြင့် တောက်ပလျှက်။

ထိုအခိုက်မှာပဲ ပုခက်ခြင်းလေးထဲက သားသား၏ ရှူးခနဲ အော်သံကြောင့် နှစ်ဦးသား ဆတ်ခနဲ ဖြစ်သွားခဲ့ကြသည်။ သားသား အနားကို အရင်ဆုံးရောက်သွားသူက မြတ်သော။

"ဟာ သားသား ရှူးရှူးတွေပေါက်လိုက်တာကိုးကွ လာ လာ သား"

မြတ်သော ကလေးကို ပွေ့ချီရင်း ချော့မြှူနေတုန်းမှာပဲ အခန်းထဲ ဝင်လာတာ ခါတော် မိခင်။

ကလေးကို ညင်သာစွာ ထွေးပွေ့ပိုက်ထားသော မြတ်သောကို ကြည့်ကာ ဒေါ်ပန်းမြတ်မှုံ တအံ့တသြ ဖြစ်နေ၏။

"ကြည့်စမ်း မောင်မြတ်သော ကလေးတောင် ချီတက် မြူတတ် နေပြီပေါ့လေ ဟုတ်လား"

"ဩော် အန်တီပန်း အဟဲ သားသား ရှူးတွေပေါက်ပြီး နိုးလို့ လေ"





"ပေး ပေး မြတ်သော ငါ့ကိုပေး အနှီးလဲပေးလိုက်မယ်"

ခါတော်က သူ့လက်ထဲမှ သားသားကို လက်လွှဲပြောင်းယူတော့ သူ ကမ်းပေးရင်း

"ခါတော် အသေအချာ ချီနော်၊ ဖြည်းဖြည်းလုပ် ကလေးက အရိုးအဆစ်နုနုလေးဟ"

"အမလေးတော် အဖထက် သားတစ်လကြီးဆိုတာ ဒါမျိုး ထင်ပါရဲ့ သားရယ်၊ ခါတော်လေးက ကလေးအမေပါဟဲ့"

အသံနှင့်အတူ အခန်းထဲ ဝင်လာသော မေမေ့စကားကြောင့် မြတ်သော မျက်နှာကြီး နီကာ ရှက်သွားရသည်။ ကိုယ်ကလည်း ကိုယ်ပါပဲ။ ကလေးကို စိုးရိမ်ပိုလွန်းနေတာက ခါတော်ထက်တောင် အကဲပိုနေသည့်အဖြစ်။

"မေမေကလည်း သားက စိုးရိမ်လို့ပါ အဟဲ"

"မမလင်း ချက်ပြုတ်ပြီးပြီပေါ့"

"အင်း ပြီးပြီ ပန်းရေ အစောကြီး ထချက်တာလေ၊ သမီးလေး ပန်းအတွက် ငါးခူကြော်နဲ့ ဒန့်သလွန်ရွက်ဟင်းချိုလေး လာပို့တာ၊ ညနေကျရင် ငါးရံ့ခြောက်ဖုတ်လေး အန်တီလင်း စီစဉ်ပေးမယ် သမီး"

မေမေက ခါတော်အတွက် နေ့စဉ် ချက်ပြုတ်စီစဉ်ပြီး လာပို့ပေးနေတာမို့ အန်တီပန်းတောင် ဘာမှမစီစဉ်ရပါ။

"အားနာစရာတော့ ကောင်းနေပြီ မမလင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာ အားနာစရာရှိလဲကွယ်၊ သမီးလေးအတွက် ပန်းဘာမှ မစီစဉ်နဲ့လို့ မမလင်း ပြောထားသားပဲ၊ နေ့တိုင်း စီစဉ်ပို့ပေးမယ် ပန်းက ကလေးဝေယျာဝစ္စတွေနဲ့ ရှုပ်နေတာကို"

"မဟုတ်ဘူး မမလင်း၊ ကလေးကိစ္စလည်း ပန်း ဘာမှမလုပ်ရသလောက် ဖြစ်နေတယ်၊ ဟိုမှာလေ သားက မိုးလင်းတာနဲ့ လာကူညီပေးနေတာ အဟင်း"

"ဟုတ်ပါ့ ဟုတ်ပါ့ ဒီနေ့လည်း မိုးတောင် မလင်းသေးဘူး ဒီဘက်ခြံကူးမယ် တကဲကဲလုပ်နေလို့ မနည်းတားထားရတယ်"

မေမေ ပြောတော့ ခါတော်တို့ သားအမိ သဘောကျစွာရယ်မောနေကြသည်။ သူ ရှက်မျက်နှာ ထူပူစွာနှင့် ခါတော်ကို လှမ်းကြည့်မိသည်။

ခါတော် ပြုံးပြုံးလေး သူ့ကိုကြည့်နေသည်။

အားလုံးက ပြောရလောက်အောင် ခါတော်တို့ သားအမိအပေါ်မှာ သူ့မေတ္တာတွေက ကြီးမားနေခဲ့သည်။

တကယ်ဆို ထိုမေတ္တာတွေက သူ့ရင်ထဲနှလုံးသားထဲက အလိုလို ဖြစ်တည်လာသော ခံစားမှုတွေပဲ ဖြစ်၏။

ခါတော့်ကို သူ အသက်မက မြတ်နိုးသည်၊ ခါတော့် သွေးသားနှင့် ဖြစ်တည်သော သားသားကိုလည်း သူ့ဘဝပုံကာ ချစ်ပါသည်။

ဒါကို ခါတော် နားလည်နိုင်မည်ဆိုလျှင်. . .။

■ ■ ■



## အခန်း (၃၉)

"ဟယ် ကလေးလေးက ချစ်ဖို့ကောင်းလိုက်တာဟယ်"

မိုးသဲ သူမ၏ တူလေးကို ကြည့်ကာ ဝမ်းသာလိုက်လှဲသောအသံနှင့်ပြောကာ တစိမ့်စိမ့်ကြည့်မဝ ဖြစ်နေသည်။

"ချစ်ဖို့ကောင်းမှာပေါ့ဟဲ့ အဖေရောချော အမေကောချောမှတော့ ဒီကလေးက မချောပဲနေမလား"

ပိုးအိ အပြောကြောင့် မိုးသဲ ကလေးကို ချော့မြှူနေရင်း တံတောင်လေးနှင့်တွတ်ကာ ပိုးအိကို သတိပေးသည်။

ပိုးအိ သဘောပေါက်စွာ ပါးစပ်ကို လက်ဖဝါးလေးနှင့် ဖိပိတ်ကာပြီး ဖက်ကလေးပုငြိမ်သွားရှာသည်။

ခါတော် ကြားပေမယ့် တမင် မကြားဟန်ဆောင်ကာ ငြိမ်သက်နေလိုက်ပါသည်။ ဒီအချိန်မှာ မိုးရိပ်အကြောင်းကို ခါတော် ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



မသိချင်တော့ပါ။ ဘဝဆက်တိုင်းလည်း မိုးရိပ်နှင့် မဆုံချင် မပတ်သက်ချင်ပါ။

နာကျည်းချက်တွေက ရင်မှာ ထိုအထိ ပြင်းပြင်းပြပြ ဖြစ်နေ၏။

မိုးသဲက ခါတော့်ကို မသိမသာ အကဲခတ်ကြည့်နေသည်။

အစ်ကိုဖြစ်သူ မိုးရိပ်နှင့်ပတ်သက်ပြီး သံယောဇဉ်လက်ကျန်တွေများ ခါတော် မျက်ဝန်းတွေထဲမှာမြင်ရမည် ထင်နေသလား မသိပါ။

''ကလေးက နင့်မျက်နှာနဲ့ တစ်ပုံစံတည်းနော် ခါတော်''

''အေး ဟုတ်တယ် ခြေတံလက်တံရှည်တာက နင်နဲ့တူတာ ဟဲ့ မိုးသဲရဲ့''

မိုးအိက ကလေး၏လက်ချောင်း နုထွေးထွေးလေးတွေကို ယုယုယယလေးကိုင်ကြည့်ရင်း ခါတော်တို့ပြောနေတာတွေကို ခေါင်းတညိတ်ညိတ် နားထောင်နေသည်။

အမှန်ဆို ကလေးက ဖခင် မိုးရိပ်နှင့်လည်း တူပါသည်။ ဒါပေမဲ့ ခါတော်က မိုးရိပ် နာမည်ကို ထည့်မပြောပါ။ မိုးရိပ်ရဲ့ညီမ မိုးသဲနှင့်တူသည်ဟုပဲ တမင် ပြောတာ ဖြစ်၏။

''ခါတော် နေကောင်းလား။ ဟော မိုးသဲတို့လည်း ရောက်နေကြတာကိုး''

အခန်းဝမှာ ဌွန်ငဲငယ်နှင့်ပီတာတို့ မြတ်သောနှင့်အတူ ဝင်





လာကြသည်။ လက်ထဲမှာလည်း လက်ဆောင်ပစ္စည်းတွေ တပွေ့တပိုက်နှင့် ဖြစ်၏။

''ကောင်းပါတယ် ဌွန်ရဲ့၊ ထိုင်ကြလေ''

''ရော့ ဒီမှာ ငါတို့ရဲ့ ဘော်ဒါလက်သစ်လေးကို ကြိုဆိုတဲ့အနေနဲ့ သူ့အတွက် အသုံးအဆောင်ပစ္စည်းတွေ ဝယ်လာတယ်''

ဌွန်က လက်ဆောင်ပစ္စည်းထုပ်တွေကို စားပွဲပေါ် လှမ်းတင်ရင်း ပြောသည်။ မိုးသဲနှင့်မိုးအိတို့ ဝယ်လာသော ပစ္စည်းတွေနှင့် စားပွဲလေးပေါ်မှာ ပြည့်နေ၏။

''ဟား နင့်ဘေဘီလေးက ရက်သားပဲ ရှိသေးတယ်၊ လက်ဆောင်တွေက တနင့်တပိုးကြီးပါလားဟ''

ပီတာက ပစ္စည်းတွေကို ကြည့်ကာ ဆိုနေတုန်း မေမေ ကော်ဖီဘမ်းလေးကိုင်ကာ ဝင်လာ၏။

''ဟော သားတို့ပါ ရောက်နေကြတာလား''

''ဟုတ်တယ် မေမေရေ ကော်ဖီတွေ ထပ်လုပ်ပါဦး၊ ဒီမှာ မေမေ့မြေးအတွက် လက်ဆောင်တွေ ပြည့်နေပြီ''

''အေး အေး မေမေသိမ်းလိုက်မယ် သမီးရေ၊ နေဦး မနန်းရေ၊ ကော်ဖီသုံးခွက် ထပ်ဖျော်ခဲ့ပါဟေ့''

မေမေက သားသားအတွက် ပစ္စည်းတွေကို သိမ်းဆည်းရင်း မနန်းကို လှမ်းအော်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငဲငယ်က မိုးသဲ လက်ထဲမှာ ချီထားသော အုဝဲလေးကို မချီတတ် ချီတတ်နှင့် လှမ်းချီရင်း

"အဟဲ ဒါတောင် ဒီကောင် ပီတာက ဆိုဂျူးတို့ ငါးကင်တို့ ဝယ်လာပြီး ဒီကလေးနဲ့ ဝမ်းတေဘယ်လ်လုပ်မယ် တကဲကဲ လုပ်နေလို့ ငါ မနည်းတားထားရတယ်ဟ"

"ဟယ် မဦးမချတ် သူများသားသမီးကို နင့်ကလေးကျမှ မိန်းမကိုယ်ဝန်ရှိပြီဆိုတာနဲ့ ဗိုက်ထဲကို ပိုက်နဲ့ထိုးထည့်ပြီး သားအဖနှစ်ယောက် ရက်ဒ်လေဘယ်လ်တွေ ဘာတွေ သောက်ကြ"

ပိုးအိက ကြားထဲက ဝင်နှိပ်ကွပ်လိုက်တော့ ပီတာ မျက်နှာကြီး မဲ့သွားခဲ့ရင်း

"အေး ဒါလည်း ကောင်းတာပဲ၊ အပြင်က ဘီယာဆိုင်တွေ လိုက်ထိုင်စရာ မလိုတော့ဘူးပေါ့ဟ ဟား ဟား"

သူငယ်ချင်းတွေ စုံညီကာ ရယ်မောနောက်ပြောင်နေတော့ ခါတော်လည်း ကြည်နူးအပျော်တွေနှင့် ပြုံးလို့နေသည်။

"ဟာ ဟိုကောင် မြတ်သော ဘယ်ရောက်သွားလဲ"

မေမေနှင့်အတူ မြတ်သော ကလေးလက်ဆောင်ပစ္စည်းတွေ လိုက်သယ်ပေးနေတာ မမြင်လိုက်သော ပီတာ မေးတော့ ဥုန်ငဲငယ်က

"ဒီကောင်လား ကလေးအနှီးတွေ သွားလျှော်နေတာနေမှာပေါ့ ခါတော် ကလေးတစ်ယောက် မွေးဟာ သူ့မှာအလုပ်ကို ရှုပ်နေတာပဲ





တစ်ကမ္ဘာလုံး အလုပ်ကို သူတစ်ယောက်တည်း လုပ်နေရသလို ချာလည်နေတဲ့ကောင်"

ခါတော် မိုးသဲကို လှမ်းကြည့်တော့ မိုးသဲ မျက်နှာလေး မပျက်ဘဲ ကျေနပ်စွာ ပြုံးနေရင်း

"ခါတော် အရမ်းကံကောင်းပါတယ်ဟာ၊ မြတ်သောလို စေတနာဖြူစင်ပြီး အနွံတာခံတဲ့ သူငယ်ချင်းရှိတာ သိပ်ကောင်းပါတယ်၊ ငါတို့တောင် အားကျမိသေးတယ်"

"ဟော နင်တကယ် အားကျတာလား မိုးသဲ၊ ဒါဆို ငါကလည်း မြတ်သောလိုပဲ ကြင်နာတတ်တဲ့ နှလုံးသား ရှိပါတယ်ဟ"

"ဟယ် သေနာ ပီတာ"

"ဟုတ်တယ်လေဟာ မြတ်သောလောက် ရုပ်မလာပေမယ့် နှလုံးသားက အတူတူပါဟ အဟီး"

"ဒါဆိုရင်တော့ ကန်တော့ဆွမ်းပဲ ပီတာ၊ မိုးသဲက အပျိုကြီးလုပ်မှာ စိတ်မကောင်းဘူး"

"ဟာ သေစမ်းကွာ၊ ဂိုးအိ နင်ကော"

"ငါလား ဆောရီးပဲ၊ ကျောင်းပြီးတာနဲ့ အိမ်ကပေးစားတဲ့သူကို လက်ထပ်ဖို့ ခေါင်းညိတ်ပြီးပြီ"

"ဟာ ငါ့လောက်ကံဆိုးတာ မရှိပါလား၊ တကယ် ခံစားရတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပီတာ မျက်နှာပြောင်ရင်း မုန့်ပန်းကန်ထဲက ဒိုးနပ်တွေကို ပလုပ်ပလောင်း ဝါးစားနေတော့ အားလုံး ရယ်မိကြသေးသည်။

ထိုအချိန်မှာပဲ မြတ်သော အခန်းထဲ ပြန်ရောက်လာ၏။ ဌှနိုင်ငယ်လက်ထဲမှာ ချီထားသော သားသားကို မြင်တော့

"ဟာ ဌှန် မင်းကွာ၊ သူများသားသမီးကို မချီတတ် ချီတတ်နဲ့ ချီနေပြန်ပါပြီ၊ ပြုတ်ကျပါဦးမယ်ကွ ပေး ပေး ငါ့ကို လာပါ သားသား၏ ဒီကောင်တွေနဲ့ မပေါင်းနဲ့ ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး"

"ခွေးကောင် အကဲပိုတာ နှစ်ယောက်မရှိဘူး၊ ရော့ကွာ ရော့"

ဌှနိုင်ငယ်က သူ့ဆီက ကလေးလှမ်းချီနေသော မြတ်သော လက်ထဲကို ကလေးကို ပေးလိုက်သည်။

"ငါ့ကျတော့ ပြုတ်ကျမှာစိုးလို့တဲ့၊ မင်းကျတော့ကော ဒီကလေးကို အဆင်ပြေပြေ ချီတတ်လို့လား"

ဌှန် မကျေမနပ်နှင့် မေးတော့ မြတ်သော နှုတ်ဆိတ်နေသည်။ ခါတော်က ပြုံးပြုံးလေးနှင့်

"အမလေး ဒါတော့ မပူနဲ့ ဌှန်ရေ၊ မြတ်သောကလေ ခါ ကလေးမမွေးခင် တစ်လလောက်ကတည်းက ကြိုပြီး အရုပ်"

"ဟော့ ခါတော် နင် ဘာတွေလျှောက်ပြောမလို့လဲ၊ ငါ့ကို ဒေါက်မဖြုတ်နဲ့နော်"

မြတ်သော ကသောကမျောလေး တားလိုက်တာမို့ ခါတော်





စကားက မဆုံးနိုင်ဘဲ ပြုံးပြုံးလေး ရပ်တန့်သွားခဲ့၏။

"ဘာမှရှက်မနေပါနဲ့ကွာ၊ မင်းက ကလေးကိုစွ ကျွမ်းကျင်ပြီး သားဆိုတာ ငါသိတယ်၊ ကြည့်ရတာ တစ်ယောက်တည်း အခန်းပိတ်ပြီး နာနီသင်တန်း တက်ထားပုံပဲ"

ပီတာ စကားကြောင့် မြတ်သော မျက်နှာကြီး ရဲရဲနီထွက်ပူနေခဲ့သည်။ အားလုံးက မြတ်သောကို ကြည့်ရင်း သဘောကျစွာ ရယ်မောနေကြ၏။

"ဟ ဟ မြတ်သော ကလေး မင်းပေါ်မှာ သေးတွေပါကုန်ပြီဟ"

"ဟာ ဟော့ကောင် တိုးတိုးလုပ်ပါကွ ကလေး ဆီးလန့်သွားပါဦးမယ်ကွ သားသား ပေါက် ရှူး ရှူး ရှူး"

မြတ်သော ကလေးကို ထွေးပွေ့ထားရင်း သေးတောင်တည်နေလိုက်သေးသည်။

"တကယ်ကွာ မင်းကိုတော့ ငါတို့ အရှုံးပေးပြီ၊ ကလေးအီးအီး ပါရင်တောင် မာသလား၊ ပျော့သလား၊ မွှေးသလား နံသလားလို့တောင် စမ်းသပ်ဦးမယ့်ကောင် ဟား ဟား"

သူငယ်ချင်းတွေ ဝိုင်းပြောနေကြပေမယ့် မြတ်သော ခွန်းတုံ့မပြန်ဘဲ ကျေကျေနပ်နပ်ကြီး ပြုံးနေသည်။

မြတ်သော အဝတ်အစားတွေမှာ သားသားရဲ့ သေးတွေ နံ့ ရွှဲရွှဲစိုလို့နေသည်။ ခါတော် မြတ်သောကို အားနာစွာကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



“မြတ်သော နင် အဝတ်အစား သွားလဲလိုက်လေ”

“ရပါတယ်ဟ ကလေးသေးပဲ မန်ပါဘူး။ ပြီးမှ လဲတော့မယ်”

မြတ်သောကို ငေးငေးလေး ကြည့်နေသော မိုးသဲကို ခါတော် သတိထားမိပါသည်။ မိုးသဲ မျက်ဝန်းတွေထဲမှာ ကျေနပ်ဝမ်းသာရိပ်တွေလား အစ်ကိုဖြစ်သူအတွက် ဝမ်းနည်းရိပ်တွေလားတော့ မသိ။

လက်ဖြာနေခဲ့တာတော့ အသေအချာ။

■ ■ ■



## အခန်း (၄၀)

“သား ဒီကို ခဏလာဦးကွာ”

ဖေဖေ ခေါ်တာမို့ သူ ခါတော်တို့အိမ်ဘက်ကို လှမ်းမည့် ခြေလှမ်းတွေ ဘရိတ်အုပ်ကာ ညှော်ခန်းမှာ ဝင်ထိုင်ရ၏။

“မင်း ဘယ်သွားမလို့လဲ သား”

“ဟို ခါတော်တို့အိမ် သွားမလို့ပါ ဖေဖေ”

ဖေဖေ့အကြည့်တွေက သူ့မျက်နှာမှာ စူးစူးစိုက်စိုက် ကြည့်နေသည်။ မေမေက ရှိုးကေ့စ်ပေါ်က အလှပန်းအိုးလေးကို ပြင်ဆင်နေရာချနေရာက လှမ်းကြည့်သည်။

ဘာတစ်ခွန်းမှတော့ ဝင်မပြောပါ။

“သား မင်းကို ဖေဖေ သတိပေးချင်တယ်၊ ခါတော်မိုလေးက ကလေးတစ်ယောက် အမေနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဖေဖေ ဘာကိုဆိုလိုတာလဲ"

"အမှန်ကို မင်းမြင်သိ ဆင်ခြင်နိုင်အောင် ပြောနေတာ၊ မင်းနဲ့ သူငယ်ချင်းဆိုပေမယ့် အခြေအနေက ကွာခြားသွားပြီ၊ ကလေးတစ်ယောက်အမေတစ်ခုလပ် မိန်းမတစ်ယောက် ဖြစ်နေပြီ"

ဖေဖေ့စကားက သူ့ရင်ထဲမှာ နင့်ခနဲ ခံစားရပါသည်။ ခါတော့်ကို ဖေဖေ ပြောတာ မမှားပေမယ့် သူ ခံစားလို့မနိုင်ပါ။

"ဖေဖေရယ် ခါတော့်ကို ဒီလို မပြောပါနဲ့ဗျာ၊ ခါတော်ခမြာ ကံကောင်းအကြောင်းမလှစွာနဲ့ ဒီအခြေအနေကို ရောက်ခဲ့ရရှာတာပါ"

"ဘာပဲဖြစ်ဖြစ် ဖြစ်ခဲ့တာတော့ ဖြစ်ခဲ့ပြီလေကွာ၊ ငါ့သားက လူပျိုလေး ဟိုက ကလေးအမေ တစ်ခုလပ်၊ ဖေဖေကတော့ ငါ့သားအတွက် နှမြောခံစားရတယ်"

"ဖေဖေ ဘာကိုဆိုလိုတာလဲဟင်"

"ပြောရရင် သားအနေအထိုင် ဆင်ခြင်စေချင်လို့ လိုတာထက်ပိုပြီး စေတနာတွေ ပိုသွားရင် သား ငြိတွယ်သွားမှာစိုးလို့"

"သား ခါတော်ကို စေတနာဆိုတာထက် သံယောဇဉ်နိုင်မြဲစွာနဲ့ ကြင်နာသနားတာပါ ဖေဖေ၊ ခါတော်တင်မကဘူး၊ သားသားကိုလည်း သား ချစ်တယ်"

"ဟေ မင်းက ခါတော်ကို ဘယ်အထိ ရည်ရွယ်ထားတာလဲ"

"ခါတော် ခေါင်းတစ်ချက် ညိတ်တာနဲ့ ကွန်တော် လက်ထပ်





ချင်တယ် ဖေဖေ"

"ဟာ မင်း ဒီလောက်အထိ ညံ့ရသလားကွ၊ ခါတော်မိုထက်သာတဲ့ မိန်းကလေးတွေ တစ်ပုံကြီးပါ"

"ဟင့်အင်း သား စိတ်မဝင်စားဘူး ဖေဖေ၊ ဖေဖေလည်း သားကို အရင်က မငြင်းခဲ့ဘဲ ဘာလို့ အခုမှ ဒီစကားတွေ ပြောနေရတာလဲဟင်"

မြတ်သော စိတ်ညစ်ညူးစွာ မေးခွန်းထုတ်မိသည်။ ဖေဖေ့ကိုလည်း တကယ် နားမလည်နိုင်ပါ။ ခါတော်အပေါ် သမီးလေးလို ချစ်ခဲ့သည်ဆိုရက်နှင့် အခုမှ ဘာကြောင့် ဖေဖေ ပြောင်းလဲသွားရတာလဲ။

"ရှင်းပါတယ် သားရ၊ ဖေဖေက မိဘလေ ကိုယ့်သားသမီးကို ကလေးအမေ တစ်ခုလပ်နဲ့ ဘယ်လို သဘောတူနိုင်မှာလဲကွ"

"သား နှလုံးသားက ခါတော့်ကိုပဲ ချစ်တာပါ ဖေဖေ၊ ဟိုးအရင်ကတည်းက ချစ်ခဲ့တယ်၊ သူ ဒီအခြေအနေရောက်တော့လည်း အချစ်မလျော့တဲ့အပြင် ပိုပြီးအချစ်တွေ ပိုရတယ် ဖေဖေ၊ သား ခါတော်ကို ဒုတိယအကြိမ် မဆုံးရှုံးပါရစေနဲ့၊ ဖေဖေ သား စိတ်ချမ်းသာစေချင်ရင် ခွင့်ပြုပေးပါ"

သူ ဖေဖေ့ကို တောင်းဆိုမိသည်။ ဖေဖေ သူ့ကိုကြည့်နေသော မျက်ဝန်းတွေက စူးစူးနစ်နစ် ရှိနေ၏။

"သား မင်း အသေအချာစဉ်းစားနော်၊ မင်းချစ်တာ ချစ်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာမှ ခါတော်မှီကို ကလေးအမေဆိုပြီး မြင်လာရင်''

''ဟာ ဖေဖေရယ် အဲဒါတွေ သားစိတ်ထဲမှာ မရှိပါဘူး။ သား သားကိုလည်း သား ချစ်တာ ဘာနဲ့သက်သေပြရမလဲဗျာ''

''သား ဘယ်လိုသက်သေပြမလဲ''

''သား ခါတော်နှင့် သားအတွက်ဆို ဘဝကိုပုံရဲတယ်၊ အိုဗျာ လိုအပ်ရင် အသက်တောင် ပေးရဲတယ်''

''ဟ သတ္တိတွေက ပြင်းလှချည်လား၊ မိဘထက်တောင် သားက ခါတော်လေးအပေါ် ပိုနေတာလား''

''ဟာ ဟို မဆိုင်ဘူးလေ ဖေဖေရဲ့ အဲ ဒါက ဒီလိုရှိပါတယ်''

ဖေဖေ့စကားကြောင့် သူ ဘာပြောရမှန်းမသိ အူတူတူ အတတ ဖြစ်နေတော့။

''ကဲပါ ဖေကြီးရယ်၊ သား စိတ်ညစ်အောင် စမနေပါနဲ့''

တစ်ချိန်လုံး ငြိမ်နားထောင်နေသော မေမေ့ စကားဝိုင်းထဲ ဝင်လာတော့ ဖေဖေ သူ့ပုံစံကိုကြည့်ကာ အားပါးတရ ရယ်နေသည်။

''ဟား ဟား ငါ့သားကတော့ တကယ် ရယ်ရတယ်ဟေ့ ဟား ဟား''

သူ နားမလည်နိုင်စွာ ဖေဖေ့ကို မော့ကြည့်မိသည်။ မေမေက သူ့နံဘေးမှာ ဝင်ထိုင်ရင်း ပခုံးကို ဖက်ထား၏။

''သား စိတ်ညစ်မနေနဲ့ မေမေတို့က သားဆန္ဒကို ဖြည့်ပေးမှာ





ပါ။ သား ခါတော်လေးကို တကယ် ချစ်သလား သိချင်လို့''

''ဟာ မေမေရယ်၊ သားလေ ခါတော့်ကို သိပ်ချစ်တယ်''

''ဟုတ်ပြီ သား၊ သားရင်ထဲက ဆန္ဒကိုသိချင်လို့ ဖေဖေ သားကို စမ်းသပ်နေတာပါ၊ သား ခါတော်လေးကို တကယ်ချစ်ရင် တရားဝင်လက်ထပ်ဖို့ စီစဉ်ပေးရမှာ ဖေဖေတို့ တာဝန်ပဲ''

''ဟာ ဝမ်းသာလိုက်တာ ဖေဖေရယ်''

''ဟုတ်တယ် သား၊ နောင်တစ်ချိန်ကျရင်လည်း သားနဲ့ခါတော်လေး လက်ထပ်ကြမယ့်အတူတူ အခု ခါတော်ရဲ့သားလေး အမည်ပေးမင်္ဂလာပွဲမတိုင်မီ သားနဲ့ခါတော်တို့ကို လက်ထပ်ပေးချင်တယ်၊ ဒါမှ သားသားလေး ဖခင်နေရာမှာ သားအမည်ကို တရားဝင်ကြေညာလို့ ရမှာလေ''

မြတ်သော ဝမ်းသာကြည်နူးမှုတွေက သွေးသားထဲအထိ စိမ့်ဝင်စီးမျောလို့နေသည်။

ခါတော်နဲ့သားသားဘဝကို သူ ထာဝရ စောင့်ရှောက်ခွင့်ကို ပိုင်ဆိုင်ချင်ပါသည်။

ဖေဖေနှင့် မေမေတို့ ကြည်ဖြူ လက်ခံသည်ဆိုတော့ အတိုင်းမသိ ပီတိတွေ ရင်မှာ လှုပ်ခတ်နေခဲ့သည်။

ခါတော်ရယ် ငါ့ရင်ထဲကို ဝင်ကြည့်စမ်းပါ။ ငါ့ရင်တွေ ခုန်နေတာ နင် သိစေချင်လိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"မိုးသဲ နင် ငါ့ကို ကျေနပ်ရဲ့လား ဟင်၊ ငါ့ဆုံးဖြတ်ချက်အတွက် နင် ဘာပြောချင်လဲဟင်"

ခါတော် မိုးသဲကို စိုက်ကြည့်ရင်း မေးနေသည်။ မိုးသဲ ခေါင်းလေးခါကာ ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိသည်။

"ဟင့်အင်း ငါ ဘာမှမပြောချင်ပါဘူး ခါတော်၊ ငါ သိပ်ကျေနပ်လက်ခံပါတယ်"

ခါတော် မျက်ဝန်းလေးတွေ ပိုင်းစက်ကြည်လင်သွားခဲ့ကာ မိုးသဲကို ဝမ်းသာအားရ ဖက်သည်။

"မိုးသဲ သူငယ်ချင်းရယ် ငါလေ နင့်ကို အရမ်းခင်မင်ပါတယ်၊ နင့်အစ်ကိုက ငါ့အပေါ် မကောင်းခဲ့ပေမယ့် နင်က ငါ့အတွက် အကောင်းဆုံး ယောင်းမလေး ဖြစ်သလို အကောင်းဆုံး သူငယ်ချင်းပါပဲဟယ်"





မိုးသဲ ခါတော်ခန္ဓာကိုယ်လေးကို ပြန်တင်းတင်းပွေ့ဖက်ထားရင်း

"ခါတော်ရယ် နင့်ဘဝမှာ ကိုကို့ကြောင့် ပူလောင်ခဲ့တာတွေ ငါ စာနာမိပါတယ်၊ တကယ်ဆို ကိုကို့မှာ ဇနီးမယားနဲ့ သမီးတစ်ယောက်ရှိတာ ငါ လုံးဝ မသိခဲ့ဘူး၊ သိရင် နင်နဲ့ကိုကို့ကို ငါ ဘယ်လိုမှလက်ခံမှာမဟုတ်ဘူး"

"အဲဒါတွေ မပြောနဲ့တော့ဟာ ပြီးဆုံးသွားပါပြီ"

ခါတော် မိုးသဲ ပခုံးလေးကို ဆုပ်ကိုင်ပြီး ပြုံးပြုံးလေး ကြည့်ကာ ဆို၏။ မိုးသဲ ပင့်သက်လေးရှိုက် ခေါင်းညိတ်မိ၏။

"ဟုတ်ပါတယ် ခါတော် နင့်ဘဝအေးချမ်းတော့မှာပါ၊ မြတ်သောဟာ နင့်ရဲ့ဖြူစင်တဲ့နှလုံးသားအတွက် အဖော်ဖြစ်သင့်သူပါ၊ နင်တို့ သံယောဇဉ်နဲ့နှလုံးသားတွေက ဖြူစင်တယ်၊ နင့်ရဲ့သားသားအတွက်လည်း မြတ်သောက ဖခင်ကောင်းတစ်ယောက်လို့ ငါ အကြွင်းမဲ့ယုံကြည်တယ်"

မိုးသဲ ရင်ထဲက ခံစားချက်အတိုင်း ပြောမိသည်။ တကယ်ဆို ကိုကိုကပဲ မိုက်မဲလွန်းတာပါ။

ဒီအမှားတွေကို ကိုကိုလည်း နောင်တတွေနှင့် မိုးသဲကို ဝန်ခံရင်ဖွင့်ခဲ့ပါသည်။

"ခါတော်မို့ ကိုကို့ကို စိတ်နာကျည်းနေသင့်ပါတယ် မိုးသဲရယ်၊ ကိုကို သိပ်မှားခဲ့တာပါ ခါတော် နှလုံးသားကို ကိုကို စော်ကားခဲ့သလို ဖြစ်ခဲ့ပါတယ်၊ အခု ခါတော် သားသားနဲ့ နေကောင်းတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ကိုကို၊ သားသားကို သူ့ဘိုးဘွားတွေတင် မကဘူး မြတ်သောတို့ တစ်မိသားစုလုံးက ချစ်ကြတယ်၊ ခါတော့်ကို လည်း ဂရုစိုက်ကြတယ်"

"အင်း ကိုမြတ်သောနဲ့ ခါတော် သံယောဇဉ်ကို ကိုကို သိပါ တယ်၊ ခါတော်နဲ့ မြတ်သောကို ကိုကို ကြည့်ဖြူတယ်၊ ကိုကို ရင်သွေးလေး အတွက် မြတ်သောက ဖခင်ကောင်းလို့ ယုံတယ်၊ သူတို့နှစ်ယောက် နီးစပ်အောင် ညီမလေး ကူညီပေးပါကွာ"

အခုတော့ ကိုကို တောင်းဆိုသည့်ဆန္ဒတွေ ပြည့်ခဲ့သည်၊ မိုးသဲ ဘာမှ ဖန်တီးစရာ မလိုအောင် ခါတော်တို့ နှလုံးသားတွေက ရင်းနှီး နိုင်မာခဲ့ကြသည်လေ။

"ဟယ် သားနိုးပြီ ခဏလေးနော်"

ခါတော် သား အဲ့ခနဲ ငိုသံကြောင့် မိုးသဲအနားက ထသွားခဲ့ ကာ ပွေ့ချီသည်။ ပြီးတော့ မိုးသဲအနားကို ပြန်ရောက်လာကာ ထိုင်သည်။

"ခါတော် ဒီနေ့ မြတ်သော မလာဘူးလားဟ"

"မနက်အစောကြီးကပဲ လာသွားပြီဟ၊ ဒီနေ့ သူ သားသား အတွက်တဲ့ လိုတာလေးတွေ သွားဝယ်မလို့တဲ့"

ခါတော် စကားကြောင့် မိုးသဲ ခေါင်းညိတ်ပြုံးမိပါသည်။ မြတ် သောသည် သားသားရဲ့ တကယ့် ဖခင်ကောင်းတစ်ယောက်ပါပဲ။

ခါတော် ရင်ခွင်ထဲမှာ နို့စို့နေသော သားသားကို မိုးသဲ ငေးစိုက်





ကြည့်မိသည်။ ချစ်စရာကောင်းသော သားသား မျက်နှာလေးက အပြစ် ကင်းစင် ငြိမ်းချမ်းနေ၏။

ဖခင်ရင်း ကိုကို့လိုတော့ လူမိုက်ကြီး မလုပ်ပါနဲ့ သားသားရယ် ဟု မိုးသဲ ရင်ထဲက ကြိတ်ဆုတောင်းမိသည်။

ခါတော်ရဲ့ သားသားက မြတ်သောလို မြင့်မြတ်သည့် နှလုံးသား ရှိစေချင်၏။ ပြီးတော့ ဘုန်းတန်ခိုးရှိပြီး လိမ္မာသော ကလေးဖြစ်ရမည်။

"မြတ်သောဘုန်း ပေါ့"

"ဟင် ဘာရယ် မိုးသဲ"

"ပြော်ာ် နင့်သားသားကို မြတ်သောဘုန်းလို့ ငါ ခေါ်ကြည့်တာ ပါဟ၊ မြတ်သောလို မြင့်မြတ်ဖြူစင်ပြီး ဘိုးဘွားမိဘတွေနဲ့ မေတ္တာပြည့်ဝ စွာနဲ့ ဘုန်းရှိရှိ ရှင်သန်ခွင့်ရတော့မယ်လေ"

မိုးသဲ စကားကြောင့် ခါတော့် မျက်နှာလေး ရွှင်ပြုံးကြည့်စင် သွားခဲ့၏။

"ဟုတ်တယ် သားသား နာမည်က နင်ပေးသလို မြတ်သော ဘုန်းပဲ ဖြစ်ရမယ်ဟာ"

ခါတော် ပြောရင်း သားသားနာမည်လေးကို ရေရွတ်နေသည်။ မိုးသဲလည်း ကြည်ကြည်နူးနူးလေး ပြုံးလို့

"မြတ်သောဘုန်း"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

''ဘာ ဘာရယ် ခါတော်''

''မြတ်သောဘုန်းလေ သားသားနာမည် နင် သဘောကျရဲ့လားဟင် မြတ်သော''

ခါတော် မေးတော့ မြတ်သော ခေါင်းလေးကို အခါခါညိတ်ရင်း

''သိပ်ကောင်းတဲ့ နာမည်ပဲ ခါတော်ရယ်၊ ဟား ဘယ်လိုစိတ်ကူးတွေနဲ့ ခါတော် ပေးလိုက်တာလဲဟင်''

''မိုးသဲ ပေးခဲ့တာ၊ ခါတော်လည်း အရမ်းသဘောကျလို့ ပေးလိုက်တာ''

မြတ်သော နှုတ်က သားသားနာမည်ကို တိုးတိုးညင်ညင်သာသာလေး ရေရွတ်နေခဲ့သည်။





ပြီးတော့ ခါတော့်ရင်ခွင်ထဲက သားသားကို ငုံ့ကာ ရွတ်ခနဲ နမ်းရှိုက်၏။

''အင့် အဲ အဲ''

''ဟာ အမေ အနမ်းကြမ်းလို့ သားသား ငိုပြီ၊ ဆောရီး ဆောရီး သားရယ်''

သားလေးက ခါတော် ရင်ခွင်ထဲက မျက်ဝန်းလေးတွေ ပိုင်းစက်ကြည့်ကာ ချက်ချင်း တိတ်သွားခဲ့၏။

''ပေး ပေး ခါတော်၊ ကိုယ့်ကိုပေး''

မြတ်သော တောင်းနေတော့ ခါတော် သားကို ကမ်းပေးလိုက်ပါသည်။ မြတ်သောက သားကို ပွေ့ချီထားရင်း ချော့မြူနေ၏။

''ဖေဖေ့သား မြတ်သောဘုန်းလေးလား''

''ဟဲ့ ဟဲ့ ဘာရယ် နာမည်က ဘာရယ်''

အခန်းထဲ လှမ်းဝင်လာသော မေမေနှင့် မြတ်သော မိခင်က နားစွန်နားဖျား ကြားလိုက်ကာ မေးလာသည်။

ခါတော် မေမေတို့ကို ပြုံးပြုံးလေးကြည့်ရင်း ဂုဏ်ယူကျေနပ်သော အပြုံးတွေနှင့်

''သားသားနာမည်ကို မြတ်သောဘုန်းလို့ ပေးထားတာ မေမေ''

''ဟယ်''

''အမလေးတော် သိပ်လှပြီး သိပ်ကျက်သရေရှိတဲ့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



လေးပါလား''

မြေးတို့ရဲ့အဘွားနှစ်ယောက် သဘောကျ ကျေနပ်စွာ ဆိုနေရင်း သားသားကို မြတ်သော ရင်ခွင်ထဲက ဝိုင်းချီနေကြသည်။

''ခြေဘို့ သားနဲ့သမီးကို မေမေတို့ စီစဉ်ထားတဲ့ အစီအစဉ်လေး တိုင်ပင်ချင်လို့''

ခါတော် ခေါင်းလေးညိတ် နားထောင်နေတော့ မြတ်သောလည်း ခါတော် နံဘေးမှာ ဝင်ထိုင်ရင်း နားထောင်သည်။

''မေမေတို့က သားတို့မင်္ဂလာပွဲကို ခမ်းခမ်းနားနား လုပ်ပေးချင်ပေမယ့် သမီးလေးကလည်း သွေးနုသားနုလေးပဲ ရှိသေးတော့ သားသား ကင်ပွန်းတပ်မတိုင်ခင် တစ်ပတ်အလိုမှာ ရွှေနေကြီးတွေနဲ့ လူကြီးစုံရာ ရှေ့မှောက်မှာပဲ တရားဝင် လက်ထပ်ပေးမယ်၊ မင်္ဂလာညှိခံပွဲကိုတော့ ခြံထဲမှာပဲ အရင်းနှီးဆုံးမိတ်ဆွေတွေနဲ့ အကျဉ်းကျင်းပမယ်၊ ပြီးရင် မင်္ဂလာပွဲကြီးအတွက် ရည်ရွယ်ထားတာကို မိဘမဲ့ကလေးတွေနဲ့ လူမှုဝန်ထမ်းအဖွဲ့တွေကို ခွဲဝေပြီး လှူမလားလို့''

မေမေလင်း အစီအစဉ်ကို ခါတော် မေမေကလည်း ကျေနပ်စွာ ခေါင်းညိတ်ထောက်ခံသည်။ မြတ်သောက

''သိပ်ကောင်းပါတယ် မေမေ၊ သားနာမည်နဲ့လှူကြမယ်၊ ခါတော်ကော လက်ခံသလားဟင်''

''လက်ခံပါတယ် မြတ်သော''





''ကဲ သားနဲ့သမီး လက်ခံရင် ပြီးပြီပေါ့၊ ကဲ မြေးလေးကို မေမေတို့ ရေချိုးပေးလိုက်ဦးမယ်ကွယ်''

မြေးဖြစ်သူကို ပွေ့ချီကာ မေမေတို့ ခေါ်ဆောင်သွားကြတော့ အခန်းထဲမှာ ခါတော်နှင့်မြတ်သောပဲ ကျန်ရစ်ခဲ့၏။

''ခါတော် ငါ အရမ်းဝမ်းသာနေတယ် သိလား၊ မကြာခင် သားသားရဲ့တရားဝင် ဖခင်နဲ့ နင့်ရဲ့ခင်ပွန်းတစ်ယောက် ငါ ဖြစ်တော့မှာ တွေးပြီး အရမ်းကျေနပ်နေတယ်''

''မြတ်သောရယ် နင့်ကိုငါ သိပ်ကျေးဇူးတင်တယ်''

''ဟာကွာ ဘာကြီးလဲ၊ ကိုယ့်ယောက်ျားကို ကျေးဇူးတင်တယ် ဆိုတာကြီးက မမိုက်ပါဘူး''

''ဟုတ်တယ်လေ နင့်စေတနာ မေတ္တာတွေ ယုယကြင်နာမှုတွေကို ကျေးဇူးလည်း တင်တယ်၊ လေးစားလည်း လေးစားတယ်၊ ကြည်ညိုလည်း ကြည်ညိုတယ်''

''အဲဒါတွေထက် အရေးကြီးတာပဲ ငါလိုချင်တာ''

''ငါ သိတယ်၊ နင့်ကိုငါ သိပ်မြတ်နိုးချစ်တယ်ဆိုတာ ပြောစရာလိုသေးလား မြတ်သောရယ်''

''ဟား ဝမ်းသာလိုက်တာ''

''အို''

ပြောရင်း မြတ်သော ခါတော်ကို သိုင်းဖက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နှုးညံ့ညင်သာသော အနမ်းတစ်ပွင့် နဖူးပြင်လေးထက် ကြွေကျသည်။

ခါတော့်ရင်ထဲမှာ ရင်ခုန်သံတွေက နပျိုလန်းဆန်းသွားသည်။ ဒီတစ်ခါတော့ အချစ်ရဲ့ ယုယကြင်နာခြင်းတွေ၊ မြတ်နိုးခြင်းတွေနှင့် ခါတော် နှလုံးသားလေး အေးချမ်းတော့မှာ ယုံပါသည်။

ခါတော်တဝမှာ မြတ်သောဆိုသော ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့သင့်တာ ကြာခဲ့ပြီ။

အခုတော့ မြတ်သော ရင်ခွင်ထဲမှာ ခါတော် နွေးထွေးလုံခြုံစွာ ခိုဝင်နိုင်ခဲ့ပြီ။

ချစ်ခြင်းတို့ရနံ့တွေနှင့် သင်းထုံနေသောရင်ခွင်ထဲမှာ ခါတော် နှလုံးသားက နွေးထွေးအေးချမ်းစွာ. . ။

ပရိသတ်အတွက်

အမြဲတမ်း

သျှီး

ဗ၂၂၊၈၁၇၆ပ

www.burmeseclassic.com